# ဝိပဿနာ ဉာဏ်စဉ် (၁၆)ပါး အားထုတ်ပုံ

## ပစ္စယပရိဂ္ဂဟဉာဏ် ရှုမှတ်ပုံ

### တရားတော်မှတ်စုများ (၁၄)

ပြုစုတင်ပြသူ
ဦးညီညီစိန်
(၀၁.၀၈.၂၀၂၃)

ပစ္စယပရိဂ္ဂဟဉာဏ်ကို ရှုမှတ်ရခြင်းမှာ -

(၁) ဥပါဒါနက္ခန္ဓာ (၅)ပါးတွင် ရုပ်နာမ်တို့၏ အကြောင်းကို သိမ်းဆည်းရန်။

(၂) ရုပ်နာမ်တို့ကို ကာလ (၃)ပါး၌ ယုံမှားခြင်း (၁၆)ပါး၊ ဌာနတို့၌ ယုံမှားခြင်း (၈)ပါးတို့ကို လွန်မြောက်ရန်။

(၃) ရုပ်နာမ်တို့ကို ဖန်ဆင်းသူကြောင့် မဟုတ်ကုန်ဘဲ ကြောင်းကျိုး တရားသာ ဖြစ်ကြောင်း သိရှိရန်။

(၄) ရုပ်နာမ်ကြောင်းကျိုးတို့၏ ပညတ်အသိမှ ပရမတ်အသိသို့ (ရနိုင်သမျှ တိုး၍) မှတ်သိရန်။

(၅) သမာဓိ မဂ္ဂင် (၃)ပါးနှင့် ပညာမဂ္ဂင် (၂)ပါး တိုးတက်ရင့်ကျက်ရန်။

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၁ | ၄-ကင်္ခါဝိတရဏဝိသုဒ္ဓိ။ | ၁ |
| | | (ခန္တီးဆရာတော်ဘုရားကြီး၏စက်ဖြတ်ဝိပဿနာကျမ်းစာ ၉၄ မှ) | |
| | ၂ | ၈-ပဝတ္တိအခါနာမ်ဖြစ်ကြောင်း။ | ၃ |
| | ၃ | ၁၀-ယုံမှားခြင်း(၁၆)ပါး။ | ၄ |
| | ၄ | ၁၂-အဘိဓမ္မာအဋ္ဌသာလိနီအဋ္ဌကထာ၌လာသောယုံမှားခြင်း(၈)ပါး။ | ၆ |
| | ၅ | ၁၃-ကင်္ခါဝိတရဏဝိသုဒ္ဓိပုဂ္ဂိုလ်။ | ၈ |
| | ၆ | ၁၄-စူဠသောတာပန်။ | ၈ |
| | ၇ | ၁၅-ယောဂီပုဂ္ဂိုလ်သတိပြု။ | ၉ |
| | ၈ | ဝိပဿနာညာဏ်စဉ် (၁၆)ပါးနှင့်ရုပ်နာမ်လက္ခဏာများ။ | ၁၀ |
| ၂ | | ၄-ဓမ္မဋ္ဌိတိဉာဏနိဒ္ဒေသ။ | ၁၁ |
| | | (ပဋိသမ္ဘိဒါမဂ်ပါဠိတော်(နိဿယ)၏ ၁-ဉာဏကထာ စာ ၅၇ မှ) | |
| ၃ | | ပစ္စယပရိဂ္ဂဟကထာ-အကြောင်းသိမ်းဆည်းပုံကိုပြဆိုချက်။ | ၁၆ |
| | | (မဟာစည်ဆရာတော်ဘုရားကြီး၏ဝိသုဒ္ဓိမဂ်မြန်မာပြန်စာ၂၅၅မှ) | |
| | ၁ | ၁-အကြောင်းသိမ်းဆည်းပုံပဌမနည်း။ | ၁၇ |
| | ၂ | ယုံမှား(၁၆)ပါးကိုပယ်ခြင်း။ | ၁၈ |
| | ၃ | ၂-အကြောင်းသိမ်းဆည်းပုံဒုတိယနည်း။ | ၁၉ |
| | ၄ | ၃-အကြောင်းသိမ်းဆည်းပုံတတိယနည်း။ | ၂၀ |
| | ၅ | ၄-အကြောင်းသိမ်းဆည်းပုံစတုတ္ထနည်း။ | ၂၁ |
| | ၆ | ၅-အကြောင်းသိမ်းဆည်းပုံပဉ္စမနည်း။ | ၂၁ |
| | ၇ | ကံအပြားပြဆိုချက်။ | ၂၂ |
| | ၈ | ကံနှင့်ဝိပါက်မျှသာတွေ့မြင်ပုံ။ | ၂၄ |
| | ၉ | တရားအလုံးစုံကိုထင်ရှားသိခြင်း။ | ၂၇ |
| | ၁၀ | ဘဝနှစ်ရပ်စပ်ပုံဥပမာပြချက်။ | ၂၇ |
| | ၁၁ | ဓမ္မဋ္ဌိတိဉာဏ် စသည်မည်ကြောင်း။ | ၂၉ |
| | ၁၂ | စူဠသောတာပန်မည်ကြောင်း။ | ၃၀ |
| ၄ | | ဝိစိကိစ္ဆာစင်ပုံအမေးအဖြေ။ | ၃၁ |
| | | (မင်္ဂလာတိုက်မိုးကုတ်မြို့သင်တန်းတရားမှတ်စုမှ) | |

| | စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅ | ၁ | ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ကင်္ခါဝိတရဏဝိသုဒ္ဓိ။ | ၃၂ |
| | | (စာ ၆၅ မဟာစည်ဆရာတော်ဘုရားကြီး၏ဝိပဿနာရှုနည်းကျမ်း၊ဒုတွဲမှ(မှ) | |
| | ၂ | နာမ်ရုပ်တို့၏ဖြစ်ကြောင်းများကို သိမ်းဆည်းပုံ - ၅ နည်း ။ | ၃၄ |
| | ၃ | ရုပ်၏အကြောင်းသိမ်းဆည်းပုံ။ | ၃၇ |
| | ၄ | နာမ်၏အကြောင်းသိမ်းဆည်းပုံ။ | ၃၇ |
| | ၅ | ယုံမှားမှု (၁၆ )မျိုး။ | ၃၈ |
| | ၆ | အနာဂတ်ဘဝ၌ ယုံမှားမှု (၅)ပါး။ | ၃၉ |
| | ၇ | ပစ္စုပ္ပန်ကာလ၌ ယုံမှားမှု (၆)ပါး. | ၃၉ |
| | ၈ | ယုံမှား ကင်းကွာပုံ။ | ၄၀ |
| | ၉ | ယုံမှားမှု (၁၆)ပါးကိုပါယ်ခွာရန်နာမ်၏အကြောင်းသိမ်းဆည်းပုံ။ | ၄၀ |
| | ၁၀ | ရုပ်၏အကြောင်းကို သိမ်းဆည်းပုံ။ | ၄၁ |
| | ၁၁ | ယုံမှားမှု (၁၆)ပါးကို ပါယ်ခွာရန် ရုပ်နာမ်တို့၏ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်နည်း တွေ့မြင်ပုံ ။ | ၄၂ |
| | ၁၂ | ရုပ်နာမ်တို့၏ အနုလောမ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် တွေ့မြင်ရပုံ။ | ၄၃ |
| | ၁၃ | ရုပ်နာမ်တို့၏ ကမ္မဝဋ်၊ ဝိပါကဝဋ်နည်းဖြင့် တွေ့မြင်ရပုံ။ | ၄၃ |
| | ၁၄ | စုတိနှင့်ပဋိသန္ဓေတို့၏ ချုပ်ပုံဖြစ်ပုံ။ | ၄၇ |
| | ၁၅ | သမ္မသနညာဏ်၏အစ တွေ့မြင်ပုံ။ | ၄၈ |
| | ၁၆ | စူဠသောတာပန်။ | ၄၉ |
| | ၁၇ | စူဠသောတာပန်သည် ဝိပဿနာအမြဲရှုရန် လိုပုံ။ | ၄၉ |
| | ၁၈ | စူဠသောတာပန်၏ ဂတိမြဲရာ ဘဝအပိုင်းအခြား။ | ၅၀ |
| | ၁၉ | သံသရာဘေးလွတ်ရန် သက္ကာယဒိဋ္ဌိ အရင်ပြုတ်ရန်လိုပုံ. | ၅၁ |
| ၆ | | ပစ္စယ ပရိဂ္ဂဟညာဏ် ရှုမှတ်ပုံ. | ၅၃ |
| | | (မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းဒုတိယတွဲ - အားထုတ်ပုံ စာ -၁၇ မှ) | |
| ၇ | ၁ | ၈ - ပစ္စည်းပိုင်း | ၅၆ |
| | | (မင်းကွန်းဓမ္မနာဒ တိပိဋကဓရ ဆရာတော်၏သင်ကြားပို့ချစဉ် ပရမတ္ထသံခိပ်အဖြေစကားပြေကျမ်း စာ - ၁၈၃ မှ) | |
| | ၂ | ပစ္စယုဒ္ဒေသ ပါဠိ ။ | ၅၇ |
| ၈ | ၁ | ပစ္စယပရိဂ္ဂဟညာဏ်။ | ၅၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ၂ | (စ)ဟေတုပစ္စည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ရှုမှတ်ပုံ။ | ၆၀ |
| | ၃ | (၁) ဟေတု ပစ္စယောတိ။ | ၆၁ |
| | ၄ | ရုပ်နှင့်နာမ်နိယာမများ။ | ၆၈ |
| | | (သဟဇာတပစ္စည်းနဲ့ဝိပဿနာရှုနည်းမှစာ-၃၆၄သဒ္ဓမ္မဇောတိကပဋ္ဌာန်း)။ | |
| | ၅ | အနန္တရပစ္စည်း၏ ပဉ္စဝိဉာဉ် နိယာမတရား။ | ၇၃ |
| | ၆ | (၄) အနန္တရ ပစ္စည်း။ | ၇၆ |
| | ၇ | ဥပနိဿယပစ္စည်း။ | ၈၃ |
| | ၈ | (၁၂) အာသေဝနပစ္စည်း။ | ၉၀ |
| | ၉ | (၁၃) ကမ္မပစ္စည်း။ | ၉၇ |
| | ၁၀ | နာနက္ခဏိက ကံတွေ အကျိုးပေးပုံ။ | ၉၉ |
| | ၁၁ | (၁၄) ဝိပါကပစ္စည်း ။ | ၁၀၃ |
| ၉ | ၁ | ဆရာတော်ဦးဉာဏောဘာသ ဟောကြားသော ကင်္ခါဝိတရဏဝိသုဒ္ဓိ တရားတော်။ | ၁၀၇ |
| | ၂ | နာမ်တရားရဲ့အကြောင်း ။ | ၁၀၈ |
| | ၃ | ဝစီကံ- ကာယကံ - စိတ္တဇရုပ် ။ | ၁၁၀ |
| | ၄ | ရုပ်တရားရဲ့အကြောင်း ။ | ၁၁၁ |
| | ၅ | စိတ်ကြောင့် စိတ္တဇရုပ်တွေ ဖြစ်ပုံ ။ | ၁၁၂ |
| | ၆ | စိတ္တစေတသိကာဓမ္မာ၊ စိတ္တသမုဋ္ဌာန် ရူပါန ။ | ၁၁၃ |
| | ၇ | ဥတုကြောင့် ရုပ်ဖြစ်ပုံ ။ | ၁၁၃ |
| | ၈ | အာဟာရကြောင့် ရုပ်ဖြစ်ပုံ ။ | ၁၁၄ |
| | ၉ | ပေါ်-ပေါ်ချင်း သဘောသိအောင် လုပ် ။ | ၁၁၄ |
| ၁၀ | | ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ပစ္စယ ပရိဂ္ဂဟဉာဏ် ။ | ၁၁၈ |
| | | (မင်းကွန်းဆရာတော် အရှင်ဝိါယမ၏ ဝိသုဒ္ဓိ (၇)ပါး မင်းကွန်းသွား - စာ ၁၄၁မှ) | |
| ၁၁ | | ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာမလုပ်ခင်ဒိဋ္ဌိအရင်ဖြုတ်ရမည့်အလုပ်ပေးတရားတော်။ | ၁၂၉ |
| | | (သစ္စာလေးပါး တရားတော် အမှတ်စဉ် (၄) စာ ၈ မှ) | |
| ၁၂ | | ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာအလုပ်ပေးတရားတော် ။ | ၁၄၁ |
| ၁၃ | | ပစ္စယပရိဂ္ဂဟဉာဏ် = ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြည့်စုံပြီးဆုံးပုံ။ | ၁၅၀ |

# နိဒါန်း

ယခုအချိန်မှာ ယောဂီသည် ဝိပဿနာဘာဝနာ ရှုမှတ်နေဆဲကာလဖြစ်ပါသည်။ တရားစခန်းဝင်ဆဲကာလ၊ အစပထမပိုင်းနေ့ရက်များပင် ဖြစ်ပါသည်။

(၁) နေ့စဉ် (၈)ပါးသီလ ခံယူလျက်၊ သီလဝိသုဒ္ဓိပြည့်စုံလျှက် ရှိပါသည်။

(၂) ခဏိကသမာဓိဖြင့် အာရုံနှင့်မှတ်စိတ်တို့ကပ်လျှက် ရှိပါသည်။ ထိုင်နေလျှက် ရှုမှတ်နေစဉ်၊ ရပ်လျှက် ရှုမှတ်နေစဉ် စင်္ကြံသွားလျှက် ရှုမှတ်နေစဉ်၊ လျောင်းလျှက် ရှုမှတ်နေစဉ်၊ သမ္ပဇည (ကြားထိုးရှုမှတ်) အထွေထွေ ရှုမှတ်နေစဉ်များတွင်လည်း စိတ်မထွက်စေဘဲ၊ မဂ္ဂင် (၅)ပါးမြဲစွာဖြင့် ရှုမှတ်နေလျက် ရှိပါသည်။

(၃) ဥပါဒါနက္ခန္ဓာ (၅)ပါး၏ ပစ္စက္ခကာလများပေါ်လျက်ရှိသော နာမ်ရုပ်တို့၏ ပရမတ်သဘောလက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်တို့မှတစ်ပါးပါးကို ကြိုးစား ရှုမှတ်နေလျှက် ရှိပါသည်။

(၄) သမာဓိမဂ္ဂင် (၃)ပါးတည်ငြိမ်တိုးပွားလာမှုကြောင့် ပညာမဂ္ဂင် (၂)ပါးမှာ ညာဏ်ထင်ကြည်လင်စွာဖြင့် ရုပ်နှင့်နာမ်ကို ခွဲခြားသိရှိနေပြီး ဖြစ်ပါသည်။
ရှုမှတ်နေဆဲမှာ - ရုပ်နှင့်နာမ်သာရှိသည် = သမ္မာဒိဋ္ဌိ၊
ငါ၊သူတစ်ပါး၊ ကျား၊မ၊သတ္တဝါမရှိပါ = သမ္မာသင်္ကပ္ပ၊

ထိုကဲ့သို့ ရှုမှတ်နေဆဲမှာပင် သမာဓိမဂ္ဂင် (၃)ပါး ရင့်သန်တိုးပွားလာနေပြီး၊ ဉာတပရိညာသဘော - ဝိပဿနာသဘော - အကြိမ်များစွာ ထုံပွားနေသော အာသေဝနပစ္စယသဘောတို့ဖြစ်ပေါ်ပြောင်းလဲခါ၊

" ရုပ်နှစ်ခုတို့ကြောင့် သိမှုနာမ် ဖြစ်ပေါ်သည်။ " ဟု ညာဏ်ထင်မြင် တွေ့သာရပေသည်။

(၁) နှာသီးဖျား = ဘူတရုပ်သဘော၊
(၂) ဖောဋ္ဌဗ္ဗအာရုံရုပ် = ဝါယောလက္ခဏာရုပ် တို့ကြောင့်
(၃) ထိသိမှု = ထိသိမှု စိတ်နာမ်သဘော တို့ဖြစ်ရပေသည်။

ထိုသို့ညာဏ်ထင်တွေ့မြင်ခြင်းကို ပစ္စယပရိဂ္ဂဟညာဏ် စတင်တွေ့ရှိခြင်း၊ ကိုယ်တိုင်သိခြင်း ဟုခေါ်ပါသည်။

ဆက်လက်၍ နေ့စဉ်၊ ခဏိတသမာဓိ မပျက်ယွင်းစေဘဲ ဝီရိယ၊ သတိ၊ သမာဓိတို့ ရင့်သန်တိုးပွားစေလျက် ပညာမဂ္ဂင် (၂)ပါးဖြင့် ဉာတပရိညာ ဝိပဿနာ ရှုမှတ်မှုကို ဆက်လက်ကြိုးစားအားထုတ်ရမည် ဖြစ်ပါသည်။

ရုပ်နာမ်တို့၏ အကြောင်းအကျိုးသဘော၊ ဖန်ဆင်းသူမရှိသည့်သဘော၊ ယုံမှားသံသယ ကင်းပျောက်ခြင်းသဘောတို့ကို လမ်းညွှန်မှုအဖြစ် ပဋိသမ္ဘိဒါမဂ်ပါဠိ (နိဿယ) မှရင်း၊ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းမှရင်း၊ လက်တွေ့ရှုမှတ်ပုံတို့ကို ဆရာတော်ကြီးများ၏ လက်တွေ့ဝိပဿနာ အလုပ်ပေး တရားများမှရင်း၊ သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီး၏ပဋ္ဌာန်းနှင့် ဝိပဿနာရှုနည်းများမှရင်း၊ ရွေးချယ်တင်ပြထားပါသည်။

အာနာပါနဿတိသုတ်၏ ပထမစတုက္က (၄)ပါးဖြင့် ခဏိကသမာဓိတည်ဆောက်ပြီး ဝိပဿနာဘာဝနာရှုမှတ်ကာ သမာဓိမဂ္ဂင် (၃)ပါး၊ ပညာမဂ္ဂင် (၂)ပါးစသည့် မဂ္ဂင် (၅)ပါးကို မပြတ်မစဲပွားများလျက် ပစ္စယပရိဂ္ဂဟဉာဏ်ထင် ရရှိနိုင်ကြပါစေ။

ဦးညီညီစိန်။

# ၄- ကင်္ခါဝိတရဏ ဝိသုဒ္ဓိ

(ခန်တီးဆရာတော်ဘုရားကြီး၏ စက်ဖြတ်ဝိပဿနာကျမ်း စာ ၉၇ မှ)

✔ ၁။ နာမ်ရုပ်တရားနှစ်ပါးတို့၏ အကြောင်းကို သိမ်းဆည်းပွားများ နှလုံး၌ထားသဖြင့် အတိတ်, အနာဂါတ်, ပစ္စုပ္ပန် သုံးတန် သော ကာလတို့၌ ယုံမှားခြင်းကို လွန်မြောက်၍ တည်သောဉာဏ် သည် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိမည်၏။

✔ ၂။ ထိုရူပကာယ ရုပ်တရား၏ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် လည်းကောင်း၊ ကံ လည်းကောင်း၊ ဇနက အကြောင်း၊

လေးပါးအပြားရှိသည် ဖြစ်၏။ အာဟာရသည် ပစ္စယော ဥပ တ္ထမ္ဘက အကြောင်းသည် ဖြစ်၏။

✔၃။ ဤ နာမ်ရုပ် နှစ်ပါးသည် မိုးပေါ်ကျပမာ အကြောင်းမရှိပဲ အလိုအလျောက် ဖြစ်ပေါ်လာမည်မဟုတ်၊

ပြဟ္မာ- ထာဝရဘုရား- ဗိဿဏိုးနတ်များ ဖန်ဆင်း၍ ဖြစ် သည်လည်း မဟုတ်၊

အမှန်မှာ လွန်ခဲ့သော ရှေးရှေးဘဝကာလတို့က ရုပ်, နာမ်, ခန္ဓာ, ဓာတ်သစ္စာတို့ကို မသိရအောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာ၊

မသိမမြင်လို့ပဲ ထိုထို ဘုံဘဝတို့၌ တဖန် တဖန် ဖြစ်လို ဖြစ်ချင် နေတဲ့ တဏှာ၊

ထိုတဏှာ အားကြီး၍ စွဲလမ်းတဲ့ ဥပါဒါန်၊

ထို ဥပါဒါန်ကို အကြောင်းခံပြီး ရှေးဘဝက ပြုခဲ့တဲ့ ကံ၊

ဤလို ဟေတု ဇနက အကြောင်းလေးပါးကြောင့်သာ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် ခေါ်သော နာမ်တရား၊

ကာလရေကြည်ခေါ်သော ရုပ်တရား၊

ဤရုပ်နာမ် နှစ်ပါးတို့သည် အမိဝမ်း၌ ပဋိသန္ဓေနေသော ဂဗ္ဘ သေယျက သတ္တဝါတို့အား မရှေးမနှောင်း တပြိုင်နက်အားဖြင့် ဖြစ်ပေါ် လာကြကုန်၏။

ပဋိသန္ဓေ နောင် ပဝတ္တိအခါ၌ကား အမိနို့ရည် ဝါးဖက်ကစ၍ သေသည့်တိုင်အောင် နေ့စဉ်နှင့်အမျှ စားသောက်ကြသော အာဟာရ ပစ္စယ ဥပတ္ထမ္ဘက အကြောင်းတပါး။

ဤ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ အကြောင်း တ ရား ငါးပါးတို့ကြောင့်သာ ဤနာမ်ရုပ်တို့သည် ဖြစ်ပေါ်လာကြကုန်၏။

ဘယ်ဘုရား, ဘယ်ပြဟ္မာ, ဘယ်ပရမိဿွာ, ဘယ်နတ်တို့မှ ဖန်ဆင်း၍ ဖြစ်သည် မဟုတ် ဟု ဟေတုအကြောင်း ပစ္စယ အကြောင်း တို့ကို ကောင်းကောင်းကြီး သိမြင်လေ တော့သည်။

ဤအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတို့ကား ဇနကဖြစ်၍ ဟေတု အကြောင်းမည်၏။

အာဟာရကား- ဥပတ္ထမ္ဘက ဖြစ်၍ ပစ္စယ အကြောင်းမည်၏ဟု သိမှတ်လေ။

✔၄။ ကံသည် အဘနှင့် တူသည်ဖြစ်၍ သားကို ဖြစ်စေခြင်းငှါ ကျေးဇူးပြုတတ်သော ဇနကဟေတု အကြောင်း မည်၏။

အာဟာရသည်နို့ထိန်း-ကလေးထိန်း အာယားမ နှင့်တူသည်ဖြစ်၍ ထိန်းသိမ်း စောင့်ရှောက်သောအားဖြင့် ကျေးဇူး ပြုတတ်သော ကြောင့် ပစ္စယအကြောင်း မည်၏။

✔၅။ ဤရုပ်နာမ်အပေါင်း အကြောင်းသင့်စွာ ဖြစ်ပေါ်လာရာ၌ ရုပ်, နာမ်, ခန္ဓာ သံသရာကို ပြုလုပ်တတ် ပြုလုပ်စေတတ်သော ဗိဿကာဇိုးစသောနတ်မျိုးသည် လည်းကောင်း။

ဗြဟ္မာ ဝါ၊ ထာဝရ ဘုရားခေါ်သော ဗြဟ္မာသည်လည်းကောင်း၊

အတ္တိ၊ မရှိရိုး ဧကန် အမှန်ပေတည်း။

ပုဂ္ဂိုလ်သတ္တဝါ ပညတ်မဖတ် ရုပ်နာမ် သက်သက်သာ ဖြစ်သော တရားတို့သည် အဝိဇ္ဇာ စသော အဆောက်အဦတည်းဟူသော အကြောင်းကြောင့်သာလျှင် ကံအားလျော်စွာ ထိုက်သင့်ရာ ဘုံဘဝတို့မှာ ရုပ်နာမ်ခန္ဓာ အကျိုးတရားတို့သည် ဖြစ်ပွားပေါ်ပေါက်ကြလေကုန်သတည်း။

မှတ်ချက်။ ။ ဖန်ဆင်းသူမရှိ၊ ဖန်ဆင်း၍ ဖြစ်သည်မဟုတ်၊ အဝိဇ္ဇာစသော အကြောင်းတို့ကြောင့်သာ ကံအားလျော်စွာ ဖြစ်ကြ ပျက်ကြသည်။ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတည်း။

အဝိဇ္ဇာ, တဏှာ, ကံ စသည်ကား အကြောင်းတရား၊

ရုပ်နာမ် ခန္ဓာကား အကျိုးတရားဟု သိမှတ်လေ။

✔၆။ ဖန်ဆင်းသူမရှိ ဖန်ဆင်း၍ ဖြစ်သည်မဟုတ်၊

အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရ စသော ရုပ်, နာမ် အကျိုးတရား သက်သက်တို့သာ ဖြစ်သည်။

ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်နှင့် မရောမယှက် အလွယ်သက်သက် ရုပ်နာမ်ခန္ဓာ ပရမတ် သက်သက် ပရမတ်စစ်စစ်ကို သိမြင်မှသာ သူ့ကြောင့်, ငါ့ကြောင့်, လူကြောင့်, နတ် ကြောင့် ဖြစ်လေသလော ဆိုတဲ့ ယုံမှားခြင်းကို လွှန်မြောက်သောကြောင့်၊

ယုံမှားခြင်း စင်ကြယ်သောကြောင့် ကင်္ခါဝိတရဝိသုဒ္ဓိဟု ဆိုရ လေသည်။

ကင်္ခါ-က ယုံမှားခြင်း၊ ဝိတရဏ-က လွှန်မြောက်ခြင်း၊ ဝိသုဒ္ဓိက စင်ကြယ်ခြင်း၊

သို့လော သို့လော ယုံမှားခြင်းကို လွှန်မြောက်၍ ယုံမှားခြင်း စင်ကြယ်ပြီးမှ ဆိုလိုသည်။

✔၇။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ လည်းကောင်း၊ ဓာတ် ၁၈-ပါး၊ အာယတန ၁၂-ပါး တို့၏ လည်းကောင်း။ တခုတခုသော ဘဝပဋိသန္ဓေမှ စုတိ,

စုတိမှ ပဋိသန္ဓေ တသံသရာလုံး မပြတ်မစဲ ထပ်တလဲလဲ၊ ဖြစ်ပျက်နေသော ရုပ်နာမ် ခန္ဓာတို့၏ ဥပါဒ်, ဌီ, ဘင်အစဉ်အတန်းကို သံသရာဟူ၍ ဆိုအပ်၏။

အဓိပ္ပာယ်ကား-မသိအပ်သော အစရှိသော အနမတဂ္ဂ သံသရာ မှစ၍ (ပရိနိဗ္ဗာနစုတိ ဘင်္ဂက္ခဏ) ကျအောင် ကံအားလျော်စွာ ထိုင်သင့်ရာ ဘုံဘဝတို့မှာ ခန္ဓာတပါး, ခန္ဓာလေးပါး, ခန္ဓာငါးပါး, အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတို့၏ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက် နေကြသော ရုပ်နာမ် ခန္ဓာတို့၏ (ဖြစ်- ရင့်- ပျက်) ဆိုတဲ့ ဥပါဒ်-ဌီ-ဘင် အစဉ်အတန်းကို သံသရာဟု ဆိုရသည်။

မွေးသေမပြတ် အစဉ်စပ်၍ နေသည်ကို သံသရာဟု ဆိုရသည်။

## ✔ ဂါထာဝတ္ထုအခါ နာမ်ဖြစ်ကြောင်း

၁။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

၂။သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

၃။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။

၄။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

၆။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

**မြန်မာပြန်ကား-**

၁။ မျက်စိ- အဆင်း ပေါင်းဆုံမိခြင်းကိုစွဲ၍ မြင်သိမှု -စက္ခု ဝိဉာဏ် နာမ်ဖြစ်သည်။

၂။ နား- အသံပေါင်းဆုံမိခြင်းကိုစွဲ၍ ကြားသိမှု သောတဝိဉာဏ် နာမ်ဖြစ်သည်။

၃။ နှာခေါင်း- အနံ့ ပေါင်းဆုံမိခြင်းကိုစွဲ၍ နံသိမှု ဃာနဝိဉာဏ် နာမ်ဖြစ်သည်။

၄။ လျှာ- အရသာပေါင်းဆုံမိခြင်းကိုစွဲ၍ စားသိမှု ဇိဝှါဝိဉာဏ် နာမ်ဖြစ်သည်။

၅။ ကိုယ်- အတွေ့ပေါင်းဆုံမိခြင်းကိုစွဲ၍ထိသိမှု ကာယဝိဉာဏ် နာမ်ဖြစ်သည်။

၆။ နှလုံး- မန-ပေါင်းဆုံမိခြင်းကိုစွဲ၍ မနော ဝိဉာဏ် နာမ်ဖြစ် သည်။

**တနည်း- နာမ်ဖြစ်ကြောင်းကား-**

၁။ စက္ခု ဝိဉာဏ် ဖြစ်ကြောင်းကား စက္ခု- ရူပ- အာလောက မနသိ ကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၂။ သောတ ဝိဉာဏ် ဖြစ်ကြောင်းကား သောတ- သဒ္ဒ- ဝိဝရ-မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၃။ ဃာန ဝိဉာဏ် ဖြစ်ကြောင်းကား ဃာန- ဂန္ဓ- ဝါယု- မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၄။ စက္ခု ဝိဉာဏ် ဖြစ်ကြောင်းကား ဇိဝှါ- ရသ- အာပ- မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၅။ ကာယဝိညာဏ် ဖြစ်ကြောင်းကား ကာယ-ဖောဋ္ဌဗ္ဗ- ပထဝီ- မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

၆။ မနောဝိညာဏ် ဖြစ်ကြောင်းကား ဘဝင်- မန- ဓမ္မ- မနသိကာရ၊ ဤလေးပါး ပေါင်းဆုံမိမှ နာမ်ဖြစ်သည်။

(ဝိသုဒ္ဓိမဂ်-၁၂၀)

**တနည်း - နာမ်ဖြစ်ကြောင်းကား-**

၁။ မျက်စိ- အဆင်း- အရောင်အလင်း- နှလုံးသွင်း ပေါင်းဆုံမိမှ မြင်သိမှု စက္ခုဝိညာဏ် နာမ်ဖြစ်သည်။

၂။ နား- အသံ- ဟင်းလင်း- နှလုံးသွင်း ပေါင်းဆုံမိမှ ကြားသိမှု သောတဝိညာဏ် နာမ်ဖြစ်သည်။

၃။ နှာခေါင်း- အနံ့ - လေ- နှလုံးသွင်း ပေါင်းဆုံမိမှ နံသိမှု ဃာနဝိညာဏ် နာမ်ဖြစ်သည်။

၄။ လျှာ- အရသာ- ရေ- နှလုံးသွင်း ပေါင်းဆုံမိမှ စားသိမှု ဇိဝှါဝိညာဏ် နာမ်ဖြစ်သည်။

၅။ ကိုယ်- အတွေ့- မြေ- နှလုံးသွင်း ပေါင်းဆုံမိမှ ထိသိမှု ကာယဝိညာဏ် နာမ်ဖြစ်သည်။

၆။ နှလုံး- မန- ဓမ္မ နှလုံးသွင်း ပေါင်းဆုံမိမှ ကြံသိမှု မနော ဝိညာဏ် နာမ်ဖြစ်သည်။

ဤကား ပဝတ္တိအခါ နာမ်ဖြစ်ကြောင်းများတည်း။

✔၉။ ပစ္စုပ္ပန်လက်ရှိဘဝ၌ ဤအဝိဇ္ဇာစသော အကြောင်း ကြောင့် ဤရုပ်နာမ်ခန္ဓာ စသော အကျိုးတရားတို့၏ ဖြစ်ရပုံ အလုံးစုံ တို့ကို အကုန်သိမြင်သည်ရှိသော် နောက် ဤအကြောင်း ကြောင့်ပင် ဤအကျိုးတရားများမှာလဲပဲ နိဗ္ဗာန်လူသိမ်း ငြိမ်းသည်အထိ ဖြစ်ကြပေဦး လတ္တံ့။

ကာလသုံးပါးတို့၌ ယုံမှား ကင်းသွားသည်ရှိသော်၊

လောကကြီးကို (ဝါ) လူတွေ, နတ်တွေကို ပြဟ္မာကြီး ဖန်ဆင်း တယ်ဆိုတာပဲ ဟုတ်လေသလော မဟုတ်လေသလောဟု ယုံမှားခြင်း ဝိစိကိစ္ဆာသည် ရေဆေး၍ ပစ်လိုက်သလို စင်ကြယ်သွားနိုင်၍ ကင်္ခါ ဝိတရဝိသုဒ္ဓိနှင့် ပြည့်စုံလေတော့သည်။

## ✔၁၀။ "ယုံမှားခြင်း ၁၆–ပါး"

## ၁။ အတိတ်၌ ယုံမှားခြင်း ၅–ပါး

၁။ အဟောသိံ နုခေါအဟိ အတီတမဒ္ဓါနံ= ငါသည် အတိတ်က ဖြစ်ခဲ့ဖူးပြီလော။

၂။ န နု ခေါ အဟောသိံ အတီတမဒ္ဓါနံ= ငါသည် အတိတ်က မဖြစ်ခဲ့ဖူးပြီလော။

၃။ ကိံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ= ငါသည် ဘယ်လိုမျိုးဇာတ်ဖြင့် ဖြစ်ခဲ့ဖူးသနည်း။

၄။ တထံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ= ငါသည် ဘယ်လို လုံးရပ်သဏ္ဌာန်ဖြင့် ဖြစ်ခဲ့ဖူးသနည်း။

၅။ ကိံ ကုတွာ ကိံ အဟောသိံ နု ခေါ အတီတမဒ္ဓါနံ= ငါသည် ဘယ်လို အခြင်းအရာဖြင့် ဖြစ်ခဲ့ဖူးသနည်း။

ဤလို အတိတ်၌ ယုံမှားခြင်း ၅-ပါးဖြစ်၏။

## ၂။ အနာဂါတ်၌ ယုံမှားခြင်း ၅–ပါး

၁။ ဘဝိဿမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ= ငါသည် အနာ ဂါတ်ကာလ၌ ဖြစ်ရဦးမည်လော။

၂။ န ဘဝိဿမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ= ငါသည် အနာ ဂါတ်ကာလ၌ မဖြစ်ရဦးဘူးလော။

၃။ ကိံ နု ခေါ ဘဝိဿမိ အဟံ အနာဂတမဒ္ဓါနံ= ငါသည် ဘယ်လိုမျိုးဇာတ်ဖြင့် ဖြစ်ရမည်နည်း။

၄။ ကထံ ဘဝိဿမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ= ငါသည် ဘယ်လို လုံးရပ် သဏ္ဌာန်ဖြင့်ဖြစ်ရမည်နည်း။

၅။ ကိံ ဟုတွာ ကိံ ဘဝိဿမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ= ငါသည် ဘယ်လို အခြင်းအရာဖြင့် ဖြစ်ရမည်နည်း။

ဤလို အနာဂါတ်၌ ယုံမှားခြင်း ၅-ပါးဖြစ်၏။

## ၃။ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆–ပါး

၁။ အဟံ နု ခေါ အသ္မိ= ငါသည် ယခု ဖြစ်သလော။

၂။ နော နု ခေါ အသ္မိ= ငါသည် ယခု မဖြစ်သလော။

၃။ ကိံ နု ခေါ အသ္မိ= ငါသည် ဘယ်လိုမျိုး ဇာတ်ဖြင့် ဖြစ်သလဲ။

၄။ ကထံ နု ခေါ အသ္မိ= ငါသည် ဘယ်လို လုံးရပ်သဏ္ဌာန်ဖြင့် ဖြစ်သလဲ။

၅။ အယံ နု ခေါ သတ္တော ကုတော အာဂတော= ဤသတ္တဝါ သည် ဘယ်ကလာသလဲ။

၆။ သော ကုဟိံ ဂါမီ ဘဝိဿတိ= ထိုသတ္တဝါတို့သည် ဘယ်ကို သွားလတ္တံ့နည်း။

ဤလို ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါးဖြစ်၏။

✔ ၁၁။ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သော ကာလတို့၌ ပုဂ္ဂိုလ်သတ္တဝါတို့၏ ဖြစ်မှုပျက်မှု ဖြစ်ခြင်းပျက်ခြင်းကို အလျှင်းမမြင်၊

အဝိဇ္ဇာ, တဏှာ, ကံ စသော အကြောင်းတရားတို့ကြောင့် ဖြစ်သော ရုပ်, နာမ်, ခန္ဓာ စသော အကျိုးတရားတို့၏ အကြောင်းအကျိုးနှင့် စပ်၍ ဖြစ်ခြင်းပျက်ခြင်း ဖြစ်မှုပျက်မှု တို့ကိုသာ မြင်တွေ့နေရသောကြောင့် အဆိုပါ ယုံမှားခြင်း ၁၆-ပါးတို့သည် ကြက်ပျောက် ငှက်ပျောက် ပျောက်လေတော့သည်။

## ✔၁၂။ အဘိဓမ္မာ အဋ္ဌသာလိနီ အဋ္ဌကထာ၌ လာသော ယုံမှားခြင်း ၈-ပါး

| | | |
|---|---|---|
| ၁။ သတ္ထရိ ကင်္ခတိ | = ဘုရား၌ | ယုံမှားခြင်း |
| ၂။ ဓမ္မေ ကင်္ခတိ | = တရား၌ | ။ |
| ၃။ သံဃေ ကင်္ခတိ | = သံဃာ၌ | ။ |
| ၄။ သိက္ခာယ ကင်္ခတိ | = သီလသိက္ခာ၌ | ။ |
| ၅။ ပုဗ္ဗန္တေ ကင်္ခတိ | = အတိတ်ခန္ဓာ၌ | ။ |
| ၆။ အပရန္တေ ကင်္ခတိ | = အနာဂတ်ခန္ဓာ၌ | ။ |
| ၇။ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ | = ပစ္စုပ္ပန်ခန္ဓာ၌ | ။ |
| ၈။ ဣဒပ္ပစ္စယတာပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ | = ပဋိစ္စသမုပ္ပါဒ်၌ | ။ |

ဤကား အဘိဓမ္မာ၌လာသော ယုံမှားခြင်း ၈-ပါးတည်း။

ထိုတွင်-

၁။ ဘုရား၌ ယုံမှားခြင်းသည် ကိုယ်တော်၌ ယုံမှားခြင်း၊ ဂုဏ်တော်၌ ယုံမှားခြင်း နှစ်မျိုးရှိရာ ကိုယ်တော်၌ ယုံမှားတဲ့အခါ ၃၂-ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်တော်ဆိုတာ တကယ်ပဲ ရှိလေသလော- မရှိလေသလော၊ ဝါ၊ ဟုတ်မှ ဟုတ်ရဲ့လား ဟု ယုံမှားဖြစ်နေသည်ကို ကိုယ်တော်၌ ယုံမှားခြင်း ဆိုသည်။

ဂုဏ်တော်၌ ယုံမှားတဲ့အခါ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလ နှင့်တကွ အလုံးစုံကိုသိစွမ်းနိုင်သောသဗ္ဗညုတဉာဏ်တော်ဆိုတာတကယ်ရှိလေသလော မရှိလေသလော ဟုတ်မှ ဟုတ်ရဲ့လားဟု ယုံမှားဖြစ်နေသည်ကို ဂုဏ်တော်၌ ယုံမှားသည်ဟု ဆိုသည်။

ကိုယ်တော် ဂုဏ်တော်နှစ်ပါးတို့၌ ယုံမှားတဲ့အခါ (၈၀)သော လက္ခဏာတော်၊ တလံမျှ လောက်သော ရောင်ခြည်တော်တို့ဖြင့် ကပ် စွန်းသော ကိုယ်တော်၏ ထက်ဝန်းကျင် ပြည့်ခြင်း နှင့် ပြည့်စုံသော အလုံးစုံသော တရားတို့ကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိ၍ တည် သော လောကကို(ဝါ) လူ, နတ်တို့ကို သံသရာမှ ကယ်တင်တတ်သောဘုရားဆိုတာ တကယ်ပဲ ရှိလေသလော- မရှိလေ သလောဟု ယုံမှားသည်ကို ကိုယ်-ဂုဏ် နှစ်ပါးတို့၌ ယုံမှားသည်ဟု ဆိုသည်။

၂။ တရားတော်၌ ယုံမှားတဲ့အခါ ကိလေသာကို ပယ်စွန့် တတ် ကုန်သော လေးပါး ကုန်သော အရိယမဂ်ဆိုတာ တကယ်ပဲ ရှိသလား- မရှိဘူးလား၊

တဖန် ငြိမ်းအေးစေအပ်ပြီးသော ကိလေသာရှိကုန်သော လေးပါးကုန်သော သာမည ဖိုလ်ဆိုတာ တကယ်ပဲ ရှိသလား- မရှိဘူးလား၊

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော သေခြင်းကင်းသော နိဗ္ဗာန်ဆိုတာ တကယ်ပဲ ရှိသလား- မရှိဘူးလား၊

ဤမဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရားကိုးပါးသည် တကယ်ပဲ မွေးသေဝဋ်မှ ထွက်မြောက်နိုင်သလား- မထွက်မြောက်ဘူးလား၊

ယုံမှားသည်ကို တရားတော်၌ ယုံမှားသည်ဟု ဆိုသည်။

၃။ သံဃာ၌ ယုံမှားတဲ့အခါ မဂ်၌တည်သော ပုဂ္ဂိုလ် လေး ယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ် လေးယောက်ပေါင်း အရိယာ ပုဂ္ဂိုလ် ရှစ်ယောက် ဆိုတာ တကယ်ပဲ ရှိသလား- မရှိဘူးလား။

ဤသံဃာသည် ကောင်းသောအကျင့်ရှိသလား- မရှိဘူးလား၊

ထိုသံဃာ၌ လှူဒါန်းအပ်သော အလှူဒါန၏အကျိုးသည် တကယ်ပဲရှိသလား- မရှိဘူးလားဟု ယုံမှားသည်ကို သံဃာ၌ ယုံမှား သည်ဟု ဆိုသည်။

၄။ သိက္ခာ၌ ယုံမှားတဲ့အခါ သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာ သုံးပါးတို့ကို ကျင့်ခြင်းကြောင့် နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ ဟု

ယုံမှားသည်ကို သိက္ခာ၌ ယုံမှားသည်ဟု ဆိုသည်။

၅-၆-၇ နံပါတ်တို့၌ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ခန္ဓာတို့၌ ယုံမှားတဲ့အခါ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ခန္ဓာ, အာယတန ဓာတ်တို့ သည် ရှိသလား- မရှိဘူးလားဟု

ယုံမှားသည်ကို ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ ခန္ဓာတို့၌ ယုံမှား သည်ဟု ဆိုသည်။

ပုဗ္ဗန္တ ဆိုသည်မှာ အတိတ်ခန္ဓာကိုဆိုသည်။ အပရန္တဆိုတာ အနာဂတ်ခန္ဓာကို ဆိုသည်။ ပုဗ္ဗန္တာပရန္တ ဆိုသည်မှာ ပစ္စုပ္ပန်ခန္ဓာ ကိုဆိုသည်။

မှတ်ချက်။ ။ဤ၌ ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်မရသေးသမျှတို့၌ အဝိဇ္ဇာစသော အကြောင်းကြောင့် ခန္ဓာစသော အကျိုးတရား အကြောင်း အကျိုးတရား သက်သက်ကိုသာ ဖြစ်ပျက်နေကြသည်တို့ကို ယုံမှားမရှိ၊

ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိပြီးဖြစ်၍ အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာ ရှိ မရှိတို့၌ ယုံမှား မရှိတော့ပေ။

၈။ ပဋိစ္စသမုပ္ပါဒ် ယုံမှားတဲ့အခါ တဆယ့်နှစ်ပုဒ်ရှိသော ပစ္စည်း ဟူသော ဝဋ်တရားသည် ရှိသလား- မရှိဘူးလားဟု ယုံမှားသည်။

ဇရာ မရဏ စသည်တို့၏ အကြောင်းဖြစ်ကုန်သော ဇာတိ စသောတရား၊

ဇာတိစသော ထိုထို အကြောင်းကို စွဲ၍ဖြစ်ကုန်သော ဇရာ မရဏစသော အကျိုးတရားတို့၌ သို့လောသို့လော ယုံမှားသည်ကို ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားသည်ဟု ဆိုရသည်။

ဤကား အဘိဓမ္မာ၌ လာသော ယုံမှားခြင်း ရှစ်ပါးတည်း။

## ✔ ၁၃။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိပုဂ္ဂိုလ်

ယောဂီပုဂ္ဂိုလ်သည် ကာလသုံးပါးတို့၌ အဆိုပါ အကြောင်း တို့ကြောင့် အဆိုပါ အကျိုး တရားတို့၏ ဖြစ်မှု ပျက်မှုဖြစ်ခြင်း ပျက်ခြင်းကိုသာ ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင် အားထုတ်၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်ပင် သိရှိနေရသောကြောင့် ဤလောက၌ အကြောင်းအကျိုးက အပို ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အကြောင်းအကျိုးမျှသာ ရှိ၏ဟု ယုံမှားမရှိ၊ ထိုးထွင်း၍သိသည်နှင့် တပြိုင်နက်တချက်တည်း ရှေးအခါက အဆိုပါ နည်းအတိုင်း ယုံမှားနေခဲ့သောကာလ၌ ယုံမှားခြင်း ယုံမှားခြင်း၁၆-ပါး၊ ဌာန၌ယုံမှားခြင်း ၈-ပါးတို့လည်း ကင်း၍ အလင်းသို့ ရောက် သဖြင့် ယောဂီပုဂ္ဂိုလ်သည် ဘယ်ဘဝ ဘယ်ကမ္ဘာကမှ မဖြစ်ခဲ့ရဘူး၊ ထူးထူးခြားခြား ကင်္ခါဝိတ ရဏ ပုဂ္ဂိုလ်အစစ် အဖြစ်သို့ ရောက်သည်ဟု သိမှတ်လေ ယောဂီအပေါင်း သူတော် ကောင်းတို့။

## ✔ ၁၄။ စူဠသောတာပန်

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿ သော၊ လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

အနက်ကား။ ။ ဤနာမရူပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊

ဤဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ဝိပဿနာအလုပ်ကို အား ထုတ်သော ယောဂီပုဂ္ဂိုလ်သည် ဘုရားမြတ်စွာ သာသနာ၌ ရအပ်သော သက်သာရာရှိသည်။ ရအပ်သော ထောက်ရာတည်ရာ ရှိသည် မြဲသော လူနတ်သုဂတိ အလားရှိသည် ဖြစ်၍ စူဠသောတာပန် ပုဂ္ဂိုလ် အစစ် အဖြစ်သို့ ရောက်တော့သည် မည်သည် ဖြစ်၏။

## "သက်သာရာ ထောက်တည်ရာ ရပုံ"

မုချအားဖြင့် သက်သာရာဟု ဆိုခြင်းသည် အရိယဖိုလ် မည်၏။

ထောက်ရာ တည်ရာဟု ဆိုခြင်းသည် အရိယမဂ်မည်၏။

အရိယမဂ်အစစ်ကို မရသေးသော်လည်း ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံနေသော ယောဂီ ပုဂ္ဂိုလ်သည် ထိုမဂ်ဖိုလ်ကို ရခြင်း၏ အကြောင်း ရင်းဖြစ်သော အကျင့်၌ တည်ပြီဖြစ်သည်။

ထို အကျင့်၌တည်၍ မဆုတ်မနစ် အားသစ်သွားပါလျှင် ယခု လက်ရှိဘဝ၌ပင် အရိယ မဂ် အရိယဖိုလ်ကို မကြာမီ ရရှိတော့မည် ဖြစ်၍ ဥပမာအားဖြင့် သက်သာရာ ထောက်တည်ရာ ရပြီဟု ဆိုရလေသည်။

နေ့ညမစဲ အမြဲတစေ ရုပ်နာမ်ကို ပိုင်းခြား၍ ရုပ်နာမ် အကြောင်း ကို သိမ်းဆည်းပါလေ။

## ✔၁၅။ ယောဂီပုဂ္ဂိုလ် သတိပြု

သီလဝိသုဒ္ဓိမှ စ၍ ဉာဏဒဿနဝိသုဒ္ဓိအထိ ဝိပဿနာ ရှုနည်း (ဝိပဿနာ ဉာဏ် စဉ်)များ တပါးမှ မပါရှိသေးပေ၊ သမာဓိ, သမထမျှသာ ရှိသေးသည်။

ဝိပဿနာ ဉာဏ်အခြေခံ၊ ဝိပဿနာ အုတ်မြစ်  ချရုံမျှသာ ဖြစ်သေးသည်။ ရှိသေး သည်ဟု သိမှတ်ပါလေ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှစ၍ မြန်မာတိုင်းရင်းသားတို့၏အခေါ် (ကလာပသမ္မသန)၊ သီဟိုဠ်တိုင်းရင်းသားတို့၏ အခေါ် (နယဝိပဿနာ) မှစ၍၊

ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်များ ပူးတွဲ၍ ပါလာပေတော့မည်။

* * * * *

# ဝိပဿနာဉာဏ်စဉ် (၁၆)ပါးနှင့် ရုပ်နာမ်လက္ခဏာများ

| စဉ် | ဝိပဿနာ ဉာဏ်စဉ်များ | ရုပ်နာမ်လက္ခဏာများပြောင်းလဲပုံ။ | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ဘာဝနာအခြေခံဉာဏ် လက္ခဏာများ။ | ရုပ် ကြောင်း | နာမ် ကျိုး | | | | | | | | | | | |
| (ခ) | ဝိပဿနာ ဉာဏ် လက္ခဏာများ | | | အနိစ္စ | ဒုက္ခ | အနတ္တ | | | | | | | | |
| | | ဖြစ် | | ပျက် | | | | | | | | | | |
| | | | | ပျက် | | | | | | | | | | |
| | | | | ပျက် | | | ကြောက် စရာ | အပြစ် | ရွံ့မုန်း | စွန့်လွှတ် ချင် | တော ၄၀ | စွန့် လွှတ် | အနုလော မ | ဂေါ်တြဘူမဂ်၊ ဖိုလ် |
| ၁ | နာမရူပပရိစ္ဆေဒဉာဏ် | ရုပ် | နာမ် | | | | | | | | | | | |
| ၂ | ပစ္စယပရိဂ္ဂဟဉာဏ် | ကြောင်း | ကျိုး | | | | | | | | | | | |
| ၃ | သမ္မသနဉာဏ် | | | အနိစ္စ | ဒုက္ခ | အနတ္တ | | | | | | | | |
| ၄ | ဥဒယဗ္ဗယဉာဏ် | ဖြစ် | | ပျက် | | | | | | | | | | |
| ၅ | ဘင်္ဂဉာဏ် | | | ပျက် | | | | | | | | | | |
| ၆ | ဘယဉာဏ် | | | ပျက် | | | ကြောက် စရာ | | | | | | | |
| ၇ | အာဒီနဝဉာဏ် | | | ပျက် | | | | အပြစ် | | | | | | |
| ၈ | နိဗ္ဗိန္ဒာဉာဏ် | | | ပျက် | | | | | ရွံ့မုန်း | | | | | |
| ၉ | မုဉ္စိတုကမျတာဉာဏ် | | | ပျက် | | | | | | စွန့်လွှတ် ချင် | | | | |
| ၁၀ | ပဋိသင်္ခါဉာဏ် | | | အနိစ္စ | ဒုက္ခ<br>တော-လေးဆယ် | အနတ္တ | | | | | တော လေး ဆယ် | | | |
| ၁၁ | သင်္ခါရုပေက္ခာဉာဏ် | | | ပျက် | | အနတ္တ | | | | | | စွန့် လွှတ် | | |
| ၁၂ | အနုလောမဉာဏ် | | | | | | | | | | | | အားယူ | |
| ၁၃ | ဂေါ်တြဘူဉာဏ် | | | | | | | | | | | | | ခုန်ကူး |
| ၁၄ | မဂ်ဉာဏ် | | | | | | | | | | | | | လောကုတ္တရာ |
| ၁၅ | ဖိုလ်ဉာဏ် | | | | | | | | | | | | | လောကုတ္တရာ အာရုံယူ |
| ၁၆ | ပစ္စဝေက္ခဏာဉာဏ် | | | | | | | | | | | | | လောကုတ္တရာ အာရုံပြန် |

# " ၄ - ဓမ္မဋ္ဌိတိဉာဏနိဒ္ဒေသ "

(ပဋိသမ္ဘိဒါမဂ်ပါဠိတော် (နိဿယ)၏ ၁ - ဉာဏကထာ၊
၄- ဓမ္မဋ္ဌိတိဉာဏနိဒ္ဒေသ စာ - ၅၇ မှ)

၄၅။ " ပစ္စယပရိဂ္ဂဟေ "၊ အကြောင်းတရားတို့ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ ၊ ဓမ္မဋ္ဌိတိဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။

၁။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ဥပ္ပါဒဋ္ဌိတိ စ၊ ဖြစ်ပေါ်ခြင်း၌ အကြောင်းလည်းဖြစ်၏။

၂။ ပဝတ္တဋ္ဌိတိ စ၊ ဖြစ်ပွားခြင်း၌အကြောင်းလည်းဖြစ်၏။

၃။ နိမိတ္တဋ္ဌိတိ စ၊ နိမိတ်အကြောင်းလည်းဖြစ်၏။

၄။ အာယူဟနဋ္ဌိတိ စ၊ အားထုတ်တတ်သောအကြောင်းလည်းဖြစ်၏။

၅။ သညောဂဋ္ဌိတိ စ၊ ဖြစ်ပေါ်မှု၌ ယှဉ်စေသောအကြောင်းလည်းဖြစ်၏။

၆။ ပလိဗောဓဋ္ဌိတိ စ၊ ဖြစ်ပွားမှု၌ နှောင်ဖွဲ့သောအကြောင်းလည်းဖြစ်၏။

၇။ သမုဒယဋ္ဌိတိ စ၊ အကြောင်းရင်းဖြစ်သော သမုဒယအကြောင်းလည်းဖြစ်၏။

၈။ ဟေတုဋ္ဌိတိ စ၊ ဖြစ်စေတတ်သော ဇနကအကြောင်းလည်းဖြစ်၏။

၉။ ပစ္စယဋ္ဌိတိ စ၊ ထောက်ပံ့တတ်သော ဥပထမ္ဘက အကြောင်းလည်းဖြစ်၏။

ဣမေဟိ နဝဟာကာရေဟိ၊ ဤကိုးပါးသောအခြင်းအရာတို့ဖြင့်။အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပစ္စယော၊ အကြောင်းတည်း။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ပစ္စယသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတို့တည်း။

ဉဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာနှင့်သင်္ခါရတို့သည်။ ပစ္စယသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ်သောအကျိုးတို့တည်း။

ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်း (အကျိုး) ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အတီတမ္ပိ အဒ္ဓါနံ၊ အတိတ်ကာလ၌လည်း။ ဝါ၊ အတိတ်ကာလပတ်လုံးလည်း။ (ဤအစ္စန္တသံယောဂတ္ထကား ဤအဋ္ဌကထာအဖွင့်ပေတည်း။) အနာဂတမ္ပိ အဒ္ဓါနံ၊ အနာဂတ် ကာလ၌လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ဥပ္ပါဒဋ္ဌိတိ စ၊ ဖြစ်ပေါ်ခြင်း၌ အကြောင်းလည်းဖြစ်၏။ ပ။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ဝိညာဏဿ၊ ဝိညာဉ်၏။

ဝိညာဏံ၊ ဝိညာဉ်သည်။ နာမရူပဿ၊ နာမ်ရုပ်။

နာမရူပံ၊ နာမ်ရုပ်သည်။ သဠာယတနဿ သဠာယတန၏။

သဠာယတနံ၊ သဠာယတနသည်။ ဖဿဿ၊ ဖဿ၏။

ဖဿ၊ ဖဿသည်။ ဝေဒနာယ၊ ဝေဒနာ၏။ ဝေဒနာ၊ ဝေဒနာသည်။ တဏှာယ၊ တဏှာ၏။ တဏှာ၊ တဏှာသည်။ ဥပါဒါနဿ၊ ဥပါဒါန်၏။ ဥပါဒါနံ၊ ဥပါဒါန်သည်။ ဘဝဿ၊ ဘဝ၏။ ဘဝေါ၊ ဘဝသည်။ ဇာတိယာ၊ ဇာတိ၏။ ဇာတိ၊ ဇာတိသည်။ ဇရာမရဏဿ၊ ဇရာ မရဏ၏။ ဥပ္ပါဒဋ္ဌိတိစ၊ ဖြစ်ပေါ်ခြင်း၌ အကြောင်းလည်းဖြစ်၏။

ပ။ဇာတိ၊ ဇာတိသည်။ ပစ္စယော၊ အကြောင်းတည်း။ ဇရာမရဏံ၊ ဇရာ မရဏ သည်။ ပစ္စယသမုပ္ပန္နံ၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတည်း။ ဥဘောပိ၊ နှစ်ပါး လည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤဇာတိဇရာမရဏတို့သည်။ ပစ္စယသမုပ္ပန္နံ၊ အကြောင်း ကြောင့်ဖြစ်သော အကျိုးတို့တည်း။

၄၆။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ဟေတု၊ ဇနကအကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရ တို့သည်။ ဟေတုသမုပ္ပန္နာ၊ ဇနကအကြောင်းကြောင့်ဖြစ်သောအကျိုးတရားတို့တည်း။

ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာသင်္ခါရတို့သည်။ ဟေတုသမုပ္ပန္နာ၊ အကြောင်းကြောင့်ဖြစ်သောအကျိုးတရားတို့တည်း။

သင်္ခါရာ၊ သင်္ခါရ တို့သည်။ ဟေတု၊ ဇနကအကြောင်းတည်း။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဟေတုသမုပ္ပန္နံ၊ ဇနကအကြောင်းကြောင့်ဖြစ်သောအကျိုးတည်း။

ပ။ ဇာတိ၊ ဇာတိသည်။ ဟေတု၊ ဇနကအကြောင်းတည်း။ ဇရာမရဏံ၊ ဇရာ မရဏသည်။ ဟေတုသမုပ္ပန္နံ၊ ဇနကအကြောင်းကြောင့်ဖြစ်သောအကျိုးတည်း။ပ။ ဓမ္မဋ္ဌိတိ ဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ (သင်္ခါရေဟိအဝိဇ္ဇာ ပဋိမုခဓာတွော ဂန္တဗ္ဗာတိ ပဋိစ္စာ ဟု ပြဆိုသော အဋ္ဌကထာဝစနတ္ထအလိုအားဖြင့် “ အဝိဇ္ဇာ ပဋိစ္စ၊ ဝိညာဏ ပဋိစ္စံ၊ ဖဿော ပဋိစ္စာ ” စသည်ဖြင့် တိလိန် ဝုစ်နှစ်ပါးနှင့် ရှိသင့်၏။ သို့ သော်လည်း ပိဋကဌ် ပဋိစ္စ ဟု တွာပစ္စယန္တသာ ထင်သည်ဖြစ်၍ ဤဌ် ရှိရင်းအတိုင်း အနက် ပြန်သည်။) သင်္ခါရာ၊ သင်္ခါရတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာ သင်္ခါရတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟော၊ အကြောင်း (အကျိုး) ကို သိမ်းဆည်းရာဌ်။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏။ အတီတမ္ပိ အဒ္ဓါနံ၊ အတိတ်ကာလဌ်လည်း။ အနာဂတမ္ပိ အဒ္ဓါနံ၊ အနာဂတ်ကာလဌ် လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ပ။ ဓမ္မဋ္ဌိတိဉာဏံ ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ ဝိညာဏံ၊ ဝိညာဉ် သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ပ။ ဇာတိ၊ ဇာတိသည်။ ပဋိစ္စ၊ စွဲမှီရာအကြောင်းတည်း။ ဇရာမရဏံ၊ ဇရာမရဏသည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုး တည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤဇာတိ ဇရာမရဏတို့သည်။ ပဋိစ္စသမုပ္ပန္နာ၊ စွဲမှီ၍ဖြစ်သော အကျိုးတို့တည်း။ ဓမ္မဋ္ဌိတိဉာဏံ ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏။

အဝိဇ္ဇာ၊ သည်။ ပစ္စယော၊ ဥပထမ္ဘကအကြောင်းတည်း။ သင်္ခါရာ၊ သင်္ခါရတို့ သည်။ ပစ္စယသမုပ္ပန္နံ၊ ဥပထမ္ဘကအကြောင်းကြောင့်ဖြစ်သော အကျိုးတို့ပေတည်း။ ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ဤအဝိဇ္ဇာ သင်္ခါရတို့သည်။ ပစ္စယသမုပ္ပန္န၊ ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်သော အကျိုးတို့ပေတည်း။ ဓမ္မဋ္ဌိတိဉာဏံ ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏။

သင်္ခါရာ၊ သင်္ခါရတို့သည်။ ပစ္စယော၊ ဥပထမ္ဘကအကြောင်းတည်း။ ဝိညာဏံ၊ ဝိညာဉ် သည်။ ပစ္စယသမုပ္ပန္နံ၊ ဥပထမ္ဘကအကြောင်းကြောင့်ဖြစ်သော အကျိုးတို့ပေတည်း။

ဇာတိ၊ ဇာတိသည်။ ပစ္စယော၊ ဥပထမ္ဘကအကြောင်းတည်း။

ဇရာမရဏံ၊ ဇရာမရဏသည်။ ပစ္စယသမုပ္ပန္နံ၊ ဥပထမ္ဘက အကြောင်းကြောင့် ဖြစ်သော အကျိုးတည်း။

ဥဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဓမ္မာ၊ ဤဇာတိ ဇရာမရဏ တို့သည်။ ပစ္စယသမုပ္ပန္န၊ ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်သော အကျိုးတို့ပေတည်း။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟော၊ အကြောင်း (အကျိုး)ကို သိမ်းဆည်းရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဓမ္မဋ္ဌိတိဉာဏံ ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏။

၄၇။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သော ကမ္မဘဝ၌။ ဝါ၊ ရှေးကမ္မဘဝကို ပြုစဉ်၌။ မောဟော၊ ဒုက္ခစသည်တို့၌ အမှန်အတိုင်းမသိမှု၊ သုခစသည်ထင်မှု ဟူသော မောဟသည်။ အဝိဇ္ဇာ၊ **(၁) အဝိဇ္ဇာ**တည်း။

အာယူဟနာ၊ ကောင်းစားချမ်းသာရေးကိုမျှော်၍ အားထုတ်မှုတို့သည်။ သင်္ခါရာ၊ **(၂) သင်္ခါရ**တို့တည်း။

နိကန္တိ၊ ငြိကပ်ခြင်းသည်။ တဏှာ၊ **(၃) တဏှာ**တည်း။

ဥပဂမနံ၊ ချဉ်းကပ်စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ **(၄) ဥပါဒါန်**တည်း။

စေတနာ၊ စေ့ဆော်မှု အဆုံးသတ် စေတနာသည်။ ဘဝေါ၊ (၅) ကမ္မဘဝတည်း။

ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သော ကမ္မဘဝ၌။ ဝါ၊ ရှေးကမ္မဘဝကို ပြုစဉ်၌။ (ပဝတ္တာ၊ ဖြစ်သော။) ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိယာ၊ ပဋိသန္ဓိ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိ၊ ရှေးဘဝစုတိနှင့် ဆက်စပ်၍ဖြစ်သောစိတ်သည်။ ဝိညာဏံ၊ ဝိညာဉ်တည်း။

ဩက္ကန္တိ၊ သက်ဝင်ခြင်းသည်။ ဝါ၊ သက်ဝင်သကဲ့သို့ဖြစ်သော တရားအပေါင်းသည်။ နာမရူပံ၊ နာမ်ရုပ်တည်း။

ပသာဒေါ၊ ကြည်သောအဖြစ်သည်။ ဝါ၊ ကြည်ခြင်းသည်။ အာယတနံ၊ အာယတနတည်း။

ဖုဋ္ဌော၊ ထိခြင်းသည်။ ဖဿော၊ ဖဿတည်း။

ဝေဒယိတံ၊ ခံစားခြင်းသည်။ ဝေဒနာ၊ ဝေဒနာတည်း။ ဣဓ ဥပပတ္တိဘဝသ္မိံ၊ ဤပစ္စုပ္ပန် ဥပပတ္တိဘဝ၌။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ ပုရေ၊ ရှေး၌။ ကတဿ၊ ပြုအပ်သော။ ကမ္မဿ၊ ကံ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ တနည်းကား၊ ပုရေ

ကတဿ ပစ္စယာ၊ ရှေး၌ ပြုအပ်ပြီးသော ကံဟူသော အကြောင်းကြောင့်။ ပဝတ္တန္တိ ဖြစ်ကုန်၏။

ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ အာယတနာနံ၊ အာယတနတို့၏။ ပရိပက္ကတ္တာ၊ ရင့်ကျက်သည်၏အဖြစ်ကြောင့်။ ဝါ၊ ရင့်ကျက်သောကာလ၌။ မောဟော၊ မောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာတည်း။ ပ။ စေတနာ၊ စေတနာသည်။ ဘဝေါ၊ ကမ္မဘဝတည်း။

ဣဓ ကမ္မဘဝသ္မိံ၊ ဤပစ္စုပ္ပန်ကမ္မဘဝ၌။ ဝါ၊ ဤပစ္စုပ္ပန် ကမ္မဘဝကိုပြုစဉ်၌။ (ပဝတ္တာ၊ ဖြစ်သော။) ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိယာ၊ ပဋိသန္ဓိ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ ဖြစ်ကုန်၏။

အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိ၊ ဘဝဟောင်းစုတိနှင့် ဆက်စပ်၍ ဖြစ်သောစိတ်သည်။ ဝိညာဏံ၊ ဝိညာဉ်တည်း။

ဩက္ကန္တိ၊ သက်ဝင်ခြင်းသည်။ နာမရူပံ၊ နာမ်ရုပ်တည်း။ ပ။

ဝေဒယိတံ၊ ခံစားခြင်းသည်။ ဝေဒနာ၊ ဝေဒနာတည်း။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ အာယတိံ ဥပပတ္တိဘဝသ္မိံ၊ နောင်အခါ ဥပပတ္တိဘဝ၌။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ကတဿ၊ ပြုအပ်သော။ ကမ္မဿ၊ ကံ၏။ ဝါ၊ ကံဟူသော။ ပစ္စယာ၊ အကြောင်းကြောင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဣတိ၊ ဤသို့။ ဣမေ စတုသင်္ခေပေ၊ ဤလေးပါးသော အလွှာတို့ကိုငဲ့။ ဣမေ တယော အဒ္ဓေ၊ ဤသုံးပါးသော ကာလတို့ကိုငဲ့။ တိသန္ဓိံ၊ သုံးပါးသောအစပ်ရှိသော။ ဣမံ ပဋိစ္စသမုပ္ပါဒံ၊ ဤ ပဋိစ္စသမုပ္ပါဒ်ကိုငဲ့။ ဝီသတိယာ အာကာရေဟိ၊ နှစ်ဆယ်သောအခြင်းအရာ (အဖို့) တို့ဖြင့်။ ဝါ၊ နှစ်ဆယ်သောအခြင်းအရာတို့နှင့်တကွ။ ဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏။ အညာတိ၊ အပိုင်းအခြားဖြင့်သိ၏။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

တံ၊ ထိုဓမ္မဋ္ဌိတိဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။

ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏန္တိ ဉာဏံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

စတုတ္ထော ၊ လေးခုမြောက်ဖြစ်သော။ ဓမ္မဋ္ဌိတိဉာဏနိဒ္ဒေသော၊

ဓမ္မဋ္ဌိတိဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ပစ္စယပရိဂ္ဂဟကထာ – အကြောင်းသိမ်းဆည်းပုံကိုပြဆိုချက်

(၄၁ - ၈၆ ) - (၄၆ ချက်)

(မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် မြန်မာပြန် စာ ၂၅၅ မှ)

၂၃၃ (၆၇၀) ၄၁ ။ **ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ပုံကား . . .** (သိမြင်ပြီးဖြစ်သော) ဤ နာမ်ရုပ်၏ပင်လျှင် အကြောင်းကိုသိမ်းဆည်းခြင်းဖြင့် သုံးပါးသောအခွန့်ကာလတို့၌ယုံမှား ကိုလွှတ်မြောက်၍ တည်သောဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ - (ယုံမှားကိုလွန်မြောက် လျက် စင်ကြယ်သောဉာဏ်)မည်၏။

၄၂ ။ ထို(ကင်္ခါဝိတရဏ ဝိသုဒ္ဓိ)ကို ပြည့်စုံစေလိုသော ယောဂီရဟန်းသည် ဥပမာအားဖြင့် တတ်ကျွမ်းလိမ္မာသောဆေးဆရာသည် ရောဂါကိုမြင်ပြီးလျှင် ထိုရောဂါ၏ ဖြစ်ကြောင်း သမုဋ္ဌာန်ကို ရှာမှီးသကဲ့သို့ငင်း၊

တနည်းအားဖြင့် သနားတတ်သောယောကျာ်းသည် နုံ့သော (မသိတတ်သေး သော)ပက်လက်အိပ်တတ်ကာမျှဖြစ်သောသတို့သားသူငယ်တယောက်လမ်းမ၌လဲလျောင်း နေသည်ကို တွေ့မြင်လျှင် “ ဤသူငယ်သည် မည်သူ၏သားဖြစ်လေသနည်း” ဟုထိုသူငယ်သည် မည်သူ၏သားဖြစ်လေသနည်း ” ဟု ထိုသူငယ်၏ အမိအဘတို့ကို ဆင်ခြင်သကဲ့သို့ငင်း၊

ထို့အတူပင် ထိုနာမ်ရုပ်၏ မူလအကြောင်း အထောက်အပံ့အကြောင်းတို့ကို ရှာမှီးခြင်းသို့ ရောက်၏။

၄၃ ။ ထိုယောဂီသည်အစပဌမ၌ပင်လျှင် ဤသို့ဆင်ခြင်၏ - နာမ်ရုပ်သည် အကြောင်းမရှိသည်မဟုတ်၊ (ဧကန်ပင် အကြောင်းရှိရမည်၊ အဘယ့်ကြောင့်ဆိုသော် ၊ အကြောင်းမရှိလျှင် ) အလုံးစုံသောဌာနတို့၌ငင်း၊ အခါခပ်သိမ်းငင်း၊ အလုံးစုံသောပုဂ္ဂိုလ် တို့အားငင်း၊ ရုပ်နာမ်ဟူ၍ တမျိုးတည်းတူသည်၏ အဖြစ်သို့ ရောက်ရာသောကြောင့်ပေ တည်း။

“ **ဣဿရ** - အစိုးရသူပိုင်ရှင် ” ဟုခေါ်သော ထာဝရဘုရားစသည်လျှင် အကြောင်းရှိသည်လည်းမဟုတ်၊ (အဘယ်ကြောင့်ဆိုသော်) နာမ်နှင့်ရုပ်ထက် အပိုအလွန် ဖြစ်သော ဣဿရခေါ် ထာဝရဘုရားစသည်တို့ မရှိသောကြောင့်ပေတည်း။

“ **ဣဿရ** ခေါ် ထာဝရဘုရား စသည်တို့သည်လည်း နာမ်နှင့်ရုပ်မျှပင် ”ဟု ဆိုသောဆရာတို့၏ အယူ၌လည်း **ဣဿရ** ခေါ် ထာဝရဘုရား စသည်ဟုဆိုအပ်သော နာမ်နှင့်ရုပ်သည်အကြောင်းမရှိသည်၏အဖြစ်သို့ရောက်သောကြောင့်ပေတည်း၊ ထို့ကြောင့် ထိုနာမ်ရုပ်၏မူလအကြောင်းအထောက်အပံ့အကြောင်းတို့သည်ရှိကုန်ရာ၏။ထိုအကြောင်း တို့ကား အဘယ်သည်တို့နည်းဟု ဆင်ခြင်၏။

## ၁ - အကြောင်းသိမ်းဆည်းပုံ ပဌမနည်း

(၄၄ - ၅၁ ) - (၈ ခု)
(၅ နည်းမှ ပထမနည်း)

(၆၇၉) ၄၄ ။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်းနာမ်ရုပ်၏ မူလအကြောင်း အထောက်အပံ့အကြောင်းတို့ကို ဆင်ခြင်ပြီးလျှင် ဤ (ရူပကာယ) ရုပ်အပေါင်းကိုယ်၏ မူလအကြောင်း အထောက်အပံ့အကြောင်းတို့ကို ဤသို့သိမ်းဆည်း၏ -

ဤရုပ်ကိုယ်သည် ဖြစ်ပေါ်လတ်သော် ဥပ္ပလကြာ ပဒုမ္မာကြာ ပုဏ္ဍရိက်ကြာ သောဂန္ဓိကကြာ စသည်တို့၏ အတွင်း၌ဖြစ်ပေါ်သည်မဟုတ်၊ ပတ္တမြား ပုလဲသွယ် စသည်တို့၏အတွင်း၌လည်း ဖြစ်ပေါ်သည်မဟုတ်၊စင်စစ်သော်ကား အစာသစ်အိမ်အစာဟောင်းအိမ်တို့၏အကြား၌ (အမိ၏) ဝမ်းရေလွှာကို နောက်မှီပြု၍ (အမိ၏) ကျောက်ကုန်းရိုးကို ရှေ့မျက်နှာစာပြု၍ အူမအူသိမ်တို့ဖြင့်ဝန်းရံ (အပ်)သည်ဖြစ်၍ မိမိကိုယ်တိုင်လည်း မကောင်းသော အနံ့ရှိလျက်စက်ဆုပ်ဖွယ်ရှိသောအလွန်ကျဉ်းမြောင်းသောသားအိမ်အရပ်၌ ငါးပုပ် မယောမ္ပုပ် တံစီးတွင်း တံစီးမြောင်း စသည်တို့၌ဖြစ်သော ပိုးလောက်ကဲ့သို့ ဖြစ်ပေါ်ရ၏။

၄၅ ။ ဤသို့သော အခြင်းအရာဖြင့် ဖြစ်ပေါ်ရသော ထိုရုပ်ကိုယ်၏ “ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ” ဟူသောဤ (၄)ပါးသော တရားတို့သည် (ဎင်းရုပ်ကို) ဖြစ်စေတတ်သောကြောင့် **(ဟေတု) မူလအကြောင်း** ပေတည်း၊

အစာအာဟာရသည် ထောက်ပံ့တတ်သောကြောင့် **(ပစ္စယ) အထောက်အပံ့အကြောင်း** ပေတည်း၊

ဤသို့အားဖြင့် ငါးပါးသော တရားတို့သည် မူလအကြောင်း အထောက်အပံ့အကြောင်းတို့ပေတည်း။

၄၆ ။ ထိုငါးပါးတို့တွင်လည်း အဝိဇ္ဇာ တဏှာ ဥပါဒါန် စသော (၃)ပါးသော အကြောင်းတို့သည် “ အမိသည် သားသူငယ်၏ မှီရာဖြစ်သကဲ့သို့ ” ဤရုပ်ကိုယ်၏ မှီရာ ဥပနိဿယဖြစ်ကုန်၏၊

အဘသည် သားကိုဖြစ်စေသကဲ့သို့ ကံသည် (ဤရုပ်ကိုယ်ကို) [၂၃၄] ဖြစ်စေတတ်၏၊

နို့ထိန်းသည် သူငယ်ကို (ကျွေးမွေးပြုစုလျက်) ကောင်းစွာဆောင်သကဲ့သို့ အာဟာရသည် (ဤရုပ်ကိုယ်ကို ကျွေးမွေးပြုစုလျက်) ကောင်းစွာဆောင်တတ်၏

ဟူ၍ အကြောင်းအထောက်အပံ့တို့ကို သိမ်းဆည်း၏။

၄၇ ။ ဤဆိုခဲ့သောနည်းဖြင့်ရုပ်အပေါင်းကိုယ်၏ အကြောင်းသိမ်းဆည်းခြင်းကို ပြုပြီးလျှင် တဖန် " မျက်စိ (စက္ခုပသာဒရုပ်) ကိုငင်း၊ အဆင်း (ရူပါရုံ) တို့ကိုငင်း စွဲမှီ၍ စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်၏ "

ဤသို့အစရှိသောနည်းဖြင့် (နာမကာလ) နာမ်အပေါင်း၏အကြောင်းကို သိမ်းဆည်းခြင်းကိုပြု၏။

၄၈ ။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း အကြောင်းကြောင့်နာမ်ရုပ်၏ (ယခုပစ္စုပ္ပန်၌) ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင်

" ဤနာမ်ရုပ်သည် ယခုပစ္စုပ္ပန် ဘဝကာလ၌ အကြောင်းကြောင့် ဖြစ်ပေါ်သကဲ့သို့

ထို့အတူပင် အတိတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်လတ့ံ " ဟု ရှုမြင်၏။

## ယုံမှား (၁၆)ပါးကို ပယ်ခြင်း

(၆၈၀) ၄၉ ။ ဤဆိုခဲ့သည့်အတိုင်း ရှုမြင်သော ထိုယောဂီသည် " ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့ (ရှိခဲ့)လေသလော၊ ငါသည် လွန်လေပြီးသော ကာလ၌ မဖြစ်ခဲ့ (မရှိခဲ့) သေးဘူးလေလော၊ ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ခဲ့လေသနည်း၊

ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့လေသနည်း၊

ငါသည်လွန်လေပြီးသောအတိတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ပြီးလျှင် အဘယ်သို့သော အမျိုးအစား (အဆက်ဆက်) ဖြစ်ခဲ့လေသနည်း၊

ဟု (လွန်လေပြီးသော ခန္ဓာအစဉ် ဟူသော) ရှေးအဖို့ကို အကြောင်းပြု၍ (ဖြစ်သော) အကြင်ငါးပါးအပြားရှိသော ယုံမှားကို ဟောတော်မူ (အပ်)၏။

၅၀ ။ " ငါသည် ဤဘဝမှ နောက်အနာဂတ်ကာလ၌ ဖြစ်ရဦးမည်လေလော၊

ငါသည် အနာဂတ်ကာလ၌ မဖြစ်ရတော့ဘူးလေလော၊

ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ရမည်နည်း၊

ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ရမည်နည်း၊

ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော အမျိုးအစားဖြစ်ပြီးလျှင် အဘယ်သို့သော အမျိုးအစား (အဆက်ဆက်) ဖြစ်သွားရမည်နည်း "

ဟု (အနာဂတ်ခန္ဓာအစဉ် ဟူသော) နောက်အဖို့ကို အကြောင်းပြု၍ (ဖြစ်သော) အကြင် ငါးပါး အပြားရှိသော ယုံမှားကိုလည်း ဟောတော်မူ (အပ်)၏။

၅၁ ။ " ယခုအခါ၌ ပစ္စုပ္ပန် အခွန့်ကာလကိုအကြောင်းပြု၍မူလည်း မိမိ၏ ခန္ဓာတို့၌ သို့လောသို့လော တွေးတောခြင်းရှိ၏

ငါသည် ဟုတ်လေသလော (ရှိလေသလော) ၊

ငါသည် မဟုတ်လေသလော (မရှိလေသလော)၊

ငါသည် အဘယ်သို့သော အမျိုးအစားဖြစ်သနည်း၊

ငါသည် အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်သနည်း၊

(ငါဟူသော) ဤသတ္တဝါသည် အဘယ်ဘဝမှ လာခဲ့သနည်း၊

ထို ငါ - သတ္တဝါသည် အဘယ်ဘဝသို့ သွားရောက်လတံ့နည်း

ဟု ပစ္စုပ္ပန်ခန္ဓာကို အကြောင်းပြု၍ (ဖြစ်သော) အကြင် (၆)ပါးအပြားရှိသော ယုံမှားကိုလည်းဟောတော်မူ (အပ်)၏။ အလုံးစုံသော ထို (၁၆)ပါးသော ယုံမှားကို ပယ် (အပ်)၏။

## ၂ - အကြောင်းသိမ်းဆည်းပုံ ဒုတိယနည်း

(၅၂ - ၅၄ ) - (၃ ချက်)

(၆၁) ၅၂ ။ တပါးသောယောဂီသည် **ဆက်ဆံသောအကြောင်း မဆက်ဆံသော အကြောင်း** အားဖြင့် (၂)ပါးအပြားရှိသော နာမ်၏အကြောင်းကို ရှုမြင်၏၊

ကံစသည်၏အစွမ်းအားဖြင့် (၄)ပါးအပြားရှိသောရုပ်၏အကြောင်းကို ရှုမြင်၏။

ခဲ့၍ ပြရလျှင် . . . . နာမ်၏အကြောင်းသည် ဆက်ဆံသောအကြောင်း မဆက်ဆံသောအကြောင်း ဟူ၍ (၂)ပါးအပြားရှိ၏၊ ထိုတွင် စက္ခုဒွါရ အစရှိသော (၆)ပါးသော ဒွါရတို့နှင့် ရူပါရုံအစရှိသော(၆)ပါးသောအာရုံတို့သည် နာမ်၏ဆက်ဆံသော (သာဓာရဏ) အကြောင်းမည်၏။

အဘယ်ကြောင့်နည်းဟူမူ . . . ကုသိုလ်အစရှိသော အပြားအားဖြင့် အလုံးစုံ သော အပြားရှိသောနာမ်ဟူသမျှသည် ထိုဒွါရနှင့်အာရုံတို့ကြောင့် ဖြစ်ပေါ်ရသောကြောင့် ပေတည်း။

နှလုံးသွင်းမှု (မနသိကာရ) အစရှိသောအကြောင်းသည် နာမ်၏မဆက်ဆံသော (အသာဓာရဏ) အကြောင်းမည်၏၊

အကြောင်းမူကား သင့်လျော်စွာ နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ) ၊ သူတော်ကောင်း တို့၏တရားကို ကြားနာရခြင်းအစရှိသောအကြောင်းသည် ကုသိုလ်နာမ် နှင့်သာ ဆက်ဆံ၏၊

ထိုမှပြန်သော (အားဖြင့်မသင့်စွာနှလုံးသွင်းခြင်း သူယုတ်တို့၏တရားကိုကြား နာရခြင်းအစရှိသော) အကြောင်းသည် အကုသိုလ်နာမ်နှင့်သာ ဆက်ဆံ၏၊

ကံအစရှိသောအကြောင်းသည်အကျိုးဝိပါက်နာမ်နှင့်သာ ဆက်ဆံ၏၊

ဘဝင်အစရှိသော အကြောင်းသည် ကိရိယာနာမ်နှင့်သာ ဆက်ဆံ၏၊

ဤကား အသာဓာရဏ မည်ခြင်း၏ အကြောင်းတည်း။

၅၃ ။ ရုပ်၏အကြောင်းမှာမူ ကံ စိတ် ဥတု အာဟာရဟူသော ဤ (၄)ပါးသောအကြောင်းပေတည်း၊

ထိုတွင် အတိတ်သာလျှင် ဖြစ်သောကံသည်ကမ္မဇရုပ်အား ကျေးဇူးပြု၏၊

[၂၃၅] ဖြစ်ဆဲသောစိတ်သည် စိတ္တဇရုပ်အား ကျေးဇူးပြု၏၊

ဥတုနှင့်အာဟာရတို့သည် ဥတုဇရုပ်အာဟာရဇရုပ်တို့အား တည်ဆဲဌီခဏ၌ ကျေးဇူးပြု၏။

ဤဆိုခဲ့သောနည်းဖြင့် တဦးသော ယောဂီသည် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းခြင်းကိုပြု၏။

၅၄ ။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း အကြောင်းကြောင့် နာမ်ရုပ်၏ (ယခုပစ္စုပ္ပန်၌) ဖြစ်ပေါ်ခြင်းကိုရှုမြင်ပြီးလျှင် “ ဤနာမ်ရုပ်သည် ယခုပစ္စုပ္ပန်ဘဝကာလ၌ အကြောင်းကြောင့် ဖြစ်ပေါ်သကဲ့သို့

ထို့အတူပင် အတိတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်ခဲ့လေပြီ၊

အနာဂတ်ကာလ၌လည်း အကြောင်းကြောင့် ဖြစ်ပေါ်လတံ့ ” ဟုရှုမြင်၏။

ဤဆိုခဲ့သည့်အတိုင်းရှုမြင်သောယောဂီသည် (၄၉ - ၅၀ - ၅၁ -စာပိုဒ်တို့၌) ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် အခွန့်ကာလ (၃)ပါးတို့၌လည်း (၁၆)ပါး သောယုံမှားကို ပယ် (အပ်)၏။

## ၃ - အကြောင်းသိမ်းဆည်းပုံ တတိယနည်း

(၁ ချက်ထဲသာ)

(၆၈၂) ၅၅ ။ တပါးသောယောဂီသည်နာမ်ရုပ်ဟုဆိုအပ်သော ထိုသင်္ခါရတို့၏ပင်လျှင် အိုခြင်းသို့ ရောက်သည်ကိုငင်း အိုပြီးသောသင်္ခါရတို့၏ သေပျက်ခြင်းကိုငင်း ရှုမြင်ပြီးလျှင် (သင်္ခတဖြစ်သော) သင်္ခါရတို့၏ ဤအိုခြင်း သေခြင်းမည်သည်မှာ ဘဝအသစ်ဖြစ်ခြင်း ရှိလျှင်ရှိ၏။

ဘဝအသစ်ဖြစ်ခြင်းသည်လည်း ဖြစ်ကြောင်း ကမ္မဘဝရှိလျှင်ရှိ၏၊

ကမ္မဘဝသည်လည်း စွဲလမ်းမှုဥပါဒါန်ရှိလျှင် ဖြစ်၏။

ဥပါဒါန်သည်လည်း တဏှာရှိလျှင် ဖြစ်၏။
တဏှာသည်လည်း ဝေဒနာရှိလျှင် ဖြစ်၏။
ဝေဒနာသည်လည်း ဖဿရှိလျှင်ဖြစ်၏။
ဖဿသည်လည်း (သဠာယတန) အာယတန (၆)ပါးရှိလျှင်ဖြစ်၏။
အာယတန (၆)ပါးသည်လည်း နာမ်ရုပ်ရှိလျှင် ဖြစ်၏။
နာမ်ရုပ်သည်လည်း ဝိညာဏ်ရှိလျှင်ဖြစ်၏။
ဝိညာဏ်သည်လည်း သင်္ခါရတို့ရှိလျှင် ဖြစ်၏။
သင်္ခါရတို့သည်လည်းအဝိဇ္ဇာရှိလျှင်ဖြစ်ကုန်၏ဟူ၍သို့ **ပဋိလုံ ပဋိစ္စသမုပ္ပါဒ်** ၏ အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်း သိမ်းဆည်းခြင်းကိုပြု၏။

ထိုသို့သိမ်းဆည်းသောအခါ၌ ထိုယောဂီသည် ဆိုခဲ့ပြီးသောနည်းဖြင့် ပင်လျှင် (၁၆)ပါးသော ယုံမှားကို ပယ်(အပ်)၏။

## ၄ - အကြောင်းသိမ်းဆည်းပုံ စတုတ္ထနည်း

(၁ ချက်ထဲသာ)

(၆၈၃) ၅၆ ။ တပါးသောယောဂီသည်“ ဤသို့လျှင် အဝိဇ္ဇာကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏ ” ဤသို့စသည်ဖြင့် ရှေး၌ အကျယ်ချဲ့၍ပြခဲ့ပြီးသော **အနုလုံ ပဋိစ္စ သမုပ္ပါဒ်** ၏ အစွမ်းအားဖြင့်သာလျှင် နာမ်ရုပ်၏ အကြောင်း သိမ်းဆည်းခြင်းကို ပြု၏။

ထိုသို့သိမ်းဆည်းသောအခါ၌ ထိုယောဂီသည် ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် (၁၆)ပါးသော ယုံမှားကို ပယ်(အပ်)၏။

## ၅ - အကြောင်းသိမ်းဆည်းပုံ ပဥ္စမနည်း
## (ကံ၊ ကမ္မဝဋ်၊ ဝိပါကဝဋ်)

(၅၇ - ၈၁ ) - (၂၅ ချက်)

(၆၈၄) ၅၇ ။ တပါးသောယောဂီသည် “ ရှေးဘဝ၌ပြီးခဲ့သော ကမ္မဘဝ (ဖြစ်ကြောင်းကံ) ကို ပြုစဉ်၌ တွေဝေခြင်း (ဒုက္ခစသည်ကိုမသိခြင်း) သဘောသည်အဝိဇ္ဇာတည်း၊
အားထုတ်မှုတို့သည် သင်္ခါရတို့တည်း၊
လိုချင်တောင့်တခြင်းသည် တဏှာတည်း၊
ချဉ်းကပ်စွဲလမ်းခြင်းသည် ဥပါဒါန်တည်း၊
စေ့ဆော်တိုက်တွန်းခြင်း (စေတနာ)သည် ကမ္မဘဝတည်း၊

ဤသို့အားဖြင့် “ ရှေးဘဝ၌ပြီးခဲ့သောကမ္မဘဝကိုပြုစဉ်၌ ပြီးစီးခဲ့ကုန်သော ဤငါးပါးသောတရားတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ အကြောင်းတို့ပေတည်း။

ဤပစ္စုပ္ပန်ဘဝ၌ ရှေးဘဝနှင့်ဆက်စပ်၍ဖြစ်သောပဋိသန္ဓေစိတ်သည် ဝိညာဏ်တည်း၊

သက်ဝင်ခြင်း (သက်ဝင်သောတရားအပေါင်း)သည် နာမ်ရုပ်တည်း၊

ကြည်လင်ခြင်းသည် အာယတနတည်း၊

တွေ့ထိခြင်းသည် ဖဿတည်း၊

ခံစားခြင်းသည် ဝေဒနာတည်း၊

ဤသို့အားဖြင့် ဤငါးပါးသောတရားတို့သည် ရှေးဘဝ၌ပြုခဲ့သော ကံဟူသောအကြောင်းကြောင့် ဤပစ္စုပ္ပန်ဥပပတ္တိဘဝ၌ဖြစ်ပေါ်သော အကျိုးတရားတို့တည်း။

ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ကျက်သည်၏ အဖြစ်ကြောင့် (မျက်စိ၊ နားစသော အာယတနတို့ရင့်ကျက်သောအခါ၌) တွေဝေခြင်းသည်အဝိဇ္ဇာတည်း။

စေ့ဆော်တိုက်တွန်းခြင်းသည် ကမ္မဘဝတည်း၊

ဤသို့အားဖြင့် ဤပစ္စုပ္ပန်ဘဝဝယ်ကမ္မဘဝကိုပြုစဉ်၌ ပြီးစီးကုန်သော ဤငါးပါးသောတရားတို့သည် နောင်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းတို့တည်း”

ဟူ၍ ဟောထားသော ဤသို့သော ဒေသနာနည်းဖြင့် **ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ** ၏ အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်း သိမ်းဆည်းခြင်းကိုပြု၏။

## ကံအပြား ပြဆိုချက်

(၆၈၅) ၅၈ ။ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ၏ အစွမ်းအားဖြင့်ဟူသော ထိုစကား၌ ကံသည်-

(၁) မျက်မှောက်ဘဝ၌ ခံစားအပ်သောအကျိုးရှိသော **ဒိဋ္ဌဓမ္မဝေဒနီယကံ**

(၂) အခြားမဲ့ဒုတိယဘဝ၌ခံစားအပ်သောအကျိုးရှိသော**ဥပပဇ္ဇဝေဒနီယကံ**

(၃) တတိယဘဝစသည်တို့၌ ခံစားအပ်သော အကျိုးရှိသော **အပရာပရိယဝေဒနီယကံ**

(၄) ကံသာဖြစ်ပြီး၍ အကျိုးမပေးနိုင်သော **အဟောသိကံ** ဟူ၍ (၄)ပါးအပြားရှိ၏။

(၆၈၆) ၅၉ ။ ထိုမှတပါးလည်း ကံသည် -

(၁) အလွန် အပြစ်ကြီးသော အကုသိုလ်၊ အလွန် အာနုဘော်ကြီးသော ကုသိုလ် ဟူသော လေးသော **ဂရုကံ** ၊

(၂) အကြိမ်များစွာ ပြုအပ် ကောင်းစွာ မှီဝဲအပ်သော **ဗဟုလကံ** ၊

(၃) သေခါနီးကာလ၌ ပြုအပ်အောက်မေ့အပ်သော **အာသန္နကံ** ၊

(၄) ပြုဘူးကာမျှ ဖြစ်သော **ကဋတ္တာကံ** ဟူ၍ (၄)ပါး အပြားရှိ၏။

ထိုကံ (၄)ပါးတို့တွင် ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ၊ လေးသောဂရုကံ၊ ပေါ့သောဂရုကံ တို့တွင် အမိကိုသတ်သော မာတုဃာတကံ အစရှိသော အကုသိုလ် ဂရုကံဖြစ်စေ၊ မဟဂ္ဂုတ် ကုသိုလ်ဂရုကံ ဖြစ်စေရှိလျှင် ထိုဂရုကံသည်သာလျှင် ရှေးဦးစွာ ရင့်ကျက်လျက် အကျိုးကိုဖြစ်စေ၏။

ထို့အတူ အကြိမ်များစွာ ပြုအပ်သော ဗဟုလကံ၊ အကြိမ်များစွာ မပြုအပ်သော အဗဟုလကံ တို့တွင်လည်း သီလစင်ကြယ်သည်၏အဖြစ် သုသီလျကံ ဖြစ်စေ၊

သီလပျက်စီးသည်၏အဖြစ် ဒုဿီလျကံ ဖြစ်စေ၊

အကြိမ်များစွာပြုအပ်မှီဝဲအပ်သော ဗဟုလကံရှိလျှင် ထိုဗဟုလကံသည် သာလျှင် ရှေးဦးစွာရင့်ကျက်လျက် အကျိုးကို ဖြစ်စေ၏။

အာသန္နကံ မည်သည်ကား သေခါနီးကာလ၌အောက်မေ့အပ်သော ကံ တည်း၊မှန်ပေ၏။သေခါနီးသောသူသည် အကြင်ကံကိုအောက်မေ့နိုင်၏၊ထိုကံဖြင့်သာလျှင် ဘဝသစ်၌ ဖြစ်ရ၏။

ဤဆိုခဲ့ပြီးသော ကံ (၃)ပါးတို့မှလွတ်သော အဖန်ဖန်မှီဝဲမှုကို ရသော ကံသည် ကဋကတ္တာကံ မည်၏။

ဆိုခဲ့ပြီးသောထိုကံ (၃)ပါးတို့ မရှိလျှင် ဤကဋကတ္တာကံက ပဋိသန္ဓေ ကို ငင်၏ (ဖြစ်စေ၏)။

(၆၈၇) ၆၀ ။ ထိုမှတပါးလည်း ကံသည် -

(၁) ဝိပါတ် ကမ္မဇရုပ်ကို ဖြစ်စေတတ်သော **ဇနကကံ** ၊

(၂) ထောက်ပံ့တတ်သော **ဥပတ္ထမ္ဘကကံ** ၊

(၃) ကပ်၍ နှိပ်စက်တတ်သော **ဥပပီဠကကံ** ၊

(၄) ကပ်၍ ဖြတ်တတ် သတ်တတ်သော **ဥပဃာတကကံ** ဟူ၍ (၄)ပါး အပြားရှိ၏။

[၂၃၇] ၆၁ ။ ဤဆိုခဲ့သောအပြားအားဖြင့် (၁၂)ပါးသော ဤကံတို့၏ (အားရှိသည်၏အဖြစ် အားမရှိသည်၏အဖြစ် ဟူသော) ကံအထူးသည်ရင်း (ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ် စသော) ဝိပါက်အထူးသည်ရင်း မြတ်စွာဘုရားတို့၏ (ကံ၏အကျိုး ပေးပုံကို သိသော) ကမ္မဝိပါကဉာဏ်တော်အားသာလျှင် မှန်ကန်သောမိမိ၏သဘောအား ဖြင့် အပြည့်အစုံ ထင်ရှားပေသည်၊

သာဝကတို့နှင့် မဆိုင်ပေ။

သို့သော်လည်း ဝိပဿနာရှုသောယောဂီသည်ကံအထူးနှင့် ဝိပါက် အထူး ကို တစိတ်တဒေသအားဖြင့် သိအပ် သိထိုက်၏။

ထို့ကြောင့် ဤကံအထူးကိုအရိပ်အမြွက်မျှပြသောအားဖြင့် (ဤအရာ၌) ပြလိုက်ပေသည်။

(၆၈၈) ၆၂ ။ ဤဆိုခဲ့သော အပြားအားဖြင့် (၁၂)ပါးအပြားရှိသော (ဖြစ်ဆဲပစ္စုပ္ပန် ဝိပါက်အစဉ်၏ အကြောင်းမျှသာလျှင် ဖြစ်သောအစိတ်) ကံကို (အပေါင်းဖြစ်သော) ကမ္မဝဋ်၌ထည့်၍ ဤသို့လျှင် တဦးသောယောဂီသည် ကမ္မဝဋ်၏အစွမ်းအားဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းကိုပြု၏။

## ကံနှင့်ဝိပါက်မျှသာ တွေ့မြင်ပုံ

၆၃ ။ ထိုယောဂီသည်ဤဆိုခဲ့သည့်အတိုင်းကမ္မဝဋ်ဝိပါကဝဋ်၏အစွမ်း အားဖြင့်အကြောင်းကြောင့် နာမ်ရုပ်၏ (ယခုပစ္စုပ္ပန်၌)ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင် " ဤနာမ်ရုပ်သည် ယခုပစ္စုပ္ပန် ဘဝကာလ၌ (ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းအားဖြင့် (သာလျှင်) အကြောင်း ကြောင့် ဖြစ်ပေါ်သ)ကဲ့သို့

(သာလျှင်) အကြောင်းကြောင့်ဖြစ်ပေါ်ခဲ့လေပြီ၊

အနာဂတ်ကာလ၌လည်း ကမ္မဝဋ် ဝိပါကဝဋ်၏အစွမ်းအားဖြင့်သာလျှင် အကြောင်းကြောင့်ဖြစ်ပေါ်လတ့ံ " ဟုရှုမြင်၏။

၆၄ ။ ဤဆိုခဲ့သော အပြားအားဖြင့် ကံနှင့်ကံ၏အကျိုးဝိပါက်သာလျှင်ရှိ၏၊

ကမ္မဝဋ်နှင့် ဝိပါကဝဋ်သာလျှင်ရှိ၏၊

ကံအယဉ်နှင့် ဝိပါက်အယဉ်သာလျှင် ရှိ၏၊ ကံအစဉ်နှင့် ဝိပါက်အစဉ် သာလျှင်ရှိ၏၊ (ပြုခြင်း) - ပြုမှုနှင့်ပြုမှု၏အကျိုးသာလျှင် ရှိ၏။

ကံကြောင့် အကျိုးဝိပါက်တို့သည် ဖြစ်ကုန်၏၊

အကျိုးဝိပါက်သည် ကံလျှင်ဖြစ်ကြောင်းရှိ၏ (တနည်းကား အကျိုး ဝိပါက်သည်ကံလျှင် ဖြစ်ကြောင်းပေတည်း)။ ကံကြောင့်တဖန် ဘဝသစ်ပြန်၏၊

ဤနည်း ဖြင့် လောက (ဟုခေါ်သော ရုပ်နာမ်အစဉ်) သည် အဆက် ဆက် မပြတ်ဖြစ်နေသည် ဟူ၍ ရှုမြင်၏။

၆၅ ။ ဤဆိုခဲ့သည့်အတိုင်း ရှုမြင်သော ယောဂီသည် ရှေးအဖို့စသည်တို့ အကြောင်းပြု၍ " ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့ (ရှိခဲ့) လေသလော" ဤသို့အစရှိသောနည်းဖြင့်(၁၆)ပါးအပြားရှိသောအကြင်ယုံမှားကို ဟောတော်မူ (အပ်)၏၊

အလုံးစုံသော ထိုယုံမှားကို ပယ် (အပ်)၏။

အလုံးစုံသော ဘဝ (၃)ပါး၊ ယောနိ (၄)ပါး၊ ဂတိ (၅)ပါး၊ ဝိညာဏ ဋ္ဌိတိ (၇)ပါး၊ သတ္တာဝါသ (၉)ပါးတို့၌ အကြောင်းအကျိုးဆက်စပ်သည်၏ အစွမ်းအားဖြင့် အဆက်ဆက် မပြတ်ဖြစ်နေသောနာမ်ရုပ်မျှသည်သာလျှင် (ထိုယောဂီအား) ထင်၏။

ထိုယောဂီသည် အကြောင်းတရားထက်အလွန် (အကြောင်းတရားမှလွဲ၍ ) ပြုတတ်သူကို မမြင်၊

အကျိုးဝိပါက် အဆက်ဆက် မပြတ်ဖြစ်ခြင်းထက် အလွန် အကျိုးကို ခံစားတတ်သောသူကို မမြင်၊

အမှန်အားဖြင့်သော်ကား အကြောင်းတရားရှိလျှင် (ကာရက) ပြုတတ်သောသူ ဟူ၍ဝင်း၊

အမည်ပညတ်မျှဖြင့် ပညာရှိတို့ခေါ်ဝေါ်ပြောဆိုကြသည်ဟူ၍သာလျှင်

မှန်စွာသိသော ဝိပဿနာပညာဖြင့် ကောင်းစွာမြင် (အပ်)ပြီး ဖြစ်လေတော့၏။

(၆၈၉) ၆၆ ။ ထို့ကြောင့် ရှေးဆရာတို့သည်

“ အမှုကံကို ပြုတတ်သော ပုဂ္ဂိုလ်သည် မရှိချေ။

အကျိုးကိုခံစားတတ်သော ပုဂ္ဂိုလ်သည်လည်းမရှိချေ။

သက်သက်သောအကြောင်းနှင့် အကျိုးတရားတို့သည်သာလျှင် အဆက်ဆက် မပြတ်ဖြစ်လျက် ရှိကုန်၏။

ဤသို့သော၌ (အသိအမြင်) သည် ( မဖောက်မပြန်) မှန်ကန်စွာ သိမြင်ခြင်းပေတည်း။

၆၇ ။ ဤဆိုခဲ့သောနည်းဖြင့် အမှုကံနှင့်အကျိုးဝိပါက်သည် အကြောင်းနှင့်တကွ တပြန်စီလည်ပတ်လျက် မပြတ်ဖြစ်နေလျှင် သစ်စေ့နှင့်သစ်ပင်တို့၏ရှေးအစွန်းအစကိုမသိအပ် မသိနိုင်သကဲ့သို့ (အမှုကံနှင့် အကျိုးဝိပါက်တို့၏)ရှေးအစွန်းအစကို မသိအပ် မသိနိုင်ပေ။

နောင်အနာဂတ်ကာလ၌လည်း(ရုပ်နာမ်ခန္ဓာတို့၏မပြတ်ဖြစ်စဉ်ဟူသော) သံသရာရှိနေလျှင် (အမှုကံနှင့် အကျိုးဝိပါက်တို့၏) မဖြစ်ခြင်း ပြတ်စဲခြင်းကို မတွေ့မြင်အပ် မတွေ့မြင်နိုင်ပေ။

[၂၃၈] ၆၈ ။ ( အမှုကံကို ပြုတတ်သော ပုဂ္ဂိုလ်သည် မရှိချေစသည်ဖြင့်ဆိုခဲ့သော) ဤအနက်သဘောကို မသိကြသောကြောင့် တိတ္ထိတို့သည် အမြင်မှန် ဟူသော ကိုယ်ပိုင်အလိုနှင့် မပြည့်စုံကုန်သည်ဖြစ်၍ သတ္တဝါဟူသော အမှတ်သညာကို စွဲလမ်းကုန်လျက်

သဿတ ဒိဋ္ဌိတည်းမြဲအယူ၊ဥစ္ဆေဒဒိဋ္ဌိ-ပြတ်စဲအယူရှိကုန်သည်ဖြစ်၍ အချင်းချင်းဆန့်ကျင်ကုန်လျက် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ယူကြကုန်၏။

၆၉ ။ ထိုတိတ္ထိတို့သည်ဒိဋ္ဌိဟူသော နှောင်ကြိုးဖြင့် နှောင်ဖွဲ့ခံရကုန်သည်ဖြစ်၍ တဏှာဟူသော ရေယဉ်ဖြင့် မျောကုန်၏။

ထိုတိတ္ထိတို့သည် တဏှာရေယဉ်ဖြင့် မျောကုန်သည်ဖြစ်၍ ဆင်းရဲမှ မလွတ်နိုင်ကုန်။

၇၀ ။ မြတ်စွာဘုရား၏တပည့်ဖြစ်သော ရဟန်းသည်ကား ဤဆိုခဲ့သော တနည်းဖြင့် (အမှုကံကို ပြုတတ်သောပုဂ္ဂိုလ်သည် မရှိချေ စသည်ဖြင့်ဆိုခဲ့သော) ဤအနက်သဘောကို သိပြီးလျှင် နက်နဲသိမ်မွေ့သော (သတ္တဝါမှရင်း အကျိုးမှရင်း) ဆိတ်သုဉ်းသော အကြောင်းတရားကို ထိုးထွင်း၍သိ၏။

၇၁ ။ အကျိုးဝိပါက်ထဲ၌ အကြောင်းကံသည် မရှိ၊ အကြောင်းကံထဲ၌လည်း အကျိုးဝိပါက်သည် မရှိ၊

ကံနှင့်ဝိပါက် (၂)ပါးတို့သည် အချင်းချင်းမှ ဆိတ်သုဉ်းကုန်၏၊

(သို့သော်) အကြောင်းကံနှင့် ကင်း၍လည်း အကျိုးသည်မဖြစ်နိုင်။

၇၂ ။ ဥပမာအားဖြင့် နေရောင်ထဲ၌ မီးသည်မရှိ၊

သူရိယကန် ကျောက်ခဲသော မှန်ဘီလူးထဲ၌လည်း မီးသည်မရှိ၊

နွားချေးချောက်ထဲ၌လည်း ရှိသည်မဟုတ်၊

၎င်း (နေရောင်စသည်)တို့၏ အပြင်ပ၌လည်း ထို (မီး)သည် မရှိ၊

နေရောင်စသော အဆောက်အဦတို့ကြောင့် မီးသည်ဖြစ်လည်း ဖြစ်ပေါ်သကဲ့သို့၊

၇၃ ။ ထို့အတူ အကျိုးဝိပါက်သည်ကံ၏ အတွင်း၌ (ရအပ်သည်) ရှိသည်လည်း မဟုတ်၊ ကံ၏အပြင်ပ၌ ရှိသည်လည်းမဟုတ်၊ ကံသည်လည်း ထိုအကျိုး ဝိပါက်ထဲ၌ ရှိသည်မဟုတ်။

၇၄ ။ ကံသည် အကျိုးမှ ဆိတ်၏၊ အကျိုးသည် ကံထဲ၌မရှိ၊

အမှန်အားဖြင့်မူကား ကံကိုသာလျှင် စွဲမှီ၍ ထိုကံမှအကျိုးသည် ဖြစ်ပေါ်၏။

၇၅ ။ မှန်ပေ၏၊ ဤလောက၌ခန္ဓာတို့၏ ဖြစ်စဉ်ဟူသော သံသရာကို ပြုတတ် - ဖန်ဆင်းတတ်သော နတ်သည်၎င်း ဗြဟ္မာသည်၎င်း မရှိချေ။အကြောင်းအပေါင်းဟူသော အကြောင်းကြောင့် နာမ်ရုပ်တရားသက်သက်တို့သည်သာလျှင် အဆက်ဆက် မပြတ်ဖြစ်လျက် ရှိကုန်၏ - ” ဟုမိန့်ဆိုကုန်၏။

## တရားအလုံးစုံကို ထင်ရှားသိခြင်း

(၆၉၀) ၇၆ ။ ဤဆိုခဲ့သောနည်းဖြင့် ကမ္မဝဋ် ဝိပါကဝဋ်၏အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်း သိမ်းဆည်းခြင်းကို ပြုပြီး၍ (၃)ပါးသော အခွန့်ကာလတို့၌ ယုံမှားမှုကိုပယ်ပြီးတော့ ထိုယောဂီအား အလုံးစုံသော အတိတ်အနာဂတ် ပစ္စုပ္ပန်တရားတို့သည် စုတိနှင့် ပဋိသန္ဓေ ၏ အစွမ်းအားဖြင့် ထင်ရှားသိအပ်ပြီးတို့ ဖြစ်ကုန်၏။

ထိုယောဂီ၏ အကြောင်းနှင့်တကွ နာမ်ရုပ်ကိုသိသော ထိုဉာဏ်ပညာသည် (ဉာတပရိညာ) သိအပ်သိထိုက်သော တရားတို့ကို ပိုင်းခြား၍သိသော ဉာဏ်ပညာမည်၏။

၇၇ ။ ထိုယောဂီသည်ဤသို့သိ၏အတိတ်ဘဝ၌ကံဟူသောအကြောင်းကြောင့်ဖြစ်သော အကြင်ခန္ဓာတို့သည် ရှိခဲ့ကုန်၏။ ထိုခန္ဓာတို့သည် ထိုအတိတ်ဘဝ၌သာလျှင် ချုပ်ခဲ့ကုန်ပြီ၊

ဤ ပစ္စုပ္ပန်ဘဝ၌မူကား အတိတ်ကံ ဟူသောအကြောင်းကြောင့် အခြားတပါးသော ခန္ဓာတို့သည် ဖြစ်ပေါ်လာကုန်၏၊

အတိတ်ဘဝမှ ဤ ပစ္စုပ္ပန်ဘဝသို့ လိုက်ပါလာသော တရားမည်သည် တခု မျှသော်လည်း မရှိချေ။

ဤ ပစ္စုပ္ပန်ဘဝ၌လည်း ကံဟူသော အကြောင်းကြောင့် ဖြစ်သော ခန္ဓာတို့.သည် (ဤဘဝ၌သာလျှင်) ချုပ်ကုန်လတ္တံ့၊

နောင်ဘဝသစ်၌ အခြားတပါးသော ခန္ဓာတို့သည် ဖြစ်ပေါ်ကုန်လတ္တံ့၊

ဤဘဝမှ နောင်ဘဝသစ်သို့ တခုသော တရားမျှသော်လည်း လိုက်ပါမသွားလတ္တံ့။

## ဘဝနှစ်ရပ် စပ်ပုံ ဥပမာပြချက်

၇၈ ။ စင်စစ်သော်ကား ဆရာ၏ခံတွင်းမှ ရွတ်ဆိုသော အသံသည် တပည့်၏ခံတွင်းသို့ ဝင်သည်မဟုတ်။

ဆရာ့၏ရွတ်ဆိုသံ ဟူသောအကြောင်းကြောင့် [၂၃၉] ထိုတပည့်၏ခံတွင်း၌ရွတ်ဆိုခြင်းသည် မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်သာ ဖြစ်သကဲ့သို့ငှါး၊

တမန် (ကိုယ်စားလှယ်) ဖြစ်သူသောက်သောရေမန်းသည် ရောဂါရှိသူ၏ဝမ်းသို့ဝင်သည်မဟုတ်၊ထိုတမန်ဖြစ်သူသောက်သောရေမန်းဟူသောအကြောင်းကြောင့် ထိုရောဂါရှိသူ၏ ရောဂါသည် မပျောက်သည်လည်းမဟုတ်၊ ပျောက်သည်သာလျှင် ဖြစ်သကဲ့သို့ငှါး၊

မျက်နှာ၌လိမ်းချယ် ဆင်ယင်လိုက်သော အစီအရင်သည် မှန်ပြင်စသည်တို့၌ (ထင်နေသော)မျက်နှာအရိပ်သို့ရောက်သွားသည်မဟုတ်၊ ထိုမျက်နှာ၌ လိမ်းချယ်ဆင်ယင်လိုက်ခြင်း ဟူသောအကြောင်းကြောင့် ထိုမှန်ပြင်စသည်တို့၌ထင်နေသော မျက်နှာအရိပ်၌ လိမ်းချယ်ဆင်ယင်လိုက်သော အစီအရင်သည် မထင်ပေါ်သည်လည်းမဟုတ်၊ ထင်ပေါ်သည်သာလျှင် ဖြစ်သကဲ့သို့ငှင်း၊

တခုသောဆီမီးစာမှ ဆီမီးလျှံသည် တပါးသောဆီမီးစာသို့ ပြောင်းရွှေ့သွားသည်လည်းမဟုတ်၊ ထိုမူလဆီမီးစာမှ မီးလျှံဟူသောအကြောင်းကြောင့် ထိုတပါးသော ဆီမီးစာ၌ ဆီမီးလျှံသည် မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်သာလျှင်ဖြစ်သကဲ့သို့ငှင်း၊

၇၉ ။ ဤ ဥပမာတို့နှင့် တူစွာပင်အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့တစုံတခုသော တရားမျှ ပြောင်းရွှေ့လာခဲ့သည်မဟုတ်၊

ယခုဘဝမှလည်း နောင်ဘဝသစ်သို့ တစုံတခုသော တရားမျှပြောင်းရွှေ့သွားမည် မဟုတ်၊

အတိတ်ဘဝ၌(မှ) ခန္ဓာ အာယတနဓာတ် ဟူသောအကြောင်းကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ ခန္ဓာအာယတနဓာတ်တို့သည် မဖြစ်သည်လည်း မဟုတ်ကုန်၊ ဖြစ်ကုန်သည်သာလျှင်တည်း၊

ယခုပစ္စုပ္ပန်ဘဝ၌ ခန္ဓာအာယတနဓာတ်ဟူသော အကြောင်းကြောင့်လည်း နောင်ဘဝ၌ ခန္ဓာအာယတနဓာတ်တို့သည် မဖြစ်မည်လည်းမဟုတ်ကုန်၊ ဖြစ်ကုန်မည်သာလျှင်လည်း ဟူ၍သိ၏။

၈၀ ။ မနောဓာတ်၏ အခြားမဲ့၌ ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ထိုမနောဓာတ်မှ လာသည်လည်းမဟုတ်၊ ထိုမနောဓာတ်၏ အခြားမဲ့၌ မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့၊

ထို့အတူပင် ပဋိသန္ဓေကာလ၌ စိတ်အစဉ်သည် ဖြစ်ပေါ်၏၊ရှေးဖြစ်သော စုတိစိတ်သည် ချုပ်ပျက်သွား၏၊ ထိုမှ နောက်၌ နောက်ဖြစ်သော ပဋိသန္ဓေစိတ် သည် ဖြစ်ပေါ်လာ၏။

ထိုစုတိစိတ် ပဋိသန္ဓေစိတ်တို့၏ ခြားခြင်းကိုပြုတတ်သော (အကြား၌ဖြစ်သော) တရားမည်သည်မရှိ၊

ထိုစုတိစိတ် ပဋိသန္ဓေစိတ်တို့၏အကြား မည်သည်မရှိ၊ ဤစုတိစိတ်မှတစုံတခုသော တရားမျှသွားသည်လည်းမဟုတ်၊

ပဋိသန္ဓေစိတ်သည်လည်း ဖြစ်ပေါ်လာ၏ - ဟူ၍လည်း သိ၏။

(၆၉၁) ၈၁ ။ဤဆိုခဲ့သည့်အတိုင်းစုတိနှင့်ပဋိသန္ဓေ၏အစွမ်းအားဖြင့်အလုံးစုံသော နာမ်ရုပ်တရားကို ထင်ရှားသိပြီးသော ယောဂီအား နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းသောဉာဏ်သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့်သန်မာလျှင်မြန်သော အားစွမ်းနှင့်ပြည့်စုံ၏၊

(၁၆)ပါးသော ယုံမှားကိုသာ၍ ကောင်းစွာ ပယ် (အပ်)၏။

သက်သက်ထို(၁၆)ပါးသော ယုံမှားကိုသာလျှင်ပယ်သည်မဟုတ်သေး၊

" ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၌ ယုံမှား၏ " ဤသို့ အစရှိသော နည်းဖြင့်ဖြစ်သော ရှစ်ပါးအပြားရှိသော ယုံမှားကိုလည်း ပယ်(အပ်)သည် သာလျှင်တည်း။

(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ဝေးကွာကုန်၏။

## ဓမ္မဋ္ဌိတိဉာဏ် စသည်မည်ကြောင်း

၈၂ ။ ဤဆိုခဲ့သည့်အတိုင်း အထူးထူးအပြားပြားသော နည်းတို့ဖြင့်နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းဖြင့် (၃)ပါးသော အခွန့်ကာလတို့၌ ယုံမှားကို လွန်မြောက်၍ တည်သောဉာဏ်ကို **ကင်္ခါဝိတရဏဝိသုဒ္ဓိ** - ယုံမှားကို လွန်မြောက်လျက် စင်ကြယ်သော ဉာဏ်) ဟူ၍ သိအပ်၏။

**ဓမ္မဋ္ဌိတိဉာဏ်** - (နာမ်ရုပ်တို့၏ တည်ကြောင်းတရားကို သိသော ဉာဏ်) ဟူသော အမည်သည်ရင်း၊

**ယထာဘူတဉာဏ်** (ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်) ဟူသော အမည် သည်ရင်း၊

**သမ္မာဒဿန** (မဖေါက်မပြန်မှန်စွာမြင်သော) ဉာဏ်ဟူသော အမည် သည်ရင်း၊

ဤ **ကင်္ခါဝိတရဏဝိသုဒ္ဓိ** ၏ အမည်ချည်းသာလျှင်တည်း။

၈၃ ။ " အဝိဇ္ဇာသည် အကြောင်းတည်း သင်္ခါရတို့သည် အကြောင်းကြောင့်ဖြစ်သောအကျိုးတို့တည်း၊ဤအဝိဇ္ဇာနှင့်သင်္ခါရနှစ်ပါးသောတရားတို့သည်လည်းအကြောင်းကြောင့်ဖြစ်သော အကျိုးတို့တည်း ဟုအကြောင်းကိုသိမ်းဆည်းခြင်း၌ ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏ " ဟူ၍ရင်း၊

၈၄ ။ မမြဲဟု နှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသနည်း မြင်သနည်း၊ အဘယ်သို့လျှင် သမ္မာဒဿန မှန်စွာမြင်သောဉာဏ်ဖြစ်သနည်း၊ ထိုမြင်ပြီး သို့ အစဉ်လိုက်သဖြင့် အဘယ်သို့လျှင် အလုံးစုံသော သင်္ခါရတို့ကို မမြဲကုန် ဟု ကောင်း စွာမြင်အပ်ကုန်သနည်း၊ အဘယ်တရားတို့၌ ယုံမှားကို ပယ်အပ်သနည်း ဟုမေးမြန်းအံ့။

[၂၄၀] မမြဲဟုနှလုံးသွင်းသောသူသည် သင်္ခါရနိမိတ်ကို ဟုတ်တိုင်းမှန်စွာသိ၏ မြင်၏၊

ထို့ကြောင့် သမ္မာဒဿန - မှန်စွာသိမြင်သောဉာဏ်ဟု ဆိုအပ်၏၊

ဤသို့မြင်လတ်သော် ထို (မျက်မှောက်မြင်ပြီး)သို့ အစဉ်လိုက်သဖြင့် အလုံးစုံသော သင်္ခါရတို့ကို မမြဲကုန်ဟုကောင်းစွာမြင်အပ်ကုန်၏၊

ဤကောင်းစွာမြင် (အပ်)သော တရားအပေါင်း၌ယုံမှားကို ပယ်(အပ်)၏။

ဆင်းရဲဟု နှလုံးသွင်းသောသူသည် မပြတ်ဖြစ်သော (ဥပါဒိန္နက) ရုပ်နာမ် အယဉ် (ပဝတ္တ)ကို ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏။

အတ္တမဟုတ်ဟုနှလုံးသွင်းသောသူသည် သင်္ခါရနိမိတ်ကိုဋ်း၊ ရုပ်နာမ်အယဉ် ကိုဋ်း၊ ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏။

ထို့ကြောင့် သမ္မာဒဿန - မှန်စွာမြင်သောဉာဏ်ဟု ဆိုအပ်၏၊ ဤသို့ မြင် လတ်သော် ထို(မျက်မှောက်မြင်ပြီး) သို့အစဉ်လိုက်သဖြင့် အလုံးစုံသောသင်္ခါရတို့ကို အတ္တ မဟုတ်ဟု ကောင်းစွာမြင် (အပ်ကုန်)၏၊ ဤကောင်းစွာမြင်(အပ်)သောတရားတို့၌ ယုံမှား ကို ပယ်(အပ်)၏ဟု ဖြေအပ်၏။

၈၅ ။ ယထာဘူတဉာဏ်၊ သမ္မာဒဿနဉာဏ်၊ ကင်္ခါဝိတရဏဉာဏ် ဟူသော ဤ တရားတို့သည် အနက်အားဖြင့်လည်းထူးကုန်၍ သဒ္ဒါအားဖြင့်လည်း ထူးကုန်သလော၊ သို့မဟုတ် အနက်အားဖြင့် တူကုန်၍သဒ္ဒါမျှသာ ထူးသလောဟု မေးငြားအံ့၊ ယထာဘူတ ဉာဏ် ၊ သမ္မာဒဿနဉာဏ်၊ ကင်္ခါဝိတရဏဉာဏ် ဟူသော ဤတရားတို့သည် အနက် အားဖြင့် တူကုန်၍ သဒ္ဒါမျှသာ ထူး၏

ဟုဖြေအပ်၏ ဟူ၍ဋ်း ဤစကားကို ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

## စူဠသောတာပန်မည်ကြောင်း

၈၆ ။ အကျိုးကား . . . ဤယထာဘူတမည်သော **ကင်္ခါဝိတရဏဉာဏ်**နှင့်ပြည့်စုံ သော (ရှသော) ယောဂီသည် မြတ်စွာဘုရား၏သာသနာတော်၌ရအပ်ပြီးသော သက်သာ ရာရှိသည်ဖြစ်၍ ရအပ်ပြီးသော ထောက်တည်ရာရှိသည်ဖြစ်၍ မြဲသောဂတိရှိသည်ဖြစ်၍ **စူဠသောတာပန်** (သောတာပန်ငယ်) မည်ပေ၏။

ထို့ကြောင့်ရဟန်းသည် ယုံမှားကိုလွန်မြောက်သော ကင်္ခါဝိတရဏဉာဏ်ကို လိုလားခြင်းရှိသည်ဖြစ်၍ အခါခပ်သိမ်းအမှတ်ရမှု - သတိနှင့်ပြည့်စုံလျက် နာမ်ရုပ်၏ အကြောင်းတို့ကို ခပ်သိမ်းသောအပြားအားဖြင့် သိမ်းဆည်းရာ၏။ ဤတွင်ပြီး၏။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းငှာ စီရင်အပ် သောဝိသုဒ္ဓိမဂ်ကျမ်းဝယ်ပညာဘာဝနာအရာ၌ **ကင်္ခါဝိတရဏဝိသုဒ္ဓိကိုအကျယ်ပြချက်** (ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ)မည်သော(၁၉ခု)မြောက်ဖြစ်သော အပိုင်းအခဏ်းပေတည်း။

(ကင်္ခါဝိတရဏဝိသုဒ္ဓိကို အကျယ်ပြချက်ပြီး၏)

✦ ✦ ✦

# " ဝိစိကိစ္ဆာခင်ပုံ အမေးအဖြေ "

(မင်္ဂလာတိုက် မိုးကုတ်မြို့ သင်တန်းတရားမှတ်စုမှ)

- အဝိဇ္ဇာဆိုတာ ဘာပါလိမ့်?

 မသိတာပါ ဘုရား။

- သင်္ခါရဆိုတာ ဘာပါလိမ့်?

 ပြုလုပ်တာပါ ဘုရား။

- အဝိဇ္ဇာ သင်္ခါရဆိုတာ ဘာပါလိမ့်?

 မသိလို့ပြုလုပ်တာပါ ဘုရား။

- မသိလို့ပြုလုပ်ရင် (၂)အကွက်မှာ ဘာရမှာပါလိမ့်?

 ခန္ဓာငါးပါး ရမှာပါဘုရား။

- ခန္ဓာငါးပါးရုပ်နာမ်တရားသည် ဗြဟ္မာသိကြား ဖန်ဆင်းလို့ဖြစ်တာလား? အဝိဇ္ဇာ သင်္ခါရကြောင့်လား?

 အဝိဇ္ဇာ သင်္ခါရကြောင့်ပါဘုရား။

- ခန္ဓာငါးပါးရုပ်နာမ်တရားသည် ထာဝရတန်ခိုးရှင် ဖန်ဆင်းလို့ဖြစ်တာလား? အဝိဇ္ဇာ သင်္ခါရကြောင့်လား?

 အဝိဇ္ဇာ သင်္ခါရကြောင့်ပါဘုရား။

- ခန္ဓာငါးပါးရုပ်နာမ်တရားသည် သူ့အလိုလိုပေါ်လာတာလား? အဝိဇ္ဇာ သင်္ခါရကြောင့်လား?

 အဝိဇ္ဇာ သင်္ခါရကြောင့်ပါဘုရား။

- အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်တယ်ဆိုရင် ဘာစင်မှာပါလိမ့်?

 ဝိစိကိစ္ဆာစင်ပါတယ်ဘုရား။

- အကြောင်းနားလည်ရင် ဘာစင်မှာပါလိမ့်?

 ဝိစိကိစ္ဆာစင်ပါတယ်ဘုရား။

## ပစ္စယပရိဂ္ဂဟဉာဏ် နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ

(စာ ၆၅ မဟာစည်ဆရာတော်ဘုရားကြီး၏ဝိပဿနာရှုနည်းကျမ်း၊ဒုတွဲမှ)

ဇတဿောဝနာမရူပဿ၊ ရှုမြင်အပ်ပြီးသော ဤရုပ်နာမ်၏ပင်လျှင် ပစ္စယပရိဂ္ဂဟဏေန၊ အကြောင်းကို သိမ်းဆည်းခြင်းဖြင့်။ တီသု အဒ္ဓါသု၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးတို့၌။ ကင်္ခါ၊ ယုံမှားခြင်းကို။ ဝိတရိတွာဌိတံလွှန်မြောက်ပယ်ခွါ၍တည်သော။ ဉာဏံ၊ “ အကြောင်းရုပ်နာမ်ကြောင့်ဖြစ်သော အကျိုးရုပ်နာမ်မျှသာရှိသည် ” ဟုသိသော ဉာဏ်သည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ၊ ယုံမှားမှုကိုလွှန်မြောက်လျက်စင်ကြယ်သောဉာဏ် မည်၏။

- ဖြစ်ဆဲဖြစ်ဆဲ၌ မှတ်လျက် ရုပ်နာမ်တို့၏ သဘောမှန်ကိုသိပြီးသောသူသည် ထို ရုပ်နာမ်တို့၏ ဖြစ်ကြောင်းများကိုလဲ မှတ်ဆဲမှာပင် ထိုက်သည်အားလျော်စွာ တွေ့မြင်ရပြန်၏။

ထိုအခါ၌ “ ဤလိုအကြောင်းများကြောင့်သာလျှင်ကာလသုံးပါး၌ ဤလိုရုပ်နာမ် မျှသာဖြစ်လျက် ရှိချေသည် ” ဟု သိမြင်သဘောကျသော ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ် ၏။

ဤဉာဏ်ဖြစ်ပုံသည်ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ အဇ္ဈာသယနှင့်ပါရမီဉာဏ်အားလျော်စွာ အမျိုးမျိုးကွဲပြား၏။ ထို့ကြောင့် ဤဉာဏ်ဖြစ်ပုံကိုဝိသုဒ္ဓိမဂ်၌ ငါးမျိုးခွဲခြား၍ ပြတော်မူလေ သည်။

“ ငါကောင် = သတ္တဝါကောင်ကား မရှိပြီ၊ နာမ် ရုပ် နှစ်ပါးမျှသာ ရှိသည် ” ဟု သဘောကျပြီးသောယောဂီသည် မှတ်ယင်းပင် ထိုနာမ်ရုပ်၏အကြောင်းကို စူးစမ်းဆင်ခြင် တတ်၏။

ဆင်ခြင်လျှင် “ အကြောင်းမဲ့အလိုလိုဖြစ်သည် ”ဟူ၍လဲသဘောမကျနိုင်၊ အဘယ် ကြောင့်နည်းဟူမူ . . အချို့အကြောင်းများကို မျက်မှောက်တွေ့ရ သောကြောင့်ပေတည်း။

တွေ့ပုံသည်နောက်၌ထင်ရှားလတ္တံ့။ ထို့ပြင် “ ထာဝရဘုရား၊ ဗြဟ္မာ၊ သိကြား၊ နတ် တို့က ဖန်ဆင်းသည်” ဟူ၍လဲ သဘောမကျနိုင်၊ အကြောင်းမူကား . . . အချို့အကြောင်း များ ကြောင့် နာမ် ရုပ် ဖြစ်ပေါ်လာသည်ကို မျက်မှောက်တွေ့ရသည့်ပြင်၊ ဤသို့လဲ ကြံဆ၍ သိနိုင်ပေ၏။

သိနိုင်ပုံကား . . ဖန်ဆင်းသူဟု ထင်မှတ်စွဲလမ်းအပ်သော ထိုဘုရား၊ဗြဟ္မာ၊သိကြား ၊ နတ်တို့လဲ ငါကဲ့သို့ပင် နာမ်ရုပ်နှစ်ပါးမျှသာ အထည်ကိုရှိကြသည်၊ သူတို့၏ နာမ်ရုပ်လဲ ငါ၏ နာမ်ရုပ်ကဲ့သို့ပင် ဘယ်သူကိုမျှ ဖြစ်အောင်မဖန်ဆင်းနိုင်တန်ရာဟူ၍ဧင်း၊ အကယ်၍ ဖန်ဆင်းနိုင်ပါက သူတို့ကိုတော့ ဘယ်သူက ဖန်ဆင်းသလဲ? အဲ့ဒီသူကိုလဲ

ဘယ်သူက ဖန်ဆင်းသလဲ? ဤနည်းဖြင့် ဖန်ဆင်းသူ အဆက်ဆက်ကို ရှာကြံ၍မဆုံးနိုင်ဘဲ ရှိရာသည်ဟူ၍ ၎င်းဤသို့ကြံဆ၍သိနိုင်ပေသည်၊ထို့ကြောင့် ' တစုံတယောက်ကဖန်ဆင်းသည်' ဟူ၍လဲ သဘောမကျနိုင်ပေသည်။

- ဝိပဿနာရှုမှတ်ရမှာက ဥပါဒါနက္ခန္ဓာ ငါးပါး ဖြစ်ပါသည်။

- ဥပါဒါနက္ခန္ဓာ (၅) ပါးမှာ ရုပ်နာမ် ဖြစ်ပါသည်။

- ရုပ်တို့မှာ

(က) ရုပ်မှာ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ (၄)ပါး ဖြစ်ပါသည်။

(ခ) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကာယ (၅)ပါးနှင့် ဟဒယရုပ် တို့ဖြစ်၏။

(ဂ) အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ (၅)ပါးနှင့် ဓမ္မာရုံ တို့ဖြစ်၏။

(ဃ) ဥတုဇရုပ်၊ အာဟာရဇရုပ် တို့ဖြစ်ပါသည်။

- နာမ်တို့မှာ

(က) ဒွါရနှင့် အာရုံတို့ကြောင့် ဖြစ်သော - စိတ်။ ဝိညာဏ်။

(ခ) အာရုံ နှင့် ဖဿ တို့ကြောင့် ခံစားမှု - ဝေဒနာ။ စေတသိက်။

(ဂ) အာရုံ နှင့် ဖဿ တို့ကြောင့် မှတ်သားမှု - သညာ။ စေတသိက်။

(ဃ) အာရုံ နှင့် ဖဿ တို့ကြောင့် တိုက်တွန်းလှုံ့ဆော်မှု - သင်္ခါရ ။ စေတသိက်။

အထက်ပါအတိုင်း နာမ်ရုပ်တို့ကို ရှုမြင်အပ်ပြီးလျှင်

(က) ပစ္စက္ခနာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းခြင်း။ (သမာဒိဋ္ဌိ)

(ခ) နာမ်ရုပ်တို့သည် နာမ်ရုပ်အကြောင်းကြောင့်သာနာမ်ရုပ်အကျိုးဖြစ်ပေါ်သည်။

- အလိုလိုမဖြစ်။

- ဖန်ဆင်းသူ၊ နတ်၊ သိကြား၊ ပြဟ္မာ၊ ထာဝရဘုရား - ဟူသည်မရှိပါ။

- အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့မှာလည်း နာမ်ရုပ်ပဲ ဖြစ်သည်။ (သမ္မာသင်္ကပ္ပ)

ရှုမှတ်ဆဲ ပစ္စက္ခကာလမှာပင် ပညာမဂ္ဂင်ဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့်အကြောင်းကိုသိခြင်းနှင့် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် အကျိုးတို့ကိုသိသောဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ် ခေါ်ကင်္ခါဝိတရဏဝိသုဒ္ဓိ ဟုခေါ်ပါသည်။

- ဝိပဿနာ ရှုမှတ်မှု - က္ခန္ဓေ (၅)ပါး။

- ဝိပဿနာမဂ္ဂင် (၅)ပါး - သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။

- အာနာပါနဿတိဖြင့် ခဏိကသမာဓိမှ ဥပစာရသမာဓိ။

- ဉာတပရိညာအခန်းမှာ ရှိသည်။

- ပဋိစ္စသမုပ္ပါဒ်တရားနှင့် ပဋ္ဌာန်းတရားတို့ ပါဝင်လျှက်ရှိပါသည်။

- ဝိပဿနာသမာဓိတွင် ဝိတက်၊ ဝိစာရတို့ အားကြီးလျှက်ရှိပါသည်။
- ပညတ်တရားတို့နည်းစေ၍ ပရမတ်သဘောများ ပိုမိုတွေ့ရှိပါသည်။
- နာမ်နှင့်ရုပ်တို့ကိုခွဲခြားသိပြီးမှ နာမ်နှင့်ရုပ်တို့၏အကြောင်းကိုသိမ်းဆည်းနိုင်၏။

## " နာမ်ရုပ်တို့၏ဖြစ်ကြောင်းများကို သိမ်းဆည်းပုံ - ၅ နည်း "

(၁) အကြောင်းနာမ်ရုပ်ကြောင့် အကျိုးနာမ်ရုပ်ဖြစ်ခြင်း။ သမ္မာဒိဋ္ဌိ။

(၂) အတ္တကောင် = ငါကောင်နှင့်စပ်သော ကာလ (၃)ပါး၌ယုံမှားခြင်း (၁၆)ပါး။ (၁၆)ပါးကိုပယ်ခွါလွန်မြောက်ခြင်း။ သမ္မာသင်္ကပ္ပ။

(၁) တွေ့မြင်ရပုံ ပထမနည်း။

(က) ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ရုပ်ဖြစ်သည်။

(ခ) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံကြောင့် နာမ်ဖြစ်သည်။

(၂) တွေ့မြင်ရပုံ ဒုတိယနည်း။

(က) ယောနိသောမနသိကာရ၊ အယောနိသောမနသိကာရကြောင့်နာမ်ဖြစ်၏။

- ရှေးကံကြောင့် ကုသိုလ်စိတ် ၊ နာမ်ဖြစ်၏။
- ရှေးကံကြောင့် အကုသိုလ်စိတ်၊ နာမ်ဖြစ်၏။
- ကံကောင်း မကောင်းကြောင့်ကုသိုလ်၊အကုသိုလ်အကျိုးဝိပါက်နာမ်ဖြစ်၏။

(ခ) ရုပ်ဖြစ်ကြောင်းတို့မှာ

- ရှေးကံကြောင့် ပဋိသန္ဓေ ရုပ်ဖြစ်သည်။
- အလိုဆန္ဒစိတ်ကြောင့် စိတ္တဇရုပ်များ ဖြစ်သည်။
- ဥတုအပူအအေးကြောင့် ဥတုဇရုပ်များ ဖြစ်သည်။
- အာဟာရကြောင့် အင်အားမပျက် ရုပ်များ ဖြစ်သည်။

(ဂ) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့မှာလည်းအထက်ပါအကြောင်းများကြောင့် ဤနာမ်ရုပ် (၂)မျိုးမျှသာဖြစ်သွားမည်။

(၃) တွေ့မြင်ရပုံ တတိယနည်း။

ရုပ်နာမ်တို့၏ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်တွေ့မြင်ပုံ။

ပစ္စက္ခသမ္မာဒိဋ္ဌိတွေ့ရှိပုံ = ဖြစ်တည်ပျက် = ဇာတိ၊ ဇရာ၊ မရဏ။

အနုမာနဆင်ခြင်၍ သမ္မာသင်္ကပ္ပတွေ့ရှိပုံ = ဇာတိ၊ ကမ္မဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်၊ သင်္ခါရ၊ အဝိဇ္ဇာ။

(၄) တွေ့မြင်ရပုံ စတုတ္ထနည်း။

ရုပ်နာမ်တို့၏ အနုလောမ ပဋိစ္စသမုပ္ပါဒ်ဖြင့်တွေ့မြင်ပုံ။

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ။

(၅) တွေ့မြင်ရပုံ ပဥ္စမနည်း။

ရုပ်နာမ်တို့၏ ကမ္မဝဋ်၊ ဝိပါကဝဋ် နည်းဖြင့် တွေ့မြင်ပုံ။

ဇယားဝိုင်း၏ (၂)အကွက် = ဝိပါကဝဋ် = ပစ္စုပ္ပန်အကျိုး =

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

ဇယားဝိုင်း၏ (၃)အကွက် = ကမ္မဝဋ် =

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ။

တွေ့မြင်ရပုံ ပဉ္စမနည်း။ သို့ဖြစ်၍ အချို့ယောဂီသည် အကြောင်းတရားတို့ကို ဤသို့တွေ့မြင်၏။ ရှေးဘဝက ပြီးခဲ့သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဟူသော အကြောင်းလေးပါးကြောင့် ပဋိသန္ဓေမှစ၍ ဤရုပ်တရားတွေမပြတ် ဖြစ်နေကြသည်၊ ယခုဘဝ၌ စားသောက်အပ်သော အာဟာရကြောင့် ဤရုပ်ကိုယ်ကြီး အခြေမပျက်ဘဲ တည်မြဲတည်တံ့နေသည်၊

ထိုင်ချင်မှု ၊ ကွေးချင်မှု စသော စိတ်ကြောင့် ထိုင်ရုပ်၊ ကွေးရုပ်စသည်တို့ဖြစ်ပေါ်ကြသည်၊

အပူဓာတ်၊ အအေးဓာတ်ကြောင့် ပူရုပ်၊ အေးရုပ် ဖြစ်ပေါ်သည် ဟူ၍ရုပ်၏ အကြောင်းတို့ကို တွေ့မြင်၏။

ဤအကြောင်းတို့တွင် စိတ်၊ ဥတု၊ အာဟာရ ဟူသော ပစ္စုပ္ပန်အကြောင်းများကို ရှုမှတ်၍ မျက်မှောက်လဲ တွေ့မြင်နိုင်၏။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဟူသော အတိတ်အကြောင်းများကိုကား မျက်မှောက် မတွေ့နိုင်ပေ။

သို့သော်လဲဒိဋ္ဌိ စ ဥဇုကာဟူသည်နှင့်အညီဝိပဿနာရှုသူတိုင်းပင် “ ကုသိုလ်ကံကြောင့်ကောင်းသော ဘဝ၊ ကောင်းသော အကျိုး ဖြစ်ပေါ်သည်၊ အကုသိုလ်ကံကြောင့် ဆိုးသော ဘဝ၊ ဆိုးသောအကျိုး ဖြစ်ပေါ်သည်” ဟူ၍အားမထုတ်မီကပင်ကောင်းကောင်း ယုံကြည်သဘောကျပြီး ချည်းသာတည်း။

ထို့ကြောင့် ယခုလောလောဆယ် ဖြစ်ပေါ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့ကိုရှုမှတ်ဆင်ခြင်၍ မျက်မှောက်မြင်ပြီးသောအခါ၌ အတိတ်ဘဝကပြီးခဲ့သော

ထိုအကြောင်းများကိုလဲ အနုအာနုဉာဏ်ဖြင့် မှန်းဆဆင်ခြင်လျက် တွေ့မြင်နိုင်ပေ၏။

ချဲ့၍ပြဦးအံ့၊ နာမ်၊ ရုပ် ဘ၀ဟူသမျှကို ဆင်းရဲချည်း ဟူ၍၎င်း၊ ထို နာမ်ရုပ် ဘ၀ များ၌ လိုချင်နှစ်သက်မှု = တဏှာကို ဆင်းရဲကြောင်း ဟူ၍၎င်း၊ အမှန်အတိုင်း မသိခြင်း = မထင်ခြင်းသည် အပ္ပဋိပတ္တိအဝိဇ္ဇာ မည်၏၊ " ဒုက္ခသစ္စာ၊ သမုဒယ သစ္စာတို့ကို အမှန် အတိုင်း မသိမှု " ဟုဆိုလို၏။

ထို့ပြင် ယင်းနာမ်ရုပ်ဘ၀တွေကိုပင် ချမ်းသာတွေ အကောင်းအမြတ်တွေဟူ၍၎င်း၊ လိုချင်နှစ်သက်မှုကိုပင် ချမ်းသာကောင်းစားကြောင်း အမှုဟူ၍၎င်း၊ ထင်မှတ်ခြင်းသည် **မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ** မည်၏၊ ဒုက္ခသစ္စာသမုဒယသစ္စာတို့ကို ပြောင်းပြန်သိမှားမှု ဟုဆိုလို၏။

ဤအဝိဇ္ဇာ (၂)မျိုးသည် ပုထုဇဉ်တို့၏သန္တာန်၌ မိုက်မဲ ပြင်းထန်စွာဖြစ်လျက်ရှိ၏။

သုတမယဉာဏ်ဖြင့် ဆင်ခြင်၍ ဖြေဖျောက်ပါသော်လဲ မပြေပျောက်နိုင်ဘဲ ရှိ၏။

ထို့ကြောင့်ပင် နှစ်သက်ပျော်မွေ့မှု၊ လိုချင်တောင့်တမှုတွေကို များများဖြစ်စေရန် နေ့ညဉ့်မပြတ် အားပေးချီးမြှောက်လျက် ရှိကြပေသည်၊ လက်ရှိနာမ်ရုပ်၊ ဘ၀ခိုင်မြဲစေရန်၊ နောင်အခါ၌ နာမ်၊ ရုပ်၊ ဘ၀ကောင်းနှင့် ပြည့်စုံစေရန် ရည်ရွယ်၍လဲ နေ့ညဉ့်မပြတ် အားထုတ်လျက်ရှိကြပေသည်။

ထို့ပြင် အကြောင်းကိလေသာနှင့်ကံချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ လူ နတ် မိန်းမ ယောကျာ်းဟူ၍ မဖြစ်ရတော့ဘဲ နာမ်ရုပ်တို့၏ အပြီးတိုင် ချုပ်ငြိမ်းခြင်း = တဖန်မဖြစ်ပေါ်ခြင်းသည် အနုပါဒိသေသ နိဗ္ဗာန် ဟုခေါ်သော နိရောဓသစ္စာ မည်၏။ ထိုနိဗ္ဗာန်ကို ' ကောင်းသည်၊ ချမ်းသာသည် ' ဟူ၍၎င်း၊ ထိုနိဗ္ဗာန်သို့ရောက်စေတတ်သော ဝိပဿနာနှင့်မဂ်အကျင့်ကို ' ချမ်းသာကြောင်း အလုပ်' ဟူ၍၎င်း၊ အမှန်အတိုင်းမသိခြင်း = မထင်ခြင်းသည်လည်း အပ္ပဋိပတ္တိအဝိဇ္ဇာပင် မည်၏၊

" နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ကို အမှန်အတိုင်း မသိမှု " ဟု ဆိုလို၏။

ထို့ပြင် နိဗ္ဗာန်ကို ' မကောင်းဘူး ' ဟူ၍၎င်း၊ ဝိပဿနာနှင့်မဂ်အကျင့်ကို ' ဆင်းရဲကြောင်း အလုပ် ' ဟူ၍၎င်း ထင်မှတ်ခြင်းသည်လည်း **မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ** ပင်မည်၏၊ " နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တို့ကို ပြောင်းပြန်သိမှားမှု " ဟုဆိုလို၏။

ဤအဝိဇ္ဇာ (၂)ပါးအားကြီးသော သူသည် နိဗ္ဗာန်ကို ' မကောင်းဘူး 'ဟူ၍သာထင်မှတ်၏၊ " ပရိနိဗ္ဗာန် စံပြီးသောအခါ၌ ဘာမျှမဖြစ်ရတော့ဘူးတဲ့၊ ဘာကိုမျှ မသိရ မခံစားရတော့ဘူးတဲ့ ၊ဘယ်သူနှင့်မျှ မတွေ့ရတော့ဘူးတဲ့ " ဤသို့စသည်ဖြင့် ဆင်ခြင်မိလျှင် နိဗ္ဗာန်သို့ ရောက်သွားမည်ကိုပင် ကြောက်တတ်သေး၏၊ " အသေကြီး သေသွားတာဘဲ၊ ဘာမျှ မကောင်းဘူး " ဟူ၍လဲ ကဲ့ရဲ့တတ်သေး၏။ နိဗ္ဗာန်ရောက်ဘို့

မဂ္ဂင် (၈)ပါးလမ်းဖြင့် အားထုတ်နေတဲ့ သူကိုလဲ “ ကိုယ် စိတ် ဆင်းရဲအောင် လုပ်နေသည်၊ အသေကြီး သေဘို့ အားထုတ်နေသည် ” ဟူ၍ ထင်တတ်၊ ကဲ့ရဲ့တတ်သေး၏။

## “ ရုပ်၏အကြောင်းသိမ်းဆည်းပုံ ”

သစ္စာလေးပါးကို မသိမှု၊ သိမှားမှု ဟူသော ဤအဝိဇ္ဇာတို့သည် ပုတုဇဉ်တိုင်း၏ သန္တာန်၌ ဥပါဒ်အားဖြင့် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကုန်၏။ အာရမ္မဏာနုသယ အလိုအားဖြင့်ကား မရှုမှတ်မိသော အာရုံတိုင်း၌ ဖြစ်ပေါ်ကုန်၏။ သို့ဖြစ်၍၊ ယောဂီသည် ဤအဝိဇ္ဇာကို ဖြစ်ခိုက် ဖြစ်ခိုက်၌ မှတ်၍လဲ မျက်မှောက်တွေ့မြင်၏၊ ရှေးက ဖြစ်ဘူးသည်ကို အမှတ်ရ၍လဲ မျက်မှောက်တွေ့မြင်၏၊ ထို့ပြင် နာမ်ရုပ်ဘဝတွေကို အကောင်းအမွန်တွေ ဟု ထင်မှားသောကြောင့် သာယာနှစ်သက်၏၊ တဏှာပင်တည်း။ သာယာနှစ်သက်သောကြောင့် “ မည်သို့ ပြုရလျှင်၊ ချမ်းသာ ကောင်းစားမည် ” ဟု စိတ်ဝင်စား၏၊ စွဲလမ်း၏၊ ဥပါဒါန်ပင်တည်း။ ဝင်စားစွဲလမ်းသောကြောင့် အမှုတစုံတခုကို ပြုလုပ်၏၊ ကံပင်တည်း။ သို့ဖြစ်၍ ဤတဏှာဥပါဒါန်ကံတို့ကိုလဲ ဖြစ်ခိုက် ဖြစ်ခိုက်၌ မှတ်၍ငင်း၊ ရှေးက ဖြစ်ဘူးသည် ကို အမှတ်ရ၍ငင်း မျက်နှောက်တွေ့မြင်၏။

ဤသို့ “ ကံဖြစ်ပေါ်လျှင် အဝိဇ္ဇာ တဏှာ ဥပါဒါန်မကင်းသည်ကို ”

မျက်မှောက်တွေ့မြင်သောကြောင့် “ ရှေးဘဝကကုသိုလ်ကံကြောင့် ယခုဘဝ၌ ပဋိသန္ဓေမှစ၍ ရုပ်တရားတွေမပြတ် ဖြစ်နေကြသည်”

ဟုသဘောကျလိုက်သည်နှင့်တပြိုင်နက် “ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကြောင့်လဲ ဖြစ်နေကြသည် ” ဟု ဆင်ခြင်မှန်းဆ၍သဘောကျနိုင်ပေသည်။ ဤသည်ကား ရုပ်၏အကြောင်းတို့ကို ပစ္စက္ခ၊ အနုမာနဉာဏ်တို့ဖြင့် တွေ့မြင်သိမ်းဆည်းပုံပေတည်း။

## “ နာမ်၏အကြောင်းသိမ်းဆည်းပုံ ”

နာမ်၏အကြောင်းကို သိမ်းဆည်းပုံကား မြင်တယ်ဟု မှတ်ခိုက်၌ “ မျက်စိနှင့် အဆင်း ရှိ၍ မြင်သည်” ဟူ၍ငင်း၊

“မျက်စိအဆင်းမြင်မှု ဤသုံးမျိုး ဆုံမိ၍ အာရုံနှင့်စိတ် တွေ့သွားသည် ” ဟူ၍ငင်း သိမြင်သဘောကျ၏။

ထို့အတူ ကြားတယ် ဟု မှတ်ခိုက်၌ “ နားနှင့်အသံရှိ၍ ကြားသည်၊ နားအသံကြားမှု ဤသုံးမျိုးဆုံမိ၍ အာရုံနှင့်စိတ် တွေ့သွားသည် ” ဟူ၍ငင်း၊

“ ကြံတယ်၊ သိတယ်၊ မှတ်တယ် ” ဟုမှတ်ခိုက်၌ “ နှလုံးနှင့်သိစရာရှိ၍ ၊ ကြံသည်၊ သိသည်၊မှတ်သည်၊ နှလုံးအာရုံသိမှု ဤသုံးမျိုးဆုံမိ၍ အာရုံနှင့်စိတ် တွေ့သွားသည် ” ဟူ၍ငင်း၊ သိမြင်သဘောကျ၏။

ထို့ပြင် “ မြင်တယ် ကြားတယ် ထိတယ် ကြံတယ် ” စသည်ဖြင့် မှတ်ခိုက်၌ “ အာရုံနှင့်တွေ့ရ၍ ကိုယ်ထဲစိတ်ထဲမှာကောင်းသွားသည်၊ မကောင်းသွားသည် ” ဟူ၍၎င်း၊

“ ကောင်းတဲ့အတွက် သာ၍ကောင်းချင်၊ ချမ်းသာချင်သည်၊ မကောင်းတဲ့ မခံသာတဲ့ အတွက် ထိုမခံသာမှုကင်းချင်၊ ချမ်းသာချင်သည် ” ဟူ၍၎င်း၊

“ ချမ်းသာချင်တဲ့အတွက် မည်သို့ပြုရလျှင်ကောင်းမှာဘဲ ဟုမျှော်လင့် စွဲလမ်းသည်” ဟူ၍၎င်း၊

“ စွဲလမ်းတဲ့အတွက် (ကောင်းမယ်ထင်လို့) ကောင်းမှုမကောင်းမှုကို ပြုမိပြောမိနှလုံး သွင်းမိသည် ” ဟူ၍၎င်း - ဤသို့စသည်ဖြင့်နာမ်၏အကြောင်းတို့ကိုထိုက်သည်အားလျော်စွာ မျက်မှောက်တွေ့မြင်၏။

ဤသည်ကား နာမ်၏အကြောင်းတို့ကို တွေ့မြင်သိမ်းဆည်းပုံပေတည်း။

**အတိတ်အနာဂတ်၌ အနုမာနဉာဏ် ဖြစ်ပုံ** ။ ။ ဤသို့တွေ့မြင်ပြီးသောယောဂီသည် “ ယခုဘဝနာမ်ရုပ်သည် အကြောင်း နာမ်ရုပ် ကြောင့် ဖြစ်သကဲ့သို့

ဤနည်းတူပင် ရှေးရှေးဘဝတွေကလဲ ဤလို အကြောင်းများကြောင့်သာလျှင် ဤလို နာမ်ရုပ် (၂)မျိုးမျှသာ ဖြစ်ခဲ့လေပြီ။

နောင်ဘဝတွေမှာလဲ ဤလိုအကြောင်းများကြောင့်သာလျှင် ဤလိုနာမ်ရုပ် (၂)မျိုး မျှသာ ဖြစ်သွားမည် ” ဟု အနုမာနဉာဏ်ဖြင့် မှန်းဆဆင်ခြင်၍ ဆုံးဖြတ်၏။

## ယုံမှားမှု ၁၆ မျိုး

(၁) ယခုဘဝ မတိုင်မီ ရှေးကာလက ငါကောင်ရှိခဲ့လေသလား ဟုယုံမှားမှုတပါး။ ။

(၂) ယခုဘဝမတိုင်မီ ရှေးကာလကငါကောင်မရှိသေးဘူးလား ဟုယုံမှားမှုတပါး။ ။

(၃) ငါကောင်သည် ရှေးက ဘယ်လိုအမျိုးအစား ဖြစ်ခဲ့သလဲ ဟုယုံမှားမှုတပါး။ ။

(မင်းဖြစ်ခဲ့လေသလား၊ ပုဏ္ဏား သူဌေး သူကြွယ် ဆင်းရဲသား လူ ရဟန်း မြန်မာ ကုလား ဗြဟ္မာ နတ် လူ တိရစ္ဆာန် စသည်တို့တွင် ဘယ်အမျိုးအစားဖြစ်ခဲ့သလဲဟု ယုံမှားသည် ဟူလို။)

(၄) ငါကောင်သည် ရှေးက ဘယ်လိုပုံသဏ္ဍာန် ရှိခဲ့သလဲ ဟုယုံမှားမှုတပါး။ ။

(ပုံသဏ္ဍာန်ရှည်လေသလား၊ မြင်လေသလား၊ တိုလေသလား၊ ပုလေသလား၊ ဝလေသလား၊ ပိန်လေသလား၊ ဖြူလေသလား၊ မဲလေသလား၊ ဤသို့စသည်ဖြင့် ယုံမှားသည် ဟူလို။)

တနည်းကား. . ငါသည်ရှေးကဘယ်အကြောင်းကြောင့်ဖြစ်ခဲ့သလဲဟုယုံမှားမှုတပါး။

(ထာဝရဘုရားက ဖန်ဆင်း၍ ဖြစ်ခဲ့လေသလား၊ ဗြဟ္မာသိကြားနတ်တို့က ဖန်ဆင်း၍ ဖြစ်ခဲ့လေ သလား၊ အကြောင်းမရှိဘဲ အလိုလိုပင် ဖြစ်ခဲ့လေသလားဟု ယုံမှားသည်ဟူလို)။

(၅) ငါကောင်သည် ရှေးရှေးဘဝများက ဘယ်လိုအမျိုးအစားတွေဖြစ်ပြီးလျှင် ဘယ်လိုအမျိုးအစားတွေ အဆက်ဆက်ဖြစ်လာခဲ့သလဲ ဟု ယုံမှားမှုတပါး။

ဤသည်တို့ကား အတိတ်ကာလကို စွဲ၍ဖြစ်သော ယုံမှားမှု ငါးမျိုးတို့ပေတည်း။

## အနာဂတ်ဘဝ၌ ယုံမှားမှု (၅)ပါး

(၁) သေသည်မှ နောင်ကာလ၌ ငါကောင်ရှိဦးမည်လော ဟု ယုံမှားမှုတပါး။

(၂) သေသည်မှနောင်ကာလ၌ ငါကောင်မရှိတော့ဘူးလေလား ဟု ယုံမှားမှုတပါး။

(ဤနှစ်မျိုးတို့တွင် ပဌမမှာ ယခုဘဝက သေပြီးသည်မှ နောက်ကာလ၌လဲ ငါကောင်ဟာ မပျက်စီးဘဲ အမြဲတမ်းရှိနေမှာလေလားဟု ယုံမှားမှုတည်း၊ ဒုတိယမှာ သေပြီးသည်မှ နောက်ကာလ၌ ငါကောင်ဟာ မရှိတော့ဘဲ ပျောက်ကွယ်သွားမှာလေလားဟု ယုံမှားမှုတည်း)။

(၃) ငါကောင်သည် နောင်ဘဝကာလ၌ ဘယ်လိုအမျိုးအစား ဖြစ်ရပါမည်နည်း ဟု ယုံမှားမှုတပါး။ ။ (မင်းဖြစ်ရမှာလေလား စသည်ဖြင့် ယုံမှားသည်)။

(၄) ငါကောင်သည် နောင်ဘဝကာလ၌ ဘယ်လိုပုံသဏ္ဌာန်ရှိလျက် ဖြစ်ရမလဲ ဟု ယုံမှားမှုတပါး။ ။ (တစုံတယောက်က ဖန်ဆင်း၍ ဖြစ်ရမှာလေလား၊ အကြောင်းမရှိဘဲ အလိုလိုပင် ဖြစ်ရမှာလေလား ဟုယုံမှားသည်)။

(၅) ငါကောင်သည် နောက်နောက်ဘဝများ၌ ဘယ်လိုအမျိုးအစားတွေဖြစ်ပြီးလျှင် ဘယ်လိုအမျိုးအစားတွေ အဆက်ဆက်ဖြစ်သွား ရပါ မည်နည်းဟု ယုံမှားမှုတပါး။ ။

ဤသည်တို့ကား အနာဂတ်ကာလကို စွဲ၍ဖြစ်သော ယုံမှားမှု ငါးမျိုးတို့ပေတည်း။

## ပစ္စုပ္ပန်ကာလ၌ ယုံမှားမှု (၆)ပါး

(၁) ဤ ကိုယ်ထဲမှာ သတ္တဝါကောင်၊အတ္တကောင်၊ ငါကောင်၊ လိပ်ပြာကောင်၊ ဝိညာဏ်ကောင်ရှိတာ ဟုတ်လေသလားဟု ယုံမှားမှုတပါး။ ။

(၂) ဤ ကိုယ်ထဲမှာ သတ္တဝါကောင်၊အတ္တကောင်၊ ငါကောင်၊ လိပ်ပြာကောင်၊ ဝိညာဏ်ကောင်ရှိတာ မဟုတ်လေလားဟု ယုံမှားမှုတပါး။ ။

(၃) ငါကောင်ဟာ ဘယ်လို အမျိုးအစားဖြစ်နေသလဲ ဟု ယုံမှားမှုတပါး။ ။

(မင်း ဖြစ်နေသလား စသည်ဖြင့် ယုံမှားသည်)။

(၄) ငါကောင်ဟာ ဘယ်လို ပုံသဏ္ဌာန်ရှိနေသလဲ ဟု ယုံမှားမှုတပါး။ ။

(ကြီးလေသလား၊ ငယ်လေသလား၊ အလုံးလား၊ အပြားလား၊ လေးမြောင့်ပုံ ရှိလေသလား၊ ခြောက်မြောင့်ပုံ ရှိလေသလား စသည်ဖြင့် အတ္တကောင်၏ ပုံသဏ္ဌာန်၌ယုံမှားသည်)။

တနည်းကား. . ငါသည်ရှေးကဘယ်အကြောင်းကြောင့်ဖြစ်နေရသနည်း ဟု ယုံမှားမှုတပါး။ ။ (တစုံတယောက်က ဖန်ဆင်း၍ ဖြစ်နေတာလား၊ အကြောင်းမရှိဘဲ အလိုလိုပင် ဖြစ်နေတာလားဟု ယုံမှားသည်။)

(၅) ဤ ငါကောင်ဟာ ဘယ်ဘဝ ဘယ်ဌာနက ပြောင်းရွှေ့လာခဲ့သလဲ ဟု ယုံမှားမှုတပါး။ ။

(၆) ဤ ငါကောင်ဟာ သေတဲ့အခါမှာ ဘယ်ဘဝ ဘယ်ဌာနသို့ ပြောင်းရွှေသွားမှာပါလိမ့်မလဲဟု ယုံမှားမှုတပါး။

ဤသည်တို့ကား ပစ္စုပ္ပန်ကာလကို စွဲ၍ဖြစ်သော ယုံမှားမှု ခြောက်မျိုးတို့ပေတည်း။

## ယုံမှား ကင်းကွာပုံ

ဤဋီကာနှင့်အညီ ယုံမှားမှု (၁၆) မျိုးသည် " အတ္တကောင် ၊ ငါကောင် ရှိသည်" ဟုထင်မှတ်စွဲလမ်းသော သူအားသာလျှင် ဖြစ်ပေါ်နိုင်၏။

" အကြောင်းအကျိုး နာမ်ရုပ် အဆက်ဆက်မျှသာရှိသည်၊ အတ္တကောင် =ငါကောင်ကား မရှိပြီ " ဟူ၍ကောင်းစွာသိမြင် သဘောကျသောသူအား ထိုယုံမှားမှုသည် မဖြစ်ပေါ်နိုင်ပြီ၊

ဝိက္ခမ္ဘနနိရောဓ အလိုအားဖြင့်ကွာလျက် ငြိမ်းလျက်သာရှိပေ၏။ ဥပမာ . . ယုန်သတ္တဝါမှာ ဦးချို မရှိ ဟူ၍ မှန်ကန်စွာမသိလျှင် " ယုန်မှာ ချိုရှိလေသလား၊ ချိုမရှိဘူးလေလား၊ ယုန်ချိုက ဘယ်လိုနေပါလိမ့်မလဲ " ဤသို့စသည်ဖြင့် ယုံမှားမှု ဖြစ်နိုင်၏။ ယုန်သတ္တဝါမှာ ဦးချိုမရှိဟုအမှန်အတိုင်းသိလျှင်ကား ထိုသို့သောယုံမှားမှု မဖြစ်နိုင်သကဲ့သို့ပင်တည်း။ ဤသည်ကား နာမ်၊ရုပ်၏အကြောင်းကို တွေ့မြင်၍ ယုံမှားမှုကို လွန်မြောက်ပုံ ပဌမနည်းပေတည်း။

## ယုံမှားမှု (၁၆)ပါးကို ပါယ်ခွာရန် နာမ်၏အကြောင်းသိမ်းဆည်းပုံ

တွေ့မြင်ရပုံ ဒုတိယနည်း။ ။ အချို့ယောဂီသည်ကား အကြောင်းတရားတို့ကို ဤသို့ တွေ့မြင် ၏။

(၁) မျက်စိနှင့်အဆင်းရှိ၍ မြင်သည်၊ နားနှင့်အသံရှိ၍ ကြားသည်၊ နှာခေါင်းနှင့်အနံ့ရှိ၍ နံသည်၊ လျှာနှင့်အရသာရှိ၍ အချို၊ အချဉ်စသည်ကိုသိသည်၊ ကိုယ်နှင့် အတွေ့ရှိ၍ ထိသိသည်၊ နှလုံးနှင့်သဘောအာရုံ အမျိုးမျိုးရှိ၍ ကြံသည်၊ စဉ်းစားသည် ရှုမှတ်သည်။ သင့်တော်စွာ နှလုံးသွင်းမိ၍ ကုသိုလ်ဖြစ်သည် ရှုမှတ်သည်။

(၂) သင့်တော်တဲ့အရပ်မှာနေရ၍ သူတော်ကောင်းနှင့် ပေါင်းသင်းရ၍ သူတော်

ကောင်း တရားကို နာကြားရ၍ ဈေးကံပါရမီရှိ၍ ကုသိုလ်ဖြစ်သည်၊ ရှုမှတ်မှု = ဝိပဿနာဖြစ်ပွါးသည်။

(၃) မသင့်မတင့် နှလုံးသွင်းမိ၍ မသင့်တင့်တဲ့ အရပ်မှာနေရ၍ လူမိုက်နှင့်ပေါင်းမိ၍ လူမိုက်စကားကို နာကြားမိ၍ ဈေးကံပါရမီနဲပါး၍ အကုသိုလ်ဖြစ်သည်။

(၄) ကံကောင်း၍ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်နှင့် ကုသိုလ်ကံရှိ၍) ကောင်းသော အကျိုး ဝိပါက် ဖြစ်ပေါ်သည်။ (ဘဝကောင်း၌ ဖြစ်ရခြင်း၊ ကောင်းတာကို မြင်ရ၊ကြားရ၊နံရ၊ စားရ၊ ထိရ၊ သိရခြင်းများသည် ကောင်းသောအကျိုးဝိပါက်များပင်တည်း။)

(၅) ကံမကောင်း၍ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်နှင့် ကုသိုလ်ကံရှိ၍) ဆိုးသော အကျိုး ဝိပါက် ဖြစ်ပေါ်သည်။ (ဘဝဆိုး၌ ဖြစ်ရခြင်း၊ အာရုံဆိုးကို မြင်ရ၊ကြားရ၊နံရ၊စားရ၊ထိရ၊သိရခြင်းများသည် ဆိုးသာအကျိုးဝိပါက်များပင်တည်း။)

(၆) ဈေးဘဝင်စိတ်ရှိ၍ ဆင်ခြင်မှု (အာဝဇ္ဇန်းစိတ်) ဖြစ်ပေါ်သည်။ ဤသို့စသည်ဖြင့် နာမ်၏အကြောင်းတို့ကို ထိုက်သည်အားလျော်စွာ တွေ့မြင်၏။

## " ရုပ်၏အကြောင်းကို သိမ်းဆည်းပုံ "

ရုပ်၏အကြောင်းကိုတွေ့မြင်ပုံကား . . . ဈေးကံကြောင့် ယခုဘဝ၌ ပဋိသန္ဓေ မှစ၍ နှလုံး ရုပ်၊ မျက်စိရုပ်၊ နားရုပ် စသောရုပ်အပေါင်း မပြတ်မစဲ ဖြစ်ပေါ်နေသည်။

ထိုင်ချင်မှု၊ သွားချင်မှု၊ ကွေးချင်မှု စသောစိတ်ကြောင့် ထိုင်မှု၊ သွားမှု၊ ကွေးမှု စသော ရုပ်အပေါင်း ဖြစ်ပေါ်သည်။

အပူ၊ အအေးဓာတ် ဥတုကြောင့် ပူရုပ်၊ အေးရုပ်များ ဖြစ်ပေါ်သည်။

စားသောက်အပ်သော အာဟာရကြောင့် ဤ ကိုယ်ရုပ်အပေါင်း အင်အားမပျက်ဘဲ ဖြစ်ပေါ်နေသည်။

ဤသို့စသည်ဖြင့် ရုပ်၏အကြောင်းတို့ကို ထိုက်သည်အားလျော်စွာ တွေ့မြင်၏။

ဤသို့ တွေ့မြင်ပြီးသော ယောဂီသည်လည်း " ယခုဘဝ နာမ်ရုပ်ကဲ့သို့ပင် ဈေးဈေး ဘဝတွေကလဲ ဤလိုအကြောင်းများကြောင့်သာလျှင် ဤလိုနာမ်ရုပ် (၂)မျိုးမျှသာ ဖြစ်ခဲ့လေပြီ။

နောင်ဘဝတွေမှာလဲ ဤလိုအကြောင်းများကြောင့်သာလျှင် ဤလို နာမ်ရုပ် (၂)မျိုးမျှသာ ဖြစ်သွားမည် " ဟု အနုမာနဉာဏ်ဖြင့် ဆင်ခြင်ဆုံးဖြတ်၍ ဆိုခဲ့ပြီးသော ယုံမှားမှု (၁၆)မျိုးကို ပယ်ခွါလွန်မြောက်၏။ ဒုတိယနည်း ပြီး၏။

## " ယုံမှားမှု (၁၆)ပါးကို ပါယ်ခွာရန် ရုပ်နာမ်တို့၏ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်နည်း တွေ့မြင်ပုံ "

တွေ့မြင်ရပုံ တတိယနည်း။ ။ အချို့ယောဂီသည်ကား ပစ္စုပ္ပန်ကျသော မှတ်ချက်များ၌ သင်္ခါရတို့၏ ဖြစ်မှု၊ တည်မှု၊ ပျက်မှု ဟူသော ဇာတိ၊ ဇရာ၊ မရဏတို့ကို မျက်မှောက်တွေ့မြင်၏။

ထို့ကြောင့် " ဤဘဝ၌ ရှေးဦးစွာ ဖြစ်မှု = ပဋိသန္ဓေ ဟူသည်မှာ စိတ်တချက်တချက်၏ ဤဖြစ်မှုမျိုးပင်တည်း။

သေခြင်းဟူသည်မှာလဲ စိတ်တချက် တချက်၏ ဤပျက်မှုမျိုးပင်တည်း၊

အိုရင့်ခြင်းဟူသည်မှာလဲ မှတ်အပ်သောနာမ်ရုပ်တို့၏တည်မှုအဆင့်ဆင့်ပင်တည်း " ဟူ၍ သဘောကျ၏။

ထို့ကြောင့် နာမ်ရုပ်၏ အကြောင်းတို့ကို ဤသို့ဆင်ခြင်လျက် တွေ့မြင်၏။

ပုံကား . . . အိုခြင်း သေခြင်းသည် ရှေးဦးစွာ ဖြစ်ပေါ်မှုရှိရှိ ရှိရချေသည်၊

ရှေးဦးစွာ ဖြစ်မှုသည်လည်း ကမ္မဘဝ = ဖြစ်ကြောင်းကံရှိခဲ့၍ ရှိရချေသည်၊

ထိုကံသည်လည်း ဤလို ပြုရလျှင် ကောင်းမှာဘဲဟု ထင်မှတ်စွဲလမ်းမှုကြောင့် ဖြစ်ရချေသည်၊

ထိုစွဲလမ်းမှုသည်လည်း နာမ်ရုပ်တို့ကို သာယာလိုချင်မှုကြောင့် ဖြစ်ရချေသည်၊

ထိုခံစားမှုသည်လည်း အာရုံနှင့်စိတ် တွေ့ရခြင်းကြောင့် ဖြစ်ရချေသည်၊

ထိုတွေ့မှုသည်လည်း ကြည်လင်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အကြောင်း = အာယတနရှိ၍ ဖြစ်ရချေသည်၊ (မျက်စိနှင့်စိတ်ရှိ၍ အဆင်းကိုမြင်လျက် တွေ့ရသည် - ဤသို့စသည်ဖြင့် ချဲ့၍သိပါလေ။)

ထိုအာယတနသည်လည်း မှီရာ နာမ်ရုပ်ရှိ၍ ဖြစ်ရချေသည်၊ (ကြည်လင်တဲ့ မျက်စိ၊ နား၊ နှာ၊လျှာ၊ကိုယ်၊ရုပ်တို့သည် မျက်လုံးသားစသော မှီရာဘူတရုပ်ရှိ၍ ဖြစ်ပေါ်ကြသည်။ စိတ်သည်ကား မှီရာဝတ္ထုရုပ်နှင့် ယှဉ်ဘက်နာမ်များရှိကြ၍ ဖြစ်ပေါ်သည်ဟု ဆိုလို၏။)

ထိုနာမ်ရုပ်သည်လည်း ပဋိသန္ဓေ ဘဝင်မြင်မှု၊ ကြားမှု စသော ဝိညာဏ်ရှိ၍ ဖြစ်ပေါ်ရချေသည်၊

ထိုစိတ်ဝိညာဏ်သည်လည်း ရှေးဘဝက ကောင်းစားရန် အားထုတ်မှုများရှိခဲ့၍ ဖြစ်ရချေသည်၊

ထိုအားထုတ်မှု = သင်္ခါရတို့သည်လည်း အမှန်အတိုင်းမသိမှု၊ သိမှားမှု ဟူသော အဝိဇ္ဇာ ရှိ၍ ဖြစ်ကြရချေသည်၊

ဟူ၍ ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အလိုအားဖြင့် နာမ်ရုပ်၏အကြောင်းတို့ကို တွေ့မြင်၏။

ဘုရားအလောင်းတော်စသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ အပြည့်အစုံ တွေ့မြင်ပုံပေတည်း။ ဤသို့တွေ့မြင်သော ယောဂီသည်လည်း ဆိုခဲ့သော နည်းဖြင့် ကာလ သုံးပါး၌ ဆင်ခြင်ဆုံးဖြတ်၍ ယုံမှားမှု (၁၆)ပါးကို ပယ်ခွါလွန်မြောက်၏။ တတိယနည်းပြီး၏။

## " ရုပ်နာမ်တို့၏ အနုလောမ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် တွေ့မြင်ရပုံ "

တွေ့မြင်ရပုံ စတုတ္ထနည်း။ ။ အချို့ယောဂီသည်ကား အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ပေါ်ကြသည်၊သင်္ခါရကြောင့်ဝိညာဏ်ဖြစ်ပေါ်သည်၊

ဤသို့စသည်ဖြင့်ပြအပ်သောအနုလောမပဋိစ္စသမုပ္ပါဒ်အလိုအားဖြင့် နာမ်ရုပ်၏အကြောင်းတို့ကို တွေ့မြင်၏။

ပုဂ္ဂိုလ်မြတ်တို့၏ အပြည့်အစုံ တွေ့မြင်ပုံပင်တည်း။ ဤသို့တွေ့မြင်သော ယောဂီသည်လည်း ဆိုခဲ့သောနည်းဖြင့် ကာလသုံးပါး၌ ဆင်ခြင်ဆုံးဖြတ်၍ ယုံမှားမှု (၁၆)ပါးကို ပယ်ခွာလွန်မြောက်၏။ စတုတ္ထနည်း ပြီး၏။

## " ရုပ်နာမ်တို့၏ ကမ္မဝဋ်၊ ဝိပါကဝဋ်နည်းဖြင့် တွေ့မြင်ရပုံ "

တွေ့မြင်ရပုံ ပဥ္စမနည်း။ ။ အချို့ယောဂီသည်ကားကမ္မဝဋ်၊ ဝိပါကဝဋ်အလိုအားဖြင့် နာမ်ရုပ်၏ အကြောင်းတို့ကို တွေ့မြင်၏။

ကံကြောင့် အကျိုး = ဝိပါက်ဖြစ်ပေါ်၏၊

ထိုအကျိုး = ဝိပါက်ကိုမှီ၍ ကံအသစ် ဖြစ်ပြန်၏၊

ထိုကံအသစ်ကြောင့် အကျိုး = ဝိပါက်အသစ် ဖြစ်ပြန်၏၊

ဤနည်းဖြင့် ကံနှင့် ဝိပါက်တို့ တပြန်စီလည်လျက် ဖြစ်နေသောကြောင့် ကံကို **ကမ္မဝဋ်** ဟုခေါ်၏။

အကျိုးကို **ဝိပါကဝဋ်** ဟုခေါ်၏။ ထိုတွင် **ကမ္မဝဋ်** ဟူသည်မှာ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသော ဤ သရုပ်တရားကိုယ် ငါးပါးအပေါင်းပေတည်း။

**ဝိပါကဝဋ်** ဟူသည်မှာ ဝိညာဏ်၊ နာမ်ရုပ်၊ အာယတန၊ ဖဿ၊ ဝေဒနာ ဟူသော ဤသရုပ်တရားကိုယ် ငါးပါးအပေါင်းပေတည်း။

အကျယ်အားဖြင့် ရှုဆင်ခြင်သော ယောဂီသည် ဤ ကမ္မဝဋ် ငါးပါး၊ ဝိပါကဝဋ် ငါးပါးတို့ကို အသီးသီးခွဲခြား၍ အပြည့်အစုံ တွေ့မြင်နိုင်၏။

အကျဉ်းအားဖြင့် ရှုဆင်ခြင်သော ယောဂီသည်ကား အသီးအသီးခွဲခြား၍ မရှုပြီ၊ ကမ္မဝဋ်ကို အကြောင်းကံအဖြစ်ဖြင့်တပါးတည်းပြု၍လဲ ရှု၏။ ဝိပါကဝဋ်ကို အကျိုးအဖြစ်ဖြင့် တပါးတည်း ပြု၍လဲရှု၏။

မြန်မာပြန်အံ့။ ။ ထိုယောဂီသည် ဤဆိုခဲ့သော ကမ္မဝဋ်၊ ဝိပါကဝဋ် အလိုအားဖြင့် အကြောင်းကြောင့် ပစ္စုပ္ပန်နာမ်ရုပ်၏ ဖြစ်ခြင်းကို သိမြင်သဘောကျပြီးလျှင် " ယခုဘဝ၌ ဤနာမ်ရုပ်ကဲ့သို့နည်းတူပင် အတိတ်ကာလ၌လဲကမ္မဝဋ်၊ဝိပါကဝဋ် အလိုအားဖြင့်သာလျှင် အကြောင်းကြောင့် နာမ်ရုပ်မျှသာ ဖြစ်သွားမည် " ဟူ၍ ရှုဆင်ခြင်၏။

ဤသို့ သိမြင်သဘောကျလျှင်

(၁) ကံနှင့်ကံ၏အကျိုးမျှသာ ရှိသည်ဟူ၍၎င်း၊

(၂) ကမ္မဝဋ် နှင့် ဝိပါကဝဋ်မျှသာ ရှိသည်ဟူ၍၎င်း၊

(၃) ကံအယဉ်နှင့် ဝိပါက်အယဉ်မျှသာ ရှိသည်ဟူ၍၎င်း၊

(၄) ကံ အစဉ်အဆက်နှင့် ဝိပါက်အစဉ်အဆက်မျှသာ ရှိသည်ဟူ၍၎င်း၊

(၅)ပြုမှုနှင့် ပြုမှု၏ အကျိုးမျှသာ ရှိသည်ဟူ၍၎င်း၊ ဆင်ခြင်ဆုံးဖြတ်၏။

ကံကြောင့် အကျိုးများ ဖြစ်ပေါ်ကြသည်၊ အကျိုးကလဲ ကံ၏ဖြစ်ကြောင်းပေတည်း၊ တနည်းကား အကျိုးကလဲကံကိုဖြစ်စေပြန်သည်။ ကံကြောင့်တဖန်ဘဝသစ် ဖြစ်ပြန်သည်၊ ကံနှင့်ဝိပါက်တလှည့်စီအကြောင်းအကျိုး ဖြစ်လျက်လည်သော ဤနည်းဖြင့်သတ္တလောက ဟုခေါ်သော နာမ်ရုပ်အစဉ်သည် မပြတ်ဖြစ်နေသည် ဟူ၍လဲ ဆင်ခြင် ဆုံးဖြတ်၏။

အဓိပ္ပါယ်ကား . . . ပေးလှူခိုက်၌ ပေးလှူလိုသော စိတ်စေတနာဖြစ်၏၊ သတ်ဖြတ်ခိုက်၌ သတ်လိုသော စိတ်စေတနာ ဖြစ်၏၊

ထိုစေတနာတို့နှင့် လျော်သော ကိုယ်၊နှုတ်၊အမူအရာ = ရုပ်လဲ ဖြစ်၏။

ဤစိတ်စေတနာနှင့် ကိုယ်၊နှုတ်၊အမူအရာ = ရုပ်သည်ပင်လျှင် ကောင်းမှုကံ၊ မကောင်းမှုကံ မည်၏။ ဤသို့နာမ်ရုပ် (၂)ပါးလုံးပင် ကံ = အမှု = ကြိယာမည်ငြားသော်လဲ " စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ = ရဟန်းတို့ စေတနာကို ကံဟု ငါဟောပေသည် " ဟူသော ဒေသနာ၌ကား ကြီးကဲပြဓာန်း၍အကျိုးပေးတတ်သော စေတနာကိုသာလျှင် ကံဟု ဟောတော်မူလေသည်။

ပဓာနနည်းပေတည်း။ အပ္ပဓာနအားဖြင့်ကား . . စေတနာနှင့်တကွ ဖြစ်သော နာမ်ရုပ် (၂)ပါးလုံးပင် ကံ = အမှု = ကြိယာမည်သည်သာတည်း။

သို့ဖြစ်၍ ကံဖြစ်ခိုက်၌ ပြုလိုသော စိတ်စေတနာနှင့် ကိုယ်၊ နှုတ်၊ အမူအရာ ဟူသော နာမ်ရုပ် (၂)ပါးမျှသာ ဖြစ်ပေါ်လျက်ရှိ၏၊

ထိုနာမ်ရုပ်ကိုပင် စွဲမှီ၍ ပုဂ္ဂိုလ်က လှူသည်၊ ပုဂ္ဂိုလ်ကသတ်သည်ဟု ဤသို့စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုရပေသည်၊ ပြောဆိုရုံမျှသာတည်း။ အမှု = ကြိယာ = ကံ မည်သော ထိုနာမ်ရုပ်ကို ပြုတတ် ပြီးစေတတ် ဖြစ်စေတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါကောင်ကား အသီးအခြားမရှိတော့သည်သာတည်း။

ထို့ပြင် မြင်ခိုက်၊ ကြားခိုက် စသည်၌ အာရုံအကောင်းအဆိုးကို သိမှု၊ခံစားမှု ဟူသော အကျိုးမျှသာ ဖြစ်ပေါ်လျက်ရှိ၏၊

ထိုအကျိုး = နာမ်ရုပ်ကိုပင် စွဲမှီ၍ ‘ ပုဂ္ဂိုလ်က ခံစားသည် ’ဟု ခေါ်ဝေါ် ပြောဆိုရပေသည်၊

ပြောဆိုရုံမျှသာတည်း။ ထိုအကျိုး = နာမ်ရုပ်ကို ဖြစ်ပေါ်စေလျက် ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါကောင်ကား အသီးအခြား မရှိတော့သည်သာတည်း။

သို့ဖြစ်၍ ရှေးဘဝက ကံကိုပြုစဉ်မှာ ကောင်းမှုကံ၊ မကောင်းမှုကံမျှသာ ဖြစ်ခဲ့၏၊ ယခုဘဝ၌ ပဋိသန္ဓေ ဘဝင်မြင်ခိုက် ကြားခိုက် စသည်မှာ ထိုကံကြောင့် ခံစားမှု အကျိုးမျှသာ ဖြစ်ပေါ်၏၊ ဤအကျိုးဝိပါက်ကိုပင် မှီ၍ ယခုဘဝ၌ ကောင်းမှု မကောင်းမှု ကံမျှသာ ဖြစ်ပေါ်ပြန်၏၊

ဤကံအသစ်ကြောင့် နောင်ကာလ၌ ခံစားမှုအကျိုးမျှသာ ဖြစ်သွားဦးမည်၊ ဤနည်းဖြင့် ကံနှင့်အကျိုးမျှသာ တပြန်စီလည်လျက်ဖြစ်နေသည်။

**ကာရက အတ္တ** = ကံအမှုကို ပြုတတ်သော ငါကောင်ကား မရှိပြီ။ **ဝေဒက အတ္တ** = အကျိုးကို ခံစားတတ်သော ငါကောင်ကား မရှိပြီ ဟူ၍ - ဤသို့ သိမြင်သဘောကျခြင်းသည် သမ္မာဒဿန ဟုခေါ်သော ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

ဤသို့ သိမြင်သဘောကျလျှင် “ သစ်စေ့ရှိက ထိုအစေ့၏ သီးခဲ့ရာအပင်လဲ ရှိခဲ့၏၊ ထိုအပင်၏ ပေါက်ခဲ့ရာ သစ်စေ့လဲရှိခဲ့၏၊ ဤနည်းဖြင့် သစ်စေ့နှင့်သစ်ပင်တို့၏ အစကို ရှာ၍ မတွေ့နိုင်သကဲ့သို့၎င်း၊

ကြက်ဥရှိက ထိုဥ၏အမိကြက်မလဲ ရှိခဲ့၏၊ ထိုကြက်မ၏ပေါက်ခဲ့ရာ ဥလဲရှိခဲ့၏၊ ထိုဥ၏ အမိကြက်မလဲ ရှိခဲ့ပြန်၏၊

ဤနည်းဖြင့် ကြက်ဥနှင့်ကြက်မတို့၏ အစကိုရှာ၍ မတွေ့နိုင်သကဲ့သို့၎င်း ’

ထို့အတူပင် ယခုဘဝ၌ အကျိုးဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ထို၏အကြောင်းကံသည် ရှေးဘဝက ရှိခဲ့၏၊

ထိုကံ၏ မှီရာအကျိုးတရားလဲ ထိုဘဝက ဖြစ်ပေါ်ခဲ့၏၊

ထိုအကျိုး၏အကြောင်းကံလဲ ထိုထက် ရှေးကျသောဘဝက ရှိခဲ့၏၊ ဤနည်းဖြင့် နာမ်ရုပ် အစဉ်ဟူသော သံသရာ၏ ရှေးအစွန်းအစကို ရှာ၍မတွေ့နိုင်ပြီ။

ဤအရာ၌ “ ဘုရားသခင်က ဖန်ဆင်းသောကြောင့် ဖြစ်သည် ” ဟု ဆိုငြားအံ့။ ထိုဘုရားသခင်ကိုတော့ ဘယ်သူက ဖန်ဆင်းသနည်း? သူသည် ဘယ်ကာလက ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာသနည်း? ဤသို့စသည်ဖြင့် အရင်းအမြစ်ကို အဆင့်ဆင့်လိုက်၍ ရှာအပ်၏။ ထိုအခါ၌ အစကိုရှာ၍ မတွေ့ဘဲသာရှိလတ့ံ။ ထို့ကြောင့် “ ဘုရားသခင်က စ၍ဖန်ဆင်းသည် ” ဟူ၍လဲ မယုံကြည်ထိုက်သည်သာတည်း။

သို့မဟုတ် " အဦးအစ ကာလက အကြောင်းမရှိဘဲ အလိုလိုပင် ဖြစ်ခဲ့သည် " ဟု ဆိုငြားအံ့။ အစက အကြောင်းမရှိဘဲ အလိုလိုဖြစ်ပေါ်ခဲ့ပါလျှင် ယခုလဲ အကြောင်းမရှိဘဲ အလိုလိုသာ ဖြစ်ပေါ်လေရာ၏။

သို့သော်လဲ ရှုမှတ်မှု = ပစ္စက္ခဉာဏ်ဖြင့်ငင်း ၊ ဆင်ခြင်မှု = အနုမာနဉာဏ်ဖြင့်ငင်း၊ အကြောင်းမရှိဘဲ အလိုလိုဖြစ်ပေါ်နိုင်သော နာမ်ရုပ်ကို မတွေ့ရချေ။

ထို့ကြောင့် " အကြောင်းမရှိဘဲ အလိုလိုပင်စ၍ ဖြစ်ခဲ့သည် " ဟူ၍လဲ မယုံကြည် ထိုက်သည်သာတည်း။ ဤအရာ၌ပြခဲ့သော သစ်စေ့နှင့်သစ်ပင်၊ ကြက်ဥနှင့်ကြက်မ ဥပမာ တို့ကိုလဲ " ဥပမေယျနှင့် အလုံးစုံတူညီသည် " ဟုမမှတ်အပ်ကုန်။ မြတ်စွာဘုရား၏ မျက်နှာတော်ကို " ကြာပန်းကဲ့သို့ တင့်တယ်သည် " ဟု ချီးမွမ်းရာ၌ကဲ့သို့ " တစိတ်မျှသာ တူညီသည် " ဟု မှတ်အပ်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူ . . . သစ်စေ့နှင့်သစ်ပင်၊ ကြက်ဥနှင့်ကြက်မတို့ကိုကမ္ဘာဦးကစ၍ဖြစ်ခဲ့သည်ဟုသိအပ်သော်လဲ ကံနှင့်ဝိပါက်ဟူသော နာမ်ရုပ်အစဉ် = သံသရာ၏အစကိုကား မည်သည့်နည်းဖြင့်မျှ မသိအပ်သော ကြောင့်ပေ တည်း။

ထို့ပြင်နောင်ကာလ၌လဲ " သစ်ပင်မှ အစေ့ဖြစ်မည်၊ ထိုအစေ့မှ အပင်ဖြစ်ပြန်မည်၊ ထိုအပင်မှ အစေ့ပြန်ဖြစ်မည်၊ ဤနည်းဖြင့် အန္တရာယ်မရှိပါက သစ်ပင်နှင့်သစ်စေ့တို့၏ ပြတ်စဲခြင်းကို ရှာ၍ မတွေ့နိုင်သကဲ့သို့ငင်း၊

ကြက်မမှဥဖြစ်မည်၊ ထိုဥမှ ကြက်မဖြစ်ပြန်မည်၊ ထိုကြက်မမှ ဥဖြစ်ပြန်မည်၊ ဤ နည်းဖြင့် အန္တရာယ်မရှိပါက ကြက်မနှင့်ကြက်ဥတို့၏ ပြတ်စဲခြင်းကို ရှာ၍ မတွေ့နိုင်သကဲ့ သို့ငင်း၊ "

ထို့အတူပင် ယခုဘဝ၌ ပြုပြီးသောကံကြောင့် နောင်ဘဝ၌ ပဋိသန္ဓေမှစ၍ အကျိုး တရားဖြစ်ပေါ်မည်၊ ထိုအကျိုးကိုပင်မှီ၍ ထိုဘဝ၌လဲ ကောင်းမှုကံ၊ မကောင်းမှုကံ ဖြစ် ပေါ် ဦးမည်၊ ထိုကံကြောင့်လဲတဖန် ဘဝသစ် ဖြစ်ပေါ်ဦးမည်၊ ဤနည်းဖြင့် ကံနှင့်အကျိုး ဟူသော နာမ်ရုပ်တို့၏ ပြတ်စဲခြင်းကို ရှာ၍ မတွေ့နိုင်ပြီ။

အကြောင်းကံကို မဂ်ဉာဏ်ဖြင့် မငြိမ်းစေနိုင်လျှင် ဘယ်အခါမှာမျှ ပြတ်စဲတော့ မည်မဟုတ်၊

တခုခုသောဘဝမှ နောက်ဆုံးစုတိစိတ်ချုပ်လျှင် ထိုစိတ်၏ အခြားမဲ့၌ပင် ဘဝသစ် ပဋိသန္ဓေဝိညာဏ်စသော အကျိုးတရားသည် ဖြစ်ပေါ်လျက်ဖြစ်ပေါ်လျက်သာလျှင် ရှိ တော့မည် ဟူ၍ ဤသို့လဲ သိမြင် သဘောကျနိုင်သည်ဟူလို။

ကမ္မံ၊ အကြောင်းကံသည်။ ဝိပါကမှိ၊ အကျိုးထဲ၌။ နတ္ထိ၊ ရှိတော့သည်မဟုတ်ပေ။ ပါကော၊ အကျိုးသည်။ ကမ္မေ၊ အကြောင်းကံထဲ၌။ န ဝိဇ္ဇတိ၊ ရှိနှင့်သည် မဟုတ်ပေ။

ဥဘော၊ ကံနှင့်အကျိုး (၂)မျိုးသော တရားတို့သည်။ အညမညံ သုညာ၊ အချင်းချင်းမှ ကင်းဆိတ်ကုန်၏။ စ၊ သို့သော်လဲ။ ကမ္မံ ဝိနာ၊ ကံနှင့်ကင်း၍။ ဖလံ၊ အကျိုးသည်။ န၊ မဖြစ်နိုင်ပေ။ ခေါ၊ အမှန်အားဖြင့်။ ကမ္မဥပါဒါယ၊ ကံကိုစွဲမှီ၍သာလျှင်။ ဖလံ၊ အကျိုးသည်။ တတော၊ ထိုကံမှ။ ဝါ၊ ထိုကံကြောင့်။ နိဗ္ဗတ္တတေ၊ ဖြစ်ပေါ်ပေ၏။

ဧတ္ထ၊ ဤလောက = ဤသတ္တဝါအများထဲ၌။ သံသာရဿ၊ " တဘဝပြီးလျှင် တဘဝ၊ တမျိုးပြီးလျှင် တမျိုးအားဖြင့် ပြောင်းရွှေ့လျက် ဖြစ်ပေါ်သော " နာမ်ရုပ်အစဉ် = သံသရာကို။ ကာရကော၊ ပြုတတ် ဖန်ဆင်းတတ်သော။ ဒေဝေါ ဝါ၊ နတ်သည်ငှင်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်ငှင်း။ ဝါ၊ ထာဝရဘုရားသည်ငှင်း။ န ဟိ အတ္ထိ၊ မရှိသည် သာ တည်း။ ဟေတုသမ္ဘာရပစ္စယာ၊ အကြောင်းရင်း ကံနှင့်အထောက်အပံ့ ဝိပါက်ဟူသော အကြောင်း (၂)မျိုးကြောင့်။ (ဟေတုပစ္စယ နိမိတ္တံ ဝါ - ဤအဖွင့်ကို မှီ၏)။ သုဒ္ဓဓမ္မာ၊ ကံနှင့်အကျိုးဟူသော နာမ်ရုပ်တရား သက်သက်တို့သည်သာလျှင်။ ပဝတ္တန္တိ၊ တပြန်စီ လည်ပတ်လျက် မပြတ် ဖြစ်ပေါ်ကုန်၏။ (ဤသို့လဲ သိမြင်သဘောကျသည်ဟု ဆိုလို၏။)

## " စုတိနှင့် ပဋိသန္ဓေတို့၏ ချုပ်ပုံဖြစ်ပုံ "

ကံနှင့်အကျိုး အလိုအားဖြင့် နာမ်ရုပ်၏ အကြောင်းကို တွေ့မြင်ပြီးသော ယောဂီသည် ဘဝဟောင်း စုတိနှင့် ဘဝသစ်ပဋိသန္ဓေတို့၏ ဖြစ်ပုံကိုလဲ ဤသို့ သဘောကျ၏။ မျက်စိထဲ၌ အဆင်းရုပ် ထင်ပေါ်လျှင် ထိုအဆင်းကို " ဘာလဲဟု ဆင်ခြင်သကဲ့သို့သော " နှလုံးသွင်းမှု ဖြစ်၏၊ ထိုနှလုံးသွင်းမှု၏ အခြားမဲ့၌ မြင်မှုဖြစ်၏၊ သို့ဖြစ်ရာ၌နှလုံးသွင်းမှုနှင့် မြင်မှုတို့သည် အခြားမရှိကုန်သကဲ့သို့ ထို့အတူပင် စုတိစိတ်နှင့် ပဋိသန္ဓေစိတ် တို့သည်လည်း အခြားမရှိကုန်၊ ဘဝဟောင်းက နောက်ဆုံးစိတ် ချုပ်ဆုံးသွားလျှင် ရှေးကံကြောင့် ဘဝသစ်၌ အစဆုံးစိတ် ဖြစ်ပေါ်လာသည်ဟူ၍ သဘောကျတတ်၏။ သုတများသူတို့နှင့် ဆိုင်၏။ သုတနဲသောသူသည်ကား " မြင်မှု ကြားမှု စသည်တို့၏ အခြားမဲ့၌ မှတ်သိမှု ဖြစ်သကဲ့သို့ငှင်း၊ ' သေတယ် ' ဆိုတာလဲ သည်လိုစိတ်တချက် ကုန်ဆုံးသွားတာဘဲ၊ ' ဘဝသစ်မှာ ဖြစ်တယ် ' ဆိုတာလဲ သည်လို စိတ်တချက် ဖြစ်ပေါ်လာတာဘဲ၊ဘဝဟောင်းက နောက်ဆုံးစိတ် ပြတ်သွားသည်နှင့် တပြိုင်နက် ရှေးကံကြောင့် ဘဝသစ်ဌာနမှာ အစဆုံး စိတ်တခု ဖြစ်ပေါ်လာရုံမျှဘဲ " ဟူ၍သဘောကျတတ်၏။ စုတိပဋိသန္ဓေတို့၏ ချုပ်ပုံ၊ ဖြစ်ပုံကို ဤမျှလောက် သိမြင်သဘောကျလျှင်ပင် " အတိတ် အနာဂတ် ပစ္စုပ္ပန် တရားအလုံးစုံကို အကြောင်းနှင့်တကွ သိမြင်ပြီ " ဟု ဆိုရ၏။

ရှင်းပြချက်။ ။ အထက်ပါ အဋ္ဌကထာတွင် တရားအလုံးစုံကို ထင်ရှားသိသည် ဟူရာ၌

" သဗ္ဗညုတဉာဏ်ကဲ့သို့ တရားအလုံးစုံကို စေ့ငအောင် အကြောင်း အကျိုး စပ်လျက် သိသည်ဟူ၍ကား မဆိုလိုပေ၊ စုတိနှင့် ပဋိသန္ဓေတို့၏ ချုပ်ပုံ၊ ဖြစ်ပုံကို သိသောကြောင့်သာလျှင် တရားအလုံးစုံကို သိသည်ဟု ဆိုလိုပေသည် " ဤအနက်ကို **စုတိ ပဋိသန္ဓိဝသေန** ဟူသော ဝိသေသနဖြင့် ဖော်ပြ၏။

## " သမ္မသနဉာဏ်၏အစ တွေ့မြင်ပုံ "

စုတိ၊ ပဋိသန္ဓေတို့၏ ချုပ်ပုံ၊ ဖြစ်ပုံကို သဘောကျပြီးသော ဤယောဂီသည် " ဘဝဟောင်းက နာမ်ရုပ် တစုံတခုမျှ ဘဝသစ်သို့ ပြောင်းရွေ့လာသည်မဟုတ်၊ ထိုဘဝဟောင်း၌သာ အကြွင်းမဲ့ ချုပ်ဆုံးသွားလေသည်၊

ဘဝသစ်၌ရှေးကံကြောင့် နာမ်ရုပ်အသစ်များသာ ဖြစ်ပေါ်ကြသည် " ဟူ၍သိမြင်သဘောကျသောကြောင့် " အတိတ်ဘဝက နာမ်ရုပ်တို့သည် ထို အတိတ်ဘဝ၌ သာလျှင် ချုပ်ဆုံးခဲ့ကြ၍ မမြဲကုန် ဟူ၍၎င်း၊

ယခုဘဝ နာမ်ရုပ်တို့လဲ ယခုဘဝ၌သာလျှင်ချုပ်ဆုံးကြ၍ မမြဲကုန်ဟူ၍၎င်း၊ နောင်ဘဝ၌ နာမ်ရုပ်တို့လဲ ထိုဘဝ၌ပင် ချုပ်ဆုံးကြမည်ဖြစ်၍ မမြဲကုန် ဟူ၍၎င်း " ဤသို့လဲ ဆင်ခြင်မိတတ်၏။

ဤဆင်ခြင်မှုသည်ကား သမ္မသနဉာဏ်၏ အစပေတည်း။

သို့ဖြစ်၍ ဖြစ်ခိုက် နာမ်ရုပ်ကို ရှုမှတ်စဉ်မှာပင် ပြခဲ့သော နည်းငါးပါးတို့တွင် တနည်းနည်းဖြင့် နာမ်ရုပ်၏အကြောင်းတို့ကို ထိုက်သည်အားလျော်စွာ တွေ့မြင်၍ " ကာလ (၃)ပါး၌ အကြောင်းနာမ်ရုပ်ကြောင့် အကျိုးနာမ်ရုပ်မျှသာ ဖြစ်ပေါ်လျက် ရှိနေသည်" ဟုသဘောကျလျက် မြဲမြံစွာ ဆုံးဖြတ်နိုင်သော အသိဉာဏ်သည် ခေါင်ထိပ်သို့ ရောက်သော **ပစ္စယပရိဂ္ဂဟဉာဏ်** မည်၏။

ဤဉာဏ်သည်ပင်လျှင် ပြခဲ့ပြီးသော ယုံမှားမှု (၁၆)ပါးတို့ကို၎င်း၊ ဘုရား၊ တရား၊ သံဃာ၊ သိက္ခာသုံးပါး၊ အတိတ်နာမ်ရုပ်၊ အနာဂတ်နာမ်ရုပ်၊ ပစ္စုပ္ပန်နာမ်ရုပ် အချင်းချင်း ဆက်စပ်၍ဖြစ်သော အကြောင်းအကျိုးတရားဟူသော ဤဌာနရှစ်ပါး၌ဖြစ်သော ယုံမှားမှု (၈)ပါးတို့ကို၎င်း၊ လွန်မြောက်ပယ်ခွါနိုင်သောကြောင့် **ကင်္ခါဝိတရဏ ဝိသုဒ္ဓိ** လဲ မည်၏။

## " စူဠ သောတာပန် "

အရိယာဖိုလ်သည် သာသနာတော်၌ သက်သာရာ အစစ်ပေတည်း။ အရိယာမဂ်သည် ထောက်တည်ရာ အစစ်ပေတည်း။ ဤယောဂီသည်ကား ထိုအရိယာမဂ် ဖိုလ်တို့ကို မရသေးပေ။ သို့သော်လဲဧကန်ရစေနိုင်သော ရှုမှတ်မှုအကျင့်၌တည်သောကြောင့် " သက်သာရာ ထောက်တည်ရာတို့ကို ရသောသူ " ဟူ၍ ဆိုအပ်ပေသည်။

တနည်းကား = နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် နာမ်ရုပ်တို့ကို အမှန်အတိုင်းသိရ၍ သာသနာ၌ တရားနှင့်ဆိုင်သော ပါမုဇ္ဇ = အနည်းငယ်နှစ်သိမ့် အားရမှုကို ရပေ၏၊ ထို့ကြောင့် ' သက်သာရာကို ရသည် ' ဟုဆိုပေသည်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် " အကြောင်းကြောင့်ဖြစ်သော နာမ်ရုပ်မျှသာ ရှိသည် " ဟုသိပြီးဖြစ်သောကြောင့်

(၁) " ငါကောင်ရှိသည် ဟူ၍ငင်း၊

(၂) သတ္တဝါတွေကို ဘုရားသခင်က ဖန်ဆင်းသည် ဟူ၍ငင်း၊

(၃) အကြောင်းမဲ့အလိုလိုပင် ငါကောင် ဖြစ်ပေါ်လာသည် ဟူ၍ငင်း ဤသို့စသည်ဖြင့် ထင်မှားယူမှားသော ဒိဋ္ဌိမဖြစ်နိုင်ပြီ၊

ထိုဒိဋ္ဌိများကြောင့် ယုံကြည်မှု = သဒ္ဓါတရား မပျက်နိုင်ပြီ၊

သာသနာ၌ မပျက်နိုင် မလှုပ်နိုင်အောင် မြဲခိုင်တည်တံ့သော ဤသဒ္ဓါနှင့် ပြည့်စုံသောကြောင့် " ထောက်တည်ရာကို ရသည် " ဟု ဆိုပေသည်။

## " စူဠသောတာပန်သည် ဝိပဿနာအမြဲရှုရန် လိုပုံ "

ဤဋီကာတွင် အ-ပရိဟီန ကင်္ခါဝိတရဏဝိသုဒ္ဓိကော ဟူသောပုဒ်ဖြင့် ဤသို့သော အနက်ကိုပြ၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းမြဲပင်ကင်းကွာဆဲဖြစ်၍ ဤကင်္ခါဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ် မပျက်စီးသောသူအားသာလျှင် " ဂတိမြဲသည် " ဟု တိုက်ရိုက်ပြ၏။

ထို့ပြင်ဤဝိသုဒ္ဓိသည် လောကုတ္တရာမဟုတ်သေး၊ လောကီမျှသာတည်း။ထို့ကြောင့် ဆုတ်ယုတ်ပျက်စီးနိုင်သေး၏။

မိမိအလိုလိုမသင့်စွာ နှလုံးသွင်းမိခြင်းကြောင့်ဖြစ်စေ၊ မိစ္ဆာတရားကိုနာကြားမိခြင်းကြောင့်ဖြစ်စေ၊ ယုံမှားမှု = ဝိစိကိစ္ဆာ လဲဖြစ်နိုင်သေး၏။ ထင်မှားမှု၊ ယုံမှားမှု = ဒိဋ္ဌိ လဲ ဖြစ်နိုင်သေး၏။

ထိုဒိဋ္ဌိဝိစိကိစ္ဆာတို့မြဲမြဲစွာဖြစ်သောအခါ၌ ဤဝိသုဒ္ဓိသည်ဆုတ်ယုတ်ပျက်စီးလေ၏။ ထိုအခါ၌ကား " ဂတိမြဲသည် " ဟု မဆိုအပ်ကြောင်းကိုလဲ ဗျတိရေက =ပြောင်းပြန်နည်းဖြင့်ပြ၏။

သီလသမာဓိပညာသမ္ပဒါဟိ သမန္နဂတတ္တာဟူသောအပိုဒ်ဖြင့်လဲ ဤသို့ပြ၏။

အားထုတ်ဆဲ၌ စင်ကြယ်သော သီလ၊သမာဓိ၊ပညာ ဤသုံးပါးလုံးနှင့် ပြည့်စုံသောကြောင့် " ဂတိမြဲသည် " ဟု တိုက်ရိုက်ပြ၏။

ထို့ပြင် " ဝိပဿနာအလုပ်ကို စွန့်လွှတ်လျက် သီလ၊သမာဓိ၊ပညာတို့ ပျက်စီးနေခိုက်၌ကား ဂတိမြဲသည် " ဟု မဆိုအပ်ကြောင်းကိုလဲ ပြောင်းပြန်နည်းဖြင့် ပြ၏။

သို့ဖြစ်၍ ဤဝိသုဒ္ဓိ နှင့်ပြည့်စုံသောသူသည် ဝိပဿနာ ရှုဆဲသော်လဲ ဖြစ်ရမည်၊ ဝိပဿနာရှုဆဲ မဟုတ်ပါက ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ ကင်းမြဲပင် ကင်းကွာဆဲဖြစ်၍ အယုတ်ဆုံးအားဖြင့် သီလစင်ကြယ်ဆဲသော်လဲဖြစ်ရမည်။

သို့ဖြစ်မှသာလျှင် ' ဂတိမြဲသည် ' ဟုယုံကြည်စိတ်ချသင့်ပေသည်။ " ငါ စူဠသောတာပန်ဖြစ်ပြီ၊ ဂတိမြဲပြီ " ဟု ထိုဉာဏ်မျှဖြင့် အားရကျေနပ်ပြီးလျှင် ဝိပဿနာအလုပ်ကို စွန့်လွှတ်၍ သီလသိက္ခာမျှကိုပင် စင်ကြယ်စွာ မစောင့်ရှောက်ဘဲ ပေါ့လျော့စွာ နေခြင်းငှါကား မသင့်သည်သာတည်း။

## " စူဠသောတာပန်၏ ဂတိမြဲရာ ဘဝအပိုင်းအခြား "

ဤစူဠသောတာပန်၏ ဂတိသည် အစဉ်ထာဝရ ဘဝတိုင်း၌ မြဲသလော? သို့မဟုတ် ဒုတိယဘဝ၌သာ မြဲသလော? ဟူငြားအံ့။ ဒုတိယဘဝ၌သာ " ဧကန်မြဲသည် " ဟု စိတ်ချရ၏။

တတိယဘဝစသည်၌ကား " ဧကန်မြဲသည် " ဟုစိတ်မချရသေးပေ။

အကြောင်းမူကား . . . ပြခဲ့သော ဋီကာ၌ " ကင်္ခါဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ်ပါမှ ဂတိမြဲသည်ဟူ၍ငှင်း၊

လောကီ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံသောကြောင့် ဂတိမြဲသည်ဟူ၍ငှင်း " မိန့်ဆိုသော စကားတို့ဖြင့် " ယခုဘဝ၌သော်လဲ သီလ၊ သမာဓိနှင့် ကင်္ခါဝိတရဏဉာဏ်ပညာတို့ ပျက်စီးချုတ်ယွင်းနိုင်သေးသည်ကိုငှင်း၊

ထိုအခါမှာ ဒုတိယဘဝ၌သော်လဲ ဂတိမြဲရန် အကြောင်းမရှိသည်ကိုငှင်း " ထင်ရှားဖော်ပြ၏။

ဒုတိယဘဝ စသည်၌ထိုသီလ၊သမာဓိ၊ပညာတို့ ပျက်စီးနိုင်၍ တတိယဘဝစသည်၌ ဧကန်ဂတိမြဲရန် အကြောင်းမရှိသည်မှာ ဆိုဘွယ်ပင်မရှိတော့ပြီ။ ဤမျှသာမကသေး၊ ထောက်ထားဘွယ် အကြောင်းတပါးလဲရှိသေး၏။ ငါတို့၏ ဘုရားအလောင်းတော်သည် လွန်ခဲ့သော ကမ္ဘာပေါင်း (၃) အသင်္ချေထက်က ပွင့်တော်မူသော ကောဏ္ဍညမြတ်စွာဘုရားမှစ၍ (၉)ဆူသော ဘုရားရှင်တို့၏ထံတော်၌ (၉)ဘဝတိုင်တိုင် ရဟန်းပြုခဲ့ဘူးသည်

ဟု ဗုဒ္ဓဝင်ပါဠိ၌ လာ၏။

မြတ်စွာဘုရားထံ၌ ရဟန်းပြုသော ဘုရားအလောင်းတော်ဟူသမျှသည် ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် ဝိပဿနာကိုပွါးစေ၍ အနုလောမဉာဏ်တိုင်အောင် ဆိုက်ရောက်၍ တည်သည်ဟု မဇ္ဈိမပဏ္ဏာသ ဃဋိကာရသုတ်အဖွင့် အဋ္ဌကထာ စသည် တို့၌ မိန့်ဆို၏။

" သုမနမြတ်စွာဘုရား ၊ ဝိပဿီ မြတ်စွာဘုရားတို့၏လက်ထက်မှာ ငါတို့၏ဘုရား အလောင်းတော်သည် နဂါးမင်းဖြစ်လျက် ဗျာဒိတ်ခံခဲ့သည် " ဟု ဗုဒ္ဓဝင်ပါဠိ၌ လာ၏။ ဤကမ္ဘာ၌ဖြစ်သော ဇာတ်၊နိပါတ်၊ဝတ္ထုများစွာတို့၌ ဘုရားအလောင်းတော်သည် တိရစ္ဆာန် အဖြစ်သို့ ရောက်လျက်ရှိသည်ကိုတွေ့ရ၏။ တေမိယဇာတ်တွင် ငရဲ၌ဖြစ်ခဲ့သည်ကိုလဲ တွေ့ရ၏။

ထို့ကြောင့် ဤပါဠိအဋ္ဌကထာ စကားအလုံးစုံကိုစပ်၍ကြည့်လျှင် ကင်္ခါဝိတရဏ ဝိသုဒ္ဓိထက် လွန်ကဲမြင့်မြတ်လှစွာသော သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီးသော ဘုရား အလောင်းတော်မြတ်သော်မှ သုဂတိ၌ ထာဝရမမြဲကြောင်း၊ အပါယဂတိမှ မလွတ်သေး ကြောင်းကို ထင်ရှားသိရ၏။

ဘုရားအလောင်းတော်ကဲ့သို့ သဒ္ဓါ၊ ဝီရိယစသည်လဲ မထက်သန် သင်္ခါရုပေက္ခာ အောက်လဲ များစွာအောက်တန်းကျလျက် ကင်္ခါဝိတရဏဉာဏ်မျှနှင့်သာ ပြည့်စုံသော သာမန်ပုဂ္ဂိုလ်အား အစဉ်ထာဝရ ဂတိမြဲခြင်းသည် အဘယ်မှာဖြစ်နိုင်ပါတော့အံ့နည်း? သို့ဖြစ်၍ အပါယ်ဘုံမှ အစဉ်ထာဝရလွတ်ကင်း၍ ဂတိမြဲခြင်းကို လိုလားသောသူသည် သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်နိုင်ရန် ထက်သန်သောစိတ်ထားဖြင့် မနားမဆုတ် ဆက်လက်၍သာ အားထုတ်ရာ၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိမျှဖြင့် စိတ်ချလက်ချအားရ၍ နေခြင်းငှါကား မသင့်သည်သာ တည်း။

## " သံသရာဘေးလွတ်ရန် သက္ကာယဒိဋ္ဌိ အရင်ပြုတ်ရန်လိုပုံ "

သတ္တိယာ၊ လှံဖြင့်။ ဩမဋ္ဌော ဝိယ၊ ရင်ဝ လယ်နိူက်၊ ထိုးစိုက်ခံရ၊ နာကျင်လှသော သူသည်၊ ထိုလှံကိုသာ လျင်စွာ နှုတ်ရန်၊ ကြံဖန်မနှေး၊ စိတ်မအေးဘဲ အရေးတကြီး သုတ် သီး သုတ်ပျာ၊ အားထုတ်ရာသကဲ့သို့ငှင်း၊ မတ္ထကေ၊ ဦးခေါင်း၌။ ဒယှမာနေဝ္ဗ၊ ရဲရဲ ပြောင်ပြောင်၊ မီးလောင်ခံရ၊ ပူလောင်လှသောသူသည်၊ ထိုမီးကိုသာ လျင်စွာငြိမ်းရန်၊ ကြံ ဖန်မနှေး စိတ်မအေးဘဲ၊ အရေးတကြီး၊ သုတ်သီးသုတ်ပျာ၊ အားထုတ်ရာသကဲ့သို့ငှင်း။ ဘိက္ခု၊ သံသရာဘေး၊ နောင်အရေးကို ကြံတွေးမြော်ထောက်၊ ရွံ့ကြောက်လေ့ရှိသောသူ

သည်။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ ထင်ရှားရှိသော နာမ်ရုပ်အပေါင်း အစဉ်မှျှ၌ အတ္တ
အယောင်၊ ငါကောင်အနေအားဖြင့် ထင်မှားသော သက္ကာယဒိဋ္ဌိကို အရိယာ မဂ်ဉာဏ်
အလင်းဖြင့် အကြွင်းမဲ့ပယ်ခြင်းငှါ။ သတော၊ အမှတ်ရမှု - မမေ့မှု - ဟူသော သတိနှင့်
ပြည့်စုံသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ မရပ်မနား၊ လွတ်မြောက်အောင် ထွက်သွားရာ၏။ ဝါ၊
ခေါင်းကမီးလျှံ၊ ရင်ကလှံကို ၊ ပယ်ရန်မအား၊ လျစ်လျူထား၍ သော်လဲ၊ မနားမဆုတ်၊
အားပါးထုတ်၍ သုတ်သုတ်လျင်စွာ ရှုမှတ်ရာတော့သတည်း။

# “ ပစ္စယ ပရိဂ္ဂဟဉာဏ် ရှုမှတ်ပုံ”

(မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း
ဒုတိယတွဲ - အားထုတ်ပုံ စာ -၁၇ မှ)

ထို့ထက် ဘာဝနာ ရင့်သန်သောအခါ၌ ကိုယ်အမူအရာ တစုံတခုကိုပြုလိုလျှင် ပြုရန်ကြံသော ထိုစိတ်သည် အလိုလိုပင် ထင်ရှားပေါ်၏။ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ထိုစိတ်ကိုလွယ်ကူစွာပင်မှတ်သိနိုင်၏။အားထုတ်ခါစကမူကား ကွေးမည်ကြံစဉ်မှာ ‘ ကွေးချင်တယ် ’ ဟုမှတ်ခဲ့သော်လဲ ထိုကွေးချင်တဲ့ စိတ်ကိုရှင်းလင်းစွာမသိနိုင်ခဲ့သေး။ ဘာဝနာရင့်သန်သော ထိုကာလ၌ကား ကွေးချင်တဲ့စိတ်ကို ဘယ်အရာနှင့်မျှ မရောဘဲ ရှင်းလင်းထင်ရှားစွာ သိနိုင်၏။ ထို့ကြောင့် ကိုယ်အမူအရာ ပြုပြင်လိုတိုင်း ပြုပြင်ရန် ကြံတဲ့စိတ်ကို ရှေးဦးစွာ မှတ်ရ၏။ ထို့နောင်မှ ပြုပြင်တဲ့ ကိုယ်အမူအရာကို ဆက်၍ မှတ်ရ၏။ အားထုတ်ခါစမှာ မမှတ်မိဘဲ ပြုပြင်မိတာကသာ များသောကြောင့် “ ကိုယ်ရုပ်က မြန်သည်၊ မှတ်စိတ်က နှေးသည် ’ ဟုထင်ရ၏။ ဘာဝနာဉာဏ်ရင့်သော ကာလ၌ကား မှတ်တဲ့စိတ်က ရှေ့မှဆီးကြိုနေနှင့်သကဲ့သို့ ရှိ၏၊ ကွေးမည် ဆန့်မည် ထိုင်မည် ထမည် သွားမည် စသည်ဖြင့် ကြံတဲ့စိတ်ကိုလဲမှတ်မိ၏၊ ကွေးတဲ့အမူအရာစသည်ကိုလဲ ပိုင်ပိုင်ကြီးမှတ်နိုင်၏။ ထို့ကြောင့် “ ကိုယ်ရုပ်က နှေးသည်၊ မှတ်စိတ်က မြန်သည် ” ဟု အမှန်အတိုင်း သိရ၏။

ပြုပြင်လိုတဲ့စိတ်များ ဖြစ်ပေါ်ပြီးမှ ထိုစိတ်အားလျော်စွာ ကွေးမှု ဆန့်မှု ထိုင်မှု စသော  ကိုယ်အမူအရာရုပ်များ ဖြစ်ပေါ်နိုင်သည်ကိုလဲ မျက်မှောက်တွေ့ရ၏။

အပူအအေးတို့နှင့် တွေ့ရ၍ “ ပူတယ် ပူတယ်၊ အေးတယ် အေးတယ် ” ဟု မှတ်နေစဉ်မှာပင် အပူအအေးများ တိုးပွါးဖြစ်ပေါ်လာသည်ကိုလဲ မျက်မှောက်တွေ့ရ၏။

စားစဉ်၌မှတ်၍ အားအင်တိုးလာသည်ကိုလဲ မျက်မှောက်တွေ့ရ၏။

အဖောင်းအပိန်စသော မှတ်နေကျ အာရုံများတွင်လဲ တခုတခုကို မှတ်ပြီးလျှင် အခြားအာရုံကို လိုက်၍လိုက်၍ မပြတ်မှတ်နေရ၏။

ထို့ပြင် ဘုရား၊ ရဟန္တာ သဏ္ဌာန်စသော အဆင်းအာရုံအမျိုးမျိုးနှင့် ကိုယ်ထဲက ယားမှုပူမှု နာကျင်ကိုက်ခဲမှု စသော ဝေဒနာအမျိုးမျိုးတို့ကို မှတ်နေရာမှာလည်း တခုတခုကို မှတ်လို့မှ မပျောက်သေးမီ အခြားတမျိုးမျိုးက ပေါ်ပေါ်လာသဖြင့် ပေါ်ရာပေါ်ရာကို ပြောင်း၍ပြောင်း၍ မပြတ်မှတ်နေရတတ်၏။

ဤသို့ အာရုံပေါ်တိုင်း မှတ်နေရသောကြောင့် အာရုံရှိ၍ မှတ်သိမှု ဖြစ်ရသည်ကိုလဲ မျက်မှောက်တွေ့၍ သိမြင်သဘောကျတတ်၏။

ထို့ပြင် တရံတခါ၌အဖောင်းအပိန်က သိမ်မွေ့ကွယ်ပျောက်နေသောကြောင့် မှတ်စရာ မရှိတဲ့အတွက် မမှတ်ဘဲ နေရတတ်၏၊ ထိုအခါမှာ " မှတ်စရာအာရုံ မရှိလျှင် မှတ်သိမှု မဖြစ်နိုင် " ဟူ၍ သဘောကျတတ်၏။

ဤသို့ အဖောင်းအပိန် ပျောက်နေတဲ့အခါမှာ " ထိုင်တယ် ထိတယ်၊ အိပ်တယ် ထိတယ် " ဟု မှတ်လေ။

အထိကိုကား ပြောင်း၍ ပြောင်း၍မှတ်ပုံကား ထိုင်တယ်ဟု မှတ်ပြီးလျှင် ညာဘက်ခြေ က ထိတာကို ထိတယ်ဟု မှတ်၊ တဖန် ထိုင်တယ် ဟုမှတ်ပြီးလျှင် ဘယ်ဘက်ခြေက ထိတာကို ထိတယ်ဟုမှတ်၊ ဤနည်းဖြင့် အထိများကို လေး-ငါး-ခြောက်နေရာရွှေ့၍ရွှေ့၍ မှတ်လေ၊

ထို့ပြင် မြင်မှု၊ ကြားမှု စသည်တို့ကို မှတ်ရာမှာလဲ " မျက်စိနဲ့ အဆင်းရှိ၍ မြင်ရသည်၊ နားနဲ့အသံရှိ၍ ကြားရသည် " ဤသို့စသည်ဖြင့် မှတ်ခိုက်မှာပင် ရှင်းလင်းစွာ သိမြင် သဘောကျ၏။

## " သမ္မာဒိဋ္ဌိ အကြောင်းကြောင့် အကျိုးဖြစ်ပုံများ "

ထို့ကြောင့် (၁) " ကွေးမည် ဆန့်မည် စသည်ဖြင့် ကြံတဲ့စိတ်အမျိုးမျိုးရှိလို့ ကွေးမှု ဆန့်မှု စသော ကိုယ်အမူအရာ ရုပ်အမျိုးမျိုး ဖြစ်ပေါ်နေသည် " ဟူ၍လဲ မှတ်ဆဲမှာပင် သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်မိ၏။

ထို့ပြင် " အအေးဓာတ် အပူဓာတ်ကြောင့် အေးရုပ်ပူရုပ်အမျိုးမျိုး ဖြစ်ပေါ်နေသည် ဟူ၍၎င်း၊

စားသောက်တဲ့အစာ အာဟာရရှိလို့ ဤ ကိုယ်ရုပ်များ တည်တံ့လျက် ဖြစ်နေသည် ဟူ၍၎င်း၊

ဖောင်းမှု ပိန်မှုစသော မှတ်စရာတွေရှိလို့ မှတ်သိမှုများ ဖြစ်ပေါ်နေသည်ဟူ၍၎င်း၊

မျက်စိ၊ နားစသော မှီရာရုပ်ရှိလို့ မြင်မှု ကြားမှု စသော စိတ်များ ဖြစ်ပေါ်နေသည် ဟူ၍၎င်း၊

ရှေးရှေး နှလုံးသွင်းမှု၊ ဆင်ခြင်မှုရှိလို့ နောက်နောက်မှတ်သိမှု၊ ကြံစည်မှုများ ဖြစ်ပေါ်သည် ဟူ၍၎င်း၊

ရှေးကံကြောင့် ဤလိုဝေဒနာတွေ ဖြစ်ရသည်ဟူ၍၎င်း၊

ရှေးကံအကြောင်းရှိလို့ ဤရုပ်၊ ဤနာမ်တွေ ပဋိသန္ဓေမှ စ၍ မပြတ်ဖြစ်နေသည် ဟူ၍၎င်း၊

(၂) ဤရုပ်နာမ်တွေကို ဖြစ်ပေါ်အောင် ဖန်ဆင်းပြုလုပ်ပေးသူကား မရှိပြီ၊ သူတို့၏ဆိုင်ရာ အကြောင်းများကြောင့်သာ ဖြစ်ပေါ်နေသည်ဟူ၍၎င်း ” - ဤသို့ စသည်ဖြင့်လဲ သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်တတ်၏။

ဤသို့သော ဆုံးဖြတ်မှုမှာ ရှုမှတ်မှုကို ရပ်ဆိုင်း၍ ကြာမြင့်စွာ စဉ်းစားလျက် ဖြစ်ရသည်ကားမဟုတ်ပေ၊

မှတ်ရင်း မှတ်ရင်းပင် ရှင်းလင်းစွာ အလိုလို သိသိသွားသည် ဟု ထင်ရလောက်အောင် လျှင်မြန်စွာ ဖြစ်ပေါ်လာသော သိမှုသာတည်း။

ဤဆင်ခြင်မှုများကိုလဲ “ ဆင်ခြင်တယ်၊ သဘောကျတယ် ၊ သိတယ် ” ဟုမှတ်မှတ်ပြီးလျှင် မှတ်နေကျကိုသာ ဆက်၍ မပြတ်မှတ်ပါလေ။

(၁) သမ္မာဒိဋ္ဌိ

(၁) လောလောဆယ် မှတ်သိရသော ရုပ်နာမ်တို့ကို “ အကြောင်းနာမ်ရုပ်များကြောင့် ဖြစ်ကြသည် ” ဟုသဘောကျပြီးသောအခါ၌

(၂) သမ္မာသင်္ကပ္ပ

“ ရှေးဘဝ ရှေးကာလ များကလဲ သည်လိုအကြောင်းများကြောင့် သည်လို ရုပ်နာမ်များသာဖြစ်ခဲ့သည်ဟူ၍၎င်း၊ နောက်ဘဝနောက်ကာလများမှာလဲ သည်လိုအကြောင်းများကြောင့် သည်လို ရုပ်နာမ်များသာ ဖြစ်သွားမှာဘဲဟူ၍၎င်း၊ ပုဂ္ဂိုလ်၊ သတ္တဝါကောင်လဲ မရှိ၊ ဖန်ဆင်းသူလဲ မရှိ၊ အကြောင်းတရား အကျိုးတရားမျှသာ ရှိသည်ဟူ၍၎င်း ” ဤသို့လဲဆင်ခြင်ဆုံးဖြတ်မိတတ်၏။

ဤလိုဆင်ခြင်မှုများကိုလဲ မှတ်ပြီးလျှင်၊ မှတ်နေကျကိုသာ မပြတ် မှတ်သွားပါလေ။

ဤသို့သော ဆင်ခြင်မှုမှာ ပင်ကိုယ်ဉာဏ်လဲမထက်၊ သုတလဲ နဲသောသူအား နဲနဲကျဉ်းကျဉ်းသာ ဖြစ်တတ်သည်။

ပင်ကိုဉာဏ် ထက်မြက်သူ သုတများသော သူတို့မှာကား များပြား ကျယ်ဝန်းစွာဖြစ်တတ်၏။

သို့သော်လဲ ဆင်ခြင်မှုကို အလေးမပြုဘဲ မှတ်မှုကိုသာ အလေးပြု၍ မပြတ်မှတ်နေလျှင်ကား ထိုသူတို့မှာလဲ နဲနဲကျဉ်းကျဉ်းသာဖြစ်၍ ဉာဏ်အတက်မြန် တတ်၏။

“ ဤအရာ၌ အနည်းငယ် ဆင်ခြင်ရုံမျှဖြင့်လဲ ကိစ္စပြီးသည်သာ ” ဟူ၍ တထစ်ချယုံကြည်ထားပါလေ။

# “ ၈ - ပစ္စည်းပိုင်း ”

(မင်းကွန်းဓမ္မနာဒ တိပိဋကဓရ ဆရာတော်၏သင်ကြားပို့ချစဉ်
ပရမတ္ထသံခိပ်အဖြေစကားပြေကျမ်း စာ - ၁၈၃ မှ)

အကြောင်းတရား၊ အကျိုးတရားတို့ ဆက်သွယ်ပုံကို ပြသောအပိုင်းသည် ပစ္စည်းပိုင်း မည်၏။

ထိုပစ္စည်းပိုင်း၌ အကြောင်းအကျိုးဆက်သွယ်ပုံကို ပြသောနည်းသည်

(က) ပဋိစ္စသမုပ္ပါဒ်နည်း၊

(ခ) ပဋ္ဌာန်းနည်းဟူ၍ (၂)ပါးအပြားရှိ၏။ ထို (၂)ပါးတို့တွင် -

(က)ဤတရားဖြစ်ခြင်းကြောင့် ဤတရားဖြစ်သည်ဟု အကြောင်းအကျိုးဆက်သွယ်ပုံ သာမညကို ပြသောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

(ခ) အကြောင်းအကျိုး ဆက်သွယ်ပုံကို အသေးစိတ် (အကြွင်းမရှိ) ဝိသေသပြသော နည်းမည်၏။ (နောက်၌သာမညပြပုံ ၊ ဝိသေသပြပုံ အလိုလို ထင်ရှားသိသာလာလိမ့်မည်။)

## (က) ပဋိစ္စသမုပ္ပါဒ်နည်း

ထို (၂)ပါးတို့တွင် ပဋိစ္စသမုပ္ပါဒ်နည်း ဟူသည်ကား -

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဤပါဠိတော်ဖြင့် ပြအပ်သော အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်မှု အစရှိသည်သည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။ ထိုပဋိစ္စသမုပ္ပါဒ်နည်း၌ -

(၁) အဝိဇ္ဇာ၊ (၂) သင်္ခါရ၊ (၃) ဝိညာဏ်၊ (၄) နာမ်ရုပ်၊ (၅)သဠာယတန၊ (၆) ဖဿ၊ (၇)ဝေဒနာ၊ (၈) တဏှာ၊ (၉) ဥပါဒါန်၊ (၁၀) ဘဝ၊ (၁၁) ဇာတိ၊ (၁၂) ဇရာနှင့် မရဏဟူ၍ အင်္ဂါအားဖြင့် (၁၂)ပါး၊ ထို (၁၂)ပါးပေါ်မှာ (၁၃) သောက၊ (၁၄) ပရိဒေဝ (၁၅) ဒုက္ခ၊ (၁၆)ဒေါမနဿ၊ (၁၇) ဥပါယာသ (ဤဇာတိ၏ အကျိုးဆက် (၅)ပါးကိုထည့်လောင်း၍) ဘေဒအားဖြင့် (၁၇)ပါးရှိ၏။

# (ခ) ပဋ္ဌာန်းနည်း

ပဋ္ဌာန်းနည်း၌ (၁) ဟေတုပစ္စည်း၊ (၂) အာရမ္မဏပစ္စည်း၊ (၃) အဓိပတိပစ္စည်း၊ (၄)အနန္တရပစ္စည်း၊ (၅) သမနန္တရပစ္စည်း၊ (၆) သဟဇာတပစ္စည်း၊ (၇) အညမညပစ္စည်း၊ (၈) နိဿယပစ္စည်း၊ (၉) ဥပနိဿယပစ္စည်း၊ (၁၀) ပုရေဇာတပစ္စည်း၊ (၁၁) ပစ္ဆာဇာတပစ္စည်း၊ (၁၂) အာသေဝနပစ္စည်း၊ (၁၃) ကမ္မပစ္စည်း၊ (၁၄) ဝိပါကပစ္စည်း၊ (၁၅) အာဟာရပစ္စည်း၊ (၁၆) ဣန္ဒြိယပစ္စည်း၊ (၁၇) ဈာနပစ္စည်း၊ (၁၈) မဂ္ဂပစ္စည်း၊ (၁၉) သမ္ပယုတ္တပစ္စည်း၊ (၂၀) ဝိပ္ပယုတ္တပစ္စည်း၊ (၂၁) အတ္ထိပစ္စည်း၊ (၂၂) နတ္ထိပစ္စည်း၊ (၂၃) ဝိဂတပစ္စည်း၊ (၂၄) အဝိဂတပစ္စည်းဟူ၍ ကျေးဇူးပြုတတ်သော ပစ္စည်းတရားမျိုး (၂၄) မျိုးရှိ၏။

(ကျေးဇူးပြုပုံကိုလိုက်၍ (၂၄)မျိုး ဖြစ်သည်။ ပစ္စယုဒ္ဒေသအနက်ကိုအရကျက်ပါဦး။)

## ပစ္စယုဒ္ဒေသ ပါဠိ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

၁။ ဟေတုပစ္စယော၊ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၂။ အာရမ္မဏပစ္စယော၊ အာရုံဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၃။ အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၄။ အနန္တရပစ္စယော၊ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၅။ သမနန္တရပစ္စယော၊ ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၆။ သဟဇာတပစ္စယော၊ တကွဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၇။ အညမညပစ္စယော၊ အချင်းချင်းအပြန်အလှန်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၈။ နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၉။ ဥပနိဿယပစ္စယော၊ အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၁၀။ ပုရေဇာတပစ္စယော၊ ရှေ့၌ဖြစ်၍ (ရှေ့ကဖြစ်နှင့်၍) ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၁။ ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၂။ အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၃။ ကမ္မပစ္စယော၊ ကံဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၄။ ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၅။ အာဟာရပစ္စယော၊ ထောက်ပံ့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၆။ ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၇။ ဈာနပစ္စယော၊ ဈာန်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၈။ မဂ္ဂပစ္စယော၊ မဂ်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၁၉။ သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၂၀။ ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၂၁။ အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၂၂။ နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၂၃။ ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

၂၄။ အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

ဤတိ၊ ဤကား (၂၄) ပစ္စည်းတို့တည်း။

✸ ✸ ✸ ✸ ✸

# ပစ္စယပရိဂ္ဂဟဉာဏ်

# (ကင်္ခါဝိတရဏ ဝိသုဒ္ဓိ)

**ပစ္စယ အကြောင်းတရား**

**ပရိဂ္ဂဟဉာဏ် = သိမ်းဆည်း၍ သိခြင်း။**

အကြောင်းတရားကို သိမ်းဆည်းပြီးသိတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ခေါ်ပါတယ်။

ယုံမှားမှုကို လွန်မြောက်၍ အမြင်မှန်၌ တည်သောဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ထိုအမြင် မှန်ကိုရစေရန် မြင်အပ်ပြီးသော နာမ်ရုပ်တို့သည်သာလျှင် အကြောင်းတို့ကို သိမ်းဆည်း၏။

- ကံ၊ စိတ်၊ ဥတု၊ အဟာရတို့ကြောင့် ရုပ်ကိုဖြစ်စေ၏။
- အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့ကြောင့် ရုပ်ကိုဖြစ်စေ၏။
- ဒွါရ၊ အာရုံတို့ကြောင့် နာမ်ဖြစ်၏။
- ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၏။
- နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏။
- နှလုံးသွင်းမှု မနသိကာရကြောင့် နာမ်ဖြစ်ပေါ်၏။ (နာမ်ကြောင့်နာမ်ဖြစ်ပေါ်၏)

ပရိစ္ဆေဒဉာဏ်ကို ဣန္ဒြေငါးပါးအခြေခံ၍ ဝိပဿနာရှုမှတ်ခဲ့ပြီးဖြစ်ရာ နာမရူပပရိစ္ဆေဒ ဉာဏ်က ဝိပဿနာကုသိုလ်တွေ ဝိပဿနာဉာဏ်တွေက ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြစ်လာအောင် အာသေဝနဖြင့် ကျေးဇူး ပြုပါသည်။

ဝိပဿနာတရား ရှုမှတ်စဉ်ကတည်းက အာနာပါနဿတိဖြင့် ကာယနုပဿနာ သတိပဋ္ဌာန်၊ အာနာပါနပဗ္ဗနည်းဖြင့် ဝင်လေ ထွက်လေတို့ကို ရှုမှတ်နေခဲ့ပြီး ဖြစ်ပါသည်။

(က) ယခုလည်း ဆက်လက်၍ ဝင်လေ၊ ထွက်လေကိုပင် ပုရေဇာတပစ္စည်းတရားဖြင့်

- ကာယပသာဒက (ထိတွေ့နှာသီးဝနေရာကာယက) အကြောင်းတရား
- ကာယ ဝိညာဉ်က (ဝင်လေထိသိစိတ်က) အကျိုးတရား ဖြစ်လေသည်။

(ခ) **အာရမ္မဏပစ္စည်းတရားဖြင့်** -

- ဖောဋ္ဌဗ္ဗာရုံက (ဝါယော-ဝင်လေက) အကြောင်းတရား
- ကာယဝိညာဉ်က (ဝင်လေထိသိစိတ်က) အကျိုးတရား ဖြစ်ပေသည်။

ကာယပသာဒမရှိလျှင် ကာယဝိညာဉ်စိတ်မရှိနိုင်၊ မဖြစ်နိုင်။

ဖောဋ္ဌဗ္ဗာရုံမရှိလျှင် ကာယဝိညာဉ်စိတ်မရှိ/မဖြစ်နိုင်။

ဒီလို အကြောင်းအကျိုး အမှန်တိုင်းသိတာကို ပစ္စယပရိဂ္ဂဟဉာဏ်ဟူ၍ ခေါ်ပါသည်။

## (စ) ဟေတုပစ္စည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ရှုမှတ်ပုံ

နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပြည့်စုံလာပြီးနောက် သမာဓိအားတိုးတက်လာသောအခါ နာမ်တရား ပစ္စည်းတရားကြောင့် အကျိုးနာမ်ရုပ်တို့ အပွင့်ခါတ်ဖြစ်ပေါ်နေပုံကို ရှုမှတ်လာနိုင်ပြီဖြစ်ပါသည်။

- ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

- နာမ်က နာမ်ရုပ်ကိုကျေးဇူးပြုတာဖြစ်၏။

- ပဝတ္တိကာလတစ်လျှောက်လုံး - သစ်ပင်၏အမြစ်ကဲ့သို့ နာမ်တရား ၆ ပါးက ကျေးဇူးပြုနေခြင်း ဖြစ်ပါတယ်။

ဟေတုပစ္စည်းက ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန်ကာလမှာပင် အကျိုးပေးသည်၊ နောက်ဘဝများမှာ ဖြစ်ခြင်း သည် - အကျိုးဆက်မျှသာ ဖြစ်ပေသည်။

မောဟက တရားအားမထုတ်နိုင်ခြင်းရဲ့အကြောင်းဖြစ်သည်။ တွေတွေဝေဝေနဲ့ မောဟကြီးတဲ့ပုဂ္ဂိုလ် များ တရားအားမထုတ်နိုင်တော့ပါ။

မောဟတည်းဟူသော ဟေတုပစ္စည်းက အကျိုးပြုလို့ တိရိစ္ဆာန်အဖြစ်ကို ရောက်သွားပါတယ်၊ တိရိစ္ဆာန်တွေဆိုတာ တွေဝေတယ်၊ ကောင်းမှုကုသိုလ်တွေ မဖြစ်နိုင်ကြတော့ပါ။

အမောဟဆိုတာ ပညာ - ပညာနဲ့သေတို့က ဘယ်တရားနဲ့သေရမလဲ၊ "အမှတ်တရား"နဲ့ သေမှ မှတ်နေတုန်းမှာ ဝိပဿနာဉာဏ်တွေဖြစ်နေပါတယ်။

အဲ့ဒီ ဝိပဿနာဉာဏ်ဖြင့် ကွယ်လွန်ရမယ်ဆိုရင်တော့ အထက်တန်းကျ ကျဘုံဘဝတွေကို ရောက်သွား မှာပဲ။

ကွယ်လွန်ခါနီးမှာတော့ ကွယ်လွန်လောက်တဲ့ ရောဂါဝေဒနာတွေနဲ့ ပုဂ္ဂိုလ်တိုင်းတွေ့ကြရပါတယ်။ အဲ့ဒီရောဂါဝေဒနာ၊ ဒုက္ခဝေဒနာတွေကို လွှမ်းမိုးနိုင်အောင် မှတ်နိုင်တယ်ဆိုရင် အဲ့ဒီလို မှတ်ရင်းမှတ်ရင်းနဲ့ ကွယ်လွန်သွားရင် အမောဟဉာဏ်ပညာနဲ့ သေတာဖြစ်တယ်၊ ဟေတုပစ္စည်းက ကျေးဇူးပြုလိုက်တော့ မြင့်မြတ်ရာ ဘုံဘဝရောက်သွား ပါတယ်။

"အမောဟနှင့်သေ၊ ထိုသူတွေ၊ ရောက်လေနိဗ္ဗာန်ပြည်"

အမောဟဆိုတာ ပညာ၊ ပညာဉာဏ်နဲ့သေသွားရင် အမြတ်ဆုံးအထွတ်အထိပ် အကျိုးကတော့ နိဗ္ဗာန် ပြည်ဖြစ်တယ်၊ လူ့ပြည်လည်း ရောက်နိုင်တယ်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်လည်း ရောက်နိုင်တယ်။

မူလဝိပဿနာလို့ခေါ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်တို့တွင် (က) ရုပ်နဲ့နာမ် ကို ခွဲခြား သိခြင်း၊ (ခ) ရုပ်နာမ်တို့၏ အကြောင်းနှင့်အကျိုးကို သိရှိခြင်းတို့အပြင် ပညတ်တရားတွေကို ခွါနိုင်သမျှ ခွါထုတ်ရှုမှတ်ခြင်းလည်း ပါဝင်ပါသည်။ ဝိပဿနာတရား ရှုမှတ်နိုင်မှုတွင် ဣန္ဒြေ (၅)ပါး (သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာ)တိုးတက်လာမှုကြောင့် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ အမှတ်သညာများ လျော့ပါး ရှုမှတ်လာနိုင်သည့်အပြင် ခေါင်း၊ ခြေ၊ လက် စသည်ပညတ်အမည်များ မှတ်ရှုရာတွင် လျော့ပါးလာပြီး (ပညတ်တရားများ ကွာလာပြီး) ရုပ်နာမ်သဘောလေးများသာဖြစ်သော ရုပ်သဘော၊ နာမ်သဘောများကိုသာ ရှုမှတ်ရာတွင် တွေ့ရှိရလေသည်။ ပညတ်တရားများကို ခွါနိုင်သမျှ ခွါအောင် ဝီရိယတင်၍ စိတ်ညွှတ်ပြီး ကြိုးစားရှုမှတ်ရန်လည်း အရေးကြီးပါသည်။

"ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိပုဂ္ဂိုလ်"

# (၁) ဟေတု ပစ္စယောတိ

ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။

**ဟေတုပစ္စည်း**။ ။(၁) ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန်တရား တို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။
(၂) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမော တို့၏ ရုပ်၊ နာမ်ခန္ဓာ တို့အား အမြစ်မူလကိစ္စဖြင့် ကျေးဇူးပြုမှုကို "ဟေတုပစ္စည်း" ဆိုသတည်း။

| စဉ် | ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိများ |
|---|---|---|---|
| ၁ | နာမ် | နာမ် + ရုပ် | ဟေတု |

**(ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက)**

| | | | |
|---|---|---|---|
| ဟေတူ | ဟေတုသမ္ပယုတ္တာနံ ဓမ္မာနံ တံ သမုဋ္ဌာနနဉ္စ ရူပါနံ | ဟေတုပစ္စယေန | ပစ္စယော |
| နိဒါန်း | ဟေတုပစ္စယောတိ | ဟေတုပစ္စည်းဆိုသည်မှာ | |
| အကြောင်း | ဟေတူ | လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော | |
| | | ဟိတ် ၆ ပါးတို့သည် | |
| အကျိုး | ဟေတုသမ္ပယုတ္တာနံ | ထိုဟိတ် ၆ ပါးတို့နှင့် ယှဉ်ကြကုန်သော | |
| | ဓမ္မာနဉ္စ | စိတ် စေတသိက်တရားတို့အားရင်း | |
| | တံ သမုဋ္ဌာနာနံ | ထိုစိတ် စေတသိက်တို့ကြောင့် ဖြစ်ကြကုန်သော | |
| | ရူပါနဉ္စ | စိတ္တဇရုပ်၊ ပဋိသန္ဓေကံကြောင့် ဖြစ်သောရုပ်တို့ (ကမ္မဇရုပ်တို့)အားရင်း | |
| အကြောင်းသတ္တိ | ဟေတုပစ္စယေန | ခိုင်မြဲသော သတ္တိဖြင့် | |
| နိဂုံး | ပစ္စယော | အကျိုးပြုသည် | |
| | ဟောတိ | ဖြစ်၏ | |

## (၁) ဟေတုပစ္စယော

လောဘ၊ဒေါသ၊မောဟ၊အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ် (၆)ပါး (နာမ်တရား) တို့သည် ပဋိသန္ဓေစိတ်ကလေးမှာဘဲ ကမ္မဇရုပ်နဲ့အတူ ဟေတုပစ္စည်းအဖြစ်နဲ့ကျေးဇူးပြုကြပါသည်။ ပဋိသန္ဓေကာလမှ စ၍ ဟိတ် (၆)ပါးတရာများ အကျိုးပြုပြီးဖြစ်သည်။ ထို့နောက် ပဝတ္တကာလနှင့် မရဏစိတ်အထိ ဖြစ်ပျက် ဖြစ်-ပျက်နှင့်ဝင်းပါဝင်နေကြရပါသည်။ ပဝတ္တိကာလမှာ ဟိတ်(၆)ပါးက ကမ္မဇရုပ်ကို အကျိုးမပေးနိုင်တော့ပါ။

ပဝတ္တိကာလမှာ ဟိတ်(၆)ပါးတရားက စိတ္တဇရုပ်ကိုဘဲ အကျိုးပြုပါတယ်။ လောဘစိတ်နဲ့ လောဘ စိတ္တဇရုပ်ဖြစ်ပါသည်။

( သဘောကတော့ - လူမှာ ရုပ်နာမ်တွေဘဲရှိသည်၊ ရုပ်နာမ်တို့၏ အကြောင်းအကျိုးဘဲရှိသည်။ ရုပ်နာမ်တို့၏ ဖြစ်-ပျက် ဘဲရှိသည်။ ငါ-သူ ဆိုတာမရှိတော့ပါ၊ ငါလုပ်တာမဟုတ်၊ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ- ဟိတ်(၆)ပါး တို့ကသာ လုပ်နေရခြင်းဖြစ်သည်။

ငါမရှိရင် ဘယ်သူကလုပ်သလဲ - ဟိတ်(၆)ပါးက ခေါင်းဆောင်တာဖြစ်သည်။
ငါ၏အလိုမဟုတ် - ဟိတ် (၆)ပါး၏ အလိုကိုသာဖြစ်သည်။
ငါမရှိရင် ဘယ်သူကလုပ်သလဲ - ပဋ္ဌာန်းတရား (၂၄)ပါးတို့၏ အကြောင်းအကျိုးသာ ဖြစ်ပါသည်။
- ရုပ်နာမ်တို့၏သဘောနှင့်အကြောင်းအကျိုး၊ ဖြစ်ပျက်တို့သာ ဖြစ်နေကြပါသည်။
ငါ့ပစ္စည်းလား ငါ့ဥစ္စာလား - ရုပ်နာမ်တို့သာဖြစ်ကြ၍ ဖြစ်ပြီး-ပျက်သွားပါသည်။
- သေရင် ဘာမှ (ဘာရုပ်နာမ်မှ မပါ) မပါတော့ပါ။

ပဋိသန္ဓေစိတ် = ဘဝင်စိတ် = စုတိစိတ်တို့ဟာ အတူတူပါဘဲ၊ ဒီ ဟိတ်(၂)ပါး (ဒွိဟိတ်ပုဂ္ဂိုလ်) သို့မဟုတ် ဟိတ် (၃)ပါး (တိဟိတ်ပုဂ္ဂိုလ်)မှာ ဖြစ်လိုက် ပျက်လိုက် တစ်ဘဝလုံး ဖြစ်နေတာပါ။ မွေးသည်မှ သေဆုံးသည်အထိပါ။

ဝိညာဉ်စိတ်၊ မနောဝိညာဉ်စိတ်တို့က ဝီထိစိတ်တွေဖြစ်ပါတယ်။ အာရုံ (၆)ပါး၊ အကြည်ဓါတ် (၆)ပါး နဲ့ အပွင့်ဓါတ် (၆)ပါးတို့ကို ဖြစ်စေတာပါ။ အဲ့ဒီအချိန်မှာ ဟိတ်(၆)ပါးက စိတ္တဇရုပ်ကိုသာ အသီးသီး ဖြစ်စေပါတယ်။ (အဟိတ်တိရစ္ဆာန်နဲ့ တိဟိတ်ပုဂ္ဂိုလ်တို့ရဲ့ စိတ်အခြေနေကို ယှဉ်ကြည့်ပါ။)

**ကုသိုလ်စိတ်မှာ**

(၁) နာမ်နာမ်ချင်းတူတာ ကျေးဇူးပြုသည်။ (အလောဘ၊ အဒေါသ၊ အမောဟက သူနဲ့ ယှဉ်တဲ့စိတ်စေတသိက်နာမ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။)
(၂) နာမ်ကရုပ်ကို ကျေးဇူးပြုသည်။ (ကုသိုလ်ဟိတ်က သူ့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။)
(၃) နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုသည်။ (ကုသိုလ်ဟိတ်က သူနဲ့ယှဉ်တဲ့ စိတ်+စေတသိက်+စိတ္တဇရုပ်တွေကိုပေါင်းပြီး ကျေးဇူးပြုခြင်းဖြစ်သည်။)

**အကုသိုလ်ဟိတ်မှာလဲ -**

အကုသိုလ်ဟိတ်က သူနဲ့ယှဉ်တဲ့ စိတ်-စေတသိက်+စိတ္တဇရုပ်တွေကိုပေါင်းပြီး ကျေးဇူး ပြုခြင်း ဖြစ်ပါ သည်။

ကုသိုလ်ဟိတ် (၃)ပါးကရင်း၊ အကုသိုလ်ဟိတ် (၃)ပါးကရင်း ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။

ဝိပါက်အဗျာကတမှာ ဒွိဟိတ်ပုဂ္ဂိုလ်က အလောဘဟိတ်၊ အဒေါသဟိတ်နဲ့ ပဋိသန္ဓေနေပါတယ်။

တိဟိတ်ပဋိသန္ဓေ လူတိဟိတ်ပုဂ္ဂိုလ်က အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်(၃)ပါးနဲ့ ပဋိသန္ဓေ နေပါတယ်။

ပဋိသန္ဓေနာမ်နဲ့ ကမ္မဇရုပ်ဟာ လူမှာ တန်ဘိုးအကြီးဆုံးမဏ္ဍိုင်ပါပဲ။ လူသတ္တဝါလို့ အသိမှတ်ပြုပြီး အယုတ်၊ အလတ်၊ အမြတ်လို့ ခွဲရတာက ပဋိသန္ဓေကစပြီး ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ယခုထိ မသေမချင်း ဖြစ်နေတာပါ။

အကြောင်းတရား၊ ပစ္စည်းတရား - အကျိုးတရား ပစ္စယုပ္ပန်တရား ဟိတ်(၆)ပါးနဲ့ ယှဉ်တဲ့စိတ် (၇၁)ပါး၊ စေတသိက် (၅၂)ပါး၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်။

ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့သန္တာန်၊ သောတာပန်-သကဒါဂါမ်ပုဂ္ဂိုလ်ရဲ့သန္တာန်တွေမှာတော့ ဟိတ်(၆)ပါးလုံး ဖြစ်နေတာပါပဲ။

ဒီဟိတ် (၆)ပါးလုံးဟာ တရားနာပရိတ်သတ်တွေရဲ့ သန္တာန်မှာရှိနေကြတယ်၊ ကောင်းတဲ့ဟိတ်၊ မကောင်းတဲ့ဟိတ်တို့သည် သူတို့အချင်းချင်းအပြိုင်ပဲ ဖြစ်နေကြတယ်။

လောဘ၊ ဒေါသ၊ မောဟ (ဟိတ်တရား)တွေက တရားနာပရိတ်သတ်များရဲ့ သန္တာန်မှာ အကုသိုလ်တွေဖြစ်အောင် ကျေးဇူးပြုကြတယ်။

(၁) ပါဏာတိပါတ၊ (၂) အဒိန္နာဒါန၊ (၃) ကာမေသုမိစ္ဆာစာရ၊ (၄) မုသာဝါဒ၊ (၅) ပိသုဏဝါစာ၊ (၆) ဖရုသဝါစာ၊ (၇) သမ္ဖပ္ပလာပ၊ (၈) အဘိဇ္ဈာ၊ (၉) ဗျာပါဒ၊ (၁၀) မိစ္ဆာဒိဋ္ဌိ။
အလောဘနှင့်သေပါက နတ်ပြည်ရောက်၏။ လောဘနှင့်သေပါက ပြိတ္တာဖြစ်၏။
အဒေါသနှင့်သေပါက လူ/နတ်ဖြစ်၏။ ဒေါသနှင့်သေပါက ငရဲပြည်ရောက်၏။
အမောဟနှင့်သေပါက နိဗ္ဗာန်ရောက်၏။ မောဟနှင့်သေပါက တိရစ္ဆာန်ဖြစ်၏။

အလောဘသည် ကျန်းမာခြင်း၏အကြောင်းဖြစ်၏။ လောဘက မကျန်းမာခြင်း၏ အကြောင်းဖြစ်၏။

အဒေါသသည် အရွယ်တင်ခြင်း၏အကြောင်းဖြစ်၏။ဒေါသကအရွယ်အိုလွယ်ခြင်း ၏ အကြောင်းဖြစ်၏။

အမောဟသည် အသက်ရှည်ခြင်း၏ အကြောင်းဖြစ်၏။ မောဟကအသက်တိုကြောင်း ဘဲဖြစ်၏။

အလောဘက စည်းစိမ်ဥစ္စာရတနာပေါ၏။လောဘကရှားပါးခြင်း၏ အကြောင်းဖြစ်၏။
အဒေါသက မေတ္တာ-မိတ်ဆွေ ပေါ၏။ ဒေါသက မိတ်ဆွေပျက်ကြောင်းဖြစ်၏။
အမောဟက မိမိကိုယ်ကို ပြည့်စုံစေ၏။ မောဟက ဆုတ်ယုတ်စေ၏။

အလောဘက ကာမသုခလ္လိကာနုယောဂကို ရှောင်ကြဉ်နိုင်၏။ လောဘရှိရင် ကာမသုခလ္လိကာ ကျင့်သည်။

အဒေါသက အတ္တကိလမထအကျင့်ကို ရှောင်ကြဉ်နိုင်၏။ ဒေါသရှိရင် အတ္တ ကိလမထ ကျင့်သည်။

အမောဟက မဖ္လိမပဋိပဒါအကျင့်ကို ကျင့်နိုင်၏။ မောဟရှိရင် ဘာအကျင့်မှ မကျင့်နိုင်။

ဟေတုပစ္စည်းကတော့ ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်ကာလမှာပင် ကျေးဇူးပြုတယ်။ နောက်ဘဝများမှာဖြစ်ခြင်း သည် အကျိုးဆက်မျှသာ ဖြစ်ပေသည်။

ဟေတုပစ္စည်းက တိုက်ရိုက်အကျိုးပြုတာမဟုတ်ပါ။ အရေးကြီးတာက အလောဘ၊ အဒေါသ၊ အမော ဟတွေ စိတ်ထဲဖြစ်နေရင် လောဘ၊ ဒေါသ၊ မောဟတရားတွေ စိတ်ထဲမဖြစ်ပါ။ ဒါကြောင့် အလောဘ၊ အဒေါသ၊ အမောဟ တရားတွေ စိတ်ထဲအမြဲဖြစ်အောင် ပြုလုပ်နေရပါမယ်။

ပုရိမာနံ = ရှေးရှေး၌ ဖြစ်ကြကုန်သော
ဒွိန်နံ = နှစ်ပါးကုန်သော အလောဘ (ဒါန)၊ အဒေါသ(သီလ)တို့၏
အာနုဘာဝေန = အစွမ်းအာနုဘော်ကြောင့်
ပုရိမာနိ = ရှေး၌ဖြစ်ကြကုန်သော
ဒွေ = နှစ်ပါးကုန်သော
သတိပဋ္ဌာနနိ = ကာယနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် တို့သည်၊
ဣဇ္ဈန္တိ = ပြည့်စုံကြကုန်၏။

အလောဘ၊ အဒေါသ ရှိနေတဲ့ပုဂ္ဂိုလ်တွေ အဲ့ဒီသတိပဋ္ဌာန်တရား (၂)ပါးကို အဓိကထားပြီးတော့ ပွားများဘို့ရာဖြစ်တယ်။

မိမိဟာ ကာယနုပဿနာ သတိပဋ္ဌာန်ပွားများအားထုတ်လို့ရှိရင် ပိုပြီးတော့ ထင်ရှားတယ်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ပွားများအားထုတ်လို့ရှိရင် ပိုပြီးတော့ ထင်ရှားတယ် ဆိုရင်တော့ မိမိတို့သန္တာန်မှာ အလောဘဟိတ်၊ အဒေါသဟိတ်တွေ (၂)ပါးနဲ့ ပြည့်စုံနေလို့ပါဘဲ။

ပစ္ဆိမဿ = နောက်ဆုံးဖြစ်သော အမောဟဟိတ်၏။
အနုဘာဝေ = အစွမ်းအာနုဘော်ကြောင့်
ပစ္ဆိမာနိ = နောက်၌ဖြစ်ကြကုန်သော
ဒွေ = နှစ်ပါးကုန်သော
သတိပဋ္ဌာနာနိ = စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် တို့သည်
ဣဇ္ဈန္တိ = ပြည့်စုံကြကုန်၏။

အမောဟဟိတ်အစွမ်းကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် တို့ ပြည့်စုံ နိုင်ကြ၏။ အမောဟဓါတ်ခံပါတဲ့ ပညာဓါတ်ခံပါတဲ့ပုဂ္ဂိုလ်များ - စိတ္တာနုပဿနာ ပွားလို့ အထူးပဲ ကောင်းနေ တတ်ပါသည်။ ဓမ္မာနုပဿနာပွားလို့ အထူးပဲ ကောင်းနေတတ်ပါသည်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပွားများလို့ အထူးပဲကောင်းနေရင် ဒီပုဂ္ဂိုလ် ဟာ အမောဟ = ပညာဉာဏ်အခြေခံပါလာတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ ဆုံးဖြတ်လို့ရပါသည်။

ဒါပေမယ့်လည်း အမြဲတမ်းတော့ အလျှဒါနတွေ မပြုလုပ်နိုင်ပါ။ အမြဲတမ်းကင်းသွားဘို့ ဆိုတာတော့ သတိပဋ္ဌာန် ဝိပဿနာတရားတွေ အားထုတ်ရပါမယ်။

ဝိပဿနာတရားအားထုတ်မှ မှတ်ချက်တိုင်းမှာ ဖေါင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် မှတ်နေတဲ့အခိုက်အတန့်မှာ လောဘ၊ ဒေါသ၊ မောဟတို့ ဖြစ်ခွင့်မရပါ။ မှတ်ချက်တိုင်းမှာ (မှတ်နေလို့ရှိရင်) အလောဘ၊ အဒေါသ၊ အမောဟ တရားတွေကို တိုးတက်စေတယ်။ ဝိပဿနာတရား ရှုမှတ်နေရတာ မှတ်ချက်တိုင်းမှာ ကောင်းကျိုးတွေရနေပါတယ်။

ဖောင်းတယ်၊ ပိန်တယ် မှတ်နေတဲ့အခါ ဖောင်းတာက ရုပ်တရား၊ မှတ်သိနေတာက နာမ်တရားလို့ အမှန်အတိုင်း သိနေရပါတယ်။ မတွေမဝေသိနေတော့ အမောဟပဲဖြစ်တယ်။

| | |
|---|---|
| အနိစ္စဒဿနေန | = အနိစ္စကိုမြင်ခြင်းဖြင့် |
| အလောဘော | = အလောဘသည် |
| ဟောတိ | = ဖြစ်၏ |
| ဒုက္ခဒဿနေန | = ဒုက္ခကိုမြင်ခြင်းဖြင့် |
| အဒေါသော | = အဒေါသသည် |
| ဟောတိ | = ဖြစ်၏ |
| အနတ္တဒဿနေန | = အနတ္တကို မြင်ခြင်းဖြင့် |
| အမေဟော | = အမောသည် (ဝါ) မတွေဝေခြင်းသည် (ဝါ) ဉာဏ်ပညာသည် |
| ဟောတိ | = ဖြစ်၏။ |

ဝိပဿနာရှုတဲ့အခါ ဝိပဿနာစစ်ဖြစ်ဘို့ရာ အနိစ္စ-ဒုက္ခ-အနတ္တ မြင်အောင် ရှုရမှာဖြစ်ပါတယ်။

ခေါင်း၊ ကိုယ်၊ ခြေလက်ပုံသဏ္ဍာန် သဏ္ဍာနပညတ်များကို ခွါထား၍ အထူးထူး အပြားပြားအားဖြင့် ရှုတတ်၏။ ထိုသို့ ပညတ်ကို ခွါ၍ အထူးထူးအပြားပြား ရှုရတဲ့အတွက်ကြောင့် ဝိပဿနာမည်၏။

* * * * * * * * * * *

## ဝိပဿနာတရား ရှုမှတ်ရာတွင် အောက်ပါအတိုင်း ထင်ရှားလှပါသည်။

(၁) အာရမ္မဏပစ္စည်းသည်ခန္ဓာငါးပါးတွင် အာရုံ(ရုပ်)တရားအကြောင်းကြောင့် ပဉ္စဝိညာဉ် (နာမ်) တရားကို ပစ္စုပ္ပန်ရှိနေဆဲမှာပင် အကျိုးပြုပေသည်။

ဆက်လက်၍ အာရုံ(ရုပ်)တရားငါးပါးသည်မနောဓါတ်ကိုရှိနေဆဲမှာအကျိုးပြုပေသည်။

ဆက်လက်၍ အာရုံ (ရုပ်)တရားခြောက်ပါးသည် ကြံသိစိတ်ကို အကျိုးပြုပေသည်။

(၂) အနန္တရပစ္စည်းသည် ခန္တာငါးပါးတွင် ပဉ္စဝိညာဉ် (နာမ်)တရားသည် ချုပ်ပျက်ပြီး အခြားမရှိဘဲ မနော ဓါတ်ကို အကျိုးပြုစေခြင်း။ မနောဓါတ်ချုပ်ပျက်ပြီး အခြားမရှိဘဲ ကြံသိစိတ်ကို အကျိုးပြုပေသည်။

(၃) အာရုံ (၅)ပါးသည် ဒွါရ (၅)ပါးသို့ ကျရောက်ပြီး တပြိုင်နက် ပဉ္စဝိညာဏ် မနောဓါတ် မနောဝိညာဏ် ကြံသိစိတ်တို့ကို ဝီထိ (၁၇)ချက်အထိ ဖြစ်ပေါ်စေပါသည်။

(၄) အာရမ္မဏပစ္စည်းကဲ့သို့ ပစ္စုပ္ပန်ရှိနေဆဲတွင် အကျိုးပြုပေးသော ပဋ္ဌာန်းပစ္စည်း (၁၂)ခု ဖြစ်ကြောင်းနှင့် အနန္တရပစ္စည်းကဲ့သို့ ချုပ်ပျက်ပြီး အခြားမရှိဘဲ အကျိုးပြုပေးသော ပဋ္ဌာန်း ပစ္စည်းမှာလည်း (၁၂)ခုရှိကြောင်း တွေ့ရှိရပါသည်။

(၅) ဇော (၇)ချက်တွင် ကုသိုလ်/အကုသိုလ်/အဗျာကတတို့ ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါသည်။ ဇော (၇)ချက်မှာ လျှင်မြန်လှသောနာမ်တရားများဖြစ်၍ဇော(၇)ချက်တဒါရုံ (၂) ချက်ပြီးမှ ဝိပဿနာ ရှုမှတ်နိုင်ရန် ဖြစ်ပါသည်။ ဝိပဿနာရှုမှတ်ပြီး ကုသိုလ်တရားတို့ဖြင့် နိဗ္ဗာန်သို့ ရောက်ရှိရန် ဖြစ်ပါသည်။

(၆) အာရုံ (၆)ပါးက အတိုက်ဓါတ်၊ အကြည်ဓါတ်(၆)ဖြာက အခံဓါတ်၊ လာတိုက်တဲ့ အခိုက်အတန့်မှာ သာလျှင် (ပစ္စုပ္ပန်ဖြစ်ဆဲခဏမျှသာလျှင်/ဒိဋ္ဌေ ဒိဋ္ဌမတ္တခဏမှာသာလျှင်) မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိဆိုတဲ့ ဝိညာဏ် (၆)ပါး (အပွင့်ဓါတ်-၆ပါး) ဖြစ်ပေါ်လာပါတယ်။ အဲ့ဒီဝိညာဏ်-၆ပါးက အကျိုး ပစ္စယုပ္ပန်တရားဖြစ်ပါတယ်။

(က) အဲ့ဒီမိမိသန္တာန်မှာ အပွင့်ဓါတ်တွေ ဖြစ်နေဆဲအခိုက်အတန့်မှာ ဝိပဿနာတရား ရှုမှတ်ရမှာ ဖြစ်ပါတယ်။

အဲ့ဒီအပွင့်ဓါတ်တွေ ဖြစ်နေဆဲမှာ ဝိပဿနာတရား ရှုမှတ်နိုင်ရင် ကုသိုလ်ဖြစ်ပါတယ်။

ဝိပဿနာတရား မရှုမှတ်ရင်/မရှုမှတ်နိုင်ရင် အကုသိုလ်ဖြစ်ပါတယ်။

(ခ) အထက်ပါ (က)မှာကဲ့သို့မဟုတ်ဘဲ ဝိညာဏ် (၆)ပါးဖြစ်ပေါ်လာတဲ့အခါ/ အပွင့်ဓါတ်တွေဖြစ်နေဆဲ အခိုက်အတန့်မှာ (ယောနိ သောမန သိကာရ) နှလုံးသွင်းနိုင်တယ်ဆိုလို့ ရှိရင်၊ ကုသိုလ် ဖြစ်ပါတယ်။

အဲ့ဒီနှလုံးမသွင်းနိုင်ရင်(အယောနိ သောမနသိကာရ)တော့အကုသိုလ်ဖြစ်ပါတယ်။

(ဂ) နှလုံးသွင်းတတ်၊ ရှုမှတ်တတ်ဖို့က အားထုတ်ကြိုးစားအပ်သော လုံ့လဝီရိယ (အာရဒ္ဓ ဝီရိယော ဝိဟာရတိ)ရှိရမှာဖြစ်ပါတယ်။

## (၇) နှလုံးမသွင်း (သို့မဟုတ်) မရှုမှတ်ရင် လောဘ၊ ဒေါသ အကုသိုလ်ဖြစ်ပုံ

(က) ဣဋ္ဌာရုံ-၆ဖြာက အကြည်ဓါတ်-၆ဖြာမှာ လာတိုက်လို့ကောင်းမွန်သာယာတဲ့ အပွင့်ဓါတ်တွေ ဖြစ်ပြီး နှလုံးမသွင်းတတ်ရင် အလွန် နှစ်သက်သာယာစွဲလန်းတဲ့ လောဘတွေ ဖြစ်ပါတယ်။ လောဘဆိုတာ အကုသိုလ်တွေပါ။

(ခ) အနိဋ္ဌာရုံ-၆ဖြာက အကြည်ဓါတ်-၆ဖြာမှာ လာတိုက်လို့ ဆိုးတဲ့ မနှစ်သက်စရာ အပွင့်ဓါတ် တွေဖြစ်ပြီး နှလုံးမသွင်းတတ်ရင် စိတ်မကြည်မသာ စိတ်ဆိုး၊ စိတ်ကောက်တဲ့ ဒေါမနဿ၊ ဒေါသတွေ ဖြစ်ပါတယ်။ ဒေါသဆိုတာ အကုသိုလ်တွေပါ။

(ဂ) ဣဋ္ဌာရုံတွေ အနိဋ္ဌာရုံတွေက သိပ်ပြင်းထန်လာတဲ့အခါ ကြမ်းတမ်းလာတဲ့အခါ သိပ်စွဲလန်း နှစ်သက်မှု၊ သိပ်စိတ်ဆိုးဒေါသတွေကို နှလုံးမသွင်းနိုင်တော့ပါ။

ဘာနဲ့ နိုင်အောင် ကုစားရမလဲဆိုတော့ ဝိပဿနာ ရှုမှတ်မှုနဲ့ ကုစားရပါတယ်။ ရှုမှတ်မှုကတော့ အနိုင်ဆုံးပါပဲ။ ရှုမှတ်မှုလေး ဖြစ်သွားတာနဲ့ ဒီ လောဘ၊ ဒေါသ၊ ဒေါမန ဿတွေ ဖြစ်ခွင့်မရတော့ပါ။

(ဃ) ဝိညာဏ်-၆ပါးဖြစ်ခိုက်မှာ (၁) နှလုံးသွင်းမှုဖြစ်ရင်လည်း ကုသိုလ်ဖြစ်ပါတယ်။ (၂) ဝိပဿနာ ရှုမှတ်နိုင်မယ်ဆိုရင်လည်း ကုသိုလ်ဖြစ်ပါတယ်။ (၃) နှလုံးမသွင်းနိုင်ဘူး၊ ဝိပဿနာလည်း မရှုနိုင်ဘူးဆိုရင်တော့ အကုသိုလ်ဖြစ်မှာပါ။ ကုသိုလ်တွေ အကုသိုလ်တွေက ဒီဒွါရကဘဲ ဖြစ်နေရပါတယ်။

(င) ကိုယ့်ကိုယ်သည်သာ အားကိုးရာအစစ်ဖြစ်ပါတယ်။

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ တည်းဟူသော သတိပဋ္ဌာန်တရား (၄)ပါးပွားများ နေတာဟာ ကိုယ့်ကိုယ်ကို အားကိုးနေတာဖြစ်တယ်။

အကုသိုလ်တွေဆိုတာ ရန်သူတွေ၊ ကုသိုလ်ဆိုတာ မိတ်ဆွေတွေ၊ ဆွေမျိုးမိဘ တွေပဲဖြစ်ပါတယ်။

အကုသိုလ်ကိုပါယ်နိုင်ဖို့ရာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတွေ ပွားများရပါတယ်။ အားကိုးရာအစစ်ဖြစ်ပါတယ်။

(စ) ဒွါရ-၆ပါးက မိမိသန္တာန်မှာ မြို့နယ်မြေနဲ့တူတဲ့ အတွင်း အဇ္ဈတ္တိကာယတန (၆)ပါး။

- အပြင်အာရုံ(၆)ပါးက သူခိုး၊ သူပုန်၊ ဓါးပြတွေနဲ့တူတဲ့ ဗာဟိရာယတန (၆)ပါး။

- အပွင့်ဓါတ် ဝိညာဏဓါတ်တွေကို စောင့်တဲ့ အစောင့်စစ်သားတွေနဲ့တူတဲ့ သတိ ပဋ္ဌာန်တရား (၄)ပါးတို့ရှိနေပါသည်။

စင်စစ်တော့ အာရုံ (၆)ပါးက တကယ်လုယက်ဖျက်ဆီးနိုင်တာမဟုတ်ပါ။ အာရုံ (၆)ပါးကြောင့် မိမိသဏ္ဍာန်မှာဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေက ကုသိုလ်တွေကို ဖျက်ဆီး လိုက်တာ ဖြစ်ပါ တယ်။

ဤကဲ့သို့ အာရုံ(၆)ပါးက အကြည်ဓါတ် (၆)ဖြာမှာ လာတိုက်တဲ့အခါ သတိပဋ္ဌာန် တရား (၄)ပါးဖြင့် မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ ကြံစည်တယ်ဟု အပွင့် ဓါတ်(၆)ပါးတို့ကို ပေါ်ရာရှုမှတ်နိုင်၍ ဒွါရ(၆)ပါးလုံး လုံခြုံသွားသောအခါ မိမိတို့အလိုရှိအပ် တောင့်တအပ်သော ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သည့် နိဗ္ဗာန်ချမ်းသာသို့ ဆိုက်ရောက် သွားကြမည်ဖြစ်ပါသည်။

# "ရုပ်နှင့်နာမ် နိယာမများ"

## သဟဇာတပစ္စည်းနဲ့ ဝိပဿနာရှုနည်းမှ-

## စာ-၃၆၄ သဒ္ဓမ္မဇောတိကပဋ္ဌာန်း

(၁) နာမ်ရုပ်က နာမ်ရုပ်ကိုကျေးဇူးပြုသည်။

(၂) နာမ်ကနာမ်ချင်း၊ ရုပ်ကရုပ်ချင်း၊ နာမ်ရုပ်ကနာမ်ရုပ်၊ နာမ်ကရုပ်၊ ရုပ်ကရုပ်လို့ ခွဲခြားပြီး တွေ့ရ ပါတယ်။

(၃) နာမ်တရားဟာ စိတ်တစ်ခုထဲ မဖြစ်နိုင်ပါ။ စိတ်ဖြစ်ရင် စေတသိတ်ကလည်း ဖြစ်ရပါတယ်။

(၄) ဝေဒနာ၊ သညာ၊ သင်္ခါရဆိုတဲ့ စေတသိတ်နဲ့ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ဟာ တပြိုက်နက် သဟဇာတ ဖြစ်ရပါတယ်။

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော"

(၅) "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ"

(၆) ပြဟ္မာကြီးတွေကလဲ။ နာမ်တရားထဲမှာ စေတသိတ်ဆိုတဲ့ ဝေဒနာ သညာ၊ သင်္ခါရ တွေကိုမြင်တာမဟုတ်လို့ နာမ်တရားဟာ မြဲတယ်လို့ ထင်နေကြတာပါ။

(၇) ပြဟ္မာကြီးတွေက ရုပ်ရှိတာတော့ သိတယ်၊ ရုပ်ဖြစ်ခြင်းအကြောင်းကိုတော့ မသိပါ။ ဓါတ်လေးပါးဟာ အရူပဘုံကလွဲလို့ ဘယ်မှာမဆို ရှိတယ်။

(၈) ရုပ်တစ်ခုထဲ ဖြစ်တာမဟုတ်၊ မဟာဘုတ်လေးပါးက တပြိုင်နက်ဖြစ်ပါတယ်။ ရုပ်တရားတွေဟာ မဟာဘုတ်တစ်ပါးကို စွဲပြီး ၃ပါးက ဖြစ်တယ်။ မဟာဘုတ် ၃ပါးစွဲပြီး တပါးကဖြစ်တယ်။ မဟာဘုတ် ၂ပါးစွဲပြီး ၂ပါးက ဖြစ်တယ်။ ရုပ်မှာလည်း သဟဇာတ အတူ တကွ ဖြစ်နေတာပါ။

"စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော"

(၉) ဩက္ကန္တိက္ခဏေ = ပဋိသန္ဓေ ခဏ၌

နာမရူပံ = နာမ်နှင့် ရုပ်တို့သည်

အညမညံ သဟဇာတ ပစ္စယေန= အချင်းချင်းအား အတူတကွ ဖြစ်ခြင်း သတ္တိဖြင့်

ပစ္စယောဟောတိ = အကျိုးပြုသည် ဖြစ်၏။

(၁၀) သဿတဒိဋ္ဌိ ဖြစ်တယ်ဆိုတာက ပဋိသန္ဓေခန်းမှာ ဒိဋ္ဌိဖြစ်ကြတာပါ။

(၁၁)ပြဟ္မာတွေကလည်း သဿတဒိဋ္ဌိ အယူရှိပြီး၊ ပဋိသန္ဓေခန်းကို မသိလို့ တစ်ဘဝပြီး တစ်ဘဝကို မြင်နေကြပါတယ်။

ဥစ္ဆေဒဒိဋ္ဌိသမားတွေကလည်း ပဋိသန္ဓေခန်းကို မမြင်လို့ ဘဝပြတ်တယ်လို့ ထင်နေကြ ပါတယ်။

(၁၂) ပဋိသန္ဓေအခိုက်မှာ ဘဝဖြစ်တယ်ဆိုတာ နာမ်နဲ့ရုပ်ဟာ တပြိုင်နက်ဖြစ်တယ်။ ပဋိသန္ဓေ ဝိညာဉ်နဲ့ ဟဒယဝတ္ထုရုပ်နဲ့ တပြိုင်နဲ့ သဟဇာတဖြစ်လို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပါတယ်။

နာမ်ကိုမှီပြီး ရုပ်ကဖြစ်တယ်။ ရုပ်ကိုမှီပြီး နာမ်ကဖြစ်တယ်လို့ ပဋိသန္ဓေအချိန်မှာ ဖြစ်ပါတယ်။

(၁၃) ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ ကမ္မဇရုပ်ဟာစပြီးဖြစ်တယ် ကမ္မဇရုပ်ရှိတာက လည်း မြဲနေသလားဆိုတာ မမြဲပါ။ ရုပ်မှာ စိတ္တခဏ (၁၇)ချက်ဘဲ အသက်ရှိပြီး ပျက်ပါတယ်။ ကမ္မဇရုပ်ဟာ ခဏတိုင်း ခဏတိုင်းမှာ ဥပါဒ်ခဏမှာ ဌီခဏမှာ၊ ဘင်ခဏမှာဖြစ်တယ်။ စိတ္တ ခဏ ၃-ကြိမ်မှာ ကမ္မဇရုပ်က ၃ခါဖြစ်ပါတယ်။

ကမ္မဇရုပ်တွေဟာ စိတ္တခဏတိုင်း အထပ်ထပ် ဖြစ်နေပေမဲ့ ချုပ်တဲ့အခါကျတော့ ကမ္မဇရုပ်ဟာ (၁၇) ချက် ဖြစ်ပြီးမှ တစ်ခါဘဲ ချုပ်ပါတယ်။

ပဋိသန္ဓေ ဝိညာဉ် = ပဋိသန္ဓေစိတ် = ဘဝင်စိတ် = စုတိစိတ်

(၁၄) နာမ်နဲ့ ရုပ်ဟာ ပဋိသန္ဓေမှာ တပြိုင်နက် ဖြစ်သည်။

- ကမ္မဇရုပ်ကလည်း ခဏတိုင်း ခဏတိုင်း ဖြစ်တာတွေဖြစ်။ ပျက်တာတွေ ပျက်။
- ပဋိသန္ဓေဝိညာဉ်ကလည်း ဥပါဒ်၊ ဌီ၊ ဘင်ဖြစ်ပြီးပျက်။
- ဒီလို အသေးစိတ်၊ အနိစ္စ ရှုခိုင်းတာကို ဉာဏ်ကြီးတဲ့ ဗြဟ္မာကြီးတွေက အလွန်သဘောကျပါတယ်။

(၁၅) ခန္ဓာ ၅ပါးရှိတဲ့ ဘုံမှာ နာမ်နဲ့ရုပ်ဟာ သဟဇာတဖြစ်ပါတယ်။ ပေါင်းလို့ရပါတယ် လို့ နတ်တွေ ဗြဟ္မာတွေကို သိစေတာပါ။

(၁၆) ဟေတုပစ္စည်းနဲ့ အာရမ္မဏပစ္စည်းကို ဟောတဲ့အခါမှာ ဗြဟ္မာတွေမှာက ကာမ ဂုဏ်တွေပါယ်ထားတော့ လောဘ ဒေါသ မောဟကြောင့် နာမ်ရုပ်ဖြစ်နေပုံကို ဗြဟ္မာ အားလုံး က သဘောကျချင်မှ ကျမှာပါ။

နတ်တွေကတော့ နာမ်ရုပ်ဖြစ်ခြင်းရဲ့အကြောင်းက ဟေတုပစ္စယောလို့ လောဘ ဒေါသ မောဟကြောင့်လို့ ဟောတဲ့အခါမှာ သူတို့ဘဝနဲ့ အလွန်ကိုက်ညီသွားလို့ သဘောကျ ကျေနပ်ကြပါတယ်။

အာရမ္မဏပစ္စည်းကို ဗြဟ္မာမှာက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗရုံဆိုတဲ့ အာရုံ ၅ပါး လိုက်စားမှု မရှိဘဲ ပယ်ထားသူတွေဖြစ်တော့ သဘောကျချင်မှ ကျမှာပါ။

နတ်တွေကတော့ အာရုံ ၆ပါးကြောင့် နာမ်ရုပ်ဖြစ်တာကို ကြိုက်ပါတယ်။

(၁၇) ဗြဟ္မာတွေကျတော့ အဓိပတိ ပစ္စယောက ပိုပြီး အံဝင်ခွင်ကျ ဖြစ်ပါတယ်။ နာမ်ရုပ်ဟာ ဆန္ဒကြောင့် ဖြစ်ရတယ်။ ဝီရိယကြောင့် ဖြစ်ရတယ်။ စိတ်ကြောင့် ဖြစ်ရတယ်။ ပညာကြောင့် ဖြစ်ရတယ်ဆိုတော့ ဗြဟ္မာတွေအတွက် ပိုပြီး အံဝင်ခွင်ကျ ဖြစ်သွားပါတယ်။

(၁၈) လူ့ပြည်မှာ ဝိပဿနာရှုတဲ့အခါ

- ဟိတ် ၆ပါးကြောင့် နာမ်ရုပ်ဖြစ်တယ်။
- အာရုံ ၆ပါးကြောင့် နာမ်ရုပ်ဖြစ်တယ်။
- အဓိပတိပစ္စည်း ၄ပါးကြောင့် နာမ်ရုပ်ဖြစ်တယ်။
- နာမ်ရုပ် ဖြစ်ပျက်ကို မြင်အောင်ရှုရမှာ ဖြစ်ပါတယ်။

(၁၉) အနန္တရပစ္စည်းကျတော့ နာမ်ကြောင့် နာမ်ဖြစ်တာပါ။ ရုပ်မပါတော့။ ဗြဟ္မာတွေက သန္တာတိ နာမ်အစဉ်တန်းကြီးကို မြင်သိပြီး သဿတဒိဋ္ဌိ ဖြစ်နေတာပါ။ ဥပါဒ် ဋ္ဌီ ဘင် ဆိုတဲ့ နာမ်တို့ရဲ့ ဖြစ်ပျက်ကို မမြင်နိုင်ပါ။

(၂၀) အကြီးဆုံး အသက်အရှည်ဆုံးဗြဟ္မာကြီး ထာဝရဘုရားဆိုသူကြီးကတော့ အကုန်သိနေတာပါပဲ။ သူက နောက်မှဖြစ်လာတဲ့ ဗြဟ္မာတွေထက် အသက်ပိုရှည်ပါတယ်။ သူမသေခင် သေကြရတယ်။ ဒါကြောင့် သူ့ကိုသူ ထာဝရလို့ ထင်နေတာပါ။

(၂၁) မြတ်စွာဘုရားက "နာမ်တွေဟာ လက်ဖြစ်တတွတ်မှာ ကုဋေတစ်သိန်းလောက်ဖြစ်နေတာ၊ ဒါလောက်မြန်နေတာကို အသင်တို့ မသိနိုင်၊ နာမ်တွေဟာ ဥပါဒ် ဋ္ဌီ ဘင် နဲ့ ဖြစ်ပျက် ဖြစ်ပျက် နေတာပဲ။ ဘယ်တရားမှ မြဲတဲ့တရား မရှိဘူး" အနန္တရ ပစ္စည်းကို ဟောတဲ့အခါကျမှဗြဟ္မာတွေက မမြဲဘူးဆိုတဲ့ အနိစ္စသဘောတရားကို လက်ခံနိုင်မှာပါ။

(၂၂) နာမ်သက်သက် ဝိပဿနာရှုနည်း

ဝေဒနာက္ခန္ဓာ၊ သညာ က္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာနက္ခန္ဓာဆိုတဲ့နာမ်ခန္ဓာလေးပါးက သဟဇာတအတူတကွဖြစ်ပါတယ်။ နာမ်ခန္ဓာ ၄ပါးက ခွဲလို့ မရပါ။

ဝိပဿနာရှုတဲ့အခါ သဟဇာတ နာမ်သက်သက်မှာ၊ စိတ်စေတသိတ်တွေ အများကြီး ရှိပေမဲ့ ဝိပဿနာရှုလို့ရတာက ဝေဒနာ၊ သညာ၊ သင်္ခါရနဲ့ ဝိညာဏ် ဒီ (၄) ခုကိုပဲ ဝိပဿနာရှုလို့ ရပါတယ်။

(၂၃) တရားထိုင်လို့ နာကျင်ကိုက်ခဲ ဒုက္ခဝေဒနာကို သိတဲ့အခါမှာ-

| | |
|---|---|
| - နာတာကျင်တာ ကိုက်တာက | - ဝေဒနာပဲ။ |
| - နာတာကိုသိတာက | - ဝိညာဉ်ပဲ။ |
| - နာတာကိုမှတ်နေတာက | - သညာပဲ။ |

- နာတာကျင်တာကို သိအောင် တိုက်တွန်းပေးနေတာက စေတနာဆိုတဲ့ သင်္ခါရပဲ။

(၂၄) ဒီတော့ ဝေဒနာရှုရင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဆိုတာကို ဘယ်လိုမှ ခွဲလို့မရပါလား ဆိုတာကို သိရပါတယ်။

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော"ပါဘဲ။

(၂၅) မြတ်စွာဘုရားက အမှန်ကတော့ နာမ်ဝိပဿနာ နာမ်ကိုရှုမယ်ဆိုရင် တခြားစေတသိတ် တွေ ရှုစရာမလို၊ နာမက္ခန္ဓာ ၄ပါးမှာ အတူတကွ ဖြစ်ပုံမြင်ရင် ဝေဒနာကလဲ မမြဲပါလား၊ သညာကလဲ မမြဲပါလား၊ သင်္ခါရကလဲ မမြဲပါလား၊ ဝိဉာဉ်ကလဲ မမြဲပါလားလို့ တကဲ့ ပရမတ်ပေါ်မှာ ကိုယ်ခန္ဓာပေါ်မှာ ပေါ်လာတဲ့ နာမ်တရားရဲ့ ဖြစ်ပျက်ကို မြင်လာတာက အနိစ္စမြင်လာတာပါပဲ။

(၂၆) အနိစ္စမြင်လို့ ကြာကြာကြည့်ရင်၊ ဒုက္ခကိုလဲ မြင်လာတာပါပဲ။

ဒုက္ခမြင်ရင်- ဝိပဿနာရှုနေတာ "ငါမဟုတ်ဘူး"

- စေတနာဆိုတဲ့ သင်္ခါရက ခိုင်းနေတာ။
- စေတနာက မှတ်- မှတ်နဲ့ ခိုင်းနေတော့ သညာက မှတ်နေတာ။
- စေတနာက သိ-သိလို့လုပ်တော့ ဝိညာဉ်က သိနေတာ။
- ဝေဒနာက နာတယ် နာတယ်ဆိုတာကလဲ ဝိညာဉ်က သိနေတာ။

ဒီတော့သူတို့ (၄)ခုက ဘတပြန် ကျားတပြန် အကြောင်းအကျိုးဖြစ်နေတယ်။

တစ်ခုက အကြောင်းဆိုရင် ကျန်တဲ့ ၃ခုက အကျိုး၊

(၃)ခုက အကြောင်းဆိုရင် ကျန်တဲ့ ၁ခုက အကျိုး၊

(၂)ခုက အကြောင်းဆိုရင် ကျန်တဲ့ ၂ခုက အကျိုး ဖြစ်ပါတယ်။

(၂၇) နာမ်ခန္ဓာ (၄)ပါး ပေါ်မှာ နာမ်တရားတို့ ဖြစ်ခြင်း အကြောင်းကို တခြားမှာ ရှာနေစရာမလိုပါ။ ဒီနာမ်-နာမ်ချင်းမှာပဲ သူတို့ ပေါင်းမိပြီးတော့မှ-

သိတယ်ဆိုတဲ့ သဘောတရား၊ နာတယ်ဆိုတဲ့ သဘောတရား၊

မှတ်တယ်ဆိုတဲ့ သဘောတရား၊ မှတ်ခိုင်းတဲ့သဘောတရား၊

သူတို့ (၄)ခု အပြန်ပြန်အလှန်လှန် အကြောင်းအကျိုးဖြစ်ပြီး၊ ဖြစ်ပေါ်လာတာပဲ။ ဒီနာမ်တရား ဖြစ်ပေါ်လာတာက ဘယ်ကမှလာတာမဟုတ်ဘူး။

မိုးပေါ်က ကျလာတာလဲ မဟုတ်၊ ဘယ်သူကမှ ဖန်ဆင်းတာလဲ မဟုတ်ဘူးလို့ -

ဒီလိုသိလာတာက "ပစ္စယ ပရိဂ္ဂဟဉာဏ်"ပါ။

" ယထာဘူတ"ဉာဏ်လို့ ခေါ်ပါတယ်။

"ကင်္ခါဝိတရဏဝိသုဒ္ဓိ"လို့လဲ ခေါ်ပါတယ်။

ဒီအဆင့်အထိဟာ "စူဠသောတာပန်"ဖြစ်လို့၊ ဒီအဆင့်ထိမြင်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ ဘယ်လိုမှ လူ့ဘဝကနေ အပါယ်ကို သွားချင်ပါတယ် ဆိုလဲ မရတော့ပါ။ သူ့မှာ ဂတိမြဲသွားပါပြီ။

(၂၈) ရုပ်သက်သက် ဝိပဿနာ (စာ ၃၇၅- သဒ္ဓမ္မဇောတိကပဋ္ဌာန်း)

နာမ်ကို ဝိပဿနာ ရှုရတာ ခက်တယ်ထင်ရင် "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော" ရုပ်သက်သက် ဝိပဿနာ မဟာဘုတ် (၄)ပါးကို ရှုပါ။

(၂၉) ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄ပါး = ရေ-မြေ-လေ-မီး

စိတ်ကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄ပါး = ရေ-မြေ-လေ-မီး

ဥတုကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄ပါး = ရေ-မြေ-လေ-မီး

အာဟာရကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄ပါး = ရေ-မြေ-လေ-မီး ကိုပဲမြင်နေကြတယ်။

တကယ်တော့ ထွက်သက်ဝင်သက် အာနာပါနရှုရင် ဝါယောဓာတ်ကို မှတ်နေတာပါ။

(၃၀) ဒီဝါယောဓါတ်ကို မှတ်နေတဲ့အခါ နှာခေါင်းမှာ ထိ-သိ။ ထွက်ရင် ထွက်တာသိတယ်။ ဝင်ရင် - ဝင်တာသိတယ်။

- ဒီလေမှာ နှာခေါင်းကို တိုက်နိုင်တဲ့အမာဓါတ်ဆိုတဲ့ - ပထဝီရှိပါတယ်။
- ဒီလေမှာ ထွက်သက်ဝင်သက် လှုပ်ရှားနေတဲ့ - ဝါယောရှိပါတယ်။
- ဒီလေမှာ လေလုံးလေးဖြစ်အောင် ဖွဲ့စည်းထားတဲ့ - အာပေါရှိပါတယ်။
- ဒီလေမှာ ထွက်သက်လေ-ဝင်သက်လေ လှုပ်ရှားနိုင်အောင်- တေဇောရှိပါတယ်။

ဒီ ပထဝီ၊ တေဇော၊ အာပေါက စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇဝါယောမှာ ပါပါတယ်။

(၃၁) မဟာဘုတ်လေးပါးက ခွဲလို့မရပါ။ ဘယ်လောက်ပဲ သေးငယ်တဲ့ ဝတ္ထုဖြစ်ဖြစ် မဟာဘုတ်လေးပါးက ရှိနေတာပါ။ ရှိနေတဲ့ မဟာဘုတ် ၄ပါးကို ဖြစ်ပျက်ရှုခိုင်းလို့ရပါတယ်။

(၃၂) မဟာဘုတ်လေးပါး သူတို့ချင်း အပြန်အလှန် ကျေးဇူးပြုပါတယ်။

- တစ်ပါးက အကြောင်းဖြစ်ရင် - ၃ပါးက အကျိုးဖြစ်ပါတယ်။
- ၃ပါးက အကြောင်းဖြစ်ရင် - ၁ပါးက အကျိုးဖြစ်ပါတယ်။
-၂ပါးက အကြောင်းဖြစ်ရင် -၂ပါးက အကျိုး ဖြစ်ပါတယ်။

အကြောင်းကြောင့် အကျိုးဖြစ်လာတာမှာ စိတ္တဇ မဟာဘုတ်က ဖြစ်ပြီးတော့လဲ ပျက်သွားပါတယ်။ ဒီစိတ္တဇ ဝါယော (မဟာဘုတ်)ကို ဝိပဿနာရှုရင်လဲ အနိစ္စမြင်ပါတယ်။

(၃၃) ပဋိသန္ဓေအခါ နာမ်ရုပ် ဝိပဿနာ အမှတ်စဉ် (၉)နဲ့ တူပါတယ်။

ဖြစ်ပျက်နေတဲ့ ရုပ်နဲ့နာမ်ရောပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်အောင် ရှုမှတ်ရင်လဲ တရားရနိုင်ပါတယ်။

(၃၄) ပဝတ္တိ အခါ နာမ်ရုပ် ဝိပဿနာ။

“စိတ္တစေတသိကာဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော”

“စိတ်စေတသိတ် နာမ်တရားတွေနဲ့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တရားတွေဟာ အတူတကွ ဖြစ်ပါတယ်”။

(၃၅) ပဥ္စဝေါကာရဘုံမှာ- ပဝတ္တိအခါ နာမ်နဲ့ရုပ်ကို ပူးတွဲပြီး နာမ်ကို ဝေဒနာ နုပဿနာ ရှုတယ်ဆိုရင်-

ဝေဒနာကြောင့်ဖြစ်တဲ့ ရုပ်တွေ
သညာကြောင့်ဖြစ်တဲ့ ရုပ်တွေ
သင်္ခါရကြောင့်ဖြစ်တဲ့ ရုပ်တွေ
ဝိညာဉ်ကြောင့် ဖြစ်တဲ့ ရုပ်တွေ ဖြစ်နေပါတယ်။
နာမ်နဲ့ရုပ် (စိတ္တဇရုပ်)ဟာ ပဝတ္တိအခါမှာ သဟဇာတဖြစ်ပါတယ်။
အပြန်အလှန်တော့ စိတ္တဇရုပ်ကြောင့် နာမ်မဖြစ်ပါ။
နာမ်ကြောင့်တော့ ရုပ်တွေ ဖြစ်ပါတယ်။

(၃၆) ဥပါဒါရုပ် ဝိပဿနာ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ဇီဝိတ၊ ဝတ္ထုရုပ်။

- ကမ္မဇမဟာဘုတ်ကြောင့် ဝတ္ထုရုပ် (ဟဒယရုပ်) ဖြစ်တယ်။
- ဝတ္ထုရုပ်က ကမ္မဇ မဟာဘုတ်ကို မှီနေတယ်။
- ဝတ္ထုရုပ်ကြောင့် စိတ်ကဖြစ်တယ်။
- ဝိညာဉ် (စိတ်)က ဝတ္ထုရုပ်ကို မှီနေရတယ်။
- စိတ် (ဝိညာဉ်)ကြောင့် စိတ္တဇ မဟာဘုတ် (ဝါယော)ဖြစ်တယ်။

ထို့ကြောင့် ရုပ်နဲ့နာမ် အကြောင်းအကျိုး အမျိုးမျိုး ဆက်သွယ်နေကြတယ်။ အဲဒီ အကြောင်းအကျိုး သိတဲ့ဉာဏ်ကို ပစ္စယ ပရိဂ္ဂဟဉာဏ် ခေါ်ပါသည်။

# “အနန္တရပစ္စည်း၏ ပဥ္စဝိညာဉ် နိယာမတရား”

အနန္တရပစ္စည်း - (တ-၁၈၉-ပတွဲ)

- ဝီထိ ၁၇ချက်ကို အခြားမဲ့ (ဖြစ်/တည်/ပျက်ပြီး)တစ်ချက်ပြီးတစ်ချက် ဖြစ်ပေါ်စေတာဖြစ်သည်။ တစ်ချက်ချင်းက- ဥပါဒ်-ဌီ-ဘင်(ဖြစ်/တည်/ပျက်)ဖြစ်ပြီး အခြားမဲ့နောက်တစ်ချက်ဆက်၍ဖြစ်ပါသည်။
- မျက်စေ့ နား၊ လျှာ ၊ နှာခေါင်း ၊ကိုယ် မှာဘဲဖြစ်တယ်။
- ပဥ္စဝိညာဉ်က → မနောဓါတု = (သမ္ပဋိစ္ဆိုင်း) = (ဟဒယ) - ကိုဖြစ်စေပြီး။

  မနောဓါတုက → မနောဝိညာဏ်(ကြံသိစိတ်)ကိုဖြစ်စေတယ်။
- အဲ့ဒီ- ဝီထိ -၁၇- ချက်ထဲမှာပဲ - ဟဒယ →သန္တီရဏာ (မနောဝိညာဉ်) → ပြီးရင် → အာဝဇ္ဇန်း လို့ခေါ်တဲ့ဝုဋ္ဌော (ဆုံးဖြတ်စိတ်) → ဇော ၇ ချက် (အာရုံခံစားမှု/ ကုသိုလ်/ အကုသိုလ်) ဖြစ်ပါတယ်။ အဲ့ဒါပြီးမှ→ ရုံ ရုံ → ဘဝင် ဖြစ်ပါသည်။
- အဲ့ဒီရုံရုံ-ဘဝင် ပြီးတာကို တစ်တန်းအစအဆုံး- ၁၇ -ချက်ကို သန္တတိပစ္စုပ္ပန်-ခဏပစ္စုပ္ပန်-ဟု ခေါ်ပါသည်။

  ဇော = ဇဝန = လျှင်မြန်စွာ ဖြစ်တာ
- ဇော - ၇- ချက်ကို ယောနိသောမနသိကာရ(နှလုံးသွင်းကောင်းရင်)- မဖြစ်ဘဲနေရင်(နှလုံးမသွင်း တတ်ရင် နှင့် နှလုံးမသွင်းဘဲထားရင်) - အကုသိုလ်ဖြစ်တယ်။နှလုံးသွင်းတတ်ရင်နှင့် နှလုံးသွင်းရင်နှင့် ဝိပဿနရှုမှတ်ရင် - ကုသိုလ်စိတ်ဖြစ်တယ်။
- (၁)နှလုံးသွင်းတာက ဇောမှာ နှလုံးသွင်းရသည်။ဇောရောက်တော့ အာရုံကိုသိလာတော့ နှလုံးသွင်း ရပါသည်။
- (၂)ဝိပဿနရှုတာကတော့ - စက္ခုဝိညာဏ် (=မြင်သိစိတ်။ ပဥ္စဝိညာဏ်) ဖြစ်တဲ့ အခိုက်အတန့် လေးမှာ -ရှုမှတ်ရပါသည်။

  သမာဓိရှုမှတ်နိုင်တဲ့ အင်အားအသင့်အတင့် ရှိလာတဲ့အခါ၊ မြင်ကာမျှ မတ္တမှာဘဲ တည်အောင် ရှုနိုင်ပါတယ်။

  ဒိဋ္ဌေ ဒိဋ္ဌေ မတ္တံ ဘဝိဿတိ - ဖြစ်ပါသည်။ မြင်လျှင် မြင်ကာမျှ မတ္တ။
- (၃)ပဥ္စဒွါရ - ၅ - ဒွါရမှာ ကျလာတဲ့ အာရုံ (ဇော)တွေကို ဘယ်ကနေ ရှုနေရသလဲဆိုတော့၊ မနော ဒွါရ (ဟဒယ) ကနေ ရှုနေရသည်။

" ကျရာ အာရုံက - ပဥ္စဒွါရ "

" ရှုတာက - မနောဒွါရ "

" မြင်လျှင် မြင်ကာမျှ မတ္တ " ကို မနောဒွါရက ရှုမှတ်ရပါသည်။

- ပဥ္စဒွါရမှာ - ၅ - ဒွါရမှာ- အာရုံ ၅ပါးတွေ လာတိုက်တဲ့အခါ - မနောဒွါရ (ဟဒယဝတ္ထု)မှာ- တစ်ပြိုင်နက် (အရိပ်ကျပမာ)ထင်ပါသည်။

- မနောဒွါရပေါက်မှာ အာရုံတွေ ဆိုက်ရောက်ထင်လာလို့သာလျှင် - မြင်တယ်-ကြားတယ် - နံတယ်- စားတယ် - ထိတယ်- လို့ရှုမှတ်လို့ ရနေရပါသည်။

- ဒွါရ (၅) ပါးမှာ အာရုံ (၅) ပါးက လာတိုက်တော့ - ဘဝင်မှာလာပြီး ထင်တဲ့အခါ ဇောစိတ်က သိသွားပါသည်။ သိတဲ့အတွက် -မြင်တယ်-ကြားတယ်- နံတယ်-စားတယ် - ထိတယ်- ဟူ၍- ရှုမှတ်လို့ရပါသည်။

အဲ့ဒီလို ရှုမှတ်၍ရလို့သာ မနောဒွါရ -တစ်ဒွါရက နေပြီးတော့ ရှုမှတ်နေရတာဖြစ်တယ်။

(၅)ဒွါရမှာကျလာတဲ့ အာရုံတွေကို မနောဒွါရတစ်ဒွါရက စောင့်ပြီးရှုမှတ်နေရတာဖြစ်တယ်။

✦ ✦ ✦ ✦ ✦ ✦ ✦ ✦ ✦ ✦ ✦ ✦ ✦ ✦ ✦

# (၄) အနန္တရ ပစ္စည်း

အကြောင်းပစ္စည်းနာမ်တရားတို့က အကျိုးပစ္စယုပ္ပန်နာမ်တရားတိုကို ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

ဒီအနန္တရပစ္စည်းသဘောတရားဟာ နာမ်တရားတွေရဲ့ ဖြစ်ပုံပါပဲ။

သင်္ဂြိုလ်မှာ ဝီထိစိတ်အစဉ်ဖြစ်ပုံကို၊ စီစဉ်ထားတာဟာ၊ ဒီအနန္တရပစ္စည်းကို ကြည့်ပြီး စီစဉ်ထားတာဖြစ် ပါတယ်။

နာမ်တရားများဖြစ်စဉ်ကို ဝီထိချတဲ့အခါမှာ ပဉ္စဒွါရဝီထိဆိုတော့၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဆိုတဲ့ ငါးဝီထိရှိပါတယ်။

တ၊ န၊ ဒ၊ ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇော (၇) ကြိမ်၊ ရုံ၊ ရုံ - (၁၇) ချက်။

၁။ စက္ခုဝိညာဏဓါတု - (စ) - တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ (သံ)

၂။ မနော ဓာတု (သံ) - တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ (ဏ) စသည် ဖြင့် ဝီထိတစ်ခုတစ်ခု မှာ ၂ ချက်စီထားပြီး - (၁၀) ချက် ဟောပါတယ်။ မနောဒွါရ ဝီထိမှာ - န၊ ဒ၊ မ၊ ဇော (၇) ကြိမ်၊ ရုံ၊ ရုံ၊ ဝီထိ (၁၂) ချက်။

ဝီထိတွေကို အစဉ်အတိုင်းမြင်နေရင်၊ အနန္တရပစ္စည်းဟောပုံကို ကွက်ကွက် ကွင်းကွင်း သဘောပေါက်နိုင်ပါတယ်။

| | | | | | | |
|---|---|---|---|---|---|---|
| နာမ်တရားများဟာ | - | အတီတဘဝင် | - | မရှိမှ | - | ဘဝင်စလန ဖြစ်ပါတယ်။ |
| | - | ဘဝင်စလန | - | မရှိမှ | - | ဘဝင်ုပစ္ဆေဒဖြစ်ပါတယ်။ |
| | - | ဘဝင်ုပစ္ဆေဒ | - | မရှိမှ | - | ပဉ္စဒွါရဝဇ္ဇာန်း ဖြစ်ပါတယ်။ |
| | - | ပဉ္စဒွါရဝဇ္ဇာန်း | - | မရှိမှ | - | စက္ခုဝိညာဉ် ဖြစ်ပါတယ်။ |

ဒီလို အနန္တရပစ္စည်းက ကြားမလပ်အောင် တစ်ခုပျက်ပြီးမှ တစ်ခုဖြစ်နေအောင်၊ ကျေးဇူးပြုတော့- နာမ်တရားများဟာ အကောင်အထည် အစိုင်အခဲ အထည်ကိုယ်ဒြပ်အဖြစ် မရှိနိုင်တော့ပါ။ ဒီအနန္တရပစ္စည်း သဘောတရားဟာ နာမ်တရားတွေရဲ့ ဖြစ်ပုံပါပဲ။

ရုပ်တရားဟာ မြင်ရတယ်၊ ကိုင်လို့ တွယ်လို့ ရတယ်၊ ဘာဖြစ်လို့ မြင်ရ၊ ကိုင်လို့ တွယ်လို့ ရသလဲဆိုတော့ ရုပ်တရားများဟာ၊ အနန္တရပစ္စည်း မရှိလို့ပါဘဲ။

ရုပ်တရားများဟာ (ဥပါဒ်၊ ဌီ၊ ဘင်- ၃ ခု အစုပေါင်း) - ၁၇ ချက် အသက်ရှင်တော့၊ ဖြစ်လာတဲ့ ရုပ်တရားတွေဟာ၊ မချုပ်သေးဘဲ၊ နောက်ထပ်ရုပ်တွေက၊ ရုပ်သက်စိတ္တခဏ (၁၇) ချက်မှာ ခဏတိုင်း ထပ်ထပ် ဖြစ်တဲ့အတွက် ရုပ်အထပ်ပေါင်းများလာတဲ့အခါမှာ၊ မျက်စိနဲ့မြင်ရ တဲ့၊ တောကြီး၊ တောင်ကြီးတွေ၊ တိုက်တာကြီး တွေ၊ ကြီးကျယ်တဲ့ ရုပ်တရားကြီးတွေ ဖြစ်လာ တာပါပဲ။

နာမ်တရားများဟာ ပဋ္ဌာန်းအနန္တရပစ္စည်းနဲ့ကြည့်ရင်၊ သံသရာအစကစပြီး၊ နိဗ္ဗာန် ရောက်တဲ့အထိ၊ နာမ် တရားတွေဟာ ဆက်ခါဆက်ခါ၊ ဘဝကုဋေကုဋာမက အစဉ်အတိုင်း ဆက်တိုက်ဖြစ်နေပါတယ်။ ဒီလိုဖြစ်နေတာ ဖန်ဆင်းရှင်က ဖန်ဆင်းထားလို့ မဟုတ်ဘဲ၊ အနန္တရ ပစ္စည်းကြောင့်ပါပဲ။

ရုပ်တရားများဟာ၊ အနန္တရပစ္စည်းရဲ့ ပစ္စည်းတရားမှာလဲ မပါသလို ပစ္စယုပ္ပန် တရား မှာလဲ မပါပါ။

အနန္တရပစ္စယောတိ၊

စက္ခုဝိညာဏဓါတု တံ သမ္ပယုတ္တကာ စ ဓမ္မာ၊ မနော ဓါတုယာ၊

တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓါတု တံ သမ္ပယုတ္တကာ စ ဓမ္မာ၊ မနောဝိညာဏ ဓါတုယာ၊

တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

- စက္ခုဝိညဉ်က သမ္ပဋိစ္ဆိုင်း (မနောဓါတ်) ကို၊ ကျေးဇူးပြုတာက တစ်ချက်။
- သမ္ပဋိစ္ဆိုင်း (မနောဓါတ်) က သန္တီရဏ (မနောဝိညာဏဓါတ်) ကို - အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတော့၊
- ဆက်ကာ ဆက်ကာ နာမ်တရားတွေက၊ ဖြစ်လိုက် ပျက်လိုက် တဆက်ထဲ ဖြစ်နေတယ်လို့ ဟောကြား ထားပါတယ်။

စက္ခုဝိညာဏဓါတု = မြင်သိစိတ်သည် = စိတ္တာနုပဿနာ = ပျက် ။ တံ သမ္ပယုတ္တကာ စ ဓမ္မာ

မနောဓါတုယာ = မနောဓါတ် = စိတ္တာ နုပဿနာ = ပျက်

မနောဝိညာဏဓါတုယာ = ကြံသိဓါတ် = ဓမ္မ နုပဿနာ = ပျက်

တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ = ယှဉ်သော စေတသိတ်များ = ဝေဒနာ နုပဿနာ = ပျက်

- မြင်သိစိတ်ကလေးက - သိကာမျှ မတ္တပဲ = ဥပါဒ် + ဌီ + ဘင်ဆိုတာနဲ့ တစ်ခါတည်း ပျက်သွားပါတယ်။
- သမ္ပဋိစ္ဆိုင်း = မြင်သိပြီးတဲ့ အာရုံလေးကို လက်ခံထားလိုက်တာပါ။ (မနောဓါတ်)
- သန္တီရဏ = လက်ခံထားတဲ့ အာရုံလေးကို ကောင်းတဲ့အာရုံလား - မကောင်းတဲ့အာရုံ လား- စုံစမ်း လိုက်ပါတယ်။

ဝုဋ္ဌော = ကောင်းတဲ့အာရုံဘဲ၊ မကောင်းတဲ့ အာရုံဘဲ ခရီးဆုံးဖြတ်လိုက်တာပါ။

ဇော= ကောင်းတဲ့ အာရုံ၊ မကောင်းတဲ့ အာရုံအတိုင်း ခံစားလိုက်တာပါ။

အနန္တရပစ္စည်းရဲ့ သဘောတရားလေးပြီးတော့ - ကုသိုလ်ဖြစ်အောင် နှလုံးသွင်းဘို့ ဝိပဿနာ ရှုမှတ်ဖို့ ပဲလိုပါတော့တယ်။

ဒီလို၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာ - အာရုံ - ၆ - ပါးက လာတိုက်တဲ့ အခါ၊ မြင်သိ စိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်တွေ ဖြစ်တဲ့ အခါမှာ - ကုသိုလ်ဖြစ်ရင်ဖြစ် မဖြစ်ရင် - အကုသိုလ်ဖြစ်ပါမယ်။

ကုသိုလ်ဖြစ်အောင်တော့ (ယောနိသောမန သိကာရ) နှလုံးသွင်းတတ်လို့ရှိရင်လည်း၊ ကုသိုလ်ဖြစ်နိုင်တယ်။ ဝိပဿနာရှုနိုင်လို့ရှိရင်လည်း ကုသိုလ်ဖြစ်နိုင်တယ်။

နှလုံးလည်း မသွင်းတတ်ဘူး၊ ရှုလည်းမရှုမှတ်တတ်ဘူး၊ ရှုမှတ်မှုကလည်း ကင်းနေတယ် ဆိုရင်တော့၊ အကုသိုလ်တွေဖြစ်ပါမယ်။

ဒီအာရုံတွေနဲ့ကင်းပြီးနေလို့မရပါဘူး။ အိပ်တဲ့အခိုက်အတန့်လေးဘဲ ကင်းပေတယ်။

## "ဝီထိအစဉ်ထဲမှာ နှလုံးသွင်းပုံနှင့် ဝိပဿနာရှုမှတ်ပုံ"

ဝီထိအစဉ်တန်း (၁၇) ချက် ထဲမှာ၊ နှလုံးသွင်းတာက ဇောမှာနှလုံးသွင်းရပါတယ်။ ဇောရောက်လာတော့ အာရုံကိုသိလာတော့ နှလုံးသွင်းရပါတယ်။

ဝိပဿနာရှုတော့ စက္ခုဝိညာဏ်က ရှုရပါတယ်။ ရူပါရုံအဆင်းက မျက်စိအကြည့်ကို လာတိုက်ခိုက်ပြီး၊ စက္ခုဝိညာဏ် = မြင်သိစိတ်ကလေးဖြစ်တဲ့ အခိုက်အတန့်လေးမှာ၊ မြင်တယ် - မြင်တယ်လို့ ရှုမှတ်ရပါတယ်။

မြင်တယ် - မြင်တယ်လို့ ရှုမှတ်နိုင်တဲ့ အင်အားအသင့်အတင့်ရှိလာတဲ့အခါ၊ မြင်ကာမျှ မတ္တမှာ တည်အောင်ပဲ ရှုမှတ်ကြရပါတယ်။

ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ။

ဒိဋ္ဌေ = မြင်အပ်သော အဆင်းရူပါရုံ၌၊

ဒိဋ္ဌမတ္တံ = မြင်ကာမျှဖြစ်သော၊ စိတ်သည်၊

ဘဝိဿတိ = ဖြစ်လတ္တံ့။ (ဝါ) ဖြစ်အောင်ရှုရမယ်။

မြင်လျှင် မြင်ကာမျှ မတ္တမှာ တည်အောင်ရှုမှတ်လိုက်တော့၊ ဣဋ္ဌာရုံဖြစ်လို့ရှိရင် လောဘလည်း မဖြစ်တော့ပေဘူး။

အနိဋ္ဌာရုံဖြစ်လို့ရှိရင်၊ ဒေါမနဿ ဒေါသလည်း မဖြစ်တော့ပါ။

- မြင်လျှင် မြင်ကာမျှ မတ္တမှာ တည်သွားတာဖြစ်ပါတယ်။ အမှတ်ကိုပဲ အလေးအနက် နှလုံးသွင်းထား တော့-ဟိုမှာမြင်ရတာ၊ မြင်ကာမျှ မတ္တ ဖြစ်သွားပါတယ်။

ကြား လျှင် ကြားကာမျှ မတ္တ၊

နံ လျှင် နံကာမျှ မတ္တ၊

စား လျှင် စားကာမျှ မတ္တ၊ တို့မှာလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။

- ပဉ္စဒွါရ (၅) ဒွါရမှာကျ - လာတဲ့ အာရုံတွေကို၊ မနောဒွါရကနေ ရှုမှတ်ရပါတယ်။

- ကျရာအာရုံက ပဉ္စဒွါရ၊ ရှုတာက မနောဒွါရ - ဖြစ်ပါတယ်။

- ပဉ္စဒွါရ (၅) ဒွါရမှာ ငှက်နဲ့တူတဲ့ အာရုံ (၅) ပါးတွေ လာတိုက်တဲ့အခါ၊ မနောဒွါရမှာ ငှက်ရိပ်ပမာ သွား သွားပြီးတော့ ထင်တာပါပဲ။ တပြိုင်နက်လိုပဲထင်တော့ - မှတ်လို့ရပါတယ်။

ဆောင်ပုဒ်။ ။ သစ်ပင်ဖျား၌ ငှက်နားပမာ၊
အာရုံငါးပါး၊ ထိငြားထင်လာ၊
မြေ၌ငှက်ရိပ်၊ ခတ်နှိပ်ပမာ၊
မနောပေါက်၊ ဆိုက်ရောက်လေသည်သာ။

- (၅) ဒွါရမှာ ကျလာကြတဲ့၊ အာရုံတွေကို၊ မနောဒွါရတစ်ဒွါရကဘဲ စောင့်ပြီးတော့ ရှုမှတ်ရပါတယ်။ (၅) ဒွါရကို ပိတ်ထားရသကဲ့သို့ မနောဒွါရ - တစ်ဒွါရကနေ စောင့်ပြီးတော့ ရှုမှတ်ရပါတယ်။

(၅) ဒွါရကို ပိတ်ထားသကဲ့သို့ ဆိုရာ၌လည်း - အရာဝတ္ထုတွေနဲ့တော့ ပိတ်ထားလို့ မရပါ။ ဒီပိတ်ထားခြင်း မျိုးမဟုတ်ပါ။ ရှုမှတ်သောအားဖြင့် ပိတ်ထားခြင်းဖြစ်ပါ တယ်။

အနန္တရပစ္စည်းမှာ၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ - တို့ (၃) ချက်ကို၊ ကျေးဇူးပြုပုံ (၂) မျိုးစီ တွဲပြီး၊ ပဉ္စဒွါရ (၁၀) ချက်တို့နဲ့ ဘင်္ဂညာဏ်မှာ ရှုမှတ်ပုံများဖြစ်ပါတယ်။

ဝီထိအစဉ်တန်း၌ အလယ်ကဇော (၇) ချက်က ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ = တစ်မျိုးမျိုးဖြစ်နိုင် ပါသည်။ ပုထုဇဉ်၊ သောတပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ တိုင်အောင်၊ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံး ဖြစ်နိုင်ပါသည်။ နှလုံးသွင်းတတ်ရင်၊ ဝိပဿနာရှုလို့ရှိရင်၊ ကုသိုလ်ဖြစ်ပါတယ်။ နှလုံးမသွင်းတတ်ရင်၊ ဝိပဿနာ မရှုနိုင်ရင် - အကုသိုလ်ဖြစ်ပါတယ်။

- ကုသိုလ်က (၂) ချက်၊ အကုသိုလ်က (၂) ချက်၊ အဗျာကတ က (၃) ချက်နဲ့ စုစုပေါင်း (၇) ချက် ဖြစ်ပါတယ်။

(၁) ပုရိမာ ပုရိမာ = ရှေးရှေး၌ဖြစ်ကြကုန်သော။

ကုသလာ ဓမ္မာ = ကုသိုလ်တရားတို့သည် = စိတ္တဂနုပဿနာ = ပျက်

ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော၊

ကုသလာ ဓမ္မာ = ကုသိုလ်တရားတို့အား = ဓမ္မာ နုပဿနာ = ပျက်

အနန္တရ ပစ္စယေန = မိမိအခြားမဲ့၌ ဖြစ်စေသော သတ္တိဖြင့်

ပစ္စယော ဟောတိ = အကျိုးပြုသည်ဖြစ်၏။

ဓမ္မာရုံဖြစ်တဲ့ ကုသိုလ်ဇောစိတ်က၊ ဥပါဒ်၊ ဌီ၊ ဘင် နဲ့ ပျက် ပါတယ်။

နောက်နောင်မှာဖြစ်တဲ့ ကုသိုလ်ဇောစိတ်ကလည်း ဥပါဒ်၊ ဌီ၊ ဘင် နဲ့ ပျက် ပါတယ်။

(၁) အာရုံဖြစ်တဲ့ ကုသိုလ်ဇောလေး ပျက်ပါတယ်။

(၂) ကြံသိစိတ်ဖြစ်တဲ့ ကုသိုလ်စိတ်လည်း ပျက်ပါတယ်။

(၃) ရှုမှတ်နေတဲ့ စိတ်လည်း ပျက်ပါတယ်။

ကုသိုလ်က ကုသိုလ်ကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို ပဋ္ဌာန်းပဠိရတွင် ဆက်လက် ဖော်ပြထားပုံမှာ၊

(၁) (က) ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကုန်သော

ကုသလာ ခန္ဓာ = ဝေဒနာနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ နှင့် ဝိညာဏက္ခန္ဓာ ဟူသော၊ ကုသိုလ်နာမ်ခန္ဓာ - ၄ ပါးတို့သည်

ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ဖြစ်ကုန်သော၊

ကုသလာနံ ခန္ဓာနံ = ကုသိုလ် နာမ်ခန္ဓာ - ၄ ပါးတို့အား

အနန္တရ ပစ္စယေန = အနန္တရပစ္စယ သတ္တိဖြင့်

ပစ္စယော ဟောတိ = အကျိုးပြုသည်ဖြစ်၏။

(၁) (ခ) အနုလောမံ = ဝိပဿနာညာဏ်၏ အထွတ်အထိပ်သို့ ရောက်သော အနုလောမ ညာဏ်သည်၊

ဂေါတြဘုဿ = သောတာပတ္တိမဂ်၏ ရှေ့၊ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီး တတ်သော ဂေါတြဘုညာဏ်အား

အနန္တရပစ္စယေန ပစ္စယော = အနန္တရ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

(၁) (ဂ) အနုလောမံ = ဝိပဿနာညာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမ ညာဏ်သည်၊

ဝေါဒါနဿ = သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှ ဖြူစင်သောဝေါဒါန်၊

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၁) (ဃ) ဂေါတြဘူ = သောတာပတ္တိမဂ်၏ ရှေ့ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော - ဂေါတြဘူ ဉာဏ်သည်၊

မဂ္ဂဿ = သောတာပတ္တိမဂ်အား

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၁) (င) ဝေါဒါနံ = သကဒါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ = ရှေ့၌ဖြစ်ပြီး၊ ကိလေသာမှ စင်ကြယ်သော ဝေါဒါန်သည်။

မဂ္ဂဿ = သကဒါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် အား

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရ သတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ပုရိမာ ပုရိမာ = ရှေ့ရှေ့၌ဖြစ်ကြကုန်သော

ကုသလာဓမ္မာ = ကုသိုလ်တရားတို့သည် = စိတ္တာနုပဿနာ = ပျက်

ပစ္ဆိမာနံ မစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကြကုန်သော၊

အဗျာကတာ ဓမ္မာ = ကုသိုလ် အကုသိုလ်မဟုတ်သော တရားတို့အား = ဓမ္မာနုပဿနာ = ပျက်

အနန္တရ ပစ္စယေန ပစ္စယောဟောတိ = မိမိ၏အခြားမဲ့၌ဖြစ်စေသော သတ္တိဖြင့် အကျိုးပြုသည်ဖြစ်၏။

- ဓမ္မာရုံဖြစ်တဲ့ ကုသိုလ်ဇောစိတ်က ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ပျက်ပါတယ်။
- နောက်နောင်မှာဖြစ်တဲ့ တဒါရုံ အဗျာကတစိတ်ကလည်း ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ပျက်
- ရှုမှတ်နေတဲ့စိတ်လည်း ပျက်ပါတယ်။

ကုသိုလ်က အဗျာကတကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံကို ပဋ္ဌာန်းပဠာဝါရတွင် ဖော်ပြထားပုံမှာ၊

(၂) (က) ကုသလာ ဓမ္မာ = ကုသိုလ်တရားသည်

အဗျာကတာ ဓမ္မဿ = အဗျာကတတရားအား

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) (ခ) ကုသလံ = လောကီကုသိုလ် သတ္တမဇောသည်၊

ဝုဋ္ဌာနဿ = ပထမတဒါရုံအား

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) (ဂ) မဂ္ဂေါ = သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည်

ဖလဿ = သက်ဆိုင်ရာဖိုလ်တို့အား

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အနုလောမံ = ဝိပဿနာဉာဏ်၏ အထွဋ်အထပ်သို့ ရောက်သော

အနုလောမဉာဏ်သည်

သေက္ခာရ = ကျင့်ဆဲဖြစ်သော၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်

အရိယာပုဂ္ဂိုလ်တို့၏

ဖလသမ္မာ ပတ္တိယာ = ဆိုင်ရာဖလသမာပတ်အား

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) (ဃ) နိရောဓါ = နိရောဓါ သမာပတ်မှထသော

ဝုဋ္ဌဟန္တဿ = အနာဂါမ်ပုဂ္ဂိုလ်၏၊

နေဝသညာ နာသညာယတန ကုသလံ = နေဝသညာ နာ သညာယတန

ကုသိုလ် စိတ်သည်

ဖလသမာပတ္တိယာ = အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပါတ်အား

အနန္တရ ပစ္စယေန ပစ္စယော = အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

# “ ဥပနိဿယပစ္စည်း ”

အကြောင်းတရားနာမ်ရုပ်ပညတ်တို့က - အကျိုးတရားနာမ်တို့ကို ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

အားကြီးအားကောင်းသော မှီရာအဖြစ်ဖြင့် အကြောင်းပြုတတ်၊ ကျေးဇူးပြုတတ်တဲ့ သဘောသတ္တိသည် ဥပနိဿယပစ္စည်းဖြစ်ပါသည်။

မိုးရာသီလေးလပတ်လုံး ထစ်ချုန်းမြည်ဟီးရွာသည့်မိုးဟာ၊ သစ်ပင်သတ္တဝါတွေ ကြီးပွားတိုးတက် ရန်၊ အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ဥပနိဿယ ပစ္စည်း တရားဟာလည်း အားကြီးသောမှီရာ အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်တဲ့သဘော ဖြစ်ပါသည်။

ပထမအခါမှာ ဥပနိဿယပစ္စည်း (၉) ချက်နဲ့ ဟောကြားပါတယ်။

ဒုတိယအခါမှာ ဥပနိဿယပစ္စည်းကို (၃) ချက် အပေါင်းအခွဲချက်တွေနဲ့ ဟောကြားပါတယ်။

ဥပနိဿယပစ္စည်းက အားကြီးသောမှီရာ အကြောင်းတရားဖြစ်ပါတယ်။

လူတွေလုပ်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံအကြောင်းတွေမှာ အားကြီးတဲ့ အကြောင်းလို့ ဆိုလိုတာပါ။ အားကြီးတာနဲ့ မှီရာ အကြောင်းတွေပါဘဲ။

ထို့အပြင် အားကြီးတဲ့ အကြောင်းတရားမှာ သဟဇာတ၊ အဓိပတိတရားတို့ကလည်း ဗလဝကာရဏ ဆိုတဲ့ အားကြီးတဲ့အကြောင်းပဲ ဖြစ်ပါတယ်။

အင်မတန်အားကြီးတဲ့ အဓိပတိပစ္စည်းမှာ၊ ဆန္ဒအဓိပတိ ဖြစ်တဲ့ ဆန္ဒတရားသာ အဓိပတိတပ်ရင် ဒိပြင့် တရားတွေအားလုံး ပစ္စယုပ္ပန်ဖြစ်သွားပါတယ်။ ဆန္ဒက ပစ္စည်း တရားဖြစ်သွားပြီး၊ ဆန္ဒကြောင့် ပညာတတ်တယ်။ ဆန္ဒကြောင့် ရှင်ဘုရင်ဖြစ်တယ်။ ဆန္ဒကြောင့် သေဌေးကြီးဖြစ်တယ်။

ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝိမံသ ဆိုတဲ့ အဓိပတိပစ္စည်းတရားတွေဟာ - အားကြီးသော (ကိုယ်ပိုင်) အကြောင်း တရားတွေပါ။

ဥပနိဿယပစ္စည်းတရားတွေက - အားကြီးသော (မှီရာ) အကြောင်းတရားတွေပါ။

ဥပနိဿယ အမှီကောင်းရင် ဘုရားတောင်ဖြစ်နိုင်ပါတယ်။ ဆရာကောင်း သမားကောင်း မှီဝဲရရင် ကြီးပွား နိုင်ပါတယ်။

**ဥပနိဿယပစ္စယောတိ**

(၁) ပုရိမာ ပုရိမာ = ရှေ့ရှေ့၌ဖြစ်သော

ကုသလာ ဓမ္မာ = ကုသိုလ်ဖြစ်ကုန်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသနာ မက္ခန္ဓာတို့သည် = စိတ္တာနုပဿနာ = ပျက်

ပစ္ဆိမာနံ မစ္ဆိမာနံ = နောက်နောက်၌ ဖြစ်ကုန်သော၊

ကုသလာနံ ဓမ္မာနံ = ကုသိုလ်ဖြစ်ကုန်သော ကုသိုလ်စိတ် (၂၁) ပါး ကုသိုလ်တရားတို့အား = ဓမ္မာနုပဿနာ = ပျက်

ဥပနိဿယပစ္စယန = ဥပနိဿယ - အားကြီးသောမှီရာ သတ္တိဖြင့် ကျေးဇူးပြုသည်။

အထက်ပါအတိုင်း- (၂) ကုသိုလ်က အကုသိုလ်ကို (ကေသစ္စိ ဥနိဿယ)

(၃) ကုသိုလ်က အဗျာကတကို

(၄) အကုသိုလ်က အကုသိုလ်ကို

(၅) အကုသိုလ်က ကုသိုလ်ကို (ကေသစ္စိ ဥပနိဿယ)

(၆) အကုသိုလ်က အဗျာကတကို

(၇) အဗျာကတက အဗျာကတကို

(၈) အဗျာကတက ကုသိုလ်ကို

(၉) အဗျာကတက အကုသိုလ်ကို

(က) ကောင်းသောဥတုနဲ့ ဘောဇဉ်က ကုသိုလ်ကို -

(ခ) ကလျာဏာ မိတ္တိပုဂ္ဂိုလ်က ကုသိုလ်ကို -

(ဂ) ကောင်းသောကျောင်း၊ အိပ်ယာ၊ နေရာက၊ ကုသိုလ်ကို - ကျေးဇူးပြုတာ ဖြစ်ပါသည်။

ဥပနိဿယပစ္စည်းက အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် (၃) ပါးလုံးကနေပြီးတော့ ကျေးဇူးပြုနိုင်ပါတယ်။ ကာလဝိမုတ်ဖြစ်တဲ့ တရားတွေကလည်း ကျေးဇူးပြုနိုင်ပါတယ်။

အားကြီးသော မှီရာအဖြစ် ကျေးဇူးပြုသော ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းသည် အလွန်ကျယ်ဝန်း၏။ မည်သူ့၊ အရာဝတ္ထုမှ ဥပနိဿယပစ္စည်းမှဖြင့် - မကင်းလွတ်ချေ။

ရှေ့ရှေ့ကပြုခဲ့သော ၊ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့သည်၊ နောက်မှဖြစ်သော၊ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတရားတို့အား တိုးပွားများပြား စည်ပင်အောင် အားကြီးသော - မှီရာအဖြစ် ကျေးဇူးပြု၏။

ဒုတိယအခါမှ ဟောတဲ့ ဥပနိဿယ ၃ ချက်နဲ့ အခွဲတွေက -

(က) အာရမ္မဏူပ နိဿယော၊ နဲ့ အခွဲက (၁၆) ချက်။

(ခ) အနန္တရူပ နိဿယော၊ နဲ့ အခွဲက (၁၈) ချက်။

(ဂ) ပက တူပ နိဿယော၊ နဲ့ အခွဲက (၁၉၄) ချက်။

- အရမ္မဏူပ နိဿယ က အာရမ္မဏာဓိပတိနဲ့ တူတယ်။
- အနန္တရူပ နိဿယ က အနန္တရထက် အားကြီးတယ်။
- ပကတူပ နိဿယ ပညတ်တွေ၊ ပုဂ္ဂိုလ်တို့၊ ဘောဇဉ်တို့၊ အားကြီးတဲ့ အကြောင်းတွေ၊ ဒါကြောင့် ပုဂ္ဂိုလ်၊ ဘောဇဉ်လို့ မထားနဲ့၊ ဥပနိဿယအကြောင်းတွေလို့ပဲ (ရုပ်နာမ်ပရမတ်တွေလို့ပဲ) ထားပါ။

၁ ကုသလောဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော

၁ (က) အာရမ္မဏူပ နိဿယော။

၁ (က) (၁) ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထ ကမ္မံ ကတွာ၊ တံ ဂရုံကတွာ၊ ပစ္စဝေက္ခတိ၊

၁ (က) (၂) ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊

၁ (က) (၃) ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊

၁ (က) (၄) သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊

၁ (က) (၅) ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊

(၆) သေက္ခာ မဂ္ဂေါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊

၁ (ခ) အနန္တရူပ နိဿယော၊ = အခြားမဲ့အဆက်မပြတ်ဘဲ အားကြီးသောမှီရာအဖြစ်

၁ (ခ) (၁) ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

၁ (ခ) (၂) အနုလောမံ ဂေါတြဘုဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

၁ (ခ) (၃) အနုလောမံ ဝေါဒါနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

၁ (ခ) (၄) ဂေါတြဘူ မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

၁ (ခ) (၅) ဝေါဒါနံ မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

၁ (ဂ) ပကတူမ နိဿယော = ပင်ကိုယ်ပကတိ သဘာဝအတိုင်း အားကြီးသော မှီရာအဖြစ်။

၁ (ဂ) (၁) သဒ္ဓံ ဥပနိဿယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ၊ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊

၁ (ဂ) (၂) သီလံ ဥပနိဿယ ဒါနံဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထ ကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊

၁ (ဂ) (၃) သုတံ။ ပ ။ ပညံ ဥပနိဿယဒါနံဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထ ကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊

၁ (ဂ) (၄) သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊ သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော၊

၁ (ဂ) (၅) ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော

ဆက်လက်၍ စဉ် (၆) မှ (၃၆) ထိ- ကုသိုလ်က ကုသိုလ်ကို - ပကတူပ နိဿယပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

(၁) ကုသိုလ်က ကုသိုလ်ကို
- (က) အာရမ္မဏူပ နိဿယ - ၆ ချက်
- ( ခ ) အနန္တ ရူပ နိဿယ - ၅ ချက်
- ( ဂ ) ပက တူပ နိဿယ - ၃၉ ချက်

၂ ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။
ကုသိုလ်တရားသည် အကုသိုလ်တရားအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၂ (က) အာရမ္မဏူပ နိဿယော၊ =အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ်။

၂ (က) (၁) ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထ ကမ္မံ ကတွာ၊ တံ ဂရုံကတွာ၊ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊

၂ (က) (၂) ပုဗ္ဗေ သုစိဏ္ဏာ နိ ဂရုံ ကတွာ အဿဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊

၂ (က) (၃) ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ အဿဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊

၂ (ခ) ပကတူပ နိဿယော = ပင်ကိုယ်ပကတိသဘာဝအတိုင်း အားကြီးသောမှီရာ အဖြစ်။

၂ (ခ) (၁) သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊
သီလံ။ ပ။ သုတံ။ ပ။ စာဂံ။ ပ။ ပညံ ဥပနိဿယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။

၂ (ခ) (၂) သဒ္ဓါ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊ ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိဿ၊ ပတ္ထနာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

(၂) ကုသိုလ်က ကုသိုလ်ကို →
- (က) အာရမ္မဏူပ နိဿယော - ၃ ချက်
- (ခ) ပကတူပ နိဿယော - ၂ ချက်

၃ ကုသလောဓမ္မော အဗျာကတဿ ဥပနိဿယ ပစ္စယေန ပစ္စယော

၃ (က) အာရမ္မ ဏူပ နိဿယော

၃ (က) (၁) အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊

၃ (ခ) အနန္တ ရူပ နိဿယော = အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာ အဖြစ်။

၃ (ခ) (၁) ကုသလံ ဝုဋ္ဌာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊

၃ (ခ) (၂) မဂ္ဂေါ ဖလဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊

၃ (ခ) (၃) မနုလောမံ သေက္ခာယ ဖလသမာ ပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော၊

၃ (ခ) (၄) နိရောဓါ ဝုဋ္ဌဟန္တဿ နေဝသညာ ယတန ကုသလံ ဖလသမာပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော၊

၃ (ဂ) ပကတူပ နိဿယ = ပင်ကိုယ်ပကတိသဘာဝအတိုင်း အားကြီးသောမှီရာ အဖြစ်။

၃ (ဂ) (၁) သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာ ပေတိ၊ ပရိယိဋ္ဌိ မူလကံ ဒုက္ခံ ပစ္စနုဘောတိ၊

၃ (ဂ) (၂) သီလံ။ ပ။ သုတံ။ ပ။ စာဂံ။ ပ။ ပညံ ဥပနိဿယ အတ္တာနံ အာတာပေတိ ပရိတာ ပေတိ၊ ပရိယိဋ္ဌိ မူလကံ ဒုက္ခံ ပစ္စနုဘောတိ၊

၃ (ဂ) (၃) သဒ္ဓါ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာ ပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊

၃ (ဂ) (၄) အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယ သမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာ ပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

၃ (ဂ) (၅) မဂ္ဂေါ အရဟတော အတ္တပ္ပဋိ သမ္ဘိဒါယ၊ ဓမ္မပ္ပဋိ သမ္ဘိဒါယ၊ နိရုတ္တပ္ပဋိ သမ္ဘိဒါယ၊ ပဋိဘာနပ္ပဋိ သမ္ဘိဒါယ၊ ဌာနေ ဌာန ကောသလဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊

၃ (ဂ) (၆) မဂ္ဂေါ ဖလသမာ ပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော၊

(၃) ကုသိုလ်က အဗျာကတကို -
- (က) အာရမ္မဏူပ နိဿယ - (၁) ချက်
- (ခ) အနန္တ ရူပ နိဿယ - (၄) ချက်
- (ဂ) ပက တူပ နိဿယ - (၆) ချက်

(၄) အကုသိုလ်က အကုသိုလ်ကို -
- (က) အရမ္မဏူပ နိဿယ - (၂) ချက်
- (ခ) အနန္တ ရူပ နိဿယ - (၁) ချက်
- (ဂ) ပက တူပ နိဿယ - (၂၂) ချက်

(၅) အကုသိုလ်က ကုသိုလ်ကို -
- (က) အာရမ္မဏူပ နိဿယ - (-) ချက်
- (ခ) အာနန္တ ရူပ နိဿယ - (-) ချက်
- (ဂ) ပက တူပ နိဿယ - (၁၅) ချက်

(၆) အကုသိုလ်က အဗျာကတကို -
- (က) အရမ္မဏူပ နိဿယ - (-) ချက်
- (ခ) အနန္တ ရူပ နိဿယ - (၁) ချက်
- (ဂ) ပက တူပ နိဿယ - (၄) ချက်

(၇) အဗျာကတက အဗျာကတကို -
- (က) အာရမ္မဏူပ နိဿယ - (၁) ချက်
- (ခ) အနန္တ ရူပ နိဿယ - (၅) ချက်
- (ဂ) ပက တူပ နိဿယ - (၁၀) ချက်

(၈) အဗျာကတက ကုသိုလ်ကို -
- (က) အာရမ္မဏူပ နိဿယ - (၁) ချက်
- (ခ) အနန္တရူပ နိဿယ - (၁) ချက်
- (ဂ) ပက တူပ နိဿယ - (၃) ချက်

(၉) အဗျာကတက အကုသိုလ်ကို -
- (က) အာရမ္မဏူပ နိဿယ - (၂) ချက်
- (ခ) အနန္တရူပ နိဿယ - (၁) ချက်
- (ဂ) ပက တူပ နိဿယ - (၃) ချက်

| စဉ် | ဥပနိဿယပစ္စည်း | (က) အာရမ္မဏူပ နိဿယ | (ခ) အနန္တရူပ နိဿယ | (ဂ) ပကတူပ နိဿယ | ပေါင်း |
|---|---|---|---|---|---|
| ၁ | ကုသိုလ်က ကုသိုလ်ကို | ၆ | ၅ | ၃၉ | ၅၀ |
| ၂ | ကုသိုလ်က အကုသိုလ်ကို | ၃ | - | ၂ | ၅ |
| ၃ | ကုသိုလ်က အဗျာကတကို | ၁ | ၄ | ၆ | ၁၁ |
| ၄ | အကုသိုလ်က အကုသိုလ်ကို | ၂ | ၁ | ၂၂ | ၂၅ |
| ၅ | အကုသိုလ်က ကုသိုလ်ကို | - | - | ၁၅ | ၁၅ |
| ၆ | အကုသိုလ်က အဗျာကတကို | - | ၁ | ၄ | ၅ |
| ၇ | အဗျာကတက အဗျာကတကို | ၁ | ၅ | ၁၀ | ၁၆ |
| ၈ | အဗျာကတက ကုသိုလ်ကို | ၁ | ၁ | ၃ | ၅ |
| ၉ | အဗျာကတက အကုသိုလ်ကို | ၂ | ၁ | ၃ | ၆ |
| | စုစုပေါင်း | ၁၆ | ၁၈ | ၁၀၄ | ၁၃၈ |

## (၁၂) အာသေဝန ပစ္စည်း

အကြောင်းနာမ်တရားတွေက အကျိုးနာမ်တရားတွေကို ပစ္စည်းတရားမရှိမှုသတ္တိဖြင့် အခြားမဲ့ ကျေးဇူးပြုခြင်းဖြစ်ပါသည်။

(က) ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော

(ခ) ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော

(ဂ) ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော

ရှေးရှေး၌ဖြစ်ကြကုန်သော ကုသိုလ်တရားတို့သည် -

အကုသိုလ်တရားတို့သည် -

အဗျာကတာတရားတို့သည် -

နောက်နောက်၌ဖြစ်ကြကုန်သော ကုသိုလ်တရားတို့အားလည်းကောင်း -

အကုသိုလ်တရားတို့အားလည်းကောင်း -

အဗျာကတာတရားတို့အားလည်းကောင်း -

အဖန်ဖန်တလဲလဲမှီဝဲခြင်း သတ္တိဖြင့် အကျိုးပြုသည်ဖြစ်၏။

ရှေ့ပိုင်းအနီးတွင် အာသေဝနပစ္စည်းဖြင့် ဥဒယဗ္ဗယဉာဏ်ကို ရှုမှတ်ခဲ့ပြီးဖြစ်ပါသည်။

ရှေ့ပိုင်း (ပစ္စယပရိဂ္ဂဟဉာဏ်) မှာ ဝိပဿနာရှုရတာ မထင်ရှားပေဘူး။ အာသေဝနက အားနည်း တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ နောက်ပိုင်းကျတော့ ထင်ရှားလာပါတယ်။ ဥဒယဗ္ဗယဉာဏ်ရောက်တော့ အတော့ကိုထင်ရှားလာပြီ။ ဝိပဿနာရှုရတာ အတော်အားရှိလာပြီဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် နောက်နောက်က ဝိပဿနာဉာဏ်တွေ ဝိပဿနာကုသိုလ်တွေက အာသေဝနပစ္စည်းတွေကိုရခဲ့လို့ပါဘဲ (ဘင်ဉာဏ်ရောက်လာတော့) အလယ်ပိုင်း ကျတော့ ပိုထင်ရှားလာပါတယ်။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ=စိတ္တာနုပဿနာ သတိပဋ္ဌာန် =ပျက်=ရှုမှတ် စိတ်/ပျက်။

ပစ္ဆိမာနံ မစ္ဆိမာနံ ကုသလာနံဓမ္မာနံ=ဓမ္မာနုပဿနာ=ပျက်= ရှုမှတ်စိတ်=ပျက်။

(က) ရှေ့ရှေ့ကကုသိုလ်အာရုံကလည်း ပျက်သွားပါတယ်။

(ခ) နောက်နောက်ကဖြစ်လာတဲ့ ကုသိုလ်စိတ်ကလည်း ပျက်သွားပါတယ်။

(ဂ) ရှုမှတ်နေတဲ့စိတ်လည်း ပျက်သွားပါတယ်။

ကုသိုလ်စိတ်နာမ်တရား-ဖြစ်ပျက်မှုကို- ရှုမှတ်ခြင်းဖြစ်ပြီး စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန် တို့ဖြစ်ပါသည်။

ဝိပဿနာရှုမှတ်ရတာ တစ်ခါတစ်လေလည်း ကောင်း၊ တစ်ခါတစ်လေလည်း မကောင်းပါ။ မကောင်းပေမဲ့လည်း မှတ်နေရပါတယ်။ ဘာအတွက်လဲဆိုတော့ အာသေဝန ပစ္စည်းဖြစ်တဲ့ အဖန်ဖန်အထပ်ထပ် ထုံပေးတတ်ဖြစ်စေ၊ တတ်ရန်အတွက် ဖြစ်ပါတယ်။ နောက်တော့ တောက်လျှောက် - ရှုမှတ်လို့ ကောင်းသွား ပါတယ်။

## "အာသေဝနပစ္စည်း ထူးခြားချက်များ"

ဇောနဲ့ အာသေဝန

ပဉ္စ ဒွါရ ဝီထိနဲ့ ကြည့်ရင် -

တ၊ န၊ ဒ၊ ပ၊ စ၊ သ၊ ဏ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ။ (၁၇) ချက်။

၁။ ပထမဇောမှာ အာသေဝနပစ္စည်းမရပါ။ ရှေ့ကဝုဋ္ဌောကကြိယာဖြစ်လို့ဇာတ်မတူတဲ့ နောက်ကဇော-ကုသိုလ်- တို့ အာသေဝနပစ္စည်း မရပါ။

၂။ ဝုဋ္ဌောက ကြိယာ၊ ဇောကကုသိုလ်ဖြစ်တဲ့အတွက်၊ ကြိယာက ကုသိုလ်ကို ဇာတ်ခြင်း မတူလို့၊ အသေဝနပစ္စည်း မတပ်ပါ။

၃။ ဒုတိယဇောကတော့၊ အာသေဝနပစ္စည်းလဲရတယ်။ အာသေဝန ပစ္စည်းလည်း တပ်တယ်။

၄။ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမဇောတွေလည်း - အာသေဝန ပစ္စည်း- ရတယ် တပ်တယ်။

၅။ သတ္တမဇော အဆုံးဇောကတော့ အာသေဝနပစ္စည်းရပါတယ်။ မတပ်ပါ။

၆။ အာသေဝနပစ္စည်း အထောက်အပံ့ရရင် အားရှိပါတယ်။ အာသေဝနပစ္စည်းမရရင် အားမရှိပါ။ အာသေဝနပစ္စည်း (နာမ်တရား) ဆိုတာ အထပ်ထပ်အကြိမ်ကြိမ် ထုံထားပွားများထားပြီး အင်မတန်အားကြီးတဲ့ ပစ္စည်းပါ။

၇။ ပဉ္စဒွါရဝဇ္ဇန်းက ကြိယာစိတ်ပါ။ အာသေဝနပစ္စည်း မဖြစ်ပါ။ ပဉ္စဒွါရဝဇ္ဇန်းက မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်- ဆိုတဲ့ စိတ်တစ်ခုဖြစ်လာရအောင် ခလုတ်ဖွင့်တဲ့ အစဦးဆုံးစိတ်ဖြစ်ပါတယ်။ အင်မတန် အားသေးပါတယ်။ ကုသိုလ်လဲမလုပ်၊ အကုသိုလ်လဲ မလုပ်ပါ။ အာဝဇ္ဇန်းက တစ်ကြိမ်ထဲလဲဖြစ်တာပါ။ ၂ ကြိမ် ၃ ကြိမ် ဖြစ်လဲအားသေးပါတယ်။

၈။ မနောဒွါရဝဇ္ဇန်းက အာသေဝနပစ္စည်းမထိုက်ပါ။ (မဖြစ်ပါ)။ သူကလဲအင်မတန် အားသေးပါတယ်။ ဝီထိစိတ်များ ဖြစ်ရအောင် အပေါက်ဖွင့်ပေးရုံ ဖြစ်တဲ့အတွက် မထိုက်တာ

၉။ အာဝဇ္ဇန်းဒွေး အာသေဝနပစ္စည်းမရပါ။ ကြိယာအဗျာကတစိတ် (၂၀) မှာ အာဝဇ္ဇန်း ဒွေးဆိုတဲ့ ပဥ္စဒွါရဝဇ္ဇန်းနဲ့ မနောဒွါရ ဝဇ္ဇန်းတို့က အာသေဝနပစ္စည်းမထိုက်ပါ။ (မဖြစ်ပါ)။ ကျန် (၁၈) ခုထဲမှာလဲ အဆုံးဇော (သတ္တမဇော) က အာသေဝနပစ္စည်း မထိုက်ပါ။ (တပ်တော့ တပ်ပါတယ်)။ ပထမကြိယာဇောရှေ့မှာ ဇာတ်မတူတဲ့ ဝုဋ္ဌောစိတ် ဖြစ်နေပါတယ်။ ဒါကြောင့် ပစ္စယုပ္ပန်မှာ ပထမကြိယာဇောကလည်း အာသေဝနပစ္စည်း မထိုက်ပါ။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာမှာ - အဟိတ် ကြိယာ- (၃)။ ကာမာဝစရကြိယာ (၈)။ မဟဂ္ဂုတ် ကြိယာ (၉) ဆိုပြီး-ကြိယာစိတ် အားလုံး-(၂၀) ရှိတာက (၁၆) ခုဘဲ အာသေဝန ပစ္စည်း ထိုက်ပါတယ်။

၁၀။ ကုသိုလ်က ကုသိုလ်အားကျေးဇူးပြုရာမှာ- ကုသိုလ်စိတ် (၂၁) ခုလုံးဟာ အာသေဝန ပစ္စယုပ္ပန်တရားမှာ ပါပါတယ်။ အာသေဝနပစ္စည်းရတယ်ဆိုတာ ပစ္စယုပ္ပန်မှာပါလို့ ဆိုတာဖြစ် ပါတယ်။

လောကုတ္တရာကုသိုလ် (၄) ခု အာသေဝနပစ္စည်း မတပ်ပါ။ အာသေဝနပစ္စည်းထဲမှာ မပါပါ။

ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ-ဆိုတဲ့ ပစ္စယုပ္ပန်တရားကျတော့ -

(က) ဂေါတြဘူနောင်လောကုတ္တရာမဂ် - ကုသိုလ်ဟာ၊ အာသေဝနပစ္စည်းတရားရဲ့ ပစ္စယုပ္ပန်ဖြစ်တယ်။ အာသေဝနပစ္စည်း မတပ်ပါ။ အာသေဝနပစ္စည်းတော့ ရပါတယ်။

(ခ) အနုလုံနဲ့ ဂေါတြဘူမှာ အာသေဝနပစ္စည်းက ကျေးဇူးပြုပါတယ်။ (ရပါတယ်) ။ အနုလုံက- တေဘူမက သင်္ခါရကို အာရုံပြုတယ်။ ဂေါတြဘူက-နိဗ္ဗာန်ကို အာရုံပြုလို့-အာရုံကွဲနေပါတယ်။ သို့သော်လည်း- “အနုလောပံ ဂေါတြံ ဘုဿ” ဆိုတော့ အာသေဝနပစ္စည်းက ကျေးဇူးပြုပါတယ်။

(ဂ) ဈာန်ကုသိုလ်မှာဆိုရင်လဲ၊ ဂေါတြဘူနောင်ဈာန်၊ ဝေါဒါန်နောင်ဈာန်ဖြစ်ပါတယ်။ ဒီလို ဝီထိ ကျတော့ ဘုံလဲမတူ၊ အာရုံလဲမတူ၊ သို့သော် - ကုသိုလ် ကုသိုလ်ချင်း တော့ တူပါတယ်။

(ဃ) လောကုတ္တရာကုသိုလ်စိတ် (၄) အား - အာသေဝနပစ္စည်း မတပ်ပါ။ အာသေဝနပစ္စည်းမှာ - ကြီးကျယ်တယ်ဆိုတဲ့ လောကုတ္တရာဇော (၄) ခု အာသေဝနပစ္စည်း မတပ်တာ ဆန်းကြယ်ပါတယ်။

- လောကီကုသိုလ်များသာ အာသေဝနတပ်ပါတယ်။
- နာမ်တရားတွေမှာ - ဝိပါတ်စိတ်များကအားမရှိလို့ အာသေဝနပစ္စည်းမရပါ။ ဝိပါတ်စိတ်မှန်သမျှ ဘယ်ဝိပါတ်စိတ်မှ အာသေဝနပစ္စည်းမဖြစ်ပါ။
- လောကုတ္တရာကုသိုလ်ဇော (၄) ခုဟာ ပစ္စယုပ္ပန်တရားထဲမှာ - မပါလို့၊ အာသေဝနပစ္စည်း ကြောင့် ဖြစ်တဲ့တရားမဟုတ်လို့ ဆိုလိုပါတယ်။

၁၁။ မဂ္ဂင်ဝီထိနဲ့ အာသေဝနပစ္စည်း

မဂ္ဂင်ဝီထိမှာ - န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ မင်၊ ဖိုလ်၊ ဖိုလ်၊ ဖိုလ်၊ ဘွင်၊




- ကုသိုလ်က ကုသိုလ်အား သာလျှင် အာသေဝနပစ္စည်းက ဖြစ်ပါတယ်။
- လောကုတ္တရာမင်စိတ်က ကုသိုလ်ဖြစ်ပြီး၊ ဖိုလ်စိတ်က အဗျာကတဖြစ်တော့၊ အာသေဝနပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါ။
- လောကုတ္တရာကုသိုလ်များဟာ အာသေဝနပစ္စည်းမတပ်ဘူးလို့သာ ပြောကြတာပါ။

  မရဘူးလို့ ပြောတာမဟုတ်ပါ။
- မင်က ကုသိုလ်၊ ဖိုလ်က ဝိပါတ်ဖြစ်လို့၊ သူတို့ဟာ လောကုတ္တရာ စိတ်ချင်းတူပေမယ့် - ဇာတ် မတူလို့၊ အာသေဝနက ကျေးဇူးပြုမရပါ။
- ကုသိုလ်နဲ့ အကုသိုလ်က ဇာတ်ချင်းမတူပါ။
- ကုသိုလ်နဲ့ ဝိပါတ်နဲ့လည်း ဇာတ်ချင်းမတူပါ။
- ကုသိုလ်နဲ့ ကြိယာအဗျာကတကလည်း ဇာတ်ချင်းမတူပါ။
- ဇာတ်မတူတဲ့ တရားအချင်းချင်း အာသေဝနပစ္စည်း မထိုက်ပါ။

၁၂။ အာရုံချင်းမတူသော်လည်း အာသေဝနပစ္စည်း တပ်ပါတယ်။

- ဥပစာ - အနုလုံက သင်္ခါရတရားအားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုပြီး ဂေါတြဘူမက သင်္ခါရကို အာရုံပြုပါတယ်။
- ဂေါတြဘူက နိဗ္ဗာန်ကိုအာရုံပြုပါတယ်၊ ပထမဆုံး နိဗ္ဗာန်ကို အာရုံပြုတယ်။
- မင်ကလည်း နိဗ္ဗာန်ကို အာရုံပြုပါတယ်။

- အနုလောမက လောကီကုသိုလ်ဖြစ်ပြီး - သင်္ခါရကို အာရုံပြုသော်လည်း ကုသိုလ်ချင်းတူတဲ့ - ဂေါတြဘူ က နိဗ္ဗာန်ကို အာရုံပြုတာမို့- အာရုံကွဲသော်လည်း (မတူသော်လည်း) အာသေဝနပစ္စည်းတပ်ပါတယ်။ပဋ္ဌာဝါရမှာ - "အနုလောမ ဂေါတြဘူဿ အာသေဝနပစ္စယေန ပစ္စယော" - လို့ မိန့်ကြားထားပါတယ်။

၁၃။ "ပထမဇော၊ အလယ်ဇော ၅ ချက်၊ သတ္တမဇောနှင့် အာသေဝနပစ္စည်းတို့၏ ကံ အကျိုးပေးပုံများ"-

( က ) ပထမဇောက ရှေ့က ဂုဠောရှိလို့ - အာသေဝနပစ္စည်း-မရပါ။ ဒုတိယဇောကိုတော့ နောက်မှာရှိလို့ - အာသေဝနပစ္စည်း- တပ်ပါတယ်။

- ကံခန်းမှာတော့ - ပထမဇောက - ပစ္စုပ္ပန်ဘဝမှာ ဒိဋ္ဌဓမ္မဝေဒနိယ ကံ အဖြစ်နဲ့ အကျိုးပေး ပါတယ်။
- ပထမဇော စေတနာက၊ ဒီဘဝမှာ အကျိုးပေးရင်ပေး၊ မပေးရင် အဟောသိကံ ဖြစ်သွားပါ တယ်။ အများအားဖြင့် - ကုသိုလ်လုပ်ကြတာဟာ၊ ပထမဇောကြောင့်မို့၊ ဒီဘဝမှာ အကျိုး ပေးတာတွေက၊
- ခေါ်ချင်ပြောချင်သူများတယ်။ မိတ်ဆွေ သင်္ဂဟများတယ်။
- စီးပွားရှာလို့ ဖြစ်တယ်။ မိတ်ဆွေသင်္ဂဟများတယ်။
- ပထမဇောက - ဘာဖြစ်လို့ ဒုတိယ ဘဝ၊ တတိယဘဝမှာ အကျိုးမပေးနိုင်တာလဲဆိုရင်၊ အာသေဝနပစ္စည်း မရသောကြောင့်ဖြစ်ပါ တယ်။

(ခ) သတ္တမဇောက - ဒုတိယဘဝမှာ အကျိုးပေးပါတယ်။

- အာသေဝနနဲ့ သတ္တိအင်အားက ဆဋ္ဌမဇောမှာ အချိန်နဲ့သွားပြီး၊ သတ္တမဇောကျတော့ အချိန်က ကုန်သွားပြီး၊ အားကုန်သွားပါပြီ။
- သတ္တမဇောက-ဒါနကုသိုလ်တွေလုပ်တဲ့အတွက်၊ သေပြီးတဲ့နောက် ဒုတိယဘဝမှာလည်း ပဋိသန္ဓေနေသွားလို့၊ လူ့ဘဝပြန်ဖြစ်တယ်ဆိုရင်၊ အကျိုးပေးတာပါပဲ။
- သတ္တမဇောက၊ နောက်ဆုံးဇောဖြစ်နေတော့ အားသေးပါတယ်။ ဒုတိယဘဝမှသာ အကျိုးပေး ပြီး လူ၊ နတ် တစ်ခုခုဖြစ်ပြီး ဒုတိယဘဝရဲ့ ပဋိသန္ဓေအကျိုးကိုပေးပါတယ်။ သူကတော့ ဒုတိယဘဝ၊ တစ်ဘဝထဲ - အကျိုးပေးတဲ့၊ ဥပပဇ္ဇဝေဒနိယကံ ဖြစ်ပါတယ်။

(ဂ) အလယ်ဇော ၅ ချက်ဖြစ်တဲ့၊ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇော ထိအောင် (၅) ချက်က၊ အာသေဝနပစ္စည်းလဲဖြစ်၊ ပစ္စယုပ္ပန်လဲဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အားကောင်းပါတယ်။ ဇောကလည်း အရှိန်ပါပဲ။ အရှိန်အပြင်းထန်ဆုံးကတော့၊ စတုတ္ထဇော-ပါပဲ။

- အလယ်ဇော ၅ ချက်ဖြစ်တဲ့ - အပရာပရိယ ဝေ ဒနိယ ကံ = ခနိတာဘဝပေါင်းထောင်သောင်းအထိ၊ အကျိုးပေးနိုင်ပါတယ်။
- ဒီအလယ်ဇော - ၅ ချက်က အာသေဝနပစ္စည်းလဲဖြစ်၊ အာသေဝန ပစ္စည်းကရတော့ - အားသိပ်ကောင်းတဲ့အတွက်၊ ဘဝပေါင်းအသင်္ချေအနန္တ၊ ဘယ်လောက်ကြာနေခဲ့တဲ့ ကုသိုလ် ဖြစ်ဖြစ်၊ (ဥသတ္တမ္ဘက) ပစ္စုပ္ပန်အကြောင်း တရားနဲ့ ပေါင်းဆုံတဲ့အခါ၊ သူကပြုန်းကနဲထပြီး၊ ဆင်းရဲသားဘဝက မင်းဖြစ်တယ်၊ ဆင်းရဲတဲ့ ဘဝက သူဌေးဖြစ်တယ်။
- ပုဂ္ဂိုလ်သတ္တဝါတွေမှာ၊ ဘဝါဘဝက အသင်္ချေအနန္တ ဘယ်ဘဝက ဘယ်လိုကုသိုလ်ကောင်းမှု လုပ်ခဲ့တယ်ဆိုတာ - မသိနိုင်ပါ။ အပရာ ပရိယ ဝေဒရိယကံတွေကလဲ အပြိုင်အဆိုင် ကိုယ်စီ ရှိနေတာပါပဲ။ ကံဆိုတာ အင်မတန်ဆန်းကြယ် လှပါတယ်။

၁၄။ အာသေဝနပစ္စည်းနဲ့ အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ။

"ပစ္ဆိမာနံ ပစ္ဆမာနံ အကုသလာနံ ဓမ္မာနံ" အရ ပထမဇောကြဉ်တဲ့ အကုသိုလ်စိတ် - ၁၂ - ခုဖြစ်ပါတယ်။

- ပထမဇောက အာသေဝနပစ္စည်းထဲမှာ ပါ - ပါတယ်။ ဝုဋ္ဌောက ပထမဇော-အကုသိုလ် ကို အာသေဝန ပစ္စည်းနဲ့ အကျိုးမပေးပါ။
- ပထမဇောက အကုသိုလ်လုပ်ရင်၊ ဒိဋ္ဌဓမ္မဝေဒနိယကံနဲ့ အကျိုးပေးပါတယ်။ အကုသိုလ်လုပ်ရင် ဒိဋ္ဌ အကျိုးပေးတာက - နာမည်ပျက်တယ်၊ စီးပွားရေး ထိခိုက်တယ်၊ မင်းဒဏ်စိုးဒဏ်ခံရတယ်။
- အကုသိုလ်လုပ်တာ လူမသိအောင် လုပ်ရင်လဲ အကျိုးမပေးဘူးလို့ ထင်နေကြပေမယ့်၊ နာမည်လဲ မပျက်၊ စီးပွားရေးလဲမထိခိုက်၊ မင်းဒဏ်လဲ မခံရစေကာမူ၊ အနည်းဆုံးတော့ စိတ်ဆင်းရဲရတာပဲ။ ကာယိက၊ စေတသိက ဒုက္ခ၊ ရောဂါဘယ ရပြီး၊ အိမ်တွင်းရေးတွေ ပွေရှုပ်တာဟာ၊ ပထမဇောက - အကျိုးပေး တာချည်းပါပဲ။

- သတ္တမဇောက - နောက်ဆုံးဇောဖြစ်ပြီး၊ အားနည်းတဲ့၊ အရှိန်သေးတဲ့ အဆုံးဇောဖြစ်လို့- ဒုတိယဘဝမှာ- ပဋိသန္ဓေအကျိုးကိုပေးပါတယ်။
- ဇော-၅-ချက် ကုသိုလ်-အကုသိုလ်က၊ အပရာ ပရိယဝေဒနိယကံ အဝနနဲ့ အကျိုးပေးတာမှာ၊

"ဆာယာဝ အနုပါယိနီ" လူရဲ့နောက်မှာ အရိပ်ပါနေသလို- ကုသိုလ်-အကုသိုလ်ကံတွေက အမြဲပါနေ တယ်။

၁၅။ အာသေဝနပစ္စည်းနဲ့ ကြိယာအဗျာကတက - ကြိယာအဗျာကတ-အား ကျေးဇူးပြုပုံ။

ပုရိမာ ပုရိမာ ကြိယာ အဗျာကတာခမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာ အဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

အာသေဝနပစ္စည်းမှာ ကြိယာအဗျာကထာကို ဟောကြားပါသည်။

- အဗျာကတာက (၂) မျိုးရှိပါသည်။ (၁) ကြိယာ အဗျာကတ
(၂) ဝိပါတ် အဗျာကတ တို့ဖြစ်ပါသည်။

- (၁) ကြိယာဗျာကတာ ဓမ္မာမှာ - အဟိတ်ကြိယာ (၃)၊ ကာမာဝါစရ ကြိယာ (၈)၊ မဟဂ္ဂုတ် ကြိယာ (၉) ဆိုပြီး ကြိယာစိတ်အားလုံး (၂၀) ရှိပါတယ်။

- ကြိယာအဗျာကတမှာ ကြိယာစိတ် (၂၀) လုံး အာသေဝနပစ္စည်း မရတာက အာဝဇ္ဇန်း ဒွေးဆိုတဲ့ ပဉ္စဒွါရ ဝဇ္ဇန်းနဲ့ မနောဒွါရဝဇ္ဇန်း - အဟိတ်ကြိယာစိတ် (၂) မျိုးက အာသေဝန မရပါ။
- ကြိယာပထမဇောနဲ့ သတ္တမဇော (အဆုံးဇော) တို့သည် အာသေဝနပစ္စည်း မထိုက်ပါ။
- ပုထုဇဉ်တွေ ကုသိုလ်လုပ်တော့ အလယ်ဇောတွေက - အပရာပရိယ ဝေဒနိယကံနဲ့ ဘဝအဆက်ဆက် မှာ အကျိုးပေးခွင့်ရှိတယ်။
- ဘုရားရဟန္တာများကျတော့ - နောက်ဆုံးဘဝဖြစ်နေပါတယ်။ ဒါနပြုလဲ ပြုကာမျှ၊ သီလဆိုရင်လဲ ရဟန္တာ သီလမှာ အစင်ကြယ်ဆုံးဖြစ်ပေမယ့်၊ ပြုကာမျှပါပဲ၊ ဘဝအဆက်ဆက်အကျိုးမပေးတော့ပါ။ သူတို့မှာ အကျိုးပေးစရာ ဘဝလဲ မရှိတော့ပါ။
- ဝိပါတ်အဗျာကတမှာ - ယောဂီတို့သန္တာဝန်မှာ ဖြစ်တဲ့၊ ဝိပါတ်စိတ်တွေဆိုရင်လည်း- နောက်ဘဝတွေ အတွက် အကျိုးမပေးတော့ပေဘူး။ ဒီဘဝမှာ ကျေးဇူးပြုတာတောင်မှ၊ သူနဲ့သဘောတူတဲ့ ဝိပါတ်စိတ် တွေကိုဘဲ ကျေးဇူးပြု နိုင်တယ်။ သူနဲ့အတူတွဲပြီးဖြစ်တဲ့ စိတ္တဇရုပ်လောက်ပဲ၊ ကျေးဇူးပြုနိုင်တယ်။ အခြားကောင်းကျိုးဆိုးကျိုးတွေ မဖြစ်နိုင်တော့ပေဘူး။ အဲ့ဒါကို-ဝိပါတ်အဗျာကတလို့ ခေါ်ရတယ်။ (တလရဝ- ပဌာန်းနှင့်ဝိ - ပထမတွဲ။)

# (၁၃) ကမ္မပစ္စည်း

နာမ်အကြောင်းတရားက (၂)ခုဖြစ်တဲ့ အကျိုးပေးခြင်းဆိုတဲ့ စီရင်ခြင်းကိစ္စ၊ သတ္တိကိန်းအောင်း လိုက်ပါလျှက် မျိုးစေ့ဖြစ်စေခြင်းကိစ္စတို့ဖြင့် ကျေးဇူးပြုတတ်သော သဘောသတ္တိသည် ကမ္မပစ္စည်း ဖြစ်ပါ သည်။

ရုပ်တရား နာမ်တရားတွေ ဖြစ်ပေါ်လာအောင် စီရင်ပေးတတ်တဲ့ နာမ်သဘောတရားကို ကံ=ကမ္မ ဟု ခေါ်ပါသည်။

ထိုကမ္မကလည်း (၂) မျိုးရှိပြီး - သဟဇာတ ကမ္မနှင့် နာနက္ခဏိကကမ္မတို့ဖြစ်ပါသည်။

(၁) နာနက္ခဏိက ကမ္မဆိုတာကတော့၊ ကံပြုတဲ့အချိန်က တခြား၊ (အကြောင်းတရားက အချိန်ကာလတစ်ပါး)။ အကျိုးတရားက အချိန်ကာလ အခါ တစ်ပါးမှာ ဖြစ်ပါတယ်။

နာနက္ခဏိက ကမ္မဆိုတာ ထိုထိုဘုံဘဝခဏတွေမှာ လိုက်ပြီးတော့ အကျိုးပေးတတ်တဲ့ကမ္မ-ဖြစ်ပါတယ်။ ပစ္စည်းတရားက၊ ကုသိုလ် အကုသိုလ်စေတနာဖြစ်တယ်။ ထိုထိုဘုံဘဝတွေမှာ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးဝိပါတ်တွေ၊ ကမ္မဇရုပ်တွေ၊ ကာမ၊ ရူပ၊ အရူပဘုံတွေမှာ ဖြစ်အောင် အကျိုးပေးတဲ့ နာနက္ခဏိက ကမ္မ သတ္တိဖြစ်ပါတယ်။

| | | |
|---|---|---|
| ကုသလာ ကသလံ | = ကုသိုလ် အကုသိုလ်ဖြစ်သော = | စိတ္တာနုပဿနာ=ကုန်ပျက် |
| ကမ္မံ | = နာနက္ခဏိက စေတနာသည် = | |

ဝိပါကာနံ ခန္ဓာနံ = အကျိုးဖြစ်ကြကုန်သော စိတ်စေတသိတ်တရားတို့အား = ဓမ္မာနုပဿနာ = ကုန်ပျက်

ကဋတ္တာ ရူပနဉ္စ = ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ်တို့အားငင်း = ကာယာ နုပဿနာ = ကုန်ပျက်

ကမ္မပစ္စယေန ပစ္စယော = နာနက္ခဏိက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။

နာနက္ခဏိက ကမ္မမှာ၊ ကုသိုလ်ကောင်းမှုပြုတာက တစ်ချိန်၊ ကံပြုလုပ်ခဲ့တာက၊ ဘဝပေါင်းတစ်ရာ တစ်သောင်းက လုပ်ခဲ့တာ။ အကျိုးပေးလာတော့ တစ်ချိန်။

ဒီဘဝမှာ ကံကိုလုပ်တယ်၊ နောက်ဘဝပေါင်း တစ်ထောင်တစ်သောင်းမှာ အကျိုးပေးပါတယ်။ ကံပြုတာက တစ်ချိန်၊ အကျိုးပေးတာက တစ်ချိန်ဖြစ်လို့ - ဒီပစ္စည်းမျိုးဟာ ပဋ္ဌာန်းမှာ၊ ဥပနိဿယနဲ့ ကမ္မ (၂) မျိုးပဲ ပြိုင်လို့ ရပါတယ်။

နာနက္ခဏိက ကမ္မမှာ ကုသိုလ်ကိုယူရင် အတိတ်ကုသိုလ်ကိုယူရပါတယ်။ အကုသိုလ်ကိုယူရင်လည်း- အတိတ်အကုသိုလ်ကို ယူရပါတယ်။ ကုသိုလ်၊ အကုသိုလ်တွေက အတိတ်ဘဝပေါင်းသိန်းသန်းက လုပ်ခဲ့ပေမယ့် ဒီဘဝမှာလာပြီး အကျိုးပေးနိုင်တယ်။

(၂) သဟာဇာတ ကမ္မဆိုတာက ပြုလုပ်တဲ့ ခဏမှာပဲ - မိမိရဲ့ ပစ္စယုပ္ပန်ဖြစ်တဲ့ သမ္ပယုတ္တက္ခန္ဓာဆိုတဲ့ နာမ်တရားတွေ၊ စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်ဆိုတဲ့၊ ရုပ်တရားတွေကို အတူတကွဖြစ်၍ အတူတကွ ဖြစ်၍ ကျေးဇူးပြုနေတယ်။ သဟဇာတ ကမ္မသတ္တိဖြင့် ကျေးဇူးပြုနေတယ်။

စေတနာ = စိတ် ၈၉ ပါး၌ ယှဉ်သော စေတနာသည် = စိတ္တာနုပဿနာ =ကုန်ပျက်

သမ္ပယုတ္တကာနံ = စေတနာနှင့်ယှဉ်ကြကုန်သော၊ (စေတသိတ် ၇ ပါး)

ဓမ္မာနံ = စိတ် ၈၉၊ စေတသိတ်-၅၁-ပါးတို့အား=ဓမ္မာနုပဿနာ=ကုန်ပျက်

တံ သမုဋ္ဌာနာနံ = ထိုစိတ်စေတသိတ်တို့ကြောင့် ဖြစ်ကြကုန်သော၊

ရူပါနဉ္စ = စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အား ၎င်း=ကာယနုပဿနာ = ကုန်ပျက်။

ကမ္မပစ္စယေန ပစ္စယော = သဟဇာတ ကမ္မ ပစ္စယသတ္တဖြင့် ကျေးဇူးပြုခြင်းဖြစ်ပါသည်။

သဟဇာတကမ္မပစ္စည်းက ဘင်္ဂဉာဏ်မှာ ဝိပဿနာရှုမှတ်ဖို့ ပိုပြီး အဆင်သင့် လျော်ပါတယ်။

အကြောင်းတရားကုသိုလ်၊ အကုသိုလ်အာရုံယူတဲ့ စေတနာဆက်စပ်နေတဲ့ အချိန်နဲ့တဆက်တည်းဘဲ အကျိုးပစ္စယုပ္ပန်မှာ ယှဉ်တဲ့စိတ်စေတသိတ် - ကုသိုလ်၊ အကုသိုလ်တွေနဲ့ ကမ္မဇရုပ် စိတ္တဇရုပ်တို့ ဖြစ်ကြလို့ -ဝိပဿနာရှုမှတ်ရမှာ ဖြစ်ပါတယ်။

ယခုတရားနာယောဂီများ - ပြုလုပ်နေတဲ့ အခိုက်အတန့်မှာဘဲ စေတနာကနေပြီးတော့ ကုသိုလ်တွေ ပြုလုပ်မယ်ဆိုလို့ရှိရင် ကုသိုလ်ကံတွေ ဖြစ်တယ်။ ထိုကုသိုလ်ကံတွေက- ယှဉ်ဘက်စိတ်စေတသိတ်တရားတွေ ဖြစ်အောင် ကျေးဇူးပြုတယ်။ ကုသိုလ်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တွေ၊ သွားနေ၊ ရပ်နေ၊ ထိုင်နေတဲ့ စိတ္တဇရုပ်တွေ ဖြစ်ပေါ်အောင် ကျေးဇူးပြုတယ်။

အခုအခိုက်အတန့်မှာ - ပစ္စုပ္ပန်မှာ၊ ကျေးဇူးပြုတာကိုတော့ သဟဇာတကမ္မလို့ ဆိုရပါတယ်။

ဒါနစတဲ့ ကုသိုလ်ကံတစ်ခုကို ပြုလုပ်လိုက်တဲ့အခါ ကမ္မ (၂) မျိုးလုံးပါသွားတယ်။

(၁) သဟဇာတကမ္မကုသိုလ်စေတနာက- ကျေးဇူးပြုနေတာထင်ရှားတယ်။

(၂) နာနက္ခဏိက ကမ္မကျတော့ - ဘဝါဘဝတွေမှာ - လိုက်ပြီးတော့ ကျေးဇူးပြုတယ်။ ကာမဝါစရ ကုသိုလ် (ဒါနကုသိုလ်) ဆိုတော့ ဏမသုဂတိ (၇) ဘုံမှာ ချမ်းသာအမျိုးမျိုးတွေနဲ့-တွေ့ကြရအောင် နောက်နောင် ဘဝတွေအတွက် ကမ္မသတ္တိနဲ့ ကျေးဇူးပြုလိုက်ပါတယ်။

နာနက္ခဏိက ကမ္မတွင် အကြောင်းတရားတွေမှာ အတိတ်ကာလဖြစ်ပြီး အကျိုးတရား

တွေမှာ - ပစ္စုပ္ပန် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝိပဿနာရှုမှတ်ရာတွင် ပစ္စုပ္ပန်အကျိုးတရားဝိပါတ်နာမ်ရုပ်တို့ကို - ရှုမှတ်ရန်ဖြစ်ပါသည်။

## “ နာနက္ခဏိက ကံတွေ အကျိုးပေးပုံ ”

(၁) အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် (၄) မျိုးဖြစ်ပါသည်။

(က) ဒိဋ္ဌဓမ္မ ဝေဒနိယ ကံ = ပထမဇောကြောင့်-ယခုဘဝမှာ အကျိုးပေး။

(ခ) ဥပပဇ္ဇဝေဒနိယ ကံ = သတ္တမဇောကြောင့် - ဒုတိယဘဝမှာအကျိုးပေး။

(ဂ)အပရာပရိယဝေဒနိယ ကံ = တတိယဘဝမှာစပြီး-နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးတဲ့ကံ။

(ဃ) အဟောသိကံ = အကျိုးမပေးနိုင်တဲ့ကံ။

(၂) အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် (၄) မျိုးဖြစ်ပါသည်။

(က) ကာမာဝစရ ကုသိုလ်ကံ =ဒါန၊ သီလ၊ ဝေယျာဝစ္စလုပ်လျှင် ကာမသုဂတိ (၇) ဘုံဖြစ်သော လူ့ပြည်နှင့်နတ်ပြည် (၆) ဘုံ။ (၆) ထပ်မှာဖြစ်။

(ခ) အကုသိုလ်ကံ = လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်ကံတို့ကြောင့် အပါယ် (၄) ဘုံ ဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများသို့ ရောက်ရ ပါသည်။

(ဂ) ရူပါဝစရ ကုသိုလ်ကံ = ရူပါဝစရစျာန်ရတဲ့ ပုဂ္ဂိုလ်တွေက ရူပါဝစရဘုံဖြစ်တဲ့ ဗြဟ္မာဘုံ (၆) ဘုံ မှာ အကျိုးပေးပါတယ်။

(ဃ) အရူပါဝစရ ကုသိုလ်ကံ =အရူပါဝစရစျာန်ရအောင် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေက၊ အရူပါဝစရ ဗြဟ္မာ (၄) ဘုံ မှာ အကျိုးပေးပါတယ်။

(၃) (လားရာရောက်ရာဘဝ) ဂတိ (၅) ဖြာမှာ (၃၁) ဘုံထဲမှာ - ချာချာလည်စေတာ ကံကြောင့် ဖြစ်ပါသည်။

(က) နိရယ ဂတိ = ငရဲကျရောက်စေတာ ဒေါသများ အကုသိုလ်ကံကြောင့် ဖြစ်သည်။

(ခ) ပေတ ဂတိ = ပြိတ္တာဘဝ ကျရောက်စေတာ - လောဘအကုသိုလ်ကံကြောင့် ဖြစ် သည်။

(ဂ) တိရစ္ဆာန် ဂတိ = ဘဝများစွာ တိရစ္ဆာန်လေးတွေ ဖြစ်စေတာ၊ မောဟ အကုသိုလ်ကံ ကြောင့် ဖြစ်ပါသည်။

(ဃ) မနုဿဂတိ = လူ့ဘဝမှာအဖန်ဖန်အထပ်ထပ်အခါခါဖြစ်စေတာ၊ ကာမာဝစရ ကုသိုလ်ကံကြောင့် ဖြစ်ပါသည်။

(င) ဒေဝဂတိ = နတ်ပြည်၊ ဗြဟ္မပြည်တွေမှာ ဘဝပေါင်းများစွာ ဖြစ်စေတာ၊ ကာမာဝစရ ကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်တို့ကြောင့် ဖြစ်ပါ သည်။

(၄) ဘဝတွေမှာ-ခန္ဓာကိုယ်-လှတာ၊ ရုပ်ဆိုးတာ၊ ပြည့်စုံတာ၊ မပြည့်စုံတာတွေသည် ကံကြောင့် ဖြစ်ပါသည်။

ကမ္မနာနာကရဏံ = ကံ၏ အသီးသီးကွဲပြားသည်ကို ပြုတတ်သောအထူးကို၊

ပဋိစ္စ = စွဲ၍

သတ္တာနံ = သတ္တဝါတို့၏

အတ္တဘာဝေ = အတ္တဘော၌

နာနာကရဏံ = အသီးသီးကွဲပြားသည်ကို ပြုတတ်သော အထူးသည်၊

ပညာယတိ = ထင်၏။

ရုပ်ရည်လှတာ၊ ရုပ်ဆိုးတာ၊ ကိုယ်လက်ခန္ဓာပြည့်စုံတာ၊ မပြည့်စုံတာ၊ ယောကျ်ားဘာဝ၊ မိန်းမဘာဝ-ပြည့်တာ၊ မပြည့်တာ၊ ကံကြောင့်ဖြစ်ပါသည်။

(၅) - လောကဓံ (၈) ပါးနဲ့ တွေ့ကြုံရတာ-ကံကြောင့်ဖြစ်ပါသည်။
- လောကဓံ (၈) ပါးကို ဘယ်ပုဂ္ဂိုလ်မှ ရှောင်ကွင်းလို့ မရပါ။
- လောကဓံ (၈) ပါးက ပုဂ္ဂိုလ်သတ္တဝါတွေ နောက်သို့ အစဉ်လိုက်နေတယ်။
- ပုဂ္ဂိုလ်သတ္တဝါတွေကလည်း လောကဓံ (၈) ပါးနောက်သို့ အစဉ်လိုက်နေတယ် အမြဲရင်ဆိုင်နေကြရပါ တယ်။

အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ
လောကောစ လောကဓမ္မေ အနုပရိဝတ္တန္တိ
ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿန ကမ္ပတိ၊
အာသောကံ ဝိရဇံခေမံ၊ ဧတံမင်္ဂလ မုတ္တမံ၊

ဘိက္ခဝေ = ယောဂီတို့ -

အဋ္ဌိမေ = ရှစ်ပါးသော

လောကဓမ္မာ = လောကဓံတရားတို့သည်

လောကံ = လူအပေါင်း - သတ္တဝါအပေါင်းကို၊

အနုပရိဝတ္တန္တိ = အစဉ်လိုက်၍ နေကြလေကုန်၏။

✦✦✦✦✦✦✦✦✦✦

လောကောစ = လူအပေါင်းသတ္တဝါအပေါင်းသည်လည်း၊

လောကဓမ္မေ = လောကဓံရှစ်ပါးသို့၊

အနုပရိဝတ္တံတိ = အစဉ်လိုက်၍ နေလေ၏။

✦✦✦✦✦✦✦✦✦✦

လောကဓမ္မေဟိ = လောကဓံတရား ရှစ်ပါးတို့နှင့်

ဖုဋ္ဌဿ = တွေ့ထိသော

အဿ = ထိုပုဂ္ဂိုလ်အား

စတ္တံ = စိတ်သည်

နကမ္ပတိ = မတုန်လှုပ်၊ မတုန်လှုပ်ရင် မင်္ဂလာဖြစ်။ တုန်လှုပ်ရင် အမင်္ဂလာဖြစ်၊ အကုသိုလ်ဖြစ်။

လောကဓံတရားတွေနဲ့ တွေ့တဲ့အခါ၊ သတိပဋ္ဌာန် ဝိပဿနာတရား၊ ရှုမှတ်မှုဖြင့် ကျော်လွှားသွားနိုင်မှာ ဖြစ်သည်။ မတုန်လှုပ်နိုင်တော့ပါ။

လောကဓံတရား (၈) ပါးဆိုသည်မှာ -

လာဘော အလာဘော = ပစ္စည်းဥစ္စာပေါများခြင်း။ နည်းပါးခြင်း။

ယသေ အယသော = အခြွေအရံ များပြားခြင်း။ နည်းပါးခြင်း။

နိန္ဒာ ပသံသာ = ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း။

သုခံ ဒုက္ခံ = ကိုယ်စိတ်ချမ်းသာ၊ ကိုယ်စိတ်ဆင်းရဲ။

✦✦✦✦✦✦✦✦✦✦

(၆) ကမ္မဿ ကတာ သမ္မာ ဒိဋ္ဌိ = ကံသာလျှင် မိမိကိုယ်ပိုင် ဥစ္စာရှိတယ်လို့ ယုံကြည်ခြင်းရှေ့သွားရှိတဲ့ အသိဉာဏ်ဖြစ်တယ်။ အလယ်ဇော (၅) ချက် စေတနာကံက - တတိယဘဝမှ စပြီးတော့ နိဗ္ဗာန်တိုင်အောင်၊ ဒီကံတွေက အကျိုးပေးနိုင်တယ်၊ လူသာလျှင် သေပျောက်သွားပါသော်လည်း ကံကတော့ မပျောက်ပေဘူး။ ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းမှာ ကောင်းကျိုး/ဆိုးကျိုးတွေသာ ပေးတယ်လို့ ကုသိုလ်ကံ/အကုသိုလ်ကံသာလျှင် မိမိကိုယ်ပိုင် ဥစ္စာရှိတယ်လို့ ယုံကြည်ခြင်း ရှေ့သွားရှိတဲ့ အသိဉာဏ်ကို ကမ္မဿ ကတ သမ္မာ ဒိဋ္ဌိလို့ ခေါ်ပါသည်။

သို့ဖြစ်ပါ၍ ယခုဘဝတွင် အကုသိုလ်ကံများ မပြုလုပ်ခြင်းနှင့် ကုသိုလ်ကံများဖြစ်အောင်၊ ဒါန၊ သီလ၊ ဝေယျာဝစ္စ၊ သမထဘာဝနာများ ပွားများခြင်းတို့ ပြုလုပ်ရပေမည်။

အကုသိုလ်များ မဖြစ်စေရန်မှာ -

ဒီကံတွေ - ကုန်သွားမှသာ - မိမိတို့အလိုရှိအပ်၊ တောင့်တအပ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရသွားကြမှာဖြစ်ပါ တယ်။

(က) ကာယကံဖြစ်တဲ့ ကံ (၃) ပါး၊ သူအသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သား သမီးဖျက်ဆီးခြင်း- တွေကို - သီလနဲ့ပါယ်ရမည်။ သီလဝိသုဒ္ဓိဖြစ်ရမယ်။

(ခ) ဝစီကံ (၄) ပါးဖြစ်တဲ့၊ လိမ်ညာပြောဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်း ဆဲဆိုကြိမ်း မောင်းခြင်း၊ အကျိုးမဲ့စကားတွေပြောခြင်း တို့ကိုလည်း သီလနဲ့ပါယ်ရမည်။ သီလ ဝိသုဒ္ဓိ ဖြစ်ရမည်။

(ဂ) မနောကံ၊ စိတ်အစဉ်မှာဖြစ်ပေါ်တဲ့၊ အဘိဇ္ဈာန်၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ ဗျာပါဒ အနုစား (ဗျာပါဒ ဝိဇာတ်) တို့ကို သမထ ဘာဝနာ၊ သမာဓိဖြင့် ပါယ်ရမည်။ စိတ္တာဝိသုဒ္ဓိ ဖြစ်ရမယ်။

(ဃ) ဘဝအဆက်ဆက်က၊သံသရာအဆက်ဆက်ကဖြစ်ခဲ့တဲ့ ကံဟောင်းတွေကိုတော့ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပါယ်ရမယ်။

ယောဂီများမှာ-ကံဟောင်းတွေ-မရေမတွက်နိုင်အောင်၊ အများအပြားရှိခဲ့ကြတယ်။ အဲ့ဒီ ကံဟောင်းတွေမကုန်သမျှ - နိဗ္ဗာန်ချမ်းသာကို မရောက်နိုင်သေးပါ။

သတိပဋ္ဌာန် (၄) ပါးတရားအားထုတ်လို့ ဝိပဿနာဉာဏ်တွေအဆင့်ဆင့်ပြည့်စုံသွား၍သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတဲ့အခါ၊ ဘဝဟောင်းများကပါလာတဲ့၊ အပါယ်ငရဲသို့ ကျစေနိုင်တဲ့ ကံဟောင်းတွေ၊ အကုန်ပြတ်သွားတယ်။ သံသရာအဆက်ဆက်က လိုက်ပါလာတဲ့၊ အပါယ်ငရဲကို ကျစေနိုင်တဲ့ ကံဟောင်းတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပါယ်လိုက်ရင် ဘယ်တော့မှ အပါယ်ငရဲကို ပြန်မကျတော့ပါ။

နောက်တစ်ခါဆက်ပြီး ကျင့်လိုက်လို့ - သကဒါဂါမ်ဖြစ်သွားရင်၊ လူ့ပြည်နတ်ပြည်မှာ တစ်ကြိမ်ဘဲ ဖြစ်ရတော့မည်။

နောက်တစ်ခါဆက်လက်ကျင့်ကြံအားထုတ်လိုက်၍ အနာဂါမ်ဖြစ်သွားတဲ့အခါ၊ ကာမသုဂတိ (၇) ဘုံ ဖြစ်တဲ့ လူ့ဘုံ၊ နတ်ပြည် (၆) ဘုံမှာ မဖြစ်တော့ဘဲ - ဗြဟ္မာဘုံ (သုဒ္ဓါဝါသဘုံ) ကိုရောက် ပါတယ်။

နောက်တစ်ခါ ဆက်လက်ကျင့်ကြံလို့ ရဟန္တာဖြစ်သွားတဲ့အခါကျတော့ (၃၁) ဘုံမှာ ဖြစ်ရမည်။ ကံဆိုးကံဟောင်းတွေကို အကုန်လုံးကုန်သွားပါတယ်။ နိဗ္ဗာန်ချမ်းသာသို့ ဝင် ဆန့်သွားကြရမှာဘဲ ဖြစ်ပါတယ်။

# (၁၄) " ဝိပါကပစ္စည်း "

အကြောင်းနာမ်တရားက အကျိုးနာမ်ရုပ်တို့ကို ကျေးဇူးပြုခြင်းဖြစ်ပါသည်။
ဝိပါက ပစ္စယောတိ -

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက ပစ္စယေန ပစ္စယော။

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော = အကျိုးဖြစ်သော နာမ်ခန္ဓာ-၄-ပါး တို့သည် = စိတ္တာနုပဿနာ = ကုန်ပျက်

အညံမညံ = အချင်းချင်း အပြန်အလှန် = ဓမ္မာနုပဿနာ = ကုန်ပျက်

ဝိပါကပစ္စယေန ပစ္စယော = အကျိုးဟူသော သတ္တိဖြင့် အကျိုးပြုသည်ဖြစ်၏။

ဝိပါက = ဝိပါတ်ကို ရှင်းလင်းပြမှာဖြစ်ပါတယ်။

(က) အကျိုးဝိပါက်ဖြစ်တဲ့ နာမက္ခန္ဓာ -၄-ပါးက အကျိုးဝိပါက်ဖြစ်တဲ့ နာမ်ခန္ဓာ-၄-ပါးကို အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတာဖြစ်ပါတယ်။

ဝိပါက်ဖြစ်တဲ့ ဝိညာဏ်ဝေဒနာ သညာသင်္ခါရတို့က ဝိပါက်ဖြစ်တဲ့ ဝိညာဏ် ဝေဒနာသညာသင်္ခါရ (၄) ပါးတို့ကိုအချင်းအချင်းအပြန်အလှန် ကျေးဇူးပြုပါတယ်။

(၁) ၁ပါးသောနာမ်မက္ခန္ဓာက (၃) ပါးသော နာမက္ခန္ဓာကို၊
ဝိပါက်ဝိညာဏ်က ဝိပါက် ဝေဒနာ သညာ သင်္ခါကကို

(၂) ၃ ပါးသော နာမက္ခန္ဓာ က (၁) ပါးသော နာမက္ခန္ဓာကို၊
ဝိပါက်ဝေဒနာ သညာ သင်္ခါရ က ဝိပါက် ဝိညာဏ်ကို

(၃) ၂ ပါးသော နာမက္ခန္ဓာက (၂) ပါးသော နာမက္ခန္ဓာကို
ဝိပါက် ဝိညာဏ်၊ သညာက ဝိပါက်ဝေဒနာ၊ သင်္ခါရကို

အပြန်အလှန်အချင်းချင်းကျေးဇူးပြုပါသည်။ ကျေးဇူးပြုပြီးတာနဲ့ ကုန်ပျက်၊ ကုန်ပျက် သွားပါသည်။

ယောဂီတို့ ဉာဏ်မှာ မသိနိုင်ပါ။ မြတ်စွာဘုရားဉာဏ်တော်မှာမှ ထင်ရှားပါတယ်။

(ခ) ဝိပါက်နဲ့ကံ ဆက်စပ်မှုမှာ၊ ကံတွေက ကမ္မပစ္စည်းတရားက အကြောင်းတရား၊ ဝိပါက်က အကျိုး တရားဖြစ်ပါသည်။ ဝိပါက်တွေဟာ ဘဝါဘဝမှာဖြစ်ရတဲ့ ပဋိသန္ဓေဝိပါက် ဝိညာဏ်တွေဖြစ်သည်။

(ဂ) ဘဝတစ်ပါးပြောင်းသွားတော့ ဘဝသစ်မှာဖြစ်တာကို ပဋိသန္ဓေလို့ခေါ်တယ်။ ပဋိသန္ဓေ ဖြစ်သွားတာ ဝိပါက်စိတ်ပဲ။

ပဋိသန္ဓေစိတ်ဆိုတဲ့ ဝိပါက်စိတ်ကဘဝသစ်မှာသွားဖြစ်သည်။ အဲ့ဒီဖြစ်တဲ့ အခိုက်အတန့်ကိုတော့ ဝိပါကအခိုက်အတန့်ဖြစ်ပါသည်။ဘဝဟောင်းကနေ ဘဝသစ်ပြောင်းပုံပါဘဲ။

ဘဝသစ်မှာလာဖြစ်တဲ့ ပဋိသန္ဓေစိတ်ဆိုတာ ဝိပါက်စိတ်ပါပဲ။

(ဃ) ဘဝဟောင်းက ကံစသည့်အကြောင်းကြောင့် ဘဝသစ်မှာ အကျိုးဝိပါက် လာဖြစ်ရတာ ဖြစ်သည်။ ဘဝဟောင်းက နာမ်တရားတွေ လိုက်ပါလာတာလည်း မဟုတ်ပါ။

ဘဝဟောင်းက ကံအစရှိတဲ့ အကြောင်းကြောင့် ဘဝသစ်မှာ လာဖြစ်ရတာ ဖြစ်တယ်။ ပဋိသန္ဓေ နေရတာဖြစ်တယ်။

ဘဝဟောင်းက ကံတည်းဟူသောအကြောင်း၊ ဥပါဒါန်တည်းဟူသော အကြောင်း စသည်အကြောင်းကြောင့် ဘဝသစ်မှာ ဝိပါက်ပဋိသန္ဓေ လာဖြစ်ရတာ ဖြစ်ပါသည်။

သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ ဇာတိ

(င) ဝိပါက်အခိုက်အတန့်၏ ကာလနေရာ။

| | | | | |
|---|---|---|---|---|
| စေတနာအခိုက်အတန့် | ကံအခိုက်အတန့် | နိမိတ်အခိုက်အတန့် | ဝိပါက်အခိုက်အတန့် | ဝိပါက်သဥ္စဝိညာဏ်ခွေး |
| အတိတ်ဘဝများစွာက | အတိတ်ဘဝများစွာ | အတိတ်ဘဝ-သတ္တမဇော | ပစ္စုပ္ပန်ပဋိသန္ဓေဝိညာဏ် | ပစ္စုပ္ပန်ဝိပါက်ဝိညာဏ် |

| | | | |
|---|---|---|---|
| သံဏဝု | ဇော-ကုသိုလ်/အကုသိုလ် | ရုံ ရုံ - မနောဝိညာဏ် | မဂ်စိတ် |
| မနောဓာတ်၊ ဟဒယ | ပစ္စုပ္ပန်-အာရုံယူမှု | ပစ္စုပ္ပန်ကြံသိစိတ် | ပစ္စုပ္ပန်ရှုမှတ်စိတ် |

(၁) အထက်ပါဇယားအရပင် စေတနာ၊ ကံ၊ နိမိတ် အခိုက်အတန့်တို့မှာ အတိတ် ဘဝ ဖြစ်ပါသည်။ ဝိပဿနာ ရှုမှတ်၍မရတော့ပါ။

(၂) ဝိပါက်အခိုက်အတန့်မှာ ပစ္စုပ္ပန်ဖြစ်သော်လည်း ပဋိသန္ဓေ အခိုက်အတန့်ဖြစ် ပါသည်။ ဝိပဿနာ ရှုမှတ်၍ မရပါ။

(၃) ပဥ္စဝိညာဏ်ခွေးတို့မှာလည်း - ဝိပါက်ဝိညာဏ်များဖြစ်၍ ဝိပဿနာရှုမှတ်၍ မရပါ။ မြတ်စွာဘုရား၏ အရာသာ ဖြစ်ပါသည်။

(၄) အနန္တရပစ္စည်းသဘောတရားအရ - ပဥ္စဝိညာဏ်က မနောစိတ်ကိုဖြစ်စေ၏။ မနောဓာတ်မှ ကုသိုလ်/အကုသိုလ်ဇော အာရုံတို့ကိုယူ၍ မနောဝိညာဏ်ကြံသိ စိတ်ကို ဖြစ်စေ၏။

(၅) ပစ္စုပ္ပန်ဆပ်ဆပ်ဖြစ်နေသော မနောဝိညာဏ်၏ဖြစ်ပျက်ကို - မဂ်စိတ်ဖြင့် ရှုမှတ်ရပါသည်။ ဒိဋ္ဌေ ဒိဋ္ဌေ မတ္တံ ရှုမှတ်ပါ။

(၆) ဝိပဿနာသမာဓိညာဏ်များ တိုးတက်ရင့်ကျက်လာပါက၊ ပစ္စုပ္ပန်ဆပ်ဆပ် မနောဝိညာဏ်ကို ရှုမှတ် နေခြင်း၏နောက်တွင် ကုသိုလ်ဇော၊ အကုသိုလ်ဇောတို့ မပါဝင်မရှိတော့ဘဲ မဗျာကတ (ဝိပါက် ဝိညာဏ်) သို့ (ပြန်လည်) ရှုမှတ်လာနိုင်ပြီး- သောတာပတ္တိမဂ်သို့ ရှေးဦးစွာ ညာဏ်ထင်ရောက်ရှိ မည်ဖြစ်ပါသည်။

(၇) ပဋိသန္ဓေဝိပါက်ဝိညာဏ်တွေဖြစ်ပြီးနောက် ပတ္တိအခါမှာလည်း ဝိပါက်ဝိညာဏ်တွေဖြစ်တဲ့ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိ၊ ဆိုတဲ့ စိတ်တွေဖြစ်ကြရပါတယ်။ ဒွေးသဋ္ဌဝိညာဏ်ဖြစ်လို့- ကုသိုလ်တွေကြောင့် ကောင်းတဲ့စိတ်တွေ ဖြစ်ရတွေ့ရပြီး၊ အကုသိုလ်တွေကြောင့် မကောင်းတဲ့ မလိုချင်တဲ့ စိတ်တွေ ဖြစ်ရတွေ့ရပါသည်။

"ပါဠိမြန်မာအဓိပ္ပါယ်"

ဝိပါက = ရင့်ခြင်း၊ ကျက်ခြင်း၊ ထူးသော အကျိုး၊ ကံ၏အကျိုး။
 ကုသိုလ် အကုသိုလ်၏ အကျိုးဆက်။
 ရင့်ကျက်သည်။ အကျိုးဖြစ်သည်။

ဝိပါကပစ္စည်းဖြင့် - ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို-သမ္မာသနညာဏ်နှင့် ဥဒယဗ္ဗယ ညာဏ်တို့တွင် ရှုမှတ်ခဲ့ပြီးဖြစ်ပါသည်။

သမာဓိညာဏ်တွေ ပို၍ ပို၍ ရင့်ကျက်လာပြီး ဘင်ညာဏ်သို့ ရောက်လာတဲ့အခါ - ဝေဒနာပေါ်မှာ - စိတ်ကလေးတည့်တည့်လေးချပြီးတော့ စူးစူးစိုက်စိုက် ရှုမှတ်လိုက်တာနဲ့ တစ်ချက်မှတ်တစ်ချက်ယူပစ်လိုက်သလို ကုန်ပျက် ကုန်ပျက်သွားတာ။ နောက်ထပ် အသစ် အသစ်တွေ ပေါ်လာလို့ အသစ်အသစ်တွေကိုပဲ လိုက်မှတ်နေ ရတာဖြစ်တယ်။

စိတ်ညွှတ်လိုက်တာနဲ့၊ ကုန်ပျက်သွားတာကို ညာဏ်ထက်တဲ့ယောဂီများကိုယ်တိုင် တွေ့ရပါတယ်။

တချို့တချို့ယောဂီများကတော့ မှတ်တောင်မမှတ်လိုက်ရသေးဘူး၊ စိတ်က ညွှတ်လိုက် တာနဲ့ ဝေဒနာက ကုန်သွားပျက်သွားပါတယ်။ အဲ့ဒီအဆင့် ရောက်သွားတဲ့အခါကျတော့ ဝေဒနာကိုလွှမ်းမိုးသွားပြီး ဖြစ်ပါတယ်။

ဝေဒနာတွေကိုလွှမ်းမိုးနိုင်တဲ့ သမာဓိညာဏ်အားကောင်းတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင်၊ ညာဏ် ထက်တဲ့ ပုဂ္ဂိုလ် ဆိုလို့ရှိရင်၊ ရှုနေဆဲခဏမှာ ပေါ်လာတဲ့ဝေဒနာတွေ၊ ပျောက်ပျောက်သွားတာ၊ ကုန်ပျက် ကုန်ပျက်သွားတာ၊ ထင်ရှားတယ်။ ထင်ရှားပြီးတဲ့ နောက်ပိုင်းမှာ မရှုမှတ်ခင်ကရှိတဲ့၊

ဝေဒနာဟောင်းတွေ ပေါ်လာလို့ရှိရင်လဲ၊မှတ်လိုက်တာနဲ့ကုန်သွား၊ မှတ်လိုက်တာနဲ့ကုန်သွားနဲ့ မရှုမှတ်ခင်က ရှိခဲ့တဲ့ဝေဒနာဟောင်းတွေ ပျောက်ပျောက် သွားပါတယ်။

✧✧✧✧✧✧✧✧✧

## ဝိပါကပစ္စည်း၏ မှတ်သားစရာအချက်များ

ဝိပါကမည်သည်ကြောင့်ကြဗျာပါရစိုက်ကာ အားထုတ်ရန်မလိုအပ်တော့ဘဲ အကျိုးရလဒ်တို့က ပေါ်ပေါက် လာတတ်သည့် သဘာဝရှိသောကြောင့်ပင် -

"ချမ်းရိပ်နားနေ၊ ညင်းလေပြေသို့ တသွေ့ဖြစ်ဟန်၊ နာမက္ခန်ကို ပူပန်ဝေ့လျှက်၊ ငြိမ်သက်စေနိုင်သော ဝိပါက် ပစ္စည်းတရားက" ဟု ရှေးဆရာများက ဟောကြား ထားခြင်းဖြစ်ပါသည်။

- ဝိပါက်စိတ်များမှာ -

(၁) ပဋိသန္ဓေစိတ်

(၂) ဖိုလ်စိတ်

(၃) ရူပါဝစရဈာန်စိတ်

(၄) အရူပါဝစရဈာန်စိတ်

(၅) မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်။

(၆) သမ္ပဋိစ္ဆိုင်း။ (မနော၊ ဟဒယ)

(၇) သန္တီရဏ

(၈) တဒါရုံ

(၉) ဘဝင်

(၁၀) စုတိစိတ်

- ရုပ်တရားများကို ဝိပါက်မခေါ်ပါ။

(၁) စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ-စသည့် ကံကြောင့် ဖြစ်သော်လည်း - ဝိပါက - မဟုတ်ပါ။

(၂) ကမ္မဇရုပ်၊ ကံကြောင့်ပင်ဖြစ်သော်လည်း-ဝိပါက-မဟုတ်ပါ။

(၃) ဝိပါက်စိတ်က - စိတ္တဇရုပ်ကိုဖြစ်စေသော်လည်း - ငြင်သာလှပါသည်။

စိတ်ကြောင့်ကုသိုလ်/အကုသိုလ်စိတ်ကြောင့် ဖြစ်သည့် စိတ္တဇရုပ်သည် ပြင်းထန်ထိရောက်သည်။

- ကုသလဝိပါက်များဖြစ်စေရန်- ပုညကြိယာ (၁၀) ပါးနေ့စဉ်ထူထောင်ပါ။

- မေထုန်ငယ် (၇) ပါး ကိုလည်း ရှောင်ကြဉ်ပါ။

ရန်ကုန်မြို့ မြောက်ဥက္ကလာပ သဇင်ရေကျော်ကျောင်း၌
ကျင်းပသော မိုးကုတ်ဝိပဿနာ (၇)ရက်စခန်းပွဲ
စတုတ္ထနေ့တွင်
သာသနဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဆရာတော် ဦးဉာဏောဘာသ ဟောကြားသော

# ကင်္ခါဝိတရဏဝိသုဒ္ဓိ တရားတော်

(ကင်္ခါဝိတရဏဝိသုဒ္ဓိပါ) ကင်္ခါဆိုတာ ယုံမှားသံသယ၊
ဝိတရဏဆိုတာ ကူးမြောက်သွားပြီ လွန်သွားပြီ၊
ဝိသုဒ္ဓိဆိုတာ စင်ကြယ်တာ၊
ယုံမှားသံသယ စင်ကြယ်သွားပြီတဲ့၊
သဿတနဲ့ ဥစ္ဆေဒကတော့ အလုပ်နဲ့ကျမှ ပြုတ်မှာကိုး၊
မူလအခြေခံ ဝိသုဒ္ဓိနှစ်ပါး၊ နာမ်ရုပ်ခွဲရမယ်၊ အကြောင်းအကျိုး ဆင်ခြင်လာပြီ ဖြစ်ပျက်တွေတင်တယ်ဆိုတော့ သရီရဝိသုဒ္ဓိခေါ်တယ်။
အဓိပ္ပာယ်ကတော့ ခန္ဓာကိုယ်မှာ ချသိရမဲ့ ဝိသုဒ္ဓိတွေ၊ (ခန္ဓာကိုယ် မှာပါ ဘုရား)
နာမ်ရုပ်ခွဲတော့ ဘယ်မှာ ချခွဲရမလဲ၊ (ခန္ဓာကိုယ်မှာပါ ဘုရား)
အကြောင်းအကျိုး ဆင်ခြင်တော့ကော- (ခန္ဓာကိုယ်မှာပါ ဘုရား)
ဖြစ်ပျက်ရှုတော့ကော (ခန္ဓာကိုယ်မှာပါ ဘုရား)
(၁) <u>ဒိဋ္ဌိဝိသုဒ္ဓိ</u>
(၂) <u>ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊</u>
(၃) <u>မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊</u>
(၄) <u>ပဋိပဒါဒဿနဉာဏဝိသုဒ္ဓိ</u>။
အဲဒီလေးခုကတော့တဲ့ သရီရဝိသုဒ္ဓိ ကိုယ်မှာချသိရမယ့် ဝိသုဒ္ဓိတဲ့၊
<u>နောက်ဆုံး ဉာဏဒဿန ဝိသုဒ္ဓိကျတော့ နိဗ္ဗာန်မြင်သွားတော့ ချုပ်ငြိမ်းသွားပြီ၊ သူကျတော့ အငြိမ်းဓာတ်ရောက်သွားပြီနော်၊</u>
ကင်္ခါဝိတရဏဝိသုဒ္ဓိအကြောင်း ဟောကြစို့ ယုံမှားသံသယတွေ ပျောက်အောင်နော်၊
<u>အကြောင်းကို သေချာသိရင် ယုံမှားသံသယပျောက်တယ်၊</u>
ဒါဖြင့် ဘုန်းကြီးတို့ <u>နာမ်ရဲ့အကြောင်း, ရုပ်ရဲ့အကြောင်းတွေ သိဖို့လိုတယ်၊</u>
<u>နာမ်ရဲ့အကြောင်းတွေက စိတ်စေတသိတ်တွေက ဒွါရအာရုံ ပေါင်းဆုံမှုကြောင့် ဖြစ်ကြတာ။</u>
<u>ရုပ်တရားတွေကျတော့တဲ့ ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါး တစ်ပါးပါးကြောင့်သာ ဖြစ်တာ။</u>

# နာမ်တရားရဲ့အကြောင်း

ကျုပ်တို့မှာ ဒွါရအာရုံနှစ်ခုပေါင်းဆုံမှ စိတ်တို့ နာမ်တို့ ဖြစ်လာတယ်ဆိုတော့ ဒွါရ အရင်သိဖို့ မလိုဘူးလား၊

(၁) စက္ခုဒွါရ၊

(၂) သောတဒွါရ၊

(၃) ဃာနဒွါရ၊

(၄) ဇိဝှါဒွါရ၊

(၅) ကာယဒွါရ၊

(၆) မနောဒွါရ၊

ကဲဒွါရခြောက်ပါး အပေါက်ခြောက်မျိုးရှိတယ်၊ ဒွါရဆိုတာ အပေါက်၊

ခန္ဓာကိုယ်မှာလဲ မကောင်းတဲ့ အညစ်အကြေးတွေ ထွက်ဖို့ အပေါက်တွေရှိတယ်။

ကုသိုလ် အကုသိုလ်တွေရဲ့ ဝင်ရာထွက်ရာ အပေါက်လဲရှိတယ်၊ အဲဒါ ခြောက်ပေါက် ရှိတယ်၊

စက်ဝိုင်းနဲ့ ကြည့်တော့ ဘယ်လိုကြည့်မလဲဆိုတော့ သဠာယတန ပေ့ါဗျာ၊

ဆအာယတန၊

ဆ ဆိုတာခြောက်ပါး၊ သဠာယတန၊ သံသရာချဲ့တတ်တဲ့တရား ခြောက်ပါး၊

နောက်တနည်း ခန္ဓာအာယတနဓာတ်တို့ စိတ်စေတသိတ်တို့ရဲ့ ဖြစ်ရာတည်ရာ၊ ကုသိုလ် အကုသိုလ်တွေရဲ့ ဖြစ်ရာတည်ရာဌာန၊ (ခြောက် မျိုးပါ)

အဲဒါကို ဘယ်လိုခေါ်တုန်း- (ဆအာယတန)

အခံဓာတ်ခြောက်ပါး ပါလာတယ်၊

အခံဓာတ်ခြောက်ပါး ပါလာတော့ အတိုက်ဓာတ်က (တိုက်ပါတယ်)

ဒါက ဒွါရ၊ ဒါကအာရုံ၊ ဒါက ပေါ်လာတဲ့ အပွင့်ဓာတ် စိတ်တွေ နာမ်တွေ၊

အခံဓာတ် အတိုက်ဓာတ် အပွင့်ဓာတ်၊ သူနဲ့ ယှဉ်ဖော်ယှဉ်ဖက် ဖဿဝေဒနာပါစမြဲပေ့ါ၊

အခံဓာတ်က ခြောက်ပါးဆိုတော့ အတိုက်ဓာတ်ကလဲ ခြောက်ပါး၊ အပွင့်ဓာတ်ကလဲ ခြောက်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး။

ဒွါရအာရုံ ပေါင်းဆုံမှုကြောင့် ပေါ်လာတာတဲ့ နာမ်တရားတွေက၊ ကဲ နာမ်တရားရဲ့ အကြောင်းတွေပြီလား၊ (တွေ့ပါပြီ ဘုရား)

ဒါဖြင့် မြင်စိတ်က ပေါ်ချင်လို့ပေါ်လာတာလား၊

အလိုလို ပေါ်လာတာလား၊

အကြောင်းမဲ့သက်သက် ပေါ်တာလား၊

နောက်ပြီးတော့ သိကြားတို့, ဗြဟ္မာတို့, ဗိဿနိုးတို့, ဖန်ဆင်းရှင် တွေက ဖန်ဆင်းပေးလို့ ပေါ်တာလား။

မျက်စိနဲ့ အဆင်းနဲ့ တိုက်လို့ပေါ်လာတာလား၊

(မျက်စိနဲ့ အဆင်း နဲ့တိုက်လို့ ပေါ်လာတာပါ ဘုရား)

ဘာဖြစ်လို့ မြင်တာတုန်း၊

(မျက်စိနဲ့ အဆင်းနဲ့ တိုက်လို့ပါ ဘုရား)

ဒါဖြင့်ရင် မြင်တာ သံသယ ရှိသေးလား၊ (မရှိတော့ပါဘူး ဘုရား)

သံသယ ဝိစိကိစ္ဆာ မစင်သွားဘူးလား၊ (စင်သွားပါတယ် ဘုရား)

စင်သွားပြီနော်၊ ဒါနာမ်တရားနဲ့အကြောင်းတွေ ပြောနေတာ၊

ရုပ်တရားရဲ့ အကြောင်းတွေက ပြောရဦးမယ်နော်။

ကြားတာ ဘာဖြစ်လို့ ကြားတာလဲ၊

(နားနဲ့ အသံနဲ့ တိုက်လို့ပါ ဘုရား)

ကျိန်းသေလို့ယူဆလိုက်ရင် ဒါပြီးပြီ၊ သံသယပျောက်သွားပြီ၊ ဝိစိ ကိစ္ဆာ စင်သွားပြီ၊

ဒါ တခြားကြောင့်လား ပဋိစ္စသမုပ္ပာဒ် နားလည်လို့လား၊ (ပဋိစ္စ သမုပ္ပာဒ် နားလည်လို့ပါ ဘုရား)

စက်ဝိုင်း ပဋိစ္စသမုပ္ပာဒ်လား၊ ခန္ဓာမှာချတဲ့ ပဋိစ္စသမုပ္ပာဒ်လား၊ (ခန္ဓာပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)

တွေ့ထိစရာ သုံးမျိုးရှိတယ်၊

(၁) မာမှု, ပျော့မှုနဲ့ တိုက်နိုင်တယ်၊ ပထဝီဓာတ်၊

(၂) နှစ်နံပါတ်ကတော့ ပူမှု, အေးမှုနဲ့ တိုက်နိုင်တယ် တေဇောဓာတ်၊

(၃) သုံးနံပါတ်ကတော့ လှုပ်မှု, ငြိမ်မှုနဲ့ တိုက်နိုင်တယ် ဝါယောဓာတ်။

အာပေါကျတော့ မထည့်ဘူး၊

ယိုစီးတဲ့ သဘောလေးကတဲ့ နူးညံ့သိမ်မွေ့တယ်၊ သုခုမရုပ်ထဲ ပါတာကိုဗျ၊ ကိုယ်နဲ့ တွေ့ထိလို့ မရဘူးတဲ့၊

အာပေါဓာတ်က နူးညံ့တယ်, သိမ်မွေ့တယ်, ဒါကြောင့်မို့လို့ ဖောဋ္ဌဗ္ဗရုပ်ထဲ မထည့်ထားဘူး၊

ခြောက်မျိုးပေ့ါ၊ အဲဒါက ကိုယ်နဲ့တွေ့ထိနိုင်တယ်၊

ကိုယ်မှာပေါ်နိုင်တာ ဓာတ်အနေနဲ့ပြောရင် သုံးဓာတ်၊ ဖောဋ္ဌဗ္ဗရုပ် သုံးခုလို့ ခေါ်တယ်၊

သဘောတရား ခြောက်ခုပေါ်လာတယ်၊ ပထဝီကနှစ်ခု, တေဇော က နှစ်ခု, ဝါယောက နှစ်ခု၊ အားလုံးခြောက်မျိုးပေါ်နိုင်တယ်၊

ဖောဋ္ဌဗ္ဗရုပ် သုံးခုပေ့ါ၊

ဒီလိုဆို ကိုယ်နဲ့ တိုက်တဲ့အခါကျတော့ ကိုယ့်မှာဘာတွေ ပေါ်မ လဲဆိုတော့ ယားနာကောင်းစိတ်တွေ ပေါ်မယ်၊ ဆူးလေးနဲ့ ထိုးတော့နာ တယ်၊ ဒုက္ခသ--ပေ့ါ၊

ကိုယ်နဲ့ ပက်သက် ကတ္တီပါလေးနဲ့ တိုက်လိုက်တော့ ကောင်းတယ် - သုခသပေ့ါ၊

မနောကျတော့ ကြံတွေးစရာတွေဆိုတော့ ပညတ်တွေလဲပါမယ်။ နာမ်ရုပ်တွေလဲပါမယ်၊

နောက်ဆုံးနိဗ္ဗာန် အကုန်လုံး တိုက်နိုင်တာသူက၊ မနောက အရာကျယ်တယ်၊

မနောနဲ့ ဘာနဲ့ တိုက်မလဲ၊ ကြံတွေးစရာ အားလုံးနဲ့ တိုက်မယ်၊ ကြံတွေးစရာမှာ ပညတ်ကော မပါဘူးလား၊

နာမ်ရုပ်ကော (တွေးမှာပါ ဘုရား)

အကြောင်းအကျိုးကော-

ဖြစ်ပျက်ကော-

ဖြစ်ပျက်ချုပ်တဲ့ ဓာတ်ကလေးနဲ့ကော-

နိဗ္ဗာန်မနောနဲ့ တိုက်နိုင်တယ်၊

စိတ်တွေ နာမ်တွေ သူနဲ့ယှဉ်ဖော် စေသတိတ်တွေက ဘာကြောင့် ပေါ်သလဲမေးရင် ဒွါရအာရုံပေါင်းဆုံမှုကြောင့် တိုက်ပေးမှုကြောင့် ပေါ်တဲ့အတွက်ကြောင့်၊

သံသယရှိသေးလား၊

(မရှိတော့ပါဘူး ဘုရား)

(၁) ကာယာယတနံ ကာယဝိညာဏ ဓာတုယာ → သမာဒိဋ္ဌိ

(၂) ကာယဝိညာဏ်ဖြစ်ခြင်းရဲ့အကြောင်း → ကာယဒွါရ + ဖောဋ္ဌဗ္ဗ + ဖဿ

→ သမ္မာသင်္ကပ္ပ

ဘာဖြစ်လို့ နားထောင်တာလဲ (နားထောင်ချင်လို့နားထောင်တာပါ ဘုရား) - စိတ္တဇ စေတသိကာဓမ္မာ၊ စိတ္တသမုဋ္ဌာန် ရူပါနံ

ဘာဖြစ်လို့ ကြားတာလဲ (ကြားချင်လို့ကြားတာပါ ဘုရား) -

ကြားချင်လို့လဲ မကြားဘူး၊ နားနဲ့အသံနဲ့တိုက်မှ

သောတာယတနံ → သဒ္ဒါယတနံ သောတာဝိညာဏဓာတု

ဘာဖြစ်လို့ စကားပြောချင်တာလဲ - ပြောချင်လို့ပြောတာ

## ဝစီကံ– ကာယကံ – စိတ္တဇရုပ်

ဘာဖြစ်လို့ အသံထွက်တာလဲ၊ ကံကြောင့်လဲပါတယ်, စိတ်ကြောင့် လဲပါတယ် စိတ္တဇရုပ်ပေ့ါ၊ စိတ်ကြောင့် ပြောချင်လို့ပြောတာ၊

စိတ်ကြောင့် ဖြစ်တာပေ့ါ၊

စိတ်တွေပေါ်တာ ဒွါရနဲ့အာရုံ ပေါင်းဆုံမှုကြောင့်၊ ကဲ သံသယရှိ သေးလား၊ (မရှိတော့ပါဘူး ဘုရား)

ဒါဆို ဘာပြုတ်သွားသလဲ ကင်္ခါ- (ကင်္ခါဝိတရဏပါ ဘုရား)

# " ရုပ်တရားရဲ့အကြောင်း "

ရုပ်တရားရဲ့ အကြောင်းတရားက ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါး ရှိတယ်၊

ကံကတော့ ဦးဆောင်တယ်၊ ကံကြောင့်နာမ်ရုပ် နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်း အလျော်တဲ့၊

နောက်ဆုံးက ကံပဲ။ ကံကြောင့် နာမ်ရုပ်ခန္ဓာတွေ ရတယ်၊

ဒီရုပ်နာမ်တွေ ခန္ဓာတွေကြောင့် ဘာပြန်လုပ်တုန်း၊ နောက်ဆုံး- (တဏှာဥပါဒါန်ပါ ဘုရား)

ဒါကြောင့် ကံကြောင့်နာမ်ရုပ် နာမ်ရုပ်ကြောင့် ကံအဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ကံကတော့ ဦးဆောင်တယ်၊

(၁) ကာယာယတနံ = ပစ္စုပ္ပန် = သမာဒိဋ္ဌိ

(၂) ကံ = အဝိဇ္ဇာသင်္ခါရ = အတိတ် = သမ္ပာသက်ပ္ပ

ကံကြောင့် ရုပ်တရားတွေ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား)

ကံ = အတိတ်ကာလ။ ရုပ်တရား = ယခုပစ္စုပ္ပန်

(၁) လူရုပ်ကြီးဖြစ်လာတာ လူခန္ဓာကြီးဖြစ်လာတာ ပုညာဘိ သင်္ခါရကံကြောင့် မဟုတ်ဘူးလား၊

(၂) အပါယ်ခန္ဓာတွေ ဖြစ်တာက အပုညာဘိသင်္ခါရကြောင့် မဟုတ်ဘူးလား၊ ဟုတ်တယ်နော်။

(၃) ဗြဟ္မာ့ခန္ဓာတွေ ဖြစ်တာကျတော့ (ပုညာဘိသင်္ခါရကြောင့်ပါ ဘုရား)

(၄) ပြိတ္တာတွေ ဖြစ်တာကျတော့ (အပုညာဘိသင်္ခါရကြောင့်ပါ ဘုရား)

(၅) ပုရွက်ဆိတ်တွေ ကြမ်းပိုးတွေ တိရစ္ဆာန်တွေ ဖြစ်တာကျတော့ (အပုညာဘိသင်္ခါရကြောင့်ပါ ဘုရား)

စာပေနဲ့ပြောမယ်ဆိုရင် အဇာတသတ်မင်းသားလေးဟာ ဖခမည်းတော် ဗိမ္ဗိသာရမင်းကို ခြေဖဝါးခားနဲ့ခွဲပြီးသတ်တယ်၊ ဗိမ္ဗိသာရမင်းက သောတာပန်၊ ဖခမည်းတော်လဲ မတော်ဘူးလား။ (တော်ပါတယ်ဘုရား)

အဖေကို သူပြန်ပြီးတော့ ခြေဖဝါးခားခွဲ၊ ငါဘုရင်ဖြစ်ချင်တယ်၊ သက္ကာယဒိဋ္ဌိကိုဗျ၊ သက္ကာယဒိဋ္ဌိရှိတဲ့လူက ဘာဖြစ်ဖြစ်လုပ်ရဲတာပဲ၊

ငါချမ်းသာရင် ပြီးရော သူများဘာဖြစ်ဖြစ်၊ အဖေမကလို့ အမေလဲ သတ်မယ်၊

သက္ကာယဒိဋ္ဌိရှိတဲ့လူက သတ်ရဲတယ်၊ ဘာမဆို လုပ်ရဲတယ်၊

အကုသိုလ်ကံ လုပ်တာပေါ့၊

အကုသိုလ်ကံလဲ လုပ်ပြီးရော စားလို့မရ၊ အိပ်လို့မရတော့ဘူး။

အကုသိုလ်ကံကြောင့် ပူတာပေါ့ဗျာ၊

ဒါဖြင့် အခုခင်ဗျားတိုပ ကုသိုလ်ကံများတဲ့လူ အကုသိုလ်ကံများတဲ့လူ သေခါနီးကျရင် ဘယ်သူကပူမလဲ။ (အကုသိုလ်ကံများတဲ့လူပါ ဘုရား)

ပူမှာပေ့ါ လူးလိမ့်နေမှာပေ့ါ၊ ဒုက္ခတွေခံရမှာပေ့ါ။

ကုသိုလ်များတဲ့လူက ငြိမ်ငြိမ်လေးသေမှာပေ့ါ၊ တရားရှုလို့ရှိရင် ပိုကောင်းတာပေ့ါ၊

အဲဒါကြောင့်မို့လို့ ကံကြောင့်ဖြစ်တယ် ရုပ်တွေကနေ့၊

တစ်ချို့ဆယ်နှစ်တမ်းနေရမဲ့ဟာကို တစ်ခါတည်း မွေးနေ့ တွေ လုပ်၊ ထောက်ပံ့တဲ့ကံ တွေလုပ်တာ အသက်ခြောက်ဆယ်နေရမဲ့ အဖိုး ကြီး ပုဏ္ဏားကြီး၊ အသက်တစ်ရာ့နှစ်ဆယ် တောင် ရှည်သွားရတယ်၊ ဒါကံကြောင့်ပေ့ါ၊

ကဲဒါဖြင့် ရုပ်က ကံနဲ့ကင်းရဲ့လား။ (မကင်းပါဘူး ဘုရား)

နောက်ဆုံးသစ်ပင်တောင်ခင်ဗျားတို့ကြည့်၊ဘုန်းကြီးကျောင်းတွေ ဘုန်းကြီးသီလသမာဓိ နဲ့ ပြည့်စုံရင် သရက်ပင်တွေ သီးတယ်တဲ့ ဗျ၊ အုန်းပင်တွေ သီးတယ်တဲ့ဗျ၊ သူလဲ ကံကြောင့်ပေ့ါ၊

ဒူးရင်းပင်တွေ မြေပြန့်မှာ ပေါက်တဲ့သီးတဲ့ဟာတွေရှိတယ်၊ ကံကြောင့်ပေ့ါ၊

တစ်ချို့ တရားအားထုတ်လို့ တရား ပြီးသွား ကိလေသာစင် သွားတဲ့ ပုဂ္ဂိုလ်တွေ၊ ပရိ နိဗ္ဗာန်စံခါနီးကျရင် သစ်ပင်တွေက သီးပေး တယ်၊ ပန်းပွင့်တွေ အကုန်လုံး ရာသီမဟုတ်ပဲ ပွင့်ပေးတယ် ဘာကြောင့်လဲ၊ (ကံကြောင့်ပါ)

## စိတ်ကြောင့် စိတ္တဇရုပ်တွေ ဖြစ်ပုံ

စိတ်ကြောင့် ရုပ်ဖြစ်တာပြောမယ်၊ စိတ်ကြောင့်လဲပဲ အသက်ရှည် ကျတယ်၊

အဲဒါ စိတ်ဆင်းရဲရင်လဲ ငိုကြတယ်၊ စိတ်ဒဏ်မခံနိုင်လို့ စိတ်က ဖိစီးလို့ စိတ်ကြောင့် မဟုတ်လား။

တရားအားထုတ်တော့ စိတ်ငြိမ်တယ်၊ စိတ်ကြည်လင်တော့ ရုပ်ကလေးကြည်ပြီး အသက်ရှည်ကျတယ်၊

စိတ်ကြောင့်လဲ အသက်ရှည်တယ်၊ စိတ်ကြောင့်လဲ အသက်တို တယ်တဲ့၊ စိတ်ကြောင့် ရုပ်တွေဖြစ်တယ်ပေ့ါ၊

လက်လှုပ်တာတို့, ခြေထောက်ချတာတို့, ကွေတာတို့, လှမ်းတာတို့, ထိုင်တာတို့, ထတာတို့ ဒီရုပ်တွေက (စိတ်ကြောင့် ဖြစ်တာပါဘုရား)

စိတ္တဇရုပ်တွေပေ့ါ၊

ငါထချင်တယ် ထတယ်၊ ထိုင်ချင်တယ် ထိုင်တယ်၊ အိပ်ချင်တယ် အိပ်တယ်၊ စားချင်တယ် စားတယ်၊ လှုပ်ချင်တယ် လှုပ်တယ်၊ ဇွန်းကိုင်ချင်တယ် ကိုင်တယ်၊ ခပ်ချင်တယ် ခပ်တယ်၊ ဟုတ်တယ်မို့လား။

ခပ်ပြီးတော့ ယူချင်တယ် ယူတယ်၊ ခွံ့ချင်တယ် ခွံ့တယ်၊ ဝါးချင်တယ် ဝါးတယ်၊ ဒါဖြင့် စိတ်ကြောင့်ဖြစ်တာပေ့ါ။

## " စိတ္တစေတသိကာဓမ္မာ၊ စိတ္တသမုဋ္ဌာန် ရုပါနံ "

စိတ္တဇရုပ်တွေ၊ ကံ ဒါကြောင့်မို့လို့ စိတ်ကြောင့်လဲ ရုပ်ဖြစ်တယ်၊

စိတ်က ဖြစ်တာတွေ အများကြီးပါပဲ၊ စိတ်ကြောင့် အိပ်လို့ မရဘူး၊ ဒါတွေလဲရှိတယ်၊ စိတ်ကြောင့်သေတာ ရှိသေးတယ်၊

စိတ်ကလျှော့လိုက်တော့ သေသွားရော၊ ကဲ စိတ်ကလဲ တော်တော် အရေးကြီးတယ်နော်၊

ဟာ ငါကင်ဆာဖြစ်နေပါပေါ့လား၊ စိတ်လျှော့လိုက်တာ တစ်ခါ တည်း သေသွားရော၊

## " ဥတုကြောင့် ရုပ်ဖြစ်ပုံ "

ကံကြောင့်လဲ ဖြစ်တယ်၊ စိတ်ကြောင့်လဲ ဖြစ်တယ်၊

ဥတုကြောင့် ရုပ်ဖြစ်တာပြောကြဦးစို့၊

ဥတုကြောင့် ဖြစ်တယ်ဆိုတာ ရေတွေ မျောပြီးတော့ သေတာ၊

အဲဒီရာသီဥတုတွေ မမှန်တာ လူတွေ အကျင့်သီလပျက်လို့တဲ့၊ သုနက္ခတ္တံ, သုမင်္ဂလံ, သုပ္ပဘာတံ, သုဝုဋ္ဌိတံ ဆိုတာကိုဗျ၊ နက္ခတ် တာရာတွေက မမှန်တော့ဘူး၊

လူတွေ အကျင့်ပျက်တော့ အဲဒါ ငါးပါးသီလ မထိန်းကြတော့ လို့ဗျ။

အခု ဥတု ရေတွေများနေလို့ သေကြတယ်၊

နေပူလို့ ဆိုပြီးတော့ အိန္ဒိယမှာ လူတွေသေကြတာ မနည်းကြီးပဲ၊

တစ်နေ့ထဲတင် တစ်ရာကျော်တောင်သေတယ်၊ ဥတု အပူလှိုင်း တွေ ဖြတ်လို့၊

ကမ္ဘာပျက်တဲ့ အခါကျတော့ နေခုနစ်စင်း ထွက်တယ်ဆိုတာ ဒါဥတု ဖောက်ပြန်တာပဲ၊

ဒါ ဥတုကြောင့်ပါ၊ ရုပ်တွေ ပျက်တာပေါ့၊ အခုလဲ နေပူလို့ရှိရင် သစ်ပင်တွေ ညှိုးနွမ်းပြီး တော့ သေတဲ့အပင်တွေ မသေဘူးလား၊ (သေပါတယ် ဘုရား)

ဥတုကြောင့်လဲပဲ အသက်ရှည်တယ်၊ အသက်တိုတယ်တဲ့။

<u>နောက်ပြီးတော့ ဥတုကလဲ ဆန့်ကျင်လို့ မရဘူး၊</u>

ချက်ခြင်းပူ ချက်ခြင်း အေးတာကိုဗျ၊ ဥတုက ဖောက်ပြန်တာကို၊

အအေး အပူကို ဆန့်ကျင်ဘက် လုပ်တယ်၊ ဒါကြောင့် အေးတဲ့ နေရာဆို အေးတဲ့ နေရာနေ၊ ပူတဲ့နေရာဆို ပူတဲ့နေရာနေ၊

တဖြည်းဖြည်းပူမှ တဖြည်းဖြည်းအေးမှကောင်းတယ်၊

<u>မြန်မာပြည်က လူတွေ အိန္ဒိယသွားနေတယ်၊ မုတ်ဆိတ်မွေးတွေ ထွက်လာတယ်ဗျ၊ သူတို့ ဥတုက မုတ်ဆိတ်မွေးထွက်တဲ့ ဥတုလား ဘာလား မသိဘူး၊</u>

ဥတုကိုက မုတ်ဆိတ်မွေးပေါက်ချင်တဲ့ ဥတုနဲ့ တူတယ်၊

## " အာဟာရကြောင့် ရုပ်ဖြစ်ပုံ "

အာဟာရကြောင့်ရော - ရုပ် (ဖြစ်ပါတယ် ဘုရား)

အေးတဲ့အစာစားတော့ အေးတာပေ့ါ၊ ပူတဲ့အစာ စားတော့ ပူတာပေ့ါ၊ ပူတဲ့ဆေးသောက်တော့- (ပူပါတယ်ဘုရား)

အေးတဲ့ ဆေးသောက်တော့ (အေးပါတယ် ဘုရား)

အဲဒါ အာဟာရကြောင့် (ဖြစ်ပါတယ်)

ရုပ်ဖြစ်စေတတ်တဲ့ အကြောင်းတရား ဘယ်နှစ်ပါးရှိသလဲ (လေးပါးပါ ဘုရား)

(ကံ၊ စိတ်၊ ဥတု၊ အာဟာရပါ ဘုရား)

ဒါကြောင့် ရုပ်မှန်သမျှ အကြောင်းတရား လေးပါး ကင်းပါမလား၊

မကင်းပါဘူးဘုရား)

ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး မစားဘဲ နေနိုင်မလား၊ (မနေနိုင်ပါဘူး ဘုရား)

ကံ, စိတ်, ဥတု, အာဟာရ၊ ရုပ်မှာ အကြောင်းတရား လေးပါးရှိတယ်၊

နာမ်ကျတော့ ဒွါရအာရုံ ပေါင်းဆုံမှုကြောင့်ဖြစ်တယ်၊

အဲဒီတော့ နာမ်နဲ့ရုပ်တို့ရဲ့ အကြောင်းတရားကို ပိုင်ပိုင်နိုင်နိုင် သိပြီဆိုရင် အဲဒါ ပစ္စယပရိဂ္ဂဟ ဉာဏ်လို့ ခေါ်တယ်၊

ပစ္စယဆိုတာ အကြောင်း၊ ပရိဂ္ဂဟဆိုတာ သိမ်းဆည်းတယ်၊ ကျ ကျနနသိတယ်၊

ယုံမှား သံသယ မပျောက်ဘူးလား၊ (ပျောက်ပါတယ်ဘုရား)

အကြောင်းတွေသေချာသိရင် ဘာကြောင့်လဲ သံသယရှိသေးလား။ (မရှိတော့ပါဘူးဘုရား)။

(ကင်္ခါဝိတရဏဝိသုဒ္ဓိပါ)

ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပြီးတော့ ဝိစိကိစ္ဆာ စင်တယ်၊

အတိအကျသိတော့ သံသယ မရှိတော့ဘူးပေ့ါ။

## " ပေါ်-ပေါ်ချင်း သဘောသိအောင် လုပ် "

သက္ကာယဒိဋ္ဌိ စင်သည်။

ဒါကြောင့် ပေါ်ပေါ်ချင်း ရုပ်တရားတွေ နာမ်တရားတွေကို အ ကြောင်းဆွဲနိုင်ရမယ်၊

ခင်ဗျားတို့ ခန္ဓာမှာ အကြောင်းတိုက်ဆိုင်တော့ ဖျတ်ဆို မပေါ်လာဘူးလား၊

မြင်စိတ်လေးပဲပေါ်ပေါ်, ကြားစိတ်လေးပဲပေါ်ပေါ်, နံစိတ်လေးပဲ ပေါ်ပေါ်, ပူတာ, အေးတာ, လှုပ်တာလေးပဲ ပေါ်ပေါ်ပေ့ါဗျာ၊ တောင့် တာ, တင်းတာတွေ ဘယ်ဟာပဲ ပေါ်ပေါ်ပေ့ါ၊ အကြောင်းရှိတယ်မို့လား၊ (ရှိပါတယ်ဘုရား)

နာမ်ပေါ်တော့လဲ အကြောင်းရှိတာပဲ၊ ရုပ်ပေါ်တော့လဲ (အကြောင်း ရှိတာပဲ ဘုရား)

ပေါ်ပေါ်ခြင်း သူ့ကိုဘယ်လိုသိရမလဲဆို (၁) တစ်နံပါတ်တဲ့ ဇာန တောတဲ့၊ ဒါပူတဲ့ သဘောပဲ, အေးတဲ့ သဘောပဲ, လှုပ်တဲ့သဘောပဲ, အဲဒီလို သဘောလေးလို့ အရင်သိအောင် လုပ်တဲ့၊ ဒါတစ်နံပါတ် လုပ် ရမှာ၊

ကိုယ့်ခန္ဓာမှာ ဘယ်ဌာနမှာပေါ်ပေါ်၊ ပေါ်ပေါ်ခြင်း ဘာကိုသိ ရမလဲ၊ (သဘောကို သိရပါမယ် ဘုရား)

အေး နာမည်စွဲချင်လဲ စွဲပေါ့၊ သဘောလို့သိရင် ပြီးပြီ၊

သဘောသိတော့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးဆိုတော့ ဒိဋ္ဌိစင် သွားရော သက္ကာယဒိဋ္ဌိ၊

ဒါဖြင့် အသိမှန်ရင် အမြင်မှန်ရပြီး အယူမှန်သွားတာပဲ၊

ခန္ဓာကိုယ်မှာ သဘောမျှပေါ်တာလား၊ (သဘောမျှပေါ်တာပါ ဘုရား)

(၁) သမ္မာဒိဋ္ဌိ = ဇာနတော = သိရမယ် - သဘောလို့သိ

(၂) သမ္မာသင်္ကပ္ပ = ပဿတော = မြင်ရမယ်

ပူတော့ပူနေတာပဲ၊ ဒီပူတာကို ယူလို့ရလား၊

ဘာဖြစ်လို့ယူလို့ မရသလဲဆိုတော့ အထည်မရှိလို့၊

ခင်ဗျားတို့ သဏ္ဌာန်မှာပေါ်တာတွေက အကောင်တွေ ပေါ် တာလား၊ (မဟုတ်ပါဘူး ဘုရား)

ယောကျာ်း, မိန်းမတွေ ပေါ်တာလား၊ (မဟုတ်ပါဘူး ဘုရား)

လူ, နတ်, ဗြဟ္မာတွေ ပေါ်တာလား၊ (မဟုတ်ပါဘူး ဘုရား)

(သဘောတွေပဲ ပေါ်တာပါ ဘုရား)

သဘောမှန်းသိတော့ သက္ကာယ၊ ဟော ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သွားပြီ၊

(၁) ဇာနတော သိရမယ်၊ (၂) သိပြီးတော့ ပဿတော မြင်ရမယ်တဲ့၊

ဒီသဘောလေးက အကြောင်းရှိလို့ပေါ်တာလား၊ အကြောင်း မရှိဘဲ ပေါ်တာလား၊ (အကြောင်းရှိလို့ ပေါ်တာပါဘုရား)

အကြောင်းမဲ့သက်သက် အလိုလို ဘာအကြောင်းမှ မရှိပဲ ပေါ် တယ် အလိုလို ဖြစ်တယ် ဆိုရင် ဒါဥစ္ဆေဒဒိဋ္ဌိ။

အကြောင်းရှိလို့ ပေါ်တယ်ဆိုတော့ အကြောင်းကို သေချာသိ တော့ ဝိစိကိစ္ဆာစင်တယ်၊

အကြောင်းကြောင့် အကျိုးပေါ်လာတယ်၊ အကြောင်းအကျိုး ဆက်သွယ်တယ် လဲ သိရော ဥစ္ဆေဒဒိဋ္ဌိ စင်တယ်၊

ဇာနတော = သဘောလို့သိတာ = သစ္စညာဏ်

ပဿတော = ဖြစပြီးပျက်တာကိုသိတာ = ကိစ္စညာဏ်

ဇာနတော ပဿတော ဖြစ်ပျက်မြင်ရမယ်၊

ဒါက သစ္စညာဏ် ဒါက ကိစ္စညာဏ်၊

သဘောလို့သိတာ သစ္စညာဏ်၊

ဖြစ်ပြီးပျက် သွားတာမြင်တာက ကိစ္စဉာဏ်၊

အကြောင်းကို သေချာဆွဲနိုင်ရင် ဝိစိကိစ္ဆာစင်တယ်၊

ကင်္ခါဝိတရဏဝိသုဒ္ဓိပေါ့၊ (၂) ပေါ်လာတဲ့ အကျိုးတရားနဲ့ အကြောင်း အကျိုး ဆက်သွယ်ပုံလေးကို သိရင် ( ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် ဘုရား)

အခုဟောနေတာ သဘောလို့သိတဲ့၊

**အကြောင်းအကျိုးသိ**၊ အလယ်ချက်ကို ဟောနေတာ၊

ဘာပဲဖြစ်ဖြစ် အကြောင်းရှိတယ်၊

ရုပ်ဖြစ်တော့လဲ အကြောင်းရှိတာပဲ၊ နာမ်ဖြစ်တော့လဲ- (အ ကြောင်းရှိပါတယ် ဘုရား)

အကြောင်းမရှိဘဲ ခင်ဗျားတို့ခန္ဓာမှာ ဘာတွေများ ဖြစ်လာ သလဲ၊ (ဘာမှ မဖြစ်ပါဘူး ဘုရား)

အဲဒီအကြောင်းကို သေချာ ပိုင်ပိုင်နိုင်နိုင် သိသွားတော့ ဘာစင်သွားသလဲ၊ (ဝိစိကိစ္ဆာစင်သွားပါတယ်)

**သံသယစင်- ဝိစိကိစ္ဆာစင်= ကင်္ခါဝိတရ- ဝိသုဒ္ဓိ**

ဝိသုဒ္ဓိနဲ့ပြောတော့- (ကင်္ခါဝိတရဏဝိသုဒ္ဓိပါ ဘုရား)

ယုံမှားသံသယ လွန်မြောက်သွားပြီ၊ ကူးမြောက်သွားပြီ၊

ဝိတရဏဆိုတာ ကူးမြောက်တာ၊ လွန်မြောက်သွားပြီ မရှိတော့ ဘူးတဲ့၊

အဲဒါဆို မသိဘူးဆိုကတည်းက သံသယရှိပြီ၊ ဝိစိကိစ္ဆာပဲ၊ အဲဒီ သံသယနဲ့အားထုတ်ရင် တရားမရဘူး၊

ဒါဖြင့် ရုပ်လဲအကြောင်းရှိတာပဲ၊ နာမ်လဲအကြောင်းရှိတာပဲ၊

ခြောက်ဒွါရမှာ ပေါ်လာတာမှန်သမျှ - (အကြောင်းရှိပါတယ် ဘုရား)။

သံသယကို စာလိုသုံးတော့ ဝိစိကိစ္ဆာပေါ့၊ ဝိသုဒ္ဓိနဲ့ပြောတော့ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ယုံမှား သံသယတွေ လွန်မြောက်သွားပြီ၊

အပါယ်နဲ့တောင် အိုးစားကွဲသွားပြီ၊ အမှန် အကြောင်းတရား တွေ သိတာကိုဗျ၊

(၁) နာမရူပ ပရိစ္ဆေဒဉာဏ် ┐
 ├── သစ္စဉာဏ်
(၂)ပစ္စယပရိဂ္ဂဟဉာဏ် ┘

ငါစားချင်လို့စားတာ ငါသွားချင်လို့သွားတာ အကုန်လုံး ငါဖြစ်နေတာ၊

ဒါတွေဟာ သဘောတွေပဲ၊ အကြောင်းသဘောကြောင့် အကျိုးသဘောတွေ ပေါ်နေတာ၊ အဲဒီလို မသိဘူးလား (သိပါတယ် ဘုရား)၊

သဘောမှန်းသိရင် သက္ကာယဒိဋ္ဌိပြုတ်တယ်၊

အကြောင်းကို သေချာနားလည်တော့ အခု ဝိစိကိစ္ဆာစင်တယ်၊

ဒီနှစ်ခုက အရေးကြီးတာကိုနော်၊ သူ့ကြည့်ပြီးမှ ဖြစ်ပျက်ရှု ရမယ်၊

(၁) တစ်နံပါတ်က ဒိဋ္ဌိဝိသုဒ္ဓိ သက္ကာယဒိဋ္ဌိဖြုတ်ရမယ်၊

(၂) နှစ်နံပါတ်က ကင်္ခါဝိတရဏဝိသုဒ္ဓိ အကြောင်းသေချာ သိရမယ်၊

နာမရူပပရိစ္ဆေဒဉာဏ်၊ဒါကပစ္စယပရိဂ္ဂဟဉာဏ်၊ဒီနှစ်ဉာဏ်က သစ္စာဉာဏ်၊ ဒီနှစ်ဉာဏ် ရပြီးမှ ခင်ဗျားတို့ ဖြစ်ပျက်ရှုတော့ ဒီအစဉ် အတိုင်း သွားရမှာ၊

အဲဒါကြောင့် ဖြစ်ပျက်ရှုရုံနဲ့တော့ မရဘူး၊ ဖြစ်ပျက်တော့မြင် တယ်၊ ဒီမှာ သက္ကာယဒိဋ္ဌိ တန်းလန်း ငါ့ပါး၊ ငါ့နှုတ်ခမ်း၊ ငါ့မျက်လုံး အဲဒါရှိတယ်၊ ရှိတော့ ဝိစိကိစ္ဆာ သံသယလဲရှိနေတော့ ဖြစ်များ ဖြစ်မ လားဆိုတော့ သံသယ၊

ဖြစ်တော့ ခင်ဗျားတို့ ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်နောက်မှာ မဂ်လိုက်မလား၊ သောကတွေ လိုက်မလား၊ (သောကတွေ လိုက်ပါမယ် ဘုရား)

အဲ စိုးရိမ်မှုတွေ လိုက်နေတယ်၊ အကုသိုလ်ဖြစ်ပြီးတော့ တရား မရတော့ဘူး၊

ဖြစ်ပျက်နောက်မှာ မဂ်၊ ဩော် ဒါလုပ်တဲ့သဘောလေး ဖြစ်ချိန်တန်ဖြစ်လိုက်တာပဲ၊

သံသယကင်းပြီးတော့ ဖြစ်ချိန်ကျလို့ဖြစ်တာ၊ ပျက်ချိန်ကျလို့ ပျက်တာ၊ ဘယ်သူမှ တားလို့ မရဘူး၊ သူ့သဘော သူဆောင်နေတာ၊ ဒီလို သဘောလေးသိမှ ဖြစ်ပျက်ရဲ့နောက်မှာ မဂ်လိုက်မှာ၊

တွေ့မှတွေ့တယ်၊ မတွေ့ရင် မတွေ့ဘူးပေါ့၊ ဝိပဿနာတရား ဆိုတာ လိုက်လဲ မရှာရဘူး၊ လုပ်လဲမရှုရဘူး၊ ကိုယ့်ဉာဏ်အောက် ရောက်တာ ရှုရတယ်၊

မာတာပြရင် မာတာဖြစ်ပျက်ရှုရမယ်၊ ပျော့တာပြရင် (ပျော့တာ ဖြစ်ပျက်ရှုရပါမယ် ဘုရား)

အဲဒါ ကိုယ့်ဉာဏ်အောက်ရောက်လာတဲ့ ဥစ္စာ ပစ္စုပ္ပန် တည့် တည့်လေး ကိုယ်ကရှုပေါ့၊ ဘာမှမမျှော်နဲ့ ဘာဖြစ်မလား၊ ညာဖြစ်မလား၊ ဖြစ်ပြီးရင် ဘယ်နေရာ ရောက်သွားမလဲ၊ အဲဒါ သံသယတွေ ဖြစ်ပြီးတော့ ခင်ဗျားတို့ ဖြစ်ပျက်နောက်မှာ သောကပရိဒေဝ ဒုက္ခ သောမနဿ ဥပါယာသ ပူလောင်မှုတွေ လိုက်ပြီးတော့ တရားမရ တော့ဘူး၊

သီလဝိသုဒ္ဓိ+ စိတ္တဝိသုဒ္ဓိ = မူလကမ္မဋ္ဌာန်း

နာမရူပပရိစ္ဆေဒဉာဏ်+ ပစ္စယပရိဂ္ဂဟဉာဏ်= သစ္စဉာဏ်

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ မူလကမ္မဋ္ဌာန်း ပေါ့နော်၊

နာမ်ရုပ်တွေခွဲခဲ့တယ်၊ အကြောင်းအကျိုး ဆင်ခြင်ရမယ်၊ ပဋိစ္စသမုပ္ပာဒ် နားလည်ရင် ဝိစိကိစ္ဆာ စင်တယ်၊ သစ္စဉာဏ်တော့ ပြီးပြီ၊ ဒီနှစ်ဉာဏ်ကို သစ္စဉာဏ် ခေါ်တာကိုးဗျ၊

နာမ်ရှိတယ်, ရုပ်ရှိတယ် အမှန်ရှိတယ်၊ အကြောင်းရှိတယ်, အကျိုးရှိတယ်, အမှန်သိတယ်၊ အမှန်သိတဲ့ အတွက်ကြောင့်မို့လို့ သစ္စဉာဏ်၊

ရုပ်ကြည့်တော့လဲ ဖြစ်ပျက်, နာမ်ကြည့်တော့လဲ ဖြစ်ပျက်, အ ကြောင်းကြည့်တော့လဲ ဖြစ်ပျက်, အကျိုးကြည့်တော့လဲ ဖြစ်ပျက်။

-* * * * *

# " ကဍ်ါ ဝိတရဏာ ဝိသုဒ္ဓိ ပစ္စယ ပရိဂ္ဂဟဉာဏ် "

(မင်းကွန်းဆရာတော် အရှင်ဝိါယမ၏ ဝိသုဒ္ဓိ
(၇)ပါး မင်းကွန်းသွား - စာ ၁၄၁မှ)

## စက္ခု

ပေါ်ခဲ့ပြီးတဲ့ ရုပ်နာမ်အစဉ်၊
မြင်တယ်မှတ်ခိုက် ကြောင်း၊ ကျိုးမြင်၊
ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟုထင်၊
ဟေတု အကြောင်းလည်း ဉာဏ်မှာမြင်၊
ပစ္စယအကြောင်းလည်း ဉာဏ်မှာမြင်။

## သောတ

ပေါ်ခဲ့ပြီးတဲ့ ရုပ်နာမ်အစဉ်၊
ကြားတယ်မှတ်ခိုက် ကြောင်း၊ ကျိုးမြင်၊
ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟုထင်၊
ဟေတု အကြောင်းလည်း ဉာဏ်မှာမြင်၊
ပစ္စယအကြောင်းလည်း ဉာဏ်မှာမြင်။

## ဃာန

ပေါ်ခဲ့ပြီးတဲ့ ရုပ်နာမ်အစဉ်၊
နံတယ်မှတ်ခိုက် ကြောင်း၊ ကျိုးမြင်၊
ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟုထင်၊
ဟေတု အကြောင်းလည်း ဉာဏ်မှာမြင်၊
ပစ္စယအကြောင်းလည်း ဉာဏ်မှာမြင်။

## ဇိဝှါ

ပေါ်ခဲ့ပြီးတဲ့ ရုပ်နာမ်အစဉ်၊
စားတယ်မှတ်ခိုက် ကြောင်း၊ ကျိုးမြင်၊
ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟုထင်၊
ဟေတု အကြောင်းလည်း ဉာဏ်မှာမြင်၊
ပစ္စယအကြောင်းလည်း ဉာဏ်မှာမြင်။

**ကာယ**

ပေါ်ခဲ့ပြီးတဲ့ ရုပ်နာမ်အစဉ်၊
ထိတယ်မှတ်ခိုက် ကြောင်း၊ ကျိုးမြင်၊
ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟုထင်၊
ဟေတု အကြောင်းလည်း ဉာဏ်မှာမြင်၊
ပစ္စယအကြောင်းလည်း ဉာဏ်မှာမြင်။

**မန**

ပေါ်ခဲ့ပြီးတဲ့ ရုပ်နာမ်အစဉ်၊
သိတယ်မှတ်ခိုက် ကြောင်း၊ ကျိုးမြင်၊
ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟုထင်၊
ဟေတု အကြောင်းလည်း ဉာဏ်မှာမြင်၊
ပစ္စယအကြောင်းလည်း ဉာဏ်မှာမြင်။

ဟုဆိုရာ၌ နာမရူပ ပရိစ္ဆေဒဉာဏ်က ပေါ်ခဲ့ပြီးသော ရုပ်တရား၊ နာမ်တရား (၂)ပါးတို့၏အကြောင်းကို သိမ်းဆည်းရာ၌ သုံးပါးသော လောကတို့တွင် ယုံမှားခြင်း ကင်းပျောက်၍ တည်သောဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။ ပစ္စယပရိဂ္ဂဟ ဉာဏ် ဟုလည်းဆို၏။

ထိုပစ္စယပရိဂ္ဂဟဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်မှာ ဥပမာ အားဖြင့် လိမ္မာသော ဆေးသမားသည် အနာရောဂါကို တွေ့သောအခါ ထိုအနာရောဂါ၏ မူလအခြေအကြောင်းရင်းကို ရှာကြံသကဲ့သို့လည်းကောင်း။ အလွန်သနားတတ်သော ယောကျာ်းသည် နုနယ်၍ ပက်လက်သာ အိပ်နိုင်သော ကလေးသူငယ်ကို မော်တော်ကား၊ ရထားတို့ဖြင့် အစဉ်မပြတ် သွားလာ၍နေသော လမ်းဆုံ၊ လမ်းမ၊ လမ်းလေးခွ၌ အိပ်နေသောသူငယ်ကိုမြင်သဖြင့် ဤသူငယ်သည် မည်သည့်မိဘတို့က မွေးဖွားပြီး ပစ်ထားသော သားငယ်ပါလိမ့်ဟု သားငယ်၏ မူလအကြောင်းဖြစ်သော မိဘတို့၏ အပေါ်၌ အာရုံ သက်ဝင်စိတ်မှာထင်ပေါ်လာသလို ထို့အတူ ဤအကြောင်းကိုသိမ်းဆည်းသော ပစ္စယ ပရိဂ္ဂဟဉာဏ်သည်လည်း ပေါ်ခဲ့ပြီးသော ရုပ်၊ နာမ် (၂)ပါး အကျိုးတရားတို့သည်ကား အဘယ်အကြောင်းမှ လာသနည်းဟုအကြောင်းတရားကို အာရုံ၍ ထင်ခြင်းသည်ဉာဏ်အမြင် ဟုဆို၏။

ဟေတုအကြောင်းဆိုသည်ကား အကျိုးကိုဖြစ်စေတတ်သော ဇနက အကြောင်း ကို ဆိုသည်။ ပစ္စယအကြောင်း ဆိုသည်ကား အကျိုးကို ထောက်ပံ့စေတတ်သော ဥပတ္ထမ္ဘက အကြောင်းကို ဆိုသည်။

ရှေ့အပိုဒ်၏ပါဠိ - ဧတေသဝ ပန နာမရူပဿ ပစ္စယပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ၊ ဌိတံ ဉာဏံ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ နာမ၊ တံ သမ္မာဒေတု ကာမော ဘိက္ခု ယထာ နာမ ကုသလော ဘိသက္ကော ရောဂံ ဒိသွာ တဿ သမုဋ္ဌာနံ ပရိယေသတိ၊ ယထာ ဝါ ပန အနု ကမ္ပကော ပုရိသောဒဟရံ ကုမာရံ မန္ဒံ ဥတ္တာန သေယျတံ ရထိကာယ နိပ္ပန္နံ ဒိသွာ ကဿနုခေါ အယံ ပုတ္တကောတိ တဿမာတာပိတရော အာဝဇ္ဇတိ၊ ဧဝမေဝ တဿ နာမရူပဿဟေတု ပစ္စယပရိယေသနံ အာပဇ္ဇတိ။ (ဝိသုဒ္ဓိ - ၄ - ၂ - ၂၃၃)

ဧတေသဝ ပန နာမရူပဿ၊ ဤနာမ်၊ ရုပ်၏သာလျှင်။ ပစ္စယပရိဂ္ဂဟဏေန၊ အကြောင်းကို သိမ်းဆည်းခြင်းကြောင့်။ တီသု အဒ္ဓါသု၊ သုံးပါးသော ကာလတို့၌။ ကင်္ခံ၊ ယုံမှားကို။ဝိတရိတွာ ၊ လွန်၍။ ဌိတံ ဉာဏံ ၊ တည်သောဉာဏ်သည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ နာမ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။

တံ၊ ထိုကင်္ခါတရဏ ဝိသုဒ္ဓိကို။ သမ္မာဒေတု ကာမော၊ ပြည့်စုံစေလိုသော။ ဘိက္ခု ၊ ရဟန်းသည်။ တဿ နာမရူပဿ၊ ထိုနာမ်ရုပ်၏။ ဟေတုပစ္စယ ပရိယေသနံ၊ အကြောင်းပစ္စည်းကို ရှာမှီးခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ကုသလော၊ လိမ္မာသော။ ဘိသက္ကော၊ ဆေးသမားသည်။ ရောဂံ၊ အနာကို။ ဒိသွာ၊ မြင်၍။ တဿ၊ ထိုအနာ၏။ သမုဋ္ဌါနံ၊ အကြောင်းကို။ ပရိယေသတိယထာ၊ ရှာမှီးသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင် တဿ နာမရူပဿ၊ ထိုနာမ်ရုပ်၏။ ဟေတုပစ္စယ ပရိယေသနံ။ အကြောင်း ပစ္စည်းကို ရှာမှီးခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ယထာ ဝါ ပန၊ ဥပမာ တစ်နည်းသော်ကား။ အနုကမ္ပကော၊ အစဉ်စောင့်ရှောက်တတ်သော။ ပုရိသော၊ ယောကျာ်းသည်။ မန္ဒံ၊ နုန့်သော။ ကုမာရံ၊ ကလေးသော။ ဒဟရံ၊ သူငယ်ကို။ ဥတ္တာနသေယျတံ၊ ပက်လက်။ ရထိကာယ၊ လှည်းလမ်း၌။ နိပ္ပန္နံ၊ အိပ်သည်ကို။ ဒိသွာ၊ မြင်၍။ အယံ ပုတ္တကော၊ ဤသားငယ်သည်။ ကဿ နု ခေါ၊ အဘယ်သူ၏ သားငယ်လေနည်း။ ဣတိ၊ ဤသို့။ တဿ၊ ထိုသားငယ်၏။ မာတာပိတရော၊ အမိအဖတို့ကို။ အာဝဇ္ဇတိ ယထာ၊ ဆင်ခြင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ တဿနာမရူပဿ၊ ထိုနာမ်ရုပ်၏။ ဟေတုပစ္စပရိယေသနံ၊ အကြောင်းပစ္စည်းကို ရှာမှီးခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။

## ရုပ် - အကြောင်းပေါ်ပုံ

မျက်စိ၊ အဆင်းကြောင့် မြင်တာပဲ၊
နား၊ အသံကြောင့် ကြားတာပဲ၊
နှာခေါင်း၊ အနံ့ကြောင့် နံတာပဲ၊
လျှာ၊ အရသာကြောင့် စားတာပဲ၊

ကိုယ် အတွေ့ကြောင့် ထိတာပဲ၊
နှလုံး သဘောကြောင့် သိတာပဲ၊

## နာမ်အကြောင်း ပေါ်ပုံ

သွားချင်လို့လဲ သွားတာပဲ၊
ရပ်ချင်လို့လဲ ရပ်တာပဲ၊
ထိုင်ချင်လို့လဲ ထိုင်တာပဲ၊
အိပ်ချင်လို့လဲ အိပ်တာပဲ။

## ရုပ်အကြောင်းကို ခွဲပြခြင်း

မျက်စိ၊ အဆင်းကြောင့် မြင်တယ်ထင်၊
ရုပ်အကြောင်း၊ နာမ်အကျိုး ဉာဏ်မှာမြင်၊
မျက်စိ၊ အဆင်းထင် အကြောင်းရုပ်ထင်၊
မြင်စိတ်ကိုထင် အကျိုးနာမ်ထင်။

## နား

နားအသံကြောင့် ကြားတယ်ထင်၊
ရုပ်အကြောင်း၊ နာမ်အကျိုး ဉာဏ်မှာမြင်၊
နား၊ အသံထင် အကြောင်း ရုပ်ထင်၊
ကြားစိတ်ကိုထင် အကျိုးနာမ်ထင်။

## နှာခေါင်း

နှာခေါင်း အနံ့ကြောင့် နံတယ်ထင်၊
ရုပ်အကြောင်း၊ နာမ်အကျိုး ဉာဏ်မှာမြင်၊
နှာခေါင်း၊ အနံ့ထင် အကြောင်း ရုပ်ထင်၊
နံစိတ်ကိုထင် အကျိုးနာမ်ထင်။

## လျှာ

လျှာအရသာကြောင့် စားတယ်ထင်၊
ရုပ်အကြောင်း၊ နာမ်အကျိုး ဉာဏ်မှာမြင်၊
လျှာ အရသာထင် အကြောင်း ရုပ်ထင်၊
စားစိတ်ကိုထင် အကျိုးနာမ်ထင်။

## ကိုယ်

ကိုယ် အတွေ့ကြောင့် ထိတယ်ထင်၊
ရုပ်အကြောင်း၊ နာမ်အကျိုး ဉာဏ်မှာမြင်၊
ကိုယ် အတွေ့ထင် အကြောင်း ရုပ်ထင်၊
ထိစိတ်ကိုထင် အကျိုးနာမ်ထင်။

## နာမ် အကြောင်းကို ခွဲပြခြင်း

(၂) နာမ်ကြောင့် စိတ္တဇရုပ် အကျိုးထင်
စိတ္တစေတသိကာဓမ္မာ၊ စိတ္တသမုဋ္ဌာန် ရူပါနံ။

## သွား

သွားချင်လို့လဲ သွားတယ်ထင်၊
နာမ်အကြောင်း၊ ရုပ်အကျိုး ဉာဏ်မှာမြင်၊
သွားလို သဘောထင် အကြောင်း နာမ်ထင်၊
သွားသောသဘောထင် အကျိုးရုပ်ထင်။

## ရပ်

ရပ်ချင်လို့လဲ ရပ်တယ်ထင်၊
နာမ်အကြောင်း၊ ရုပ်အကျိုး ဉာဏ်မှာမြင်၊
ရပ်လို သဘောထင် အကြောင်း နာမ်ထင်၊
ရပ်သောသဘောထင် အကျိုးရုပ်ထင်။

## ထိုင်

ထိုင်ချင်လို့လဲ ထိုင်တယ်ထင်၊
နာမ်အကြောင်း၊ ရုပ်အကျိုး ဉာဏ်မှာမြင်၊
ထိုင်လို သဘောထင် အကြောင်း နာမ်ထင်၊
ထိုင်သောသဘောထင် အကျိုးရုပ်ထင်။

## အိပ်

အိပ်ချင်လို့လဲ အိပ်တယ်ထင်၊
နာမ်အကြောင်း၊ ရုပ်အကျိုး ဉာဏ်မှာမြင်၊
အိပ်လို သဘောထင် အကြောင်း နာမ်ထင်၊
အိပ်သောသဘောထင် အကျိုးရုပ်ထင်။

(၁) အရ - ဤသို့မြင်ရာ၌ ရုပ်အကြောင်း၊ နာမ်အကျိုး ဆိုသည်ကား။ " စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ ။ စက္ခုံ စ ၊ မျက်စိကိုလည်း။ ပဋိစ္စ၊ စွဲ၍။ ရူပေ စ၊ အဆင်းတို့ကိုလည်း။ ပဋိစ္စ၊ စွဲ၍။စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သောတဉ္စ၊ နားကိုလည်း။ ပဋိစ္စ၊ စွဲ၍။ သောတဝိညာဏ၊ ကြားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏ " ဤသို့ အစရှိသော စကားတို့ဖြင့် ဟောတော်မူသောကြောင့် မြင်သောခဏ မျက်စိကြည်တာက စက္ခုဒွါရ၊ အဆင်းထင်တာက ရူပါရုံ။ ဤဒွါရ အာရုံ (၂)ပါးစုံက အကြောင်း၊ မြင်တာ၊ တွေ့တာ ခံစားတာက အကျိုး။

အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊

အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။

(၁) အရ - ကြားသောခဏ နားကြည်တာက သောတဒွါရ၊ အသံထင်တာက သဒ္ဒါရုံ။ ဤဒွါရ အာရုံ (၂)ပါးစုံက အကြောင်း၊ ကြားတာ၊ တွေ့တာ ခံစားတာက အကျိုး။ အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။ ။

နံသောခဏ နှာခေါင်းကြည်တာက ဃာနဒွါရ၊ အနံ့ထင်တာက ဂန္ဓာရုံ။ ဤဒွါရ၊ အာရုံ (၂)ပါးစုံက အကြောင်း၊ နံတာ၊ တွေ့တာ၊ ခံစားတာက အကျိုး။ အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကားနာမ်။

စားသောခဏ၊ လျှာကြည်တာက ဇိဝှါဒွါရ၊ အရသာထင်တာက ရသာရုံ၊ ဤဒွါရ အာရုံ၊ (၂)ပါးစုံက အကြောင်း၊ စားတာ၊ တွေ့တာ၊ ခံစားတာက အကျိုး၊ အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသည် ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။ ။

ထိသောခဏ၊ ကိုယ်ကြည်တာက ကာယဒွါရ၊ အတွေ့ထင်တာက ဖောဋ္ဌဗ္ဗာရုံ၊ ဤ ဒွါရ အာရုံ၊ (၂)ပါးစုံက အကြောင်း၊ ထိတာ၊ တွေ့တာ၊ ခံစားတာက အကျိုး၊ အကြောင်းနှင့် အကျိုး ပေါင်းဆုံကြသည် ဟု ထင်တဲ့သဘောက ဉာဏ်၊ အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။ ။

(၂) အရ - ကြွေးသောခဏ၊ မနောကြည်တာက မနောဒွါရ၊ ကြွေးတဲ့သဘောထင်တာက စိတ္တဇရုပ် ဓမ္မာရုံ၊ ဤဒွါရ အာရုံ၊ (၂)ပါးစုံက အကြောင်း၊

သိတာ၊ တွေ့တာ၊ ခံစားတာက အကျိုး၊

အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောကဉာဏ်၊

အကြောင်းကား ရုပ်၊ အကျိုးကား နာမ်။ ဤကား ရုပ်အကြောင်းကို ပြခြင်း တည်း။

သွားသောခဏ သွားလိုသော သဘောစိတ်က အကြောင်း၊

သွားသော သဘောရုပ်က အကျိုး။

အကြောင်းနှင့်အကျိုး ပေါင်းဆုံကြသည်ဟု ထင်တဲ့သဘောက ဥာဏ်၊ အကြောင်းကား နာမ်၊ အကျိုးကား ရုပ်။

ပြန်သောခဏ၊ လှမ်းသောခဏ စသည်တို့၌၊ အတူတူမှတ်ရာ၏။

ကမ္မဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။

ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ။

( ဝိသုဒ္ဓိ - ၄ - ၂ - ၂၇၇)

(၃) ကံကြောင့် (အကြောင်း) - ဝိပါက် (အကျိုး)

ကမ္မဝိပါကာ၊ ကံအကျိုးတို့သည်။ ဝတ္တန္တိ ၊ ဖြစ်ကုန်၏။ ဝိပါကော၊ အကျိုးသည်။ ကမ္မသမ္ဘဝေါ၊ ကံကြောင့်ဖြစ်၏။

ကမ္မာ ၊ ကံကြောင့်။ ပုနဗ္ဘဝေါ ၊ တစ်ဖန်ဘဝသည်၊ ဟောတိ၊ ဖြစ်၏။ ဧဝံ ၊ ဤသို့၊ လောကော၊ လောကသည်၊ ပဝတ္တတိ၊ ဖြစ်၍နေ၏။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော

သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

( ဝိသုဒ္ဓိ - ၄ - ၂ - ၂၇၇)

ကံနှင့်ဝိပါက် - မရောယှက်

- အကြောင်းနှင့်အကျိုးသာဖြစ်၏။

ကမ္မဿ ၊ ကံကို။ ကာရကော ၊ ပြုတတ်သောသူသည်။ နတ္ထိ ၊ မရှိချေ။ ဝိပါကဿ စ။ အကျိုးကိုလည်း။ ဝေဒကော၊ ခံစားတတ်သောသူသည်။ နတ္ထိ ၊ မရှိချေ။

သုဒ္ဓဓမ္မာ၊ ပြုတတ်သောသူ၊ ခံစားတတ်သူ မရောမယှက် သက်သက်ကံ၊ အကျိုး (၂)ပါး တရားတို့သည် ၊ ပဝတ္တန္တိ ၊ ဖြစ်၍နေကြကုန်၏။ ဧဝေတံ ၊ ဧဝံ ဧတံ ဒဿနံ၊ ဤသိုသော မြင်ခြင်းသည်။ သမ္မဒဿနံ၊ အမှန်မြင်ခြင်းပင်တည်း။

ဧဝံ ကမ္မေ ဝိပါကေ စ၊ ဝတ္တမာနေ သဟေတုကေ။

ဗီဇရုက္ခာ ဒိကာနံဝ၊ ပုဗ္ဗကောဋိ န နာယတိ။

အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တံ န ဒိဿတိ။

ဧဝံ ၊ ဤသို့။ ကမ္မေ စ၊ ကံသည်လည်းကောင်း။ ဧဝံ ၊ ဤသို့။ ဝိပါကေ စ၊ အကျိုးသည်လည်းကောင်း။ သဟေတု၊ အကြောင်းနှင့်တကွ။ ဝတ္တမာနေ၊ ဖြစ်၍နေသည်ရှိသော်။ ဗီဇရုက္ခာ ဒိကာနံ၊ မျိုးစေ့သစ်ပင် အဆက်ဆက်တို့၏ ပုဗ္ဗကောဋိ၊ ရှေ့အစွန်းသည်။ န နာယတိ ဣဝ၊ မထင်သကဲ့သို့၊ ကမ္မဝိပါကာနံ၊ ကံအကျိုးတို့၏။ပုဗ္ဗကောဋိ၊

ရှေ့အစွန်းသည်။ န နာယတိ၊ မထင်။ အနာဂတေပိ သံသာရေ၊ အနာဂတ်ကာလ သံသရာ အဆက်ဆက်၌လည်း။ အပ္ပဝတ္တံ ၊ မဖြစ်ခြင်းသည်။ န ဒိဿတိ၊ မထင်။

ဧတမတ္ထံ အနညာယ၊ တိတ္ထိယာ အသယံဝသီ။

သတ္တသညံ ဂဟေတွာန၊ သဿတုစ္ဆေဒ ဒဿိနော။

ဒွါသဋ္ဌိဒိဋ္ဌိံ ဂဏှန္တိ၊ အညမညံ ဝိရောဓိတာ။

( ဝိသုဒ္ဓိ - ၄ - ၂ - ၂၃၈)

**အကြောင်းအကျိုးဘဲရှိသည်။**

**သတ္တဝါမရှိ၊ ပြုသူမရှိ။**

ဧတမတ္ထံ၊ ဤကံ၊ အကျိုး သက်သက်အနက်ကို။ အနညာယ၊ မသိကြကုန်သည်ဖြစ်၍။ တိတ္ထိယာ၊ တိတ္ထိတို့သည်။ အသယံဝသီ၊ မိမိတို့ အလိုမကျကုန်ဘဲ။ သတ္တသညံ၊ သတ္တဝါဟူသော အမှတ်ကို။ ဂဟေတွာန၊ ယူကြကုန်သည်ဖြစ်၍။

သဿတုစ္ဆေဒ ဒဿိနော၊ သဿတအမြင်။ ဥစ္ဆေဒအမြင် ရှိကြကုန်သည်ဖြစ်၍။

အညမညံ၊ သဿတအမြင် ဥစ္ဆေဒအမြင် အချင်းချင်း။ ဝိရောဓိတာ၊ ဆန့်ကျင်ကြကုန်လျက်။ ဒွါသဋ္ဌိဒိဋ္ဌိံ ၊ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူကို။ ဂဏှန္တိ၊ ယူကြကုန်၏။

ဒိဋ္ဌိဗန္ဓနဗန္ဓာ တေ၊ တဏှာသောတေန ဝုယှရေ။

တဏှာသောတေန ဝုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဒိဋ္ဌိဗန္ဓန ဗန္ဓာ၊ တဏှာတည်းဟူသော နှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သော။ တေ၊ ထိုတိတ္ထိတို့သည်။ တဏှာသောတေန၊ တဏှာတည်းဟူသော ရေယာဉ်ကြောဖြင့်။ (အကြောင်း) ဝုယှရေ မျောရှာကြကုန်၏။ တဏှာသောတေန၊ တဏှာတည်းဟူသော ရေယာဉ်ကြောဖြင့်။ဝုယှန္တာ၊ မျောရှာကြကုန်သော။ တေ၊ ထိုတိတ္ထိတို့သည်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ န ပမုစ္စရေ မလွတ်ရှာကြလေကုန်။ (အကျိုး)

ဧဝမေတံ အဘိညာယ ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။

ဂမ္ဘီရံ နိပုဏံ သုညံ၊ ပစ္စယံ ပဋိဝိဇ္ဈတိ။

( ဝိသုဒ္ဓိ - ၄ - ၂ - ၂၃၈)

ဧဝမေတံ - ဧဝံ ဧတံ အတ္ထံ၊ ဤသို့သော ကံအကျိုး သက်သက်အနက်ကို။ အဘိညာယ ၊ သိ၍။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်သာဝကာဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဂမ္ဘီရံ ၊ နက်နဲသော။ နိပုဏံ၊ သိမ်မွေ့သော။ သုညံ၊ ဆိတ်သော။ ပစ္စယံ၊ အကြောင်းကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။

အညမညံ ဥဘော သုညာ၊ န စ ကမ္မံ ဝိနာဖလံ။

ကမ္မံ၊ကံသည်။ ဝိပါကမှိ၊ အကျိုး၌။ နတ္ထိ၊ မရှိချေ။ ဝိပါကော၊ အကျိုးသည်။ ကမ္မေ ၊ ကံ၌။ န ဝိဇ္ဇတိ၊ မရှိ။ အညမညံ၊ အချင်းချင်း။ ဥဘော ၊ ကံ အကျိုး (၂)ပါးစုံတို့သည်။ သုညာ၊ ဆိတ်ကြကုန်၏။

ကမ္မံ၊ ကံကို။ ဝိနာ၊ ကြဉ်၍။ ဖလံ၊ အကျိုးသည်။ န စ ဇာယတိ၊ ဖြစ်လည်း မဖြစ်။

ယထာ န သူရိယေ အဂ္ဂိ၊

မဏိမှိ န ဂေါမယေ။

န တေသံ ဗဟိ သော အတ္ထိ၊

သမ္ဘာရေဟိ စ ဇာယတိ။

တထာ န အန္တော ကမ္မဿ၊

ဝိပါကော ဥပလဗ္ဘတိ၊

ဗဟိဒ္ဓါပိ န ကမ္မဿ၊

န ကမ္မံ တတ္ထ ဝိဇ္ဇတိ။ ( ဝိသုဒ္ဓိ - ၄ - ၂ - ၂၃၈)

သူရိယေ၊ နေ၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိချေ။

မဏိမှိ ၊ မှန်၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိချေ။

ဂေါမယေ၊ လောင်စာ၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိချေ။

တေသံ၊ ထိုနေမှန် လောင်စာသုံးပါး တို့၏။ ဗဟိ၊ အပ၌။ သောအဂ္ဂိ၊ ထိုမီးသည်။ ဇာယတိ ယထာ၊ ဖြစ်သကဲ့သို့၊ တထာ၊ ထို့အတူ။ ကမ္မဿ၊ ကံ၏။ အန္တော၊ အတွင်း၌။ ဝိပါကော၊ အကျိုးကို။ န ဥပလဗ္ဘတိ၊ မရအပ်။

ကမ္မဿ၊ ကံ၏။ ဗဟိဒ္ဓါပိ၊ အပ၌လည်း။ ဝိပါကော၊ အကျိုးကို။န ဥပလဗ္ဘတိ၊ မရအပ်။

ကမ္မ၊ ကံသည်။ တတ္ထ၊ ထိုအကျိုး၌။ နဝိဇ္ဇတိ ၊ မရှိ။

ဖလေန သုညံ တံ ကမ္မံ။ ဖလံ ကမ္မေ န ဝိဇ္ဇတိ။

ကမ္မဉ္စ ခေါ ဥပါဒါယ၊ တတော နိဗ္ဗတ္တတေ ဖလံ။

( ဝိသုဒ္ဓိ - ၄ - ၂ - ၂၃၈)

တံ ကမ္မ၊ ထိုကံသည်။ ဖလေန၊ အကျိုးမှ။ သုညံ၊ဆိတ်၏။ ဖလံ၊ အကျိုးသည်။ ကမ္မေ၊ ကံ၌။ န ဝိဇ္ဇတိ၊ မရှိ။ ကမ္မဉ္စခေါ ၊ ကံကိုသာလျှင်။ ဥပါဒါယ၊ စွဲ၍။ တတော၊ ထိုကံကြောင့်။ ဖလံ၊ အကျိုးသည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။

န ဟေတ္ထု ဒေဝေါ ဗြဟ္မာ ဝါ၊
သံသာရဿတ္ထိ ကာရကော၊
သုဒ္ဓ ဓမ္မာ ပဝတ္တန္တိ၊
ဟေတုသမ္ဘာရ ပစ္စယာ။ ( ဝိသုဒ္ဓိ - ၄ - ၂ - ၂၃၈)

## သံသရာကို ဖြစ်စေသော သတ္တဝါမရှိ၊ နတ်၊ ဗြဟ္မာမရှိ။ အကြောင်းနှင့် အကျိုးသာရှိ

ဟိ သစ္စံ ၊ မှန်၏။ ဧတ္ထ လောကေ၊ ဤလောက၌။ သံသာရဿ၊ သံသရာကို။ ကာရကော၊ ပြုတတ်သော။ ဒေဝေါ ဝါ၊ နတ်သည်လည်း။ န အတ္ထိ၊ မရှိချေ။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်လည်း။ န အတ္ထိ၊ မရှိချေ။

ဟေတုသမ္ဘာရ ပစ္စယာ ၊ ဖြစ်စေတတ်သော ဇနကအကြောင်း ထောက်ပံ့တတ်သော ဥပထမ္ဘက အကြောင်းကြောင့်။ သုဒ္ဓဓမ္မာ၊ ပြုတတ်သသူ၊ ခံစားတတ်သ သူမရောမယှက် သက်သက်ကံ၊ အကျိုး (၂)ပါးတို့သည်။ ပဝတ္တန္တိ ၊ ဖြစ်၍နေကြကုန်၏။

## ယုံမှားပျောက်ပုံ

မြင်လေ ကြောင်းကျိုး ယုံမှားမျိုး၊
ကာလကိုမှတ် (၁၆) ရပ်၊
ဌာနမှာ ရှစ် အာရုံနှစ်၊
ယူမှားခြင်းရာ တစ်ခုသာ၊
ပျောက်ပျက်ကုန်ကင်း အာရုံရှင်း၊
ဉာဏ်ရင်းမှန်စွာ ပစ္စယာ။

ဤသို့ဆိုရာ၌၊ဝိပဿနာရှုမှတ်ရာတွင် ယောဂီပုဂ္ဂိုလ်တို့၏အာရုံ၌အကြောင်းနှင့် အကျိုး ထင်လာသောအခါ အတိတ်၌ယုံမှားခြင်း (၅)ပါး၊ အနာဂတ်၌ ယုံမှားခြင်း (၅)ပါး၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း (၆)ပါးဟု ဆိုအပ်သော (၁၆)ရပ်သော ကာလကို မှတ်၍ ယုံမှားခြင်းလည်း ကင်းပျောက်၏။

ဌာနမှာ ရှစ်ဆိုသည့်အတိုင်း

(၁) ဘုရား၌ ယုံမှားခြင်း၊
(၂) တရား၌ ယုံမှားခြင်း၊
(၃) သံဃာ၌ ယုံမှားခြင်း၊
(၄) အကျင့်၌ ယုံမှားခြင်း၊

(၅) အတိတ်၌ ယုံမှားခြင်း၊

(၆) အနာဂတ်၌ ယုံမှားခြင်း၊

(၇) ပစ္စုပ္ပန်၌ ယုံမှားခြင်း၊

(၈) ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း ဆိုအပ်သော (၈)ပါးသော ယုံမှားခြင်းသည်လည်း ပျောက်၏။

အာရုံနှစ်ဆိုသည့်အတိုင်း

(၁) ရုပ်နာမ်၌ ယုံမှားခြင်း၊

(၂) ရုပ်နာမ်၏အကြောင်း၌ ယုံမှားခြင်း၊ ပျောက်ပျက်ကုန်ကင်းအာရုံရှင်း၏။

ယုံမှားခြင်းရာ တစ်ခုသာဆိုသည့်အတိုင်း ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာလည်း ပျောက်ပျက်ကုန်ကင်းအာရုံ ရှင်းတော့၏။

ဤအာရုံရှင်းသော သဘောကိုမှတ်၍ မူလဉာဏ်ရင်း၏ အမည်ကို ပစ္စယ ပရိဂ္ဂဟဉာဏ် ဟု ဆို၏။

ပစ္စယ ပရိဂ္ဂဟဉာဏ် ပြီး၏။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

**မိုးကုတ်ဆရာတော် ဘုရားကြီး**

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံပေါ်၌

ဟောကြားတော်မူသော

# ဝိပဿနာမလုပ်ခင်

# ဒိဋ္ဌိအရင်ဖြုတ်ရမည့်

**အလုပ်ပေး တရားတော်**

**(၁၃.၀၂. ၆၁)**

(သစ္စာလေးပါး တရားတော် အမှတ်စဉ် (၄) စာ ၈ မှ)

(၁) နံပါတ်က ( သိမှုပါ ဘုရား)

(၂) နံပါတ်က ( ပွားမှုပါ ဘုရား)- ကျင့်မှုပွားမှုပေါ့။

(၃) နံပါတ်က ( ပယ်မှုပါ ဘုရား)

အစဉ်အတိုင်း သွားရမယ် မဟုတ်လား . . .

သိမှု မရှိတဲ့ ပုဂ္ဂိုလ်ဟာ ကျင့်မှုလဲ လွဲလိမ့်မနော် . . . လွဲလို့ရှိရင် ကိလေသာ ပယ်မှုကိစ္စသည် လိုရာကိစ္စပြီးပါ့မလား (မပြီးပါဘူး)

သဿတ - ဥစ္ဆေဒ ဒိဋ္ဌိခွာကြစို့၊ ခွာနည်းကို သိအောင်လုပ်ကြစို့၊ တပည့်တော် တို့မှာ ဘာဖြစ်နေလို့တုံးလို့ ကိုမြရွှေတို့က မေးစရာကော အကြောင်းပေါ်မလာဘူးလား

ရှိနေလို့သာ မှတ်ကြပေတော့ (၁) သဿတနဲ့ ဥစ္ဆေဒကို ဆရာဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ်ပြပြီး ခွာတော့မယ်။ (၂) သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များဟာ ဟိုဘဝ ဒီဘဝ

ရှိတယ်ဆိုတာလဲ ယုံကြည်တယ်၊ ကံ - ကံ၏အကျိုးလဲ ယုံကြည်ပါတယ်၊ သဿတဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များ ကံ - ကံ၏အကျိုးကို ငါလုပ် ငါရမှာပဲဆိုတာ မယုံကြည်ဘူးလား . (ယုံကြည်ပါတယ်ဘုရား)။

ကုသိုလ်ဒါနတွေလဲ သိပ်ပြုပါတယ်။ နိဗ္ဗာန်ကိုသွားတော့မယ်ဆိုလို့ရှိရင် သူ မကြိုက်ဘူး၊ ဒိဋ္ဌိကခံနေလို့ (သဿတဒိဋ္ဌိခံနေလို့)၊ ဘဝထဲမှာ ပုန်းအောင်းနေချင်တယ်၊ ဘယ်သူ့သတ္တိထင်လဲ (သဿတဒိဋ္ဌိသတ္တိပါ ဘုရား)။

အကုသိုလ်ဆိုတာလဲ သိပ်ကြောက်ပါတယ်၊ အကုသိုလ် မလုပ်ချင်ဘူးနော်။

ခင်ဗျားတို့ကိုယ်ကို ခင်ဗျားတို့အကဲခတ်ကြည့်တာပေါ့။ နိဗ္ဗာန်မရမီ စပ်ကြားမယ်အပါယ်ငရဲကလေးလွတ်ပြီး နတ်ရွာသုဂတိအကြိမ်ကြိမ် ခံစားလို့ရှိရင် တော်သေးရောပေါ့ဆိုတဲ့ . . . အဓိပ္ပါယ်မျိုးကလေးဟာ တဏှာကလေးက လှမ်းကြိုက်တယ် - သဿတဒိဋ္ဌိရှိလို့ . . .

အခုယူမလား၊ ကဲ ခုနစ်ရက် အားထုတ်ပြီး ခုနစ်ရက်နဲ့ယူမလားလို့ မေးလိုက်တဲ့ အခါကျလို့ရှိရင် . . . ဖြည်းဖြည်းပဲ ဒီသားနဲ့ဒီသမီးနဲ့ဒီမြေးနဲ့ပဲ သွားတော့မယ်ဆိုတဲ့ ပုဂ္ဂိုလ်များ . . . (သဿတဒိဋ္ဌိခံနေတယ်)။

ဆုကလေး ဘာကလေး တောင်းတဲ့အခါ ကျတော့ပါကြရဲ့လား (ပါတယ်)။ (သဿတဒိဋ္ဌိက အတောင်းခိုင်းတာပါ)။

(၃) ကိုင်းကွာ မွေးတစ်နေ့ သေတစ်နေ့၊ သေတာပဲ ကောင်းပါတယ်၊ သေ အေးတာပဲကွ အစရှိသည်ဖြင့် စိတ်ပျက်လက်ပျက်နဲ့ကော မပြောတတ်ဘူးလား . . . . . (ပြောပါတယ်)။

အဲဒါကျတော့လဲ ဟိုဘဝ ဒီဘဝ သူမမျှော်တော့ဘူး၊ သေ အေးတာပဲ ဆိုတော့ ဒါက ဥစ္ဆေဒဒိဋ္ဌိက ထွက်လာတဲ့အသံ။

ဟိုဘဝ ဒီဘဝရှိတယ်ဆိုတာလဲ သိပါရဲ့၊ ကံ - ကံ၏အကျိုးလဲ ယုံကြည်ပါရဲ့၊ ကုသိုလ်တော့ မပြုဘူးတဲ့၊ အကုသိုလ်ပြုတဲ့အခါ ရဲရဲတင်းတင်း ပြုလေ့ရှိတယ်တဲ့။

ဘုရားနဲ့တွေ့တဲ့အခါကျလို့ရှိရင်လဲ သူ့အယူကိုလျင်လျင်မြန်မြန်တော့ စွန့်တတ်တယ်တဲ့၊ သဿတလောက်မခက်ဘူးတဲ့။

သဿတဒိဋ္ဌိ ရှိတဲ့ ပုဂ္ဂိုလ်နဲ့ ဥစ္ဆေဒဒိဋ္ဌိ ရှိတဲ့ပုဂ္ဂိုလ် ဘယ်သူက ကျွတ်လွယ်သလဲ . . . ( ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က ကျွတ်လွယ်ပါတယ်ဘုရား)

အဲဒါကြောင့် ဒကာ ဒကာမတို့ သန္တာန်၌ ဒီဒိဋ္ဌိနှစ်ခုတွင် တစ်ခုခုရှိလိမ့်မယ်နော် . . . (မှန်ပါ့)။

အဲဒီတော့ ဒီနှစ်ခုကို ဘုန်းကြီးက ရှေ့ဖြစ်စဉ်နဲ့ ပယ်မပေးခဲ့သော် ဒိဋ္ဌိဟာ ရှုသာနေတယ် ဝမ်းထဲက ခံနေလိမ့်မယ် . . .

ဒါဖြင့် ဘာအရင်ရှင်းရမှာလဲ (သဿတနဲ့ ဥစ္ဆေဒကို အရင်ရှင်းရပါမယ်။)

ဒါရှင်းမှသာလျှင် ခင်ဗျားတို့ ရှေ့ကို ဆက်ပြီး အလုပ်စခန်း ဟောရမှာ ပေါ့နော်။

တစ်ခုခုရှိနေလို့ရှိရင်လဲ ဘယ်တော့မှ နိဗ္ဗာန်မရဘူး။

ဒိဋ္ဌိဆိုတာ မဂ်တား၊ ဖိုလ်တားလို့ တရားတပွဲလုံး မှတ်လိုက်စမ်းပါ။

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ရှိတဲ့နေရာ အရင်ခွာပေးလို့ရှိရင်ဖြင့် ပထမအသိနဲ့ပြုတ်ရင် စူဠသောတာပန်ဖြစ်ပါတယ်နော်။

ဒကာဒကာမတွေ ဘယ်ဘဝကစ ၊ လာတယ်ဆိုတာများဟာဖြင့် ဘုရား မဟောနိုင်ဘူးတဲ့နော် . . (မှန်ပါ့)။

ဘယ်နှစ်ခါသေခဲ့ပြီလို့ကော မဟောနိုင်ပါ။

ဘယ်နှစ်ခါ သူများပါးစပ်ထဲမှာ ဝိညာဏ်ပျောက်ခဲ့ရပြီလို့ကော (မဟော နိုင်ပါ ဘုရား)။

ဘယ်နှယ်ကြောင့် မဟောနိုင်တာတုံး . . ဆိုတော့ ဖြစ်တဲ့နေ့က ဥပမာ - ဦးခင်မောင်အကြောင်း စ၊ ဟော။

ဘုရားပရိနိဗ္ဗာန် စံသည်တိုင်အောင် နှုတ်သွက်သွက်နဲ့ ဟောပြောသော် လဲ ကုန်နိုင်စရာ အကြောင်းမရှိဘူး. . တဲ့။

သူများပါးစပ်ထဲ သေခဲ့ရတဲ့ဘဝ . . . (အများကြီးပါဘုရား) ဘယ် လောက်များတယ်ဆိုတာ

အဲဒီအသေကြီးတွေ ဒိဋ္ဌိမပြုတ်သေးရင်နောက်ဒီအသေမျိုးအဆပေါင်း အရေအတွက်မရှိအောင် . . လာမယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်မှမရတော့ ဒကာဒကာမတို့ ဒီအသေပေါင်း ဘယ်လောက်လာမလဲ (မရေတွက်နိုင်ပါဘုရား)။

ဘုရားတစ်ဆူနဲ့ တစ်ဆူကြားမှာ ဆိုလို့ရှိရင်ဖြင့် တစ်ဆယ့်သုံးမိုင် လောက် တက်ပါလိမ့်မယ် . . (မှန်ပါ့)။

မန္တလေးတောင်လောက်တောင်မကပေဘူး . . .

တီတို့ - ပက်ကျိတို့ မျှော့တို့ ဖြစ်တာ ဒါမထည့်သေးဘူးဗျ၊ အဲဒါ တွေက အရည်ပျော်သွားလို့ . . . (မှန်ပါ့ဘုရား) ထည့်လို့ရပါ့မလား. . . (မရပါဘုရား)။

ဟိုဘဝ ဒီဘဝ အောင်းချင်ရင်တော့ အရိုးပုံဦးမှာပဲ . . . (မှန်ပါ့ဘုရား)
ဟိုဘဝ ဒီဘဝ အောင်းချင်ကြရင် ဘယ်နှယ့်တုံး . . . (အရိုးပုံဦးမှာပါ ဘုရား)။

ဟိုဘဝ ဒီဘဝ ကြိုက်နေတဲ့ ပုဂ္ဂိုလ်များ အရိုးကြီးပွားရေးကို ဆုတောင်းနေကြတာနဲ့တူလိုက်တာ။

ဆရာဘုန်းကြီးတို့က ဘုရားဟောထားလို့မြင်တော့ အရိုးကြီးပွားရေးသိမ်းကြပါတော့ . . . ဘယ်လိုမေတ္တာရပ်ပါလိမ့် . . . (အရိုးကြီးပွားရေးသိမ်းပါတော့ - တဲ့)။

ခင်ဗျားတို့ဟာ ပါးစပ်ထဲ မထည့်ကြပါနဲ့။

မသိလို့ ရှေးကထည့်ခဲ့သော်လဲ အခုပြင်လိုက်ရင်ရပါတယ်။

ကိုယ့်ဘဝတစ်ခါတည်း ဝိပဿနာအလုပ်လဲ လုပ်ပါတယ်၊ ချက်ချင်းပဲ ရပါစေဆိုတာသာ ပြောင်းပစ်ပါတော့၊

အရိုးကြီးပွားရေး ကြိုက်တဲ့ပုဂ္ဂိုလ်ဟာ . . . (သဿတဒိဋ္ဌိပါဘုရား)။

ကိုင်း . . ဒါဖြင့် အရိုးကြီးပွားရေးဇာတ်သိမ်းချင်ရင် သဿတ၊ ဥစ္ဆေဒဖြုတ်ကြစို့၊ အရိုးကြီးပွားရေး ဇာတ်သိမ်းချင်ရင် . . . (သဿတ၊ ဥစ္ဆေဒဖြုတ်ပါ ဘုရား)။

(၄) သဿတ၊ ဥစ္ဆေဒဟာ ဘယ်ကလာတာတုံးလို့မေးတဲ့အခါကျတော့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နားမလည်တာကလာတယ်။

ဒါဖြင့် ကိုယ်ခန္ဓာအကြောင်းမှ ကိုယ်မသိတဲ့ ပုဂ္ဂိုလ်ဟာဖြင့် သဿတဥစ္ဆေဒဒိဋ္ဌိ တစ်ခုခုဖြစ်တော့မယ်။

အဲဒီတော့ ဘုရားက သဿတလမ်းလဲ မလိုက်နဲ့၊ ဥစ္ဆေဒ လမ်းလဲမလိုက်နဲ့၊ အလယ်လမ်းလိုက်လို့ ငါ . ဘုရားဖြစ်လာတယ်လို့ မပြောဘူးလား (ပြောပါတယ်ဘုရား)။

ဘယ်လမ်းလိုက်ကြရမယ် . . . (အလယ်လမ်းလိုက်ကြရပါမယ်ဘုရား)။

အလယ်လမ်းဆိုတာ သဿတလဲ ဝမ်းထဲမှာရှင်းမှ . . . ဥစ္ဆေဒကော (ဝမ်းထဲမှာ ရှင်းမှပါဘုရား)။

အလယ်လမ်းကို လိုက်ကြရမယ့် အလုပ်ဟာ သဿတလမ်း လိုက်ပြန်တော့ အရိုးကြီးပွားရေး။

ဥစ္ဆေဒလမ်းကိုလိုက်၊ လိုက်ပြန်တော့လဲ ငရဲကြီးပွားရေး
ကောင်းသေးရဲ့လား (မကောင်းပါဘုရား)။

သောတာပန် ဘယ်လမ်းကဖြစ် (အလယ်လမ်းက ဖြစ်ပါတယ်)

သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဘယ်လမ်းကဖြစ် . . . (အလယ်လမ်းကပါ ဘုရား)။

( ၅) အလယ်လမ်းဆိုတာက ဒကာဒကာမတို့ မဂ္ဂင်ရှစ်ပါးလမ်း . . . ဒီက သဿတဒိဋ္ဌိဆိုတာက ခိုင်တယ်မြဲတယ်လို့ ယူတဲ့လမ်း၊

ဥစ္ဆေဒဒိဋ္ဌိက ပြတ်ရင်ပြီးတာပဲလို့ ယူတဲ့လမ်း။

(သုံးလမ်းရှိပါတယ် ဘုရား)၊ သုံးလမ်း၊

ဘယ်လမ်းကသာ အားကိုးစရာ မြင်ကြသလဲ (အလယ်လမ်းသာ အားကိုး စရာ မြင်ပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကို သဿတ၊ ဥစ္ဆေဒစင်တဲ့ ဉာဏ်ကလေး ဝမ်းထဲရောက်သွား တော့မှ အလယ်လမ်း ဉာဏ်ပေါ်လာတယ်။

ဘုရားဆိုတော့မှ အလယ်လမ်းသိတဲ့ ဉာဏ်ကလေး ဝမ်းထဲရောက်လာတယ်

ပဋိစ္စသမုပ္ပါဒ် “ အဖြစ်ကိုလဲ သိ ”၊ ဒကာဒကာမတို့ “ အပျက်ကိုလဲ သိ တော့ ” မှ ဖြစ်ပျက်နှစ်ပါးလုံးသိတဲ့အခါကျတော့မှ အလယ်လမ်းဖြစ်တဲ့ ဉာဏ်ကလေး ဦးခင်မောင် . . . ဝမ်းထဲရောက်လာတယ် . . . (မှန်လှပါဘုရား)။

ဒါတရားသာပဲ၊ အလယ်လမ်းရောက်လို့ရှိရင်ဖြင့် သဿတ ဥစ္ဆေဒစင်ရင် အလယ်လမ်းသိတဲ့ဉာဏ် မရောက်ပေဘူးလား။

အဲဒီဉာဏ်ရောက်လာကတည်းကိုက သိမှုကိစ္စပြီးတာပဲ။

ကျင့်ရုံပဲ ကျန်တော့တယ် . . . ဒကာဒကာမတွေ၏အစ သတ္တဝါအစကို ဖြင့် . . . ဘုရားပင် ရှာမတွေ့ပါဘူးတဲ့။

သတ္တဝါဖြစ်ကြောင်း အစကျတော့ကော (တွေ့ပါတယ်ဘုရား)

အဝိဇ္ဇာနဲ့ တဏှာကို သွားတွေ့တယ်။

သို့သော် ဖြစ်ကြောင်းကို ရှာလိုက်တဲ့အခါကျတော့ အဝိဇ္ဇာနဲ့ တဏှာ တွေ့ပါတယ်ဘုရား။

(၆) ဒါဖြင့် ကျုပ်တို့ခင်ဗျားတို့အစ အဝိဇ္ဇာက ဆိုကြပါစို့။

အဝိဇ္ဇာပစ္စယာ ၊ သင်္ခါရလာမယ် . . အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်ဟာ သင်္ခါရ အလုပ်လုပ်မှာပဲ။

သင်္ခါရအလုပ်ဆိုတဲ့ ဥစ္စာတစ်ခြားမဟုတ်ဘူး။ ကုသိုလ်လဲ လုပ်တယ်၊ ဘုံဘဝတွေလဲ ဆုတောင်းတယ်၊ နိဗ္ဗာန်မပါဘူး။

ဘုံဘဝတွေ တောင်းတာကတော့ဖြင့် တဏှာဆန္ဒလို့ဆိုရင် လွဲပါ့မလား၊

အဝိဇ္ဇာသည် တဏှာသည်ကုသိုလ်လဲလုပ်တယ်၊ ဘုံဘဝလဲ ဆုတောင်း တယ် ဆိုတာ မသိလို့တောင်းနေတာ။

အဝိဇ္ဇာက ဘာမသိတာတုံး၊ သင်္ခါရက ဘယ်လိုမသိလို့ သင်္ခါရ လုပ်ဖြစ်ပါလိမ့်မတုံးဆိုတော့ . . . . သစ္စာလေးပါးမသိလို့ လုပ်ဖြစ်တာ။

ဒါဖြင့် မသိတာကြောင့် သင်္ခါရအလုပ် မလုပ်ပေဘူးလား . . (လုပ်ပါတယ် ဘုရား) အဲဒါ ခင်ဗျားတို့ ကျုပ်တို့၏ အစပါပဲ . . . (မှန်ပ့ါ)။

သင်္ခါရပစ္စယာဝိညာဏံဆိုတော့ ဟောဒါ လူ ဝိညာဏ်လဲ ဖြစ်နိုင်တယ်။ နတ် ဝိညာဏ်ကော ( ဖြစ်နိုင်ပါတယ်)၊ လူခန္ဓာကော ( ဖြစ်နိုင်ပါတယ်) နတ်ခန္ဓာကော (ဖြစ်နိုင်ပါတယ်) ပြဟ္မာခန္ဓာကော ( ဖြစ်နိုင်ပါတယ်)

အဲ . . . နိဗ္ဗာန်တော့ မပါဘူး။

မသိလို့လုပ်ထားတော့ မသိသလိုပေါ်လာတဲ့ ခန္ဓာ၊ ဒီခန္ဓာဘာသစ္စာတဲ့ . . . (ဒုက္ခသစ္စာပါဘုရား)

ဒီဒုက္ခသစ္စာကို ဒီသင်္ခါရနှစ်ခုက မလုပ်ဘူးလား . (လုပ်ပါတယ်ဘုရား)။

သင်္ခါရနှစ်ခုကလုပ်ချင်လို့ လုပ်ရတာလား . မသိတဲ့လူက ခေါင်းဆောင်နေလို့လား . . . (မသိတဲ့လူက ခေါင်းဆောင်နေလို့ပါဘုရား)

မသိတဲ့လူကခေါင်းဆောင်တော့ လုပ်မိလုပ်ရာလုပ်တော့ကို ဖြစ်မိဖြစ်ရာဖြစ်တယ် . . . ဖြစ်မိဖြစ်ရာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဒီသား ဒီသမီး ဒီမြေး ဒီမြစ်နဲ့ ဒီဘုံတွေ ကြိုက်နေတဲ့ ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းမသိလို့ ဒီခန္ဓာကြီးပေါ်လာတာ။

ဒီခန္ဓာပေါ်လာတော့ ဒါဟာ ဒီဘဝပစ္စုပ္ပန်ဘဝလို့ ဆိုကြပါစို့ . . . ယခုဘဝအစ ဒီခန္ဓာက။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတွေ ထုံးစံအတိုင်း မသွားပေဘူးလား . . . ( သွားပါတယ်ဘုရား)။

ဒီဘက်က တဏှာ ဥပါဒါန် ကံသုံးခုကကော မလာပေဘူးလား (လာပါတယ်ဘုရား)။

ဒါကအရင်နားလည်ပြီးသားဖြစ်လို့ ခပ်ပြင်းပြင်းပဲ ပြောသွားတယ် . . (မှန်ပ့ါ)။

ဒီမှာ ကြည့်လိုက်တာပေ့ါ ၊ ဒါဝိညာဏ် . . ဝိညာဏ်ဖြစ်နေတော့ ပုဂ္ဂိုလ်သတ္တဝါ ပါ ပါရဲ့လား . . . (မပါ ပါဘုရား)။

မပါတော့ ဩော် . . . (၇) ဝိညာဏ်ဟာ စိတ်ပဲ၊ သူနဲ့တော့ သဟဇာတ ဖြစ်တာ ရုပ်ပဲ (ဆိုနိုင်ပါတယ်ဘုရား)၊

ပုဂ္ဂိုလ်၊ သတ္တဝါ ပါသေးလား . . . (မပါပါ ဘုရား)၊ ဒါက သက္ကာယ ဒိဋ္ဌိ ဖြုတ်လိုက်တာ . . (မှန်ပ့ါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

သင်္ခါရက လုပ်လိုက်ကတည်းက ပုဂ္ဂိုလ် သတ္တဝါလုပ်တာလား၊ ခန္ဓာ လုပ်တာလား (ခန္ဓာလုပ်တာပါ)၊

ခန္ဓာဆိုတော့ နာမ်ရုပ်ပေါ့ဗျာ . . ရှင်းပြီနော် . . . (ရှင်းပါပြီ)။

ဩော် . . . ဘယ်သူဖန်ဆင်းတာတုံး ဒီခန္ဓာပေါ်လာတာ ဘယ်သူဖန်ဆင်းတာမှ မဟုတ်ဘူး၊

သင်္ခါရပစ္စယာကြောင့် ဝိညာဏ်ပေါ်တာပဲဆိုတာ သဘောကျကြပလား။

ဒါ စူးစူးစိုက်စိုက်လဲမှတ်ပါ ၊ စူးစူးစိုက်စိုက်လဲနာပါ၊

ဒါဖြင့် ဒီဝိညာဏ်ဖြစ်လာတာလဲ သင်္ခါရကြောင့် ဘာဖြစ်တာတုံး . (ဝိဉာဏ်ဖြစ်ပါတယ်ဘုရား)၊

ဝိညာဏ်ချုပ်သွားတဲ့အခါကျလို့ရှိရင်လဲ နာမ်ရုပ်မလာပေဘူးလား . . (လာပါတယ်ဘုရား)။

နောက်သူသည်ကားလို့ဆိုရင် နာမ်ရုပ် ကျေးဇူးပြုတော့မယ်ဆိုတော့ သူမချုပ်ပေဘူးလား . . (ချုပ်ပါတယ်ဘုရား)။

အဲဒီတော့ သူဟာဖြစ်လဲ ဖြစ်တယ်၊ ချုပ်လဲချုပ်တဲ့တရားဆိုရင် ဘယ်နှယ့်တုံး (မှန်ပါတယ်ဘုရား)။

ဒါဖြင့် သူဟာ ခိုင်မြဲတဲ့တရားလား (မခိုင်မမြဲပါဘုရား)၊

ခိုင်တဲ့မြဲတဲ့တရားမဟုတ်ဘူး ဆိုတာတော့ ခင်ဗျားတို့ဉာဏ်ထဲမှာ မသိသေးဘူးလား (သိပါတယ်ဘုရား)

ဝိညာဏ်ဟာ ဖြစ်ပေါ်တာပဲ၊ ဖြစ်တဲ့တရားလဲ ဟုတ်ပါရဲ့လား . . . ချုပ်တဲ့တရားကော (ဟုတ်ပါတယ်ဘုရား)၊

ဝိညာဏ်ဆိုတော့ ပဝတ္တိဝိညာဏ်လဲ ဒီအတိုင်းပဲ ပဋိသန္ဓေဝိညာဏ်လဲ ဒီအတိုင်းပဲ။

ဖြစ်လဲ ဖြစ်တယ်၊ ချုပ်လဲ ချုပ်တယ်။

(၈) ဒါဖြင့် ဖြစ်လဲဖြစ်တယ်လို့ဆိုသဖြင့် ဖြစ်လဲဖြစ်တယ်ဆိုတာသိသဖြင့် စောစောစီးစီး မှတ်ထားလိုက်စမ်းပါတဲ့၊ ဥစ္ဆေဒိဋ္ဌိစင်သွားပြီ။

ဖြစ်ပြီးပျက်ကော မပျက်ဘူးလား . . . (ပျက်ပါတယ်ဘုရား)။

ဖြစ်ပြီးပျက်သွားတယ်ဆိုကတည်းက ခိုင်မြဲတဲ့သဘော သဿတသဘော ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

အဖြစ်မြင်ရင် ဥစ္ဆေဒစင်ပြီ၊

အပျက်မြင်ရင် . . . (သဿတ စင်ပါတယ်ဘုရား)။

ဒါဖြင့် ဝိညာဏ်ပြီးတော့ နာမ်ရုပ်ကလေး၊ နာမ်ရုပ်ကလေးဖြစ်မှုကို မြင်ပြန်တော့လဲ ဒကာ ဒကာမတို့ ဘယ့်နှယ်ဆိုမယ် . . . (ဥစ္ဆေဒစင်ပါတယ်ဘုရား)

ပျက်မှု မြင်လိုက်ပြန်တော့ . . . (သဿတစင်ပါတယ်ဘုရား)။

(၉) ဖြစ်မှုမြင်လိုက်တဲ့အခါကျတော့ကိုတဲ့ ပြတ်သွားတာ မဟုတ်ဘူးတဲ့။

ဒီက အကြောင်းကြောင့် သူဖြစ်ပေါ်လာတော့ ဖြစ်မှုကို မမြင်ကြဘူးလား (မြင်ပါတယ်ဘုရား)။

အကြောင်းဖြစ်လို့ အကျိုးမဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲဒီဖြစ်မှုဖြစ်ကတည်းက အကြောင်းရှိနေသရွေ့ ကာလပတ်လုံး အကျိုးဖြစ်နေမှာပဲလို့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

ဒီလိုသိတော့ ဥစ္ဆေဒဒိဋ္ဌိစင်တယ်၊

သေရင် ပြီးတာပဲဆိုတာ။

ဒီအကြောင်းကလေးဟာ ဒကာမတို့သိတဲ့အတိုင်းပဲ ဖြစ်ပြီးတော့ ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)၊

မမြဲတာမြင်သဖြင့် ဘာစင်သွားသတုံး . . (သဿတစင်သွားပါတယ် ဘုရား) ခိုင်မြဲတယ်ထင်တဲ့ သဿတက မစင်ဘူးလား . . . (စင်ပါတယ်ဘုရား)။

အဖြစ်မြင်ရင် . . . (ဥစ္ဆေဒစင်ပါတယ်ဘုရား)။

အပျက်မြင်ရင် . . . (သဿတစင်ပါတယ်ဘုရား)။

(၁၀) " ဖဿပစ္စယာ ဝေဒနာ " နှစ်လုံးကိုပဲ ရှင်းပြလိုက်ရင် ဒကာဒကာမတို့ သိလောက်ပါတယ်။

ခင်ဗျားတို့သန္တာန် ခင်ဗျားတို့တွေ့တယ် ကိုင်လိုက်တယ်ဆိုတာ ဖဿ (မှန်ပါ့) နူးညံ့လိုက်တာ ကောင်းလိုက်တာဆိုတာက ဝေဒနာ၊ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ မလာပေဘူးလား (လာပါတယ်ဘုရား)။

ဒါဖြင့် ဖဿနိရောဓာ . . . (ဝေဒနာနိရောဓပေါ ဘုရား)။

ဒီလိုသိသွားလို့ ဖဿဖြစ်လို့ ဝေဒနာဖြစ်တာပဲလို့ သိသဖြင့် ဘယ်ဒိဋ္ဌိစင်သွားသတုံး . . . (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား)။

ဖဿချုပ်လို့ ဝေဒနာကော (ချုပ်ပါတယ်ဘုရား) ဘာဒိဋ္ဌိ စင်သွားသတုံး . . (သဿတဒိဋ္ဌိ စင်ပါတယ်) ခိုင်မြဲတာ ရှိသေးရဲ့လား (မရှိပါဘုရား)။

ဒါကလေး နှစ်လုံးကိုဖြင့် ဒကာဒကာမတို့ မဂ်ဆိုက် ဖိုလ်ဆိုက် ဟောရမည့်တရားထူးဖြစ်နေသည့်အတွက် ခင်ဗျားတို့က မုန်းချင်မုန်းပေတော့၊ ဒါတော့သိအောင် ဟောရလိမ့်မယ် . . . (မှန်ပါ့)။

ဩော်ဖဿဖြစ်လို့ ဘာတဲ့လဲ (ဝေဒနာဖြစ်ပါတယ်ဘုရား)၊ ဒီလိုသိသွားတော့ ဝေဒနာလေး ပေါ်တိုင်းပေါ်တိုင်း ဒီဝေဒနာတွေက သူ့အလိုလိုဖြစ်တာမဟုတ်ပါဘူး၊ တွေ့ထိလို့ ဖြစ်တာပါပဲ၊

မတွေ့ထိပဲနဲ့ မဖြစ်နိုင်ပါဘူး။

ထိတဲ့ဖဿ ချုပ်သွားတော့ ဝေဒနာကော . . . (ချုပ်သွားပါတယ်ဘုရား)၊

ဒါဖြင့် ဖဿချုပ်လို့ ဝေဒနာဘယ်နှယ့်ဖြစ်သွားသလဲ . . (ချုပ်သွားပါတယ်ဘုရား)၊

အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ် သိသဖြင့် ဘာဒိဋ္ဌိ စင်သွားသတုံး . . . (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်) ဩော် . . . မပြတ်ပါလား ဆိုတာ ပေါ်လာတယ် (မှန်ပါ့)။

စားလို့ကောင်းတာက . . . (ဝေဒနာပါ)၊

ဝယ်ချင်တာက . . . . . . (တဏှာပါ)။

ဒါဖြင့် ခင်ဗျားတို့ကို ရှုခိုင်းတဲ့ ဖြစ်ပျက်ဆိုတာ ဒိဋ္ဌိနှစ်ခုကို အစင်ခိုင်းတာ အဖြစ်လဲ မြင်အောင်ကြည့်၊ အပျက်လဲ . . . (မြင်အောင်ကြည့်ရပါမယ်ဘုရား)။

ဒါဖြင့်ခင်ဗျားတို့မှာ ဖြစ်ပျက်မှတစ်ပါး ဒိဋ္ဌိခွာနည်း နိဿရည်း ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ (ဖြစ်ပျက်သာရှိပါတယ်) အဖြစ်နဲ့အပျက်သာလျှင် ရှိတယ်ဆိုတာ ခင်ဗျားတို့ သိပြီးသကာလ ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိဘူး၊ ဖြစ်ပြီး ပျက်တတ်တဲ့ဓမ္မတွေသာ အကုန်ရှိတယ်လို့ သိကတည်းကိုက အဖြစ်မြင်တုန်းက ဥစ္ဆေဒ စင်ပါတယ် . . . အပျက်မြင်တော့ ခိုင်တယ် မြဲတယ် ထင်တဲ့ သဿတကော (စင်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သန္တာန်မှာ ဖြစ်ပျက်ကိုဖြင့် ဘယ်တရားကလေးလာလာ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊

အကြောင်းချုပ်လို့ (အကျိုးချုပ်ပါတယ်ဘုရား)။

(၁၁) ဒါဖြင့် ခင်ဗျားတို့သန္တာန်ရှုတိုင်းရှုတိုင်း ဩော် ဖြစ်တာပဲ၊ ပျက်တာပဲ၊ ဩော် ဖြစ်ပြီး ပျက်ပေမှာပဲ။

သူ့အကြောင်းဖြစ်တော့ သူဖြစ်ပေမှာပဲ၊ သူ့အကြောင်းချုပ်တော့ သူချုပ်ပေမှာပဲလို့ဆိုတော့ ခင်ဗျားတို့ သံသယနဲ့ ရှုနေတာလား၊ ခင်ဗျားတို့ ရဲရဲတင်းတင်းရှုတာလား၊ ရဲရဲတင်းတင်းရှုရင် (ဒိဋ္ဌိနှစ်ခုစင်ပါပြီ)။

ဒါကြောင့် ဒကာဒကာမတို့ အကြောင်းအကျိုးဖြစ်ပုံ ချုပ်ပုံ နားမလည်ရင် သဿတ ဥစ္ဆေဒစင်ပဲ့မလား . . . (မစင်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊အကြောင်းချုပ်လို့ အကျိုး

ချုပ်တယ်လို့ သိလို့ရှိရင်ဖြင့် ဒိဋ္ဌိနှစ်ပါးစလုံး မစင်သေးဘူးလား . . . (စင်ပါတယ်ဘုရား)။

အဲဒါတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တစ်ခြားလား ခင်ဗျားတို့ ခန္ဓာကိုယ်ထဲဖြစ်တဲ့တရားလား (ခန္ဓာကိုယ်ထဲဖြစ်တဲ့တရားပါ ဘုရား)။

ဝေဒနာဖြစ်လို့ . . . (တဏှာဖြစ်ပါတယ်ဘုရား)။

ဝေဒနာချုပ်လို့ . . . (တဏှာချုပ်ပါတယ်ဘုရား)။

သူကချုပ်သကိုးဆိုတော့ ဘယ်ဖြစ်ချုပ်မဆို အကြောင်းအကျိုးနဲ့တကွ မသိဘူးလား . . . (သိပါတယ်ဘုရား)၊

ထိုကဲ့သို့ သိသော် ဒိဋ္ဌိဘယ်နှစ်ပါးစင်ပါလိမ့် . . . (နှစ်ပါးစင်ပါတယ်ဘုရား)၊ သဿတလဲ စင်ပါတယ်၊ ဥစ္ဆေဒကော . . (စင်ပါတယ်ဘုရား)။

စင်ပြီးမှ ဖြစ်ပျက် အားထုတ်လို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရ မရှိဘူးတဲ့။

ငါ့ရှင်ဆန္ဒ ရုပ်ဟာ အနိစ္စ၊ ဝေဒနာအနိစ္စ၊ သညာအနိစ္စ၊ သင်္ခါရ အနိစ္စ၊ ဝိညာဏ်အနိစ္စ၊ သဗ္ဗေသင်္ခါရာအနိစ္စ၊ သဗ္ဗေဓမ္မာ အနတ္တာ ကွာ ဒါကို ရှုရုံပါပဲ (မှန်လှပါ)။

လုပ်တော့သူ မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)၊ ဒါဖြင့် သူ အနိစ္စ၊ ဒုက္ခ၊ အနတ္တလုပ်တယ်၊နိဗ္ဗာန်ရောက်တဲ့လား (မရောက်ပါဘုရား)။ အဲ မရောက်သောကြောင့်တဲ့ သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် တရားတောင်းပြီး သကာလ ပေးတဲ့ပုဂ္ဂိုလ်နဲ့ ရန်ဖြစ်တယ်၊

ဘာဖြစ်လို့ရန်ဖြစ်တာတုံးတဲ့(နိဗ္ဗာန်မမြင်လို့ပါ) နိဗ္ဗာန်မမြင်တာနဲ့ရန်ဖြစ်တာ၊

လုပ်ပင်လုပ်ငြားသော်လဲတဲ့ သင်္ခါရတရားတို့၏ ချုပ်ရာ၊ ဥပဓိတရားဆိုတဲ့ ခန္ဓာငါးပါး၏ ချုပ်ရာ၊ တဏှာ၏ချုပ်ရာ နိဗ္ဗာန်ကို မြင်ကိုမမြင်ရဘူးတဲ့၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘာဖြစ်လို့ မကျေနပ်ပါလိမ့် . . (နိဗ္ဗာန်မမြင်လို့ပါဘုရား)။

သူက ခုနကပြောခဲ့တဲ့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိခွာမထားဘူး၊ မခွာဘဲနဲ့ ရှုနေလို့ မမြင်တာ (မှန်ပါ့ဘုရား)။

သဿတ ဥစ္ဆေဒ မကွာဘဲနဲ့ ဖြစ်ပျက်တွေ ရှုနေလို့ သူ့ဟာတဲ့ ဒကာဒကာမတို့ တစ်တစ်ချသာမှတ်ပါတော့ ခန္ဓာ ဇာတ်သိမ်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်မမြင်ဘူး။

ဘုရားတောင် ပရိနိဗ္ဗာန်စံပြီးဗျ၊ ဘုရားရှင် ကပိလဝတ်ရောက်ဖို့ ဆွေတော်မျိုးတော်တို့နှင့် ပထမအကြိမ် တွေ့ဆုံချိန်မှာ သူဟာ ရဟန်းလုပ်ခဲ့တာမဟုတ်လား(မှန်ပါ့)၊

အဲဒါနည်းတဲ့ အလုပ်ခွင်လားလို့ နည်းတဲ့ လုပ်နှစ်လားလို့ မေးရင် ဘယ့်နှယ်ပြောကြမယ် . . . (မနည်းပါဘုရား)။

သူ့ကိုယ်တိုင်ပဲ အခုဖွင့်ပြောပါတယ်တဲ့၊ဒီကိုယ်တော်တွေ ဟောတဲ့၊အနိစ္စတွေ အနတ္တတွေတော့ သူ့ဝမ်းထဲမှာရှိနေပါတယ်တဲ့။အနိစ္စတရား အနတ္တတရား သူရှုကြည့်တာ

ဘယ်အခါမှ နိဗ္ဗာန်ကို မတွေ့ဘူးတဲ့၊ မတွေ့တဲ့အတွက် ဒီတရားနဲ့တော့ သူနဲ့ ဘယ်လို ဟောဟော အကျိုးပေးမှာ မဟုတ်ဘူးတဲ့ (မှန်ပါ့) ဒီလိုကို ယူပစ်တာ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

အပြီးသတ်တော့ ဟောတဲ့ပုဂ္ဂိုလ်ညံ့တာလား၊ သူကအလုပ်စဉ် ရှေ့နောက်လွဲနေတာလား၊ သူကအလုပ်စဉ် ရှေ့နောက်လွဲနေတာလား (သူက အလုပ်စဉ် ရှေ့နောက်လွဲနေတာပါဘုရား)၊

ဒိဋ္ဌိအရင်မခွာဘဲနဲ့ ဝိပဿနာရှုနေလို့ ရိပ်မိပမလား . . (ရိပ်မိပါပြီ) ၊

ဒိဋ္ဌိအရင်မခွာဘဲနဲ့ ဝိပဿနာရှုနေတော့ ဟောတဲ့ပုဂ္ဂိုလ်နဲ့ ရန်ဖြစ်တယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒါ ဒကာဒကာမတွေကလဲ ကျုပ်တို့လဲ ရှုနေတာကြာပြီ၊ နိဗ္ဗာန်လဲ တစ်ခါမှ မမြင်သေးဘူး၊ ဟောတဲ့ပုဂ္ဂိုလ် ညံ့ပြီ၊ ဒီလိုတော့ မလုပ်ကြပါနဲ့ဗျာနော်၊ အလုပ်စဉ်သာ မတည့်လို့ရှိရင် ဘယ်နည်းနဲ့မှ မဖြစ်ဘူး။

(ဒိဋ္ဌိအရင်ခွာရမယ်) ဒိဋ္ဌိအရင်ခွာချင်တော့ ခန္ဓာ့ပဋိစ္စသမုပ္ပာဒ်ကို သိအောင် လုပ်ရဦးမယ် (မှန်လှပါဘုရား)။

ခန္ဓာ့ပဋိသမုပ္ပာဒ်သိတော့မှ အကြောင်းဖြစ်လို့(အကျိုးဖြစ်ပါတယ်အကြောင်း ချုပ်လို့ . . . (အကျိုးချုပ်ပါတယ်)။

သိပြီးသကာလမှာ ဩော် . . . ဖြစ်တယ် ပျက်တယ်ဆိုတာ အကြောင်းဖြစ်တော့လဲ သူဖြစ်ပေမှာပဲ၊ အကြောင်းချုပ်တော့လဲ (သူ ချုပ်ပေမှာပဲဘုရား)။

ဒီအကြောင်းတွေကို မသိမ်းဆည်းဘူး၊ မသိမ်းဆည်းတော့ အခု အရှင်ဆန္ဒ ဘယ့်နှယ် ဖြစ်နေသတုံး . . . (နိဗ္ဗာန်မမြင်ပါဘုရား)။

မရတဲ့ပြင် ဟိုကိုယ်တော်တွေနဲ့ ဘာဖြစ်နေသတုံး . . (ရန်ဖြစ်နေပါတယ်) ရန်တောင် ဖြစ်လိုက်သေးတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ) ခင်ဗျားတို့လဲ ကမ္မဋ္ဌာန်းပေးတဲ့ ဆရာတွေနဲ့ ကမ္မဋ္ဌာန်းပေးတဲ့ဘုန်းကြီးတွေနဲ့ ရန်တော့မဖြစ်ပါနဲ့၊သဘောကျပလား(မှန်ပါ့)။

အပေးညံ့လို့ပဲ မဖြစ်တာလား၊ ကိုယ်ဖျင်းလို့ပဲ မဖြစ်တာလားဆိုတာလဲ အကဲခတ်ပါဦး (ကိုယ်ဖျင်းလို့ မဖြစ်တာပါဘုရား) ဆရာကဖျင်းလို့ ဒီအကြောင်းအကျိုး (၁ -၂) လွဲနေရင်လဲ မရနိုင်ပါဘူး . . . (မှန်လှပါ) ကိုယ်ကိုယ်တိုင်က ဒကာဒကာမတွေလဲ ကိုယ့်ခန္ဓာအကြောင်းကိုယ်မသိလို့ကော . . . (မရနိုင်ပါဘုရား)၊ မရနိုင်ဘူးဆိုတာ သဘောကျပလား (ကျပါပြီ)။

အဲဒါကြောင့် ဒကာဒကာမတို့ ဝိပဿနာမရှုမီ ဘာလုပ်ရမတုံး . . . (ဒိဋ္ဌိအရင်ခွာရပါမယ်ဘုရား)၊ဘယ်ဒိဋ္ဌိခွာရမှာပါလိမ့် (သဿတနဲ့ဉစ္ဆေဒဒိဋ္ဌိ ခွာရမှာပါဘုရား)။

သဿတဒိဋ္ဌိ နဲ့ ဥစ္ဆေဒဒိဋ္ဌိ ခွာရမယ်ဆိုတာ သဘောကျပလား. . (ကျပါပြီ)၊ မခွာဘဲနဲ့ ရှုရင် အားနည်းတဲ့ဝိပဿနာ (မှန်လှပါ) ခွာပြီးမှရှုရင် (အားကြီးတဲ့ ဝိပဿနာ ပါဘုရား)။

အားကြီးတဲ့ ဝိပဿနာဆိုတော့ အားကြီးတဲ့ ဝိပဿနာမှ မဂ်ဉာဏ်ရမယ်. . (မှန်လှပါ) အားနည်းတဲ့ ဝိပဿနာသည် ကုသိုလ်သာရမယ်လို့ မှတ်ပါ (မှန်လှပါဘုရား)။

**တရားတော့မဆုံးဘူး ဒကာ ဒကာမတို့၊ နာရီစေ့သွားပြီ၊ တော်ကြဉီးစို့။**

**သာဓု . . . သာဓု . . . သာဓု**

❖ ❖ ❖

# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

# ဝိပဿနာ အလုပ်ပေးတရားတော်



| စဉ် | | အကြောင်းအရာ | ဉာဏ်အဆင့် ရောက်ရှိမှု | စာ မျက်နှာ |
|---|---|---|---|---|
| | ၁ | အမှာစာ | | ၁ |
| | ၂ | ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ အကျဉ်း။ | | ၃ |
| | ၃ | မြတ်စွာဘုရားရှင်၏ တိုက်တွန်းနှိုးဆော်သည့် အဆုံးအမ သြဝါဒတော်။ | သံဝေဂ | ၇ |
| | ၄ | ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တိုက်တွန်း နှိုးဆော်သည့် သြဝါဒတော်။ | | ၈ |
| | ၅ | ဝိပဿနာ အလုပ်ပေးတရားတော်ကြီး။ | သုတမယ ဉာဏ် | ၉ မှ ၃၇ |
| ၅ | (၁) | ငါးပါးသီလ ပြည့်စုံရမယ့်အပြင် လောကုတ္တရာသီလပါ ပြည့်စုံ နေရမည်။ | သီလ | ၉ |
| ၅ | (၂) | သီလအပြင် သမာဓိလိုသည် လောကုတ် + လောကီ သမာဓိ။ | သမာဓိ | ၁၁ |
| ၅ | (၃) | သမာဓိအပြင် ပညာလိုသည် လောကုတ် + လောကီ ပညာ။ | ပညာ | ၁၂ |
| ၅ | (၄) | ရှုမှတ်စိတ်နဲ့ ရုပ် + နာမ် တရားတွေကို ဖြစ်ခိုက်မှာ ရှုမှတ်ခြင်း။ | ရုပ် နာမ် | ၁၄ |
| ၅ | (၅) | ရုပ်တရားဆိုတာ | ရုပ် | ၁၄ |
| ၅ | (၆) | နာမ်တရားဆိုတာ ....၊ ရုပ်ကိုမှီ၍ အာရုံဆီသို့ရောက်တဲ့သိမှု၊ နာမ်စိတ်။ | နာမ် | ၁၇ |
| ၅ | (၆) | (က) ဒွေးပဥ္စဝိညာဉ် တစ်ဆယ်ဖြစ်တဲ့နာမ်။ | နာမ် | |
| ၅ | (၆) | (ခ)နှလုံးရုပ်ကိုမှီပြီးတော့ စိတ်ကူးကြံစည်မှုတွေ ဖြစ်တဲ့နာမ်။ | နာမ် | ၁၈ |
| ၅ | (၇) | မြင်တယ်ဆိုတာ ...၊ မျက်စိ (ရုပ်)ကတခြား မြင်သိ (နာမ်)ကတခြား။ | ရုပ် နာမ် | ၁၈ |
| ၅ | (၈) | အဆင်းရုပ်ဆိုတာ ...၊ မျက်စိ (ရုပ်)၊ အဆင်းရုပ်ရယ် ဘာကိုမှ မသိတတ်။ | ရုပ် နာမ် | ၂၀ |
| ၅ | (၉) | မြင်တယ်ဆိုတဲ့ နာမ်ဆိုတာ ... ၊ ရုပ် + နာမ် (၂)ပါးတွဲပြီး ထင်ရှားဖြစ်တာ။ | ရုပ် နာမ် | ၂၀ |

| | | | | |
|---|---|---|---|---|
| ၅ | (၁၀) | သက္ကာယဒိဋ္ဌိဆိုတာ ...၊ မြင်တာကငါပဲ၊ ငါမြင်သွားတာ။ | သက္ကာယဒိဋ္ဌိ | ၂၀ |
| ၅ | (၁၁) | သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်ကိုဆိုတယ်။ | | ၂၁ |
| ၅ | (၁၂) | ဒိဋ္ဌိဆိုတာ ....၊ သက္ကာယဒိဋ္ဌိဆိုတာ ...။ | | ၂၁ |
| ၅ | (၁၃) | သက္ကာယဒိဋ္ဌိ မကင်းသေးသမျှ - အပါယ်လေးပါးက မလွတ်မြောက်နိုင်။ | | ၂၂ |
| ၅ | (၁၄) | သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပါယ်နိုင်အောင် အားထုတ်ပုံ ....... | ရုပ်နာမ်ရှုမှတ် | ၂၃ |
| ၆ | | အားထုတ်ဖို့ လုပ်ငန်းကတော့ ........ | | ၂၄ |
| ၆ | (၁) | မြင်ရင် မြင်တယ်လို့ ရှုမှတ်လိုက်ရင် ....၊ မျက်စိတ်ရုပ် / အဆင်းရုပ် / မြင်စိတ်။ | ရုပ်နာမ်ခွဲခြင်း | ၂၄ |
| ၆ | (၂) | ကြားခိုက် ကြားတယ်လို့ ရှုမှတ်လိုက်ရင် ...၊ နား/အသံ/ကြားမှု။ | ရုပ်နာမ်ခွဲခြင်း | ၂၅ |
| ၆ | (၃) | နံတိုင်းနံတယ်လို့ ရှုမှတ်လိုက်ရင် .....၊ နှာခေါင်း / အနံ့ / နံမှု။ | ရုပ် နာမ်သိ | ၂၅ |
| ၆ | (၄) | လျှာပေါ်ကအရသာကိုစားတယ်လို့ ရှုမှတ်လိုက်ရင် ....၊ လျှာ / အရသာ / စားသိမှု။ | ရုပ် နာမ်သိ | ၂၅ |
| ၆ | (၅) | ကိုယ်ကာယထိခိုက် - ထိတယ်လို့ရှုမှတ်လိုက်ရင်၊ ကိုယ် / ထိ/ ထိသိမှု။ | ရုပ် နာမ်သိ | ၂၆ |
| ၆ | (၆) | ဝေဒနာသိမှု .....၊ ကာယ / ဝေဒနာ / ခံစားမှု။ | ရုပ် နာမ်သိ | ၂၆ |
| ၆ | (၇) | ကွေးဆန့်မှု ....၊ ကာယ / ကွေးဆန့်ချင် / ကွေးဆန့်မှု။ | နာမ် ရုပ်သိ | ၂၇ |
| ၆ | (၈) | ကြံသိမှု ......၊ နှလုံးရုပ် / စိတ်ကူး / ကြံသိမှု။ | နာမရူပ ပရိစ္ဆေဒဉာဏ် | ၂၈ |
| ၆ | (၉) | သမာဓိတိုးလာခြင်း၊ ဆက်မှတ်နေရင် မှတ်တိုင်းမပြဲတာချည်းပဲတွေ့ရ။ | အနိစ္စာ နုပဿနာ | ၂၉ |
| ၆ | (၁၀) | ဒုက္ခာနုပဿနာ နှင့် အနတ္တာနုပဿနာ တို့ကိုတွေ့ရ။ | ဒုက္ခာနုပဿနာ | ၃၀ |
| ၇ | | စတင်အားထုတ်ခြင်း။ | | ၃၁ |
| ၇ | (၁) | အမြဲတမ်းရှိနေတာက၊ အထိအတွေ့ပဲ၊ နံတာစားတာက ဖြစ်မှမှတ်ရတယ်။ | ရုပ် နာမ်သိ | ၃၂ |
| ၇ | (၂) | အိပ်ငိုက်စိတ်က ဘဝင်စိတ်၊ နိုးတဲ့အခါ သန်စွမ်းတဲ့စိတ် - သင်္ခါရ၊ ဝါယောရုပ်။ | | ၃၃ |
| ၇ | (၃) | မှတ်ရတာ လွယ်လွန်းအားကြီးရင် ကြောင့်ကြမစိုက်ရလို့ ဝီရိယက အားမရှိဘူး၊ သမာဓိက အားများနေတယ်၊ သမာဓိလွန်လို့ ထိနမိဒ္ဓဖြစ်လာတယ်၊ ဝီရိယအားများလာအောင်လုပ်ပေးရတယ်၊ မှတ်စရာအာရုံတိုးပေးဖို့ပါပဲ။ | ဝီရိယနှင့် သမာဓိ ညှိပေးခြင်း | ၃၄ |

| | | | | |
|---|---|---|---|---|
| ၇ | ( ၄ ) | " မှတ် " ဆိုတာ သိရမယ့် အာရုံလေးဆီကို စူးစိုက်ပြီး နှလုံးသွင်းတာပါပဲ။ | မှတ်စိတ် | ၃၅ |
| ၇ | ( ၅ ) | ရှုတာ - မှတ်တာ - နှလုံးသွင်းတာ အဓိပ္ပါယ်အတူတူပါပဲ။ | မှတ်စိတ် | ၃၅ |
| ၇ | ( ၆ ) | (ထိုင်တယ်၊ ထိတယ်) = (ဖေါင်းတယ်၊ ပိန်တယ်)။ | မှတ်စိတ် | ၃၅ |
| ၇ | ( ၇ ) | အားထုတ်ခါစမှာတော့ ကြမ်းကြမ်းနဲ့ ထင်ထင်ရှားရှားကဘဲ စပြီးမှတ်ရင် သာပြီးကောင်းတယ်။ | ကာယာ နုပဿနာ | ၃၆ |
| ၇ | ( ၈ ) | နာမ်ဆိုတာ သိမ်မွေ့တယ်၊ သိပ်မထင်ရှားဘူး၊ ရုပ်ကတော့ ကြမ်းတယ်၊ ထင်ရှားတယ်၊ ရုပ်ကစပြီးရှုရတယ်၊ တောင့်တင်း လှုပ်ရှားတဲ့ ဝါယောဓာတ်ကို စပြီးတွေ့ရတာပဲ။ | ကာယာ နုပဿနာ | ၃၆ |
| ၇ | ( ၉ ) | အဋ္ဌကထာက - ဝါယောဓာတ်ကိုချုည်းခေါင်းတပ်ပြီးသိဖို့ ပြထားတယ်။ | ကာယာ နုပဿနာ | ၃၇ |
| ၈ | | လွယ်ကူစွာ တရားစတင်မှတ်ရှုပုံ။ | | ၃၈-၈၄ |
| ၈ | ( ၁ ) | ဖေါင်းတာ၊ပိန်တာကလေးတွေ မှတ်ရအောင်။ | ကာယာ နုပဿနာ | ၃၈ |
| | | အသက်ရှုတာကို မပြန့်နှေးအောင်လဲ အသက်မအောင့်ထားနဲ့၊ မြန်အောင်လဲ အားမထုတ်နဲ့၊ ပြင်းပြင်းကြီးလဲ မရှုနဲ့၊ ပကတိ ရှုမှတ်မြဲ အတိုင်း ဖောင်းတယ်လို့မှတ်ရင် ဖောင်းတာနဲ့ မှတ်တာ အသိကပ် သွားစေ ရမယ်၊ ပိန်တယ်လို့မှတ်ရင် ပိန်တာနဲ့ မှတ်တာ အသိကပ်သွားစေရမယ်။ | ကာယာ နုပဿနာ | ၃၉ |
| ၉ | ( ၁ ) | ဒီလိုမှတ်နေရင် စိတ်ကတခြားသို့ ထွက်သွားတတ်တယ်။ | ဝိတက်ပျောက် | ၃၉ |
| | | ထွက်သွားတဲ့ စိတ်ကလေးကို သွားတယ်၊ သွားတယ်လို့မှတ်။ | ရှုမှတ်ပုံ | ၄၀ |
| | | မှတ်ရင်မသွားတော့ဘူး ဖောင်းတယ်ပိန်တယ် ပြန်မှတ်။ | | |
| ၉ | ( ၂ ) | စိတ်ကထွက်တိုင်း၊ စိတ်ဖြစ်တိုင်း ရှုမှတ်ပြီး သိနေတာက | စိတ္တာနုပဿနာ | ၄၁ |
| | | စိတ်ကိုမရှုနိုင်ရင် ငါသိ ငါကြံ လို့ထင်နေကြတယ်၊ | | ၄၁ |
| | | တကယ်ကငါရှိနေတာမဟုတ်၊တစ်ခုချင်း ဆင့်ကာဖြစ်နေတဲ့ စိတ်ဘဲရှိ။ | | ၄၁ |
| | | စိတ်က " သိဖူးတာ" ဆိုရင် ဝေး / နီး ဖြတ်ကနဲရောက်နိုင်။ | | ၄၂ |
| | | စိတ်က တစ်စိတ်ချင်းသာ ဖြစ်လေ့ရှိသည်။ | | ၄၂ |
| | | စိတ်က ကိုယ်အကောင်အထည်လဲ မရှိပါ။ | | ၄၃ |
| | | စိတ်ကအာရုံကို သိနေတာ၊ညွတ်နေတာ၊ ရောက်နေတာထင်ရှားသည်။ | | ၄၄ |
| | | စိတ်က နှလုံးရုပ်၊ကိုယ်ရုပ်တည်းဟူသော လိုဏ်ခေါင်း၌ကိန်းသည် | | ၄၅ |

| | | | | |
|---|---|---|---|---|
| | | အဲဒီစိတ်ကို စောင့်စည်းနိုင်ပါက ကိလေသာ အနှောင်အဖွဲ့မှလွတ်၏ | | ၄၅ |
| | | ဒါကြောင့် အဲဒီစိတ်ကလေးကို ဖြစ်တိုင်းမှတ်ရမည်။ | | |
| | | ကြံသိနေတဲ့စိတ်ကို မှတ်လျှင် ပျောက်သွားတယ်၊မရှိတော့ဘူး၊ အဲဒီတော့ ဖောင်းတယ်၊ပိန်တယ်ပြန်မှတ်သွားရုံပဲ။ | | ၄၅ |
| ၁၀ | ( ၁ ) | တံတွေးမျိုချင်ရင် မျိုချင်တယ်မှတ်၊ မျိုရင် မျိုတယ်မှတ် | နာမ် ရုပ်သိ | ၄၆ |
| ၁၀ | ( ၂ ) | မျိုချင်တာနာမ်တရား၊ မျိုတာက ရုပ်တရား၊ ငါမဟုတ် ရုပ်နာမ်နှစ်ပါးသာ ရှိသည်။ | နာမ် ရုပ်သိ | ၄၆ |
| ၁၁ | ( ၁ ) | ညောင်းတာ၊ ပူတာ၊ နာတာပေါ်လာရင် စိတ်နဲ့စိုက်ပြီး ညောင်းတယ်၊ ပူတယ်၊ နာတယ်လို့ မှတ်နေရမည်။ | ဝေဒနာ နုပဿနာ | ၄၇ |
| ၁၁ | ( ၂ ) | ဝေဒနာလေးကို ဖြစ်တိုင်း မရှုမမှတ်နိုင်၍ ငါလို့ထင်နေကြသည်။ | ဝေဒနာ နုပဿနာ | ၄၇ |
| | | ငါ - ညောင်းနေတယ်ထင်သည်၊ အမှန်မှာ မကောင်းတဲ့ ခံစားမှု ကလေးတွေဆင့်ကာ မပြတ်ဖြစ်နေကြတာပဲ။ | ဝေဒနာ နုပဿနာ | ၄၈ |
| ၁၁ | ( ၃ ) | ညောင်းတာ၊ ပူတာ၊ နာတာကို သည်းခံပြီး မှတ်နေရင် အလိုလို ပျောက်သွားတယ်။ | ဝေဒနာ နုပဿနာ | ၄၈ |
| ၁၁ | ( ၄ ) | ပျောက်သွားရင် ဖောင်းတာ ပိန်တာ ပြန်မှတ်ပါ။ | ဝေဒနာ နုပဿနာ | |
| ၁၁ | ( ၅ ) | သည်းခံရင် နိဗ္ဗာန်ရောင်သည်ဆိုတာ တရားအားထုတ်ရာမှာ ပိုမှန်၏။ | ဝေဒနာ နုပဿနာ | ၄၈ |
| ၁၁ | ( ၆ ) | ဝေဒနာကို သည်းမခံဘဲ ခဏခဏပြင်နေရင် သမာဓိမဖြစ်နိုင်။ | | |
| ၁၁ | ( ၇ ) | သမာဓိစိတ်မဖြစ်ရင် ဉာဏ်မဖြစ်ဘူး။ | | |
| | | ဉာဏ်မဖြစ်ရင် မဂ်ဖိုလ် နိဗ္ဗာန်ကို မရောက်ဘူးပေါ့။ | | ၄၈ |
| ၁၁ | ( ၈ ) | သမာဓိဉာဏ်အားကောင်းတဲ့အခါများမှာတော့အင်မတန်ကြီးကျယ်တဲ့ဝေဒ နာတွေတောင် ပျောက်ပျောက်သွားတာကို တွေ့ရပါမယ်။ | ဝေဒနာ နုပဿနာ | ၄၉ |
| | | ဒီလိုပျောက်သွားရင် ဖေါင်းတာ ပိန်တာ ပြန်မှတ်ပါ။ | | ၄၉ |
| ၁၁ | ( ၉ ) | ဝေဒနာတွေ မပျောက်သေးရင် ပြင်ချင်တယ်လို့ မှတ်ရမယ်။ | ဝေဒနာ နုပဿနာ | ၅၀ |
| ၁၁ | ( ၁၀ ) | ပြင်ပြီးရင်တော့ဖေါင်းတယ်ပိန်တယ်ပြန်မှတ်နေရမယ်ကြားထဲမှာရပ်မနေရဘူး ရှေ့အမှတ်နဲ့ နောက်အမှတ်စပ်နေစေရ မယ်၊ရှေ့သမာဓိနဲ့ နောက်သမာဓိ၊ ရှေ့ဉာဏ်နဲ့ နောက်ဉာဏ် တစ်စပ်တည်းသွားမှ သတိ သမာဓိဉာဏ်တွေ ရင့်လာပြီး အားပြည့်တဲ့အခါကျတော့မှ မဂ်ဉာဏ်ကို ဆိုက်ရောက်သွားတာပဲ။ | သမာဓိရင့်သန် တိုးလာပုံ | ၅၀ |

| | | | | |
|---|---|---|---|---|
| ၁၁ | ( ၁၁ ) | တရားအားထုတ်တယ်ဆိုတာ မီးပွတ်တဲ့ ယောကျာ်းလို အားထုတ်ရမယ်။ | ကြိုးစား ရှုမှတ်ပုံ | ၅၁ |
| ၁၁ | ( ၁၂ ) | တစ်နေရာရာက ယားလာပြန်ရင် စူးစိုက်ပြီး ယားတယ်လို့မှတ်ပါ။ | ထိုင်ရှုမှတ်ပုံ | ၅၁ |
| ၁၁ | ( ၁၃ ) | ကိုယ်အမူအရာတွေကို ပြုပြင်တိုင်း စေ့စေ့စပ်စပ်မှတ်သွားရမယ်။ | ထိုင်ရှုမှတ်ပုံ | ၅၂ |
| ၁၁ | ( ၁၄ ) | သာမန်လူတွေ မညောင်းဘူးဆိုတာက ပြောင်းတဲ့ဣရိယာပုတ်က ညောင်းတာကို ပုန်းကွယ်သွားလို့ပါ။ | ထိုင်ရှုမှတ်ပုံ | ၅၃ |
| ၁၁ | ( ၁၅ ) | တရားမှတ်တဲ့သူတွေက ညောင်းတာက မပေါ်မချင်းစောင့်ပြီး ရှုနေတော့ အကုန်လုံးထင်ရှားပေါ်ကုန်တာဖြစ်တယ်။ | ထိုင်ရှုမှတ်ပုံ | ၅၄ |
| ၁၁ | ( ၁၆ ) | ဣရိယာပုတ်က မဖုံးနိုင်လို့ ဒုက္ခလက္ခဏာတွေ ထင်ရှားလာတာ။ | ထိုင်ရှုမှတ်ပုံ | ၅၄ |
| ၁၂ | ( ၁ ) | တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အားအင်ရှိပေမယ့်လို့ အားမရှိတဲ့ လူမမာလို ကျင့်ရမယ်၊ ဖြည်းဖြည်းသာထိုင်၊ ထ၊ ဆန့်၊ ရွေ့။ | ထိုင်ရှုမှတ်ပုံ | ၅၅ |
| ၁၂ | ( ၂ ) | ဖြည်းဖြည်းလုပ်မှလည်းသတိသမာဓိဉာဏ်ကကောင်းကောင်းသိတာ။ | ဣရိယာပထ ရှုမှတ်ပုံ | ၅၆ |
| ၁၂ | ( ၃ ) | မျက်စိက မြင်ပေမယ့်လည်း မမြင်တဲ့လူလို ကျင့်ရမယ်။ | ဣရိယာပထ ရှုမှတ်ပုံ | ၅၈ |
| ၁၂ | ( ၄ ) | မျက်စိမမြင်/ နားမကြားတဲ့လူလိုဘဲနေပြီး ဣန္ဒြေရရ၊ ရိုရိုသေသေ ရှုမှတ်နေရမယ်။ | ဣရိယာပထ ရှုမှတ်ပုံ | ၅၈ |
| ၁၃ | | သွားတဲ့အခါကျတော့ ခြေလှမ်းကို မှတ်ရုံပဲ။ | ကာယာ နုပဿနာ | ၅၉ |
| ၁၃ | ( ၁ ) | မြန်မြန်သွားတဲ့အခါ/ခပ်ဝေးဝေးသွားတဲ့အခါများမှာတစ်လှမ်းတစ်ခါပဲ၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ် မှတ်သွားရင်တော်ပါပြီ။ | ဣရိယာပထ သွားစဉ် ရှုမှတ်ပုံ | ၆၀ |
| ၁၃ | ( ၂ ) | ဖြည်းဖြည်းသွားတဲ့အခါ/စင်္ကြံ လျှောက်နေတဲ့အခါများမှာ (၂)ချက် မှတ်တာက စရမယ်၊ ကြွတယ်၊ ချတယ်။ | ဣရိယာပထ သွားစဉ် ရှုမှတ်ပုံ | ၆၀ |
| ၁၃ | ( ၃ ) | (၂)ရက်လောက်နေတော့ လွယ်လာမယ်၊ လွယ်လာတော့ (၃)ချက်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်။ | သွားစဉ် ရှုမှတ်ပုံ | ၆၁ |
| ၁၃ | ( ၄ ) | ထိုင်ချင်ရင် ထိုင်ချင်တယ်မှတ်၊ ရွေ့တယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ပြီးရင် ဖောင်းတယ်၊ ပိန်တယ် မှတ်။ | ထိုင်ရှုမှတ်ပုံ | ၆၂ |
| ၁၄ | | လှဲအိပ်ရန်မှတ်ပုံ။ | လျောင်းရှုမှတ် ပုံ | ၆၂ |
| ၁၄ | ( ၁ ) | အိပ်ချင်တယ်၊လက်ကိုကြွတယ်၊ရွေ့တယ်၊ထောက်တယ်၊ ယိမ်းတယ်၊ခြေဆန့်တယ်၊လှဲအိပ်ချတယ်၊ဖြည်းဖြည်းချင်းလေးလှဲအိပ်သွားရမယ်။ | လျောင်းရှုမှတ် ပုံ | ၆၃ |

| | | | | |
|---|---|---|---|---|
| ၁၄ | ( ၂ ) | သမာဓိဉာဏ်အားရှိနေတဲ့အခါဆိုရင် ဘယ်အချိန်မဆို တရားထူးက ဖြစ်နိုင်တာချည်းပဲ၊ လှဲအိပ်လိုက်တာပဲ အရေးကြီးတယ်၊ ဒီအတွင်းမှာလဲတရားထူးကဖြစ်နိုင်တယ်၊တစ်ကွေးတစ်ဆန့်အတွင်း ဖြစ်နိုင်သည်။အရှင်အာနန္ဒာရဟန္တာဖြစ်သွားတယ်ဆိုတာ ဒီလှဲအိပ်နေတုန်းဖြစ်သွားတာပဲ။ | လျောင်း ရှုမှတ်ပုံ | ၆၃ |
| ၁၄ | ( ၃ ) | အရှင်အာနန္ဒာလည်းတစ်ညဥ့်တည်းနှင့်ရဟန္တာဖြစ်အောင် အပြင်းအထန်အားထုတ်တယ်၊တစ်ညဥ့်လုံးစင်္ကြံလျှောက်ပြီး "ကာယဂတာသတိ"ခေါ်တဲ့ကာယာနုပဿနာသတိပဋ္ဌာန်ကို အားထုတ်တယ်၊ကြွတယ်၊လှမ်းတယ်၊ချတယ်၊အမှတ်မျိုးပါ။ ခြေလှမ်းတိုင်းသွားချင်တဲ့စိတ်နာမ်တရားနဲ့သွားတဲ့ရုပ်တရားတွေတစ်ပိုင်းစီ ဖြစ်ပျက်နေတာကိုရှုမှတ်ပြီးနေလိုက်တာနံနက်လင်းခါနီးထိဘဲ။ | စင်္ကြံသွား ရှုမှတ်ပုံ | ၆၄ |
| ၁၄ | ( ၄ ) | ဒါကြောင့်ဝီရိယလွန်ပြီးသမာဓိက အားနည်းနေတာပဲလို့ သတိပေါ်လာတယ်၊ ဝီရိယလွန်ရင် ဥဒ္ဓစ္စဖြစ်တယ်။ | ဣန္ဒြေညှိပုံ ဝီရိယ၊သမာဓိ | ၆၅ |
| | | အပြင်းအထန်အားထုတ်နေရင်ကြောင့်ကြစိုက်ရတာများပြီးပျံ့လွင့်မှုကလ ည်းဝင်လာတတ်သည်၊ဒါကြောင့်သမာဓိနဲ့တိုးပြီးဝီရိယကို နည်းနည်းလျှော့ရမည်၊ လမ်းလျှောက်မှလဲလျောင်းပြီးအားထုတ်၏။ | ဣန္ဒြေညှိပုံ ဝီရိယ၊သမာဓိ | ၆၅ |
| ၁၄ | ( ၅ ) | တရားဆိုတာဖြစ်ချင်ရင်မကြာဘူးတစ်ခဏလေးပဲ၊ဘယ်အချိန်မဆို ကြိုးစားပြီးမှတ်ရမယ်၊အမှတ်ကိုဘယ်တော့မှလျှော့မထားရ။ | ဣန္ဒြေညှိပုံ ဝီရိယ၊သမာဓိ | ၆၆ |
| ၁၄ | ( ၆ ) | လှဲအိပ်နေတုန်းမှတ်တာက ထိုင်နေတုန်းက ရှုမှတ်တဲ့အတိုင်းပါပဲ။ | လျောင်းစဥ် ရှုမှတ်ပုံ | ၆၈ |
| ၁၄ | ( ၇ ) | ညဥ့်နက်လို့အိပ်ချိန်ကျနေပေမယ့်လို့ အမှတ်ကိုတော့လွှတ်ပြီး မအိပ်ရဘူး | လျောင်းစဥ် ရှုမှတ်ပုံ | ၆၈ |
| | | မအိပ်တော့ဘူးအနေနဲ့ စွန့်စွန့်စားစား အားထုတ်ရတယ်။ | လျောင်းစဥ် ရှုမှတ်ပုံ | |
| ၁၄ | ( ၈ ) | ဝီရိယအင်္ဂါ (၄)ပါးရှိ၏။ (၁) အရေမျှကျန်တာ၊ (၂) အကြောမျှကျန် တာ၊ (၃)အရိုးမျှကျန်တာ၊ (၄) အသားအသွေးခြောက်ခန်းသွားတာ။ | သမ္မာဝါယမ မဂ္ဂင် | ၆၉ |
| ၁၄ | ( ၉ ) | ဒီမဂ်တရား၊ ဖိုလ်တရားကို မရောက်မချင်း ငါဒီအလုပ်ကိုတော့ ရပ်ဆိုင်းမထားဘူး၊ မပြတ်မစဲအားထုတ်သွားမယ်။ | သမ္မာဝါယမ မဂ္ဂင် | ၇၀ |
| ၁၄ | (၁၀) | ညဥ့်နက်လို့အိပ်ချင်ပေမယ့်အမှတ်တော့မလွှတ်ရဘူး မှတ်ရင်းနဲ့ အိပ်ပျော်သွားစေရမယ်။ အမှတ်ကနိုင်ရင်လည်း အိပ်မပျော်ဘဲနေမယ်။ အိပ်ချင်တာကနိုင်ရင်လည်း အိပ်ပျော်သွားမယ်။ | လျောင်းစဥ် ရှုမှတ်ပုံ | ၇၀ |
| ၁၄ | (၁၁) | အားထုတ်စ ပုဂ္ဂိုလ်မှာ လှဲအိပ်နေတာကမများစေရဘူး၊ ထိုင်တာနဲ့ စင်္ကြံလျှောက်တာများစေရမယ်။ | လျောင်းစဥ် ရှုမှတ်ပုံ | ၇၀ |

| | | | | |
|---|---|---|---|---|
| ၁၄ | ［၁၂］ | တကယ်တမ်း တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုရင် အများဆုံး (၄)နာရီ အိပ်တာကောင်းကောင်းလုံလောက်နေပါပြီ။ | လျှောင်းစဉ် ရှုမှတ်ပုံ | ၇၁ |
| ၁၄ | ［၁၃］ | အိပ်ပျော်တာက နိုးလာရင်နိုးတယ်လို့ မှတ်ရမည်၊စသိတာနဲ့ စမှတ်ပါ။ | လျှောင်းစဉ် ရှုမှတ်ပုံ | ၇၂ |
| ၁၄ | ［၁၄］ | လှဲအိပ်ရာမှ ထလိုလျှင် ထိုင်လိုလျှင် ...ဣရိယာပုတ် (၄)ပါးလုံး အပြောင်းအလဲနှင့်တကွ မှတ်ရမှာတွေချည်းဖြစ်သည်။ | လျှောင်းစဉ် ရှုမှတ်ပုံ | ၇၃ |
| ၁၄ | ［၁၅］ | သမာဓိအားကောင်းလာတဲ့အခါ စေ့စပ်အောင် မှတ်လာနိုင်မည်။ | သမာဓိ တိုးလာပုံ | ၇၄ |
| | | သတိသမာဓိဆိုတာသူ့ဟာသူဆောင်သွားတာ၊အသိတွေကလည်း သူ့ဟာသူဘဲမြန်မြန်သွားတာ။ | သမာဓိ တိုးလာပုံ | ၇၄ |
| ၁၅ | | မျက်နှာသစ်စဉ်၊ ရေချိုးစဉ်မှတ်ပုံ။ | သမ္ပဇညပဗ္ဗ | |
| ၁၅ | ［ ၁ ］ | ဒါတွေကမြန်မြန်လုပ်ရတဲ့ဟာတွေမို့ မှတ်နိုင်သမျှမှတ်ရုံပါ။ | သမ္ပဇညပဗ္ဗ | ၇၄ |
| ၁၆ | | ထမင်းစားတဲ့အခါ ရှုမှတ်ပုံ။ | သမ္ပဇညပဗ္ဗ | ၇၅ |
| ၁၆ | ［ ၁ ］ | ထမင်းပွဲကြည့်ပြီးတော့ ကြည့်တယ်၊မြင်တယ်စမှတ်ပါ။ မျိုချတဲ့အထိ (၁၆)မှတ်။ | သမ္ပဇညပဗ္ဗ | ၇၅ |
| ၁၆ | ［ ၂ ］ | မှတ်စရာတွေကများတော့အစမှာ အကုန်မမှတ်နိုင်၊ ကျင့်သားရ လာတော့မှ အကုန်လုံးစေ့စပ်မှတ်နိုင်တယ်။ | သမ္ပဇညပဗ္ဗ | ၇၆ |
| ၁၇ | | အကျဉ်းချုပ်။ | သမ္ပဇညပဗ္ဗ | ၇၆ |
| ၁၇ | ［ ၁ ］ | လမ်းလျှောက်နေတဲ့အခါ ခြေလှမ်းကိုသာ မှတ်နေရုံပါပဲ၊ (၁)ချက်၊ (၂)ချက်၊ (၃)ချက်။ | စင်္ကြံမှတ်ပုံ | ၇၆ |
| ၁၇ | ［ ၂ ］ | ငြိမ်ပြီးထိုင်နေတဲ့အခါ၊ ဖေါင်းတယ်၊ ပိန်တယ် (၂)ခုမှတ်နေရုံပဲ။ | ထိုင်မှတ်ပုံ | ၇၇ |
| ၁၇ | ［ ၃ ］ | လှဲအိပ်နေတဲ့အခါ ဖြစ်တာအားလုံးမှတ်၊ ဖေါင်းတယ်၊ပိန်တယ်မှတ်။ | လျှောင်းမှတ်ပုံ | ၇၇ |
| ၁၇ | ［ ၄ ］ | စိတ်ကူးတွေတခြားထွက်သွားရင်ဖြစ်တိုင်းမှတ်၊ ဖေါင်းတယ်၊ပိန်တယ်မှတ် | ဝိတက်မှတ်ပုံ | ၇၇ |
| ၁၇ | ［ ၅ ］ | ညောင်းတာ၊ပူတာ၊နာကျင်ကိုက်ခဲတာရှိရင်အဲ့ဒါတွေလိုက်မှတ်၊ပြီးရင်ဖေါင်း တာ၊ပိန်တာကို ပြန်မှတ်ပါ။ | ဝေဒနာမှတ်ပုံ | ၇၇ |
| ၁၇ | ［ ၆ ］ | ကွေးတယ်၊ ဆန့်တယ် ...၊ အပြုအပြင်တွေရှိရင် အဲ့ဒါတွေကို လိုက်မှတ်၊ ပြီးရင် ဖေါင်းတယ်၊ ပိန်တယ် ပြန်မှတ်ပါ။ | လျှောင်းမှတ်ပုံ | ၇၈ |
| ၁၇ | ［ ၇ ］ | မှတ်ခါစမှာတော့စိတ်တွေဟာဟိုဒီပြေးလိုက်နဲ့မမှတ်နိုင်တာတွေက များနေမယ်၊ကျင့်သားရလာတော့စိတ်တွေကပြေးကိုမပြေးနိုင်တော့ဘူး၊ ကြာတော့ လုံးလုံးကိုမပြေးတော့ဘူး။ မှတ်စရာအာရုံထဲမှာသာ စိတ်ကလေးက ကပ်ပြီးတည်နေတော့တာပဲ။ | ဝိတက် - ဝိစာရ မှတ်ပုံ | ၇၈ |

| | | | | |
|---|---|---|---|---|
| ၁၇ | (၈) | မှတ်တိုင်း မှတ်စရာအာရုံနဲ့ အသိဟာ တွဲလျက်ချည်းပဲ ဖြစ်နေတယ်။ | သမာဓိတိုးပုံ | ၇၈ |
| | | မှတ်စရာ ရုပ်နဲ့ မှတ်သိတဲ့ နာမ် - ဒီရုပ်နာမ် (၂)ခုဟာ အတွဲလိုက်တစ်စုံ ဖြစ်နေတယ်။ | သမာဓိတိုးပုံ | |
| ၁၇ | (၉) | ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ဘယ်ရှိလိမ့်မတုံး၊ ဒီရုပ်နဲ့ ဒီစိတ်ကလေး (၂)ခုဘဲ တွဲတွဲပြီး ဖြစ်နေတယ်။ | ရုပ် နာမ် ခွဲခြားသိပုံ | ၇၉ |
| ၁၇ | (၁၀) | မှတ်ရင်းနဲ့ ရုပ်နဲ့နာမ် (၂)ခု တခြားစီ ကွဲလာတယ်။ | ရုပ် နာမ် ခွဲခြားသိပုံ | ၇၉ |
| | | မှတ်တိုင်းမှတ်စရာရုပ်တရားကတမျိုး၊မှတ်သိနေတဲ့နာမ်တရားကတစ်မျိုး၊ဒီရုပ်နဲ့ဒီနာမ်၊ဒါကလေး(၂)ခုရှိတာပဲလို့ကိုယ်ပိုင်ဉာဏ်နဲ့ရှင်းပြီး သိလာလိမ့်မယ်၊ အဲ့ဒါဟာ နာမ်ရုပ်ကိုပိုင်းခြားသိတဲ့၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပြီး၊ ဝိပဿနာဉာဏ်တွေရဲ့ အစပါပဲ။ | နာမရူပ ပရိစ္ဆေဒဉာဏ် | ၇၉ |
| ၁၇ | (၁၁) | နောက်ဆက်မှတ်နေရင် အတော်ကြာတော့သမာဓိဉာဏ်က သူ့ထက်အားကောင်းလာပြီးမှတ်နေရင်းနဲ့ပေါ်လာပြီးတစ်ခဏချင်း ပျောက်ပျောက်သွားတာတွေကိုယ်တိုင်တွေ့ရမယ်"မမြဲတဲ့တရားတွေချည်းပဲ"ဆိုတာသဘောကျလာမယ်။ မြဲနေတဲ့တရားဆိုတာမရှိဘူး၊ မျက်စိတစ်မှတ်ခန့်မကြာဘူး ဖြစ်ပြီး ပျက်၊ မြန်လှတယ်။ | အနိစ္စဉာဏ် | ၈၁ |
| ၁၇ | (၁၂) | နောက်ပြီးတော့ ပေါ်ချည် ပျောက်ချည်နဲ့ ဆင်းရဲချည်းပဲလို့လည်း ထင်လာတယ်၊ကိုယ်ထဲမှာအခံခက်တာတွေကလည်းအမြောက်အများ တွေ့ရတော့ ဆင်းရဲအစုဝေးကြီးလို့ ထင်လာတယ်။ | ဒုက္ခဉာဏ် | ၈၁ |
| ၁၇ | (၁၃) | မှတ်ရတဲ့ ရုပ်နာမ်တွေက ကိုယ့်အလိုအတိုင်း ဘာမှမဖြစ်ဘူး၊ သူ့သဘောအတိုင်းဖြစ်နေတဲ့ တရားတွေချည်းပဲ၊ အစိုးမရတဲ့ တရားတွေဘဲ၊ ပုဂ္ဂိုလ်သတ္တဝါကောင်၊ ငါကောင်မဟုတ်တဲ့ သဘောတရားတွေပဲလို့ မှတ်နေရင်း သဘောကျသွားမယ်။ | အနတ္တဉာဏ် | ၈၁ |
| ၁၇ | (၁၄) | အဲဒီ့အနိစ္စ၊ဒုက္ခ၊အနတ္တအသိဉာဏ်တွေကောင်းကောင်းကြီးပြည့်စုံတဲ့အခါမှာ ရှုမှတ်နေရင်းကပဲ ရုပ်နာမ်သင်္ခါရတွေချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုရောက်သွားမှာပဲ။ | နိဗ္ဗာန်ရောက် | ၈၁ |
| ၁၈ | (၁) | "ဝိပဿနာ"ဆိုရင်သတိပဋ္ဌာန်(၄)ပါးထဲကတစ်ပါးပါးတော့မုချပါဝင်နေရတယ်။ "သတိပဋ္ဌာန်"ဆိုတာကလည်းအားလုံးသောဘုရား ရဟန္တာအရိယာပုဂ္ဂိုလ်တွေနိဗ္ဗာန်သွားတဲ့ လမ်းမကြီးတဲ့။ | သတိပဋ္ဌာန် (၄)ပါးရှုပုံ | ၈၂ |
| ၁၈ | (၂) | ဒီလမ်းမကြီးက အစဉ်အတိုင်းလျှောက်သွားလို့ရှိရင် ရှေးက ဘုရား ရဟန္တာအရိယာပုဂ္ဂိုလ်တွေတွေ့သိထားတဲ့သမာဓိဉာဏ်အထူးတွေကိုကိုယ်တိုင်တွေ့ရတော့မှာပဲ။ | သမာဓိမဂ္ဂင် | ၈၃ |

| | | | | |
|---|---|---|---|---|
| ၁၈ | ( ၃ ) | ဘယ်တော့မှမတွေ့ဖူးသေးတဲ့စိတ်တည်ကြည်မှုသမာဓိတွေကိုလည်းတွေ့ရမယ်။ | သမာဓိမဂ္ဂင် | ၈၃ |
| ၁၈ | ( ၄ ) | အဲ့ဒီသမာဓိကြောင့်ဖြစ်ပေါ်လာတဲ့တရားအရသာထူးတွေ၊ဝမ်းမြောက်ဝမ်းသာစရာတွေ၊ အကောင်းတွေကိုလည်း အများကြီးပဲ တွေ့သွားမယ်။ | သမာဓိမဂ္ဂင် | ၈၃ |
| ၁၈ | ( ၅ ) | ရုပ်တရား နာမ်တရားတွေ၊ အနိစ္စ - ဒုက္ခ - အနတ္တ တွေကိုလည်း ကိုယ်ပိုင်ဉာဏ်နဲ့ပဲ တွေ့ပြီး သိသွားမယ်။ | သမ္မာသန ဉာဏ် | ၈၃ |
| ၁၈ | ( ၆ ) | အသိဉာဏ်တွေပြည့်စုံတဲ့အခါမှာ၊ ဘုရား ရဟန္တာ အရိယာပုဂ္ဂိုလ်တွေ တွေ့ထားတဲ့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေဆိုတာကို မျက်မှောက်တွေ့ပြီး သိသွားမယ်။ | ပညာမဂ္ဂင် | ၈၃ |
| ၁၈ | ( ၇ ) | အဲ့ဒါဟာ မကြာတော့ဘူး၊ ယခုအားထုတ်နေတဲ့ ရက်ပိုင်းအတွင်းမှာပဲ တွေ့သွားမယ်၊ (၇)ရက်မှ (၁၅)ရက်၊ (၂၀)ရက်၊ တစ်လအတွင်း တွေ့သွားနိုင်ပါတယ်။ | ပညာမဂ္ဂင် | ၈၃ |
| ၁၈ | ( ၈ ) | နိဗ္ဗာန်တရားတွေကို ကိုယ်တိုင်မျက်မှောက်ဆိုက်ရောက်ပြီးတော့ အပါယ်ကျစေနိုင်တဲ့သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာတွေကင်းလို့ အပါယ်သံသရာကြီးကလွတ်မြောက်သွားရပေတော့မယ်။ | စူဠသောတာပန် | ၈၄ |
| ၁၈ | ( ၉ ) | ယခုအားထုတ်နေတဲ့ ရက်ပိုင်းကာလအတွင်း မကြာမီ အတွင်းမှာပဲ တစ်သံသရာလုံး တွေ့သွားရမယ်၊ အပါယ်ဆင်းရဲတွေမှ ဧကန်မုချ လွတ်မြောက်သွားရတော့မယ်လို့ ယုံကြည်စိတ်ချပြီး ကြိုးစားအားထုတ်ကြရမယ်။ | သောတာပန် | ၈၄ |

## “ ပစ္စယပရိဂ္ဂဟဉာဏ် = ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြည့်စုံပြီးဆုံးပုံ ”

မိမိ၏ ဝိပဿနာဘာဝနာ နေ့စဉ်ရှုမှတ်မှုလုပ်ငန်းခွင်တွင် ဥပါဒါနက္ခန္ဓာ (၅)ပါး၏ ရုပ်နာမ်တို့၏ အကြောင်းအကျိုး ပရမတ်သဘောကို ရှုမှတ်လာခဲ့ရာ မဂ္ဂင်ငါးပါး သမာဓိပညာတို့ တဖြည်းဖြည်းရင့်သန်တိုးပွားလာပုံကို တွေ့ရှိရမည် ဖြစ်ပါသည်။

ဖြစ်ခိုက် နာမ်ရုပ်တို့ကို ရှုမှတ်နေစဉ်မှာပင် ပြခဲ့သောနည်း (၅)ပါးတို့တွင် တနည်းနည်းဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို ထိုက်သည့်အားလျော်စွာ တွေ့မြင်၍ ကာလသုံးပါး၌ အကြောင်းနာမ်ရုပ်ကြောင့် အကျိုးနာမ်ရုပ်မျှသာ ဖြစ်ပေါ်လျှက်၊ ရှိနေသည်ဟု သဘောကျစွာ မြဲမြံစွာ ဆုံးဖြတ်နိုင်သော အသိဉာဏ်သည် ခေါင်ထိပ်သို့ရောက်သော ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။

ပစ္စုပ္ပန်လက်ရှိဘဝ၌ ဤအဝိဇ္ဇာ စသော အကြောင်းကြောင့် ဤရုပ်နာမ်ခန္ဓာစသော၊ အကျိုးတရားတို့၏ဖြစ်ရပုံ၊ အလုံးစုံတို့ကို အကုန်သိမြင်သည်ရှိသော် နောက် ဤအကြောင်းကြောင့်ပင်၊ ဤအကျိုးတရားများမှာလဲပဲ နိဗ္ဗာန်လူသိမ်းငြိမ်းသည်အထိ၊ ဖြစ်ကြပေဦးလတ္တံ့။ ကာလသုံးပါးတို့၌ ယုံမှားကင်းကွာသည်ရှိသော် လောကကြီးကို (ဝါ) လူတွေ နတ်တွေကို ပြဟ္မာကြီးက ဖန်ဆင်းတယ်ဆိုတာ ဟုတ်လေ၏ မဟုတ်လေ၏ ဟူသောယုံမှားခြင်း ဝိစိကိစ္ဆာသည် ရေဆေး၍ ပစ်လိုက်သလို စင်ကြယ်သွားနိုင်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှင့်ပြည့်စုံလေတော့၏။

ဤသို့ ရုပ်နှင့်နာမ်တို့သည် အကြောင်းနှင့်အကျိုး အပြန်အလှန်ကျေးဇူးပြုလျှက် ပဝတ္တိကာလတလျှောက်လုံး စဉ်ဆက်မပြတ်ခရီးဆက်နေကြခြင်းကို ယခုရှေ့နောက် မျှော်ထောက်သိမြင်လာပြီးသောအချိန်၌ ရှေ့ဘဝ၊နောက်ဘဝစသည်ဘဝဖြစ်စဉ်တို့၌ ယုံမှားမှုတို့ကိုလည်း ကျော်လွန်နိုင်ချေပြီ။

လက်ရှိ သရဏဂုဏ်သုံးပါး (ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ သုံးပါး) မှတပါး၊ အခြားဘုရားအပို (နတ်၊ပြဟ္မာ၊ ဖန်ဆင်းသူအရှင်) မထားတော့ချေပြီ။

# နိဂုံး

ဝိပဿနာဘာဝနာရှုမှတ်ဆဲကာလဖြစ်ကြောင်း စိတ်တွင်မှတ်ထားရမည်ဖြစ်ပါသည်။ နာမရူပပရိစ္ဆေဒညာဏ်ရှုမှတ်ပြီး ဆက်လက်၍ ပစ္စယပရိဂ္ဂဟညာဏ်ရှုမှတ်နေခြင်း ဖြစ်ပါသည်။

နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းရန် (၅)နည်းဖြင့် ရှုမှတ်ရကြောင်း တရားများ ကြားနာခဲ့ပြီးဖြစ်ရာ အောက်ပါတရားတော်များတွင် အကြုံးဝင်လျက်ရှိပါသည်။

(၁) ခန္ဓာ၊ အာယာတန၊ ဓာတ်တရားများ ရှုမှတ်ခြင်း၊

(၂) ပဋိစ္စသမုပ္ပါဒ်တရားကို ခန္ဓာညာဏ်ရောက် ရှုမှတ်ခြင်း၊

(၃) ပဋ္ဌာန်း(၂၄)ပစ္စည်းတရားကို ဝိပဿနာ ရှုမှတ်ခြင်းတို့ဖြစ်ပါသည်။

မိမိတို့တရားရှုမှတ်ရာတွင် ပစ္စယပရိဂ္ဂဟညာဏ်ကို ရရှိရန်မှာ အထက်ပါနည်းများစွာ မှ တစ်နည်းနည်းဖြင့် မိမိညာဏ်ထင်ပြီဆိုပါက ရရှိပြည့်စုံနိုင်ပြီ ဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့တရားတော်များအရ နိဗ္ဗာန်ကို အဖုံး (၃)ချပ်နဲ့ ပိတ်ကာထားတယ်လို့ဟောပါတယ်။

(၁) ဥပါဒါနက္ခန္ဓာ (၅)ပါးမှ နာမ်နဲ့ရုပ်ကို တွေ့တာက သက္ကာယဒိဋ္ဌိတွေပြုတ်သွားပြီး နိဗ္ဗာန်တွေ့ဖို့ ပထမအဖုံးလှန်ကြည့်တာပါ။

(၂)နာမ်နဲ့ရုပ်ကိုတွေ့ပြီး အကြောင်းကြောင့် အကျိုးဖြစ်ရပုံနဲ့ သံသယဝိစိကိစ္ဆာတွေ ဆုံးဖြတ်ချက်မချနိုင်တာတွေ အားလုံးရှင်းထွက်သွားပြီး ပစ္စယပရိဂ္ဂဟညာဏ်ရတာက နိဗ္ဗာန်တွေ့ဖို့ ဒုတိယအဖုံးလှန်ကြည့်တာပါ။

(၃) အကြောင်းနဲ့အကျိုးတရားများမှာတွေ့ပြီး သမာဓိညာဏ်ရင့်သန်လာတဲ့အခါ အကြောင်းပျက်ပြီးမှ အကျိုးဖြစ်။

အကျိုး ပျက်ပြီးမှ နောက်အကြောင်းဖြစ်။

နောက်အကြောင်းပျက်ပြီးမှတဖန်အကျိုးဖြစ် စသည်ဖြင့်အကြောင်းနဲ့ အကျိုးတို့၏ ဖြစ်ပျက်ကိုစ၍တွေ့ရှိရပါသည်။ နာမ်ရုပ်တို့၏ဖြစ်ပျက်ကို မြင်ခြင်းသည် နိဗ္ဗာန်တွေ့ဖို့ တတိယအဖုံးလှန်ကြည့်ခြင်းဖြစ်ပါသည်။

တတိယအဖုံးလှန်ကြည့်တော့ ဖြစ်ပျက်တွေ့ရင် ဖြစ်ပျက်ရှုရပါသည်။
ဖြစ်ပျက်နောက်က ပျက်တာ မုန်းတာ ဆုံးတာတွေ့ပြီးရင် နိဗ္ဗာန်ကို
တွေ့ပါသည်။

ယောဂီတို့သည် နာမရူပပရိစ္ဆေဒညာဏ် = ဒိဋ္ဌိဝိသုဒ္ဓိ နှင့် ပစ္စယပရိဂ္ဂဟညာဏ် = ကင်္ခါဝိတရဏ ဝိသုဒ္ဓိညာဏ်နှစ်ပါး ညာဏ်ထင်ရရှိပြီးပါက စူဠသောတာပန်ဟုခေါ်ပါသည်။

စူဠသောတာပန်သည် သီလ၊သမာဓိ၊ ပညာ ဟူ၍ သုံးပါးနှင့်ပြည့်စုံမှ ဆက်တိုက်တည်ထားပါက " ကတိမြဲသည် " ဟုမှတ်ဆိုပြီး အပါယ်လေးဘုံသို့ မကျရောက်တော့ပါ။

စူဠသောတာပန်ဖြစ်ပြီးနောက်တွင်လည်း ညာဏ်စဉ်များ ဆက်လက်ရရှိအောင် ဝိပဿနာတရားများ မဂ်ဖိုလ်ရသည်အထိ ဆက်လက်ရှုမှတ်ရန် လိုအပ်ပါသည်။

ပစ္စယပရိဂ္ဂဟညာဏ် = ကင်္ခါဝိတရဏ ဝိသုဒ္ဓိညာဏ်ရပြီးသောသူသည် ကြောင်းကျိုးတရား သဘောမှ အာသေဝနသတ္တိဖြင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်တရားများ ဆက်လက်ရှုမှတ်နိုင်ပြီဖြစ်ပါသည်။

ထို့အပြင် ရှေ့ဘဝ နောက်ဘဝ ယခုဘဝများအပေါ် ယုံမှားခြင်း မရှိတော့ဘဲ ခိုင်မြဲသော ဆန္ဒ၊ စိတ္တ အဓိပတိတရားများဖြင့် ကောင်းကျိုးများဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကြောင်းကျိုးသဘောပဲရှိသည်။ ဖန်ဆင်းသူမရှိ၊ အလိုအလျောက်မဖြစ်၊ ဖန်ဆင်းပေးနိုင်သူ နတ်၊ပြဟ္မာ ဖန်ဆင်းရှင်ဘုရားမရှိ ဟု ညာဏ်ထင်တွေ့ပြီးဖြစ်၍ အုန်းပွဲ၊ ငှက်ပျောပွဲ၊ နတ်ပွဲ၊ ဦးရှင်ကြီး ပိဋကတ် တို့ မလိုတော့ပါ။

ဝိပဿနာ ဘာဝနာများကို ကြောင်းကျိုးသဘောမှ ဆက်လက်၍ ဖြစ်ပျက် သဘောတို့ဖြင့် တဏှာအလိုဆန္ဒ အကုန်ကြေမွ ပျက်သုဉ်း၍ အေးချမ်းလှသောနိဗ္ဗာန်သို့ လျှောက်လှမ်းနိုင်ပါစေ။

ဦးညီညီစိန်
B.E (Mech)' 79
PE.ACPE (Mech)
ညွှန်ကြားရေးမှူး (အငြိမ်းစား)
မြန်မာ့ရေနံ (၂၀၁၅)
(၀၁. ၀၈. ၂၀၂၃ ဝါဆိုလပြည့် ၊ ဓမ္မစကြာနေ့။)

## ဝိပဿနာလုပ်ငန်းခွင်၏အခြေခံသည် ဝင်လေထွက်လေ ဖြစ်သည်။

| စဉ် | ဝိပဿနာဉာဏ်စဉ် | ပရမတ် ဥပါဒါန္နက္ခန္ဓာ (၅)ပါး | ဝင်လေ ထွက်လေ၏ လက္ခဏာ | ပညတ် |
|---|---|---|---|---|
| ၁ | နာမရူပပရိစ္ဆေဒဉာဏ် | ရုပ်နာမ် | ရုပ် \| နာမ် ; ရုပ် \| နာမ် | ကာမ၊ ဒိဋ္ဌိ ဘဝ၊ အဝိဇ္ဇာ |
| ၂ | ပစ္စယပရိစ္ဆေဒဉာဏ် | ရုပ်နာမ် | ကြောင်း \| ကျိုး ; ကြောင်း \| ကျိုး | ။ |

- ဝင်လေထွက်လေဖြင့် ရုပ်နာမ် ရှုမှတ်သည်။
- ဝင်လေထွက်လေဖြင့် ကြောင်းကျိုး ရှုမှတ်သည်။
- ဝင်လေထွက်လေဖြင့် ဖြစ်ပျက် ရှုမှတ်သည်။
- ဝင်လေထွက်လေဖြင့် ဖြစ်ပျက် မုန်းသည်။
- ဝင်လေထွက်လေဖြင့် ဖြစ်ပျက် ဆုံးသည်။
- ဖြစ်ပျက်ဆုံးတော့ နိဗ္ဗာန် တွေ့သည်။